
www.burmeseclassic.com
BURMESE CLASSIC .com
မယ်မင်းဘုံ
ချစ်သူလိမ်းဖို့ ဒေးစရင်(မ်)
www.burmeseclassic.com

မယ်မင်းဘုံ

ချစ်သူလိမ်းဖို့ ဒေးခရင် (မ်)

စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၆၁၀၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၁၁၄၇၃၀၅၁၁

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

[illegible]

[illegible]

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃) [illegible] Office

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

[illegible]

မယ်မင်းဘုံ

ချစ်သူလိမ်းဖို့ ဒေးခရင် (မ်)၊ မယ်မင်းဘုံ ရန်ကုန်။

[illegible] ၂၀၁၁

၂၈၈-စာ၊ ၁၂×၁၈ စင်တီ

(၁) ချစ်သူလိမ်းဖို့ ဒေးခရင် (မ်)


www.burmeseclassic.com

**ဆ တ နာ စ ယ ၏**

## အမှတ်တရ အစီအစဉ်

သို့

မယ်မင်းဘုံ

မင်္ဂလာပါ။ ဆရာမအသစ်မို့ ပထမဆုံးမိတ်ဆက်စာအဖြစ် ရေးပေးလိုက်ပါတယ်။ ကျွန်မကို မယ်မင်းဘုံရဲ့ပရိသတ်အဖြစ် လက်ခံပေးပါနော်။ **ချစ်ရင် ... နှစ်မိနစ်စောင့်** ဆိုတဲ့ စာအုပ်လေးက အရမ်းကောင်းပါတယ်။ စကားလုံးတွေက သိပ်လှတာပဲ။ အစ်မရဲ့ ပထမဆုံးဝတ္ထုလေးကိုတော့ ကျွန်မ မဖတ်ရသေးဘူး။

မိဘမေတ္တာဘွဲ့ ဇာတ်လမ်းလေးတွေလည်း ဖတ်ချင်ပါတယ်။ **ငွေတောင်ပြည်ကမြို့သူ** ကိုလည်း သိပ်ကြိုက်ပါတယ်။ ကျေးဇူးတင်လွှာ ရေးထားတာလေးကို အရမ်းကြိုက်လို့ မျက်ရည်တောင်ဝဲမိတယ်။ တကယ်ကြိုက်တယ်။ မမဓာတ်ပုံလေးကိုလည်း မြင်ချင်ပါတယ်။ ညီမက ရန်ကုန်ရောက်နေတုန်း ဖတ်ရတာပါ။ ညီမက နယ်ကပါ။

Khin Khin Oo

ရွာကောက်၊ ပျဉ်းမနားမြို့

ခေတ္တ - ရန်ကုန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့

မယ်မင်းဘုံ ...

ကျွန်မက ဘုံ့ရဲ့ပရိသတ်ပါ။ ဘုံထွက်ရှိလာတဲ့ **ငွေတောင်ဖြည်ကမ္ဘာ့သူ** ဆိုတဲ့စာအုပ်ကို မီး အရမ်းကြိုက်တယ်။ စာအုပ်ထဲမှာပါတဲ့ အမ်ဘုံမျိုးမြတ်ရဲ့ ဖုန်းနံပါတ်က တကယ်လား။ ဘုံ့ရဲ့ဖုန်းနံပါတ်လား။ မီးက ဆက်ချင်တယ်၊ မဆက်ရဲလို့။ ဘုံရေ ... နောက်ထွက်ရှိလာမယ့် စာအုပ်တွေလည်း မျှော်နေမယ်နော်။

ဘုံ့အတွက် အမြဲတမ်း ပရိသတ်

**မီးမီးဆွေ**

အမှတ်(၈)ရပ်ကွက်၊ ဥဿမြို့သစ်

[illegible] အမှတ်တရ အစီအစဉ်

အဲဒီစာတ်လမ်းလေးကို ဗီဒီယိုရိုက်မှာလား မမ။ သမီးက ...ကြည့်တာပါ။

ဖြစ်နိုင်ရင် မမဆီက ပြန်စာလေး လိုချင်မိပါတယ်။ ... မအားတဲ့ကြားက သမီးရဲ့စာလေးကို အချိန်ပေးဖတ်တာပဲ သိပ်...ကျေးဇူးတင်လှပါပြီ။

မမကို ထာဝရအားပေးနေတဲ့ ပရိသတ်ထဲမှာ သမီး...ည်းပါပါတယ် မမ။

ခင်မင် ချစ်ခင်စွာဖြင့်

မမရဲ့ထာဝရပရိသတ်

**လင်းစုကြယ်စင်**

တ/ဥက္ကလာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

**ဆရာမ မယ်မင်းဘုံ ...**

မင်္ဂလာပါရှင်။ မမဘုံရဲ့စာအုပ်က အရမ်းကောင်းပါ
တယ်။ **ငွေတောင်ပြည်ကမြို့သူ** ကို စ,ဖတ်ဖူးတာပါ။ သိပ်သဘောကျ
တာပဲ မမဘုံရယ်။

ရေးစာအုပ်တွေကိုတော့ မဖတ်ရသေးဘူး။ ရေးဟန်လေး
တွေက ခေတ်မီတယ်၊ ချစ်စရာကောင်းတယ်၊ အဲဒီအတွက် အရမ်းနှစ်
သက်ပါတယ်။ သူငယ်ချင်းအချစ် ပုံစံလေးတွေကို ရေးပေးပါဦးနော်။

မမဘုံ ထာဝရ ပျော်ရွှင်နိုင်ပါစေ။

ချစ်ခင်လေးစား အားပေးလျက် ...

**ယမင်းနေခြည်**
မှော်ဘီ

BURMESE CLASSIC .com

## အမှတ်တရ အစီအစဉ်

**To**

မမဘုံ ...

ညီမလေးက မမရဲ့စာဖတ်ပရိသတ် တစ်ဦးပါ။ မမရဲ့
ထထမဆုံးစာအုပ်လေးကို ခေါင်းစဉ်ဖတ်မိကတည်းက အရမ်းစိတ်ဝင်
စားခဲ့တာ။

စာအုပ်လေးကို ဖတ်မိတော့လည်း ထိုင်ရာကနေထပြီး
ဘာအလုပ်မှ မလုပ်ချင်အောင် မမရဲ့လက်ရာက အရမ်းဆွဲဆောင်မှု
ရှိတယ်။

မမ နောက်ထွက်မယ့်စာအုပ်ကိုလည်း ခပ်မိုက်မိုက်လေး
ရေးပေးပါနော်။ ညီမလေး မမနောက်ထွက်မယ့်စာအုပ်ကို မျှော်နေမယ်
နော်။

မမရဲ့ထာဝရပရိသတ်

**နှင်းဟေသူ**
သုဓွေးကုန်း စံပြကျေးရွာ
ကျောက်တံခါးမြို့
ပဲခူးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

မမယ်မင်းဘုံ

**"ငွေတောင်ပြည်ကမြို့သူ"** စာအုပ်ကို ဖတ်ပြီးပြီးချင်းပဲ ကြိုက်လွန်းလို့ စာရေးလိုက်တာပါ။ အရမ်းကောင်းပါတယ်ခင်ဗျာ။ သဘောလည်း အရမ်းကျတယ်။ ဒီဇာတ်လမ်းဟာ ဇာတ်အိမ်လေးလည်း ဆန်းတယ်။ အရေးအသားကလည်း အရမ်းမိုက်တယ်။ ကဗျာတွေကတော့ ကျွန်တော် အကြိုက်ဆုံးပဲ။ ကြိုက်လွန်းလို့ ကျွန်တော့်ရဲ့ကဗျာစာအုပ်ထဲမှာတောင် ရေးမှတ်ထားလိုက်တယ်ဗျ။

အစ်မက ဘယ်အရွယ်လဲ။ ကျေးဇူးတင်လွှာမှာ ကျောင်းတက်ရင်း စာရေးတယ်ဆိုတော့ အစ်မက ဘယ်ကျောင်းကလဲ ?။ ကျွန်တော်က ဒုတိယနှစ်ကျောင်းသားပါ။ အစ်မကို လေးစားပါတယ်ဗျာ။

ဆက်ကြိုးစားပါနော် ...

ခင်မင်တဲ့

**ရန်ကုန်သား ဓောင်ဓော်**

၉၃–လမ်း၊ ကန်တော်လေး

ရန်ကုန်



## အမှတ်တရ အစီအစဉ်

အစ်မရေ ...

မင်္ဂလာပါနော်။ ကျွန်တော် ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ အစ်မ နေကောင်းရဲ့လား။ ကျွန်တော်တို့ သဘောကျတဲ့စာတွေရေးနေလို့ အစ်မတစ်ယောက် ပင်ပန်းနေပြီလား။ **"ငွေတောင်ပြည်ကမြို့သူ"** ဟာ ကျွန်တော် အကြိုက်ဆုံးပါပဲ။ စ,ဖတ်ဖတ်ချင်းတုန်းကတော့ အက်ရှင်ဝတ္ထုတစ်အုပ် ဖတ်နေရတယ်လို့ ခံစားရတယ်။ တဖြည်းဖြည်းချင်းနဲ့ အက်ရှင်ပုံစံကနေ ဆွတ်ပျံ့စရာကောင်းတဲ့ Romance ဆီ ရောက်လာအောင် ဆွဲခေါ်လာနိုင်တဲ့ အစ်မရဲ့စာရေးဟန်ကို အရမ်းကြိုက်ပါတယ်။ ဝတ္ထုထဲက Ph: နံပါတ်က အစ်မ ဖုန်းလားဟင်။ ကျွန်တော် ဆက်ချင်ပေမယ့် ကြောက်လို့ မဆက်ရဲဘူး။ အစ်မရေ **"အချစ်ကြီးတဲ့ကောင်လေး"** ဆိုပြီး ဝတ္ထုတစ်ပုဒ်လောက် ရေးပါလား။ ကျွန်တော်က အကြံပြုတာနော်။ အစ်မရဲ့ဇာတ်ပုံလေးကိုတော့ နောက်မှ တောင်းတော့မယ်။ ကျွန်တော် တောင်းဆိုတာတွေများလို့ အစ်မစိတ်ညစ်သွားဦးမယ်။ ဟီး ...။

အစ်မ ... အမြဲတမ်း အောင်မြင်နိုင်ပါစေ။

ခင်မင်တဲ့ ပရိသတ်

**လှမ်းသတ္တိ**

မြို့ပတ်လမ်း၊ လှည်းကူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

မဓေဘုံ

ပထမဆုံးဝတ္ထုကို မဖတ်လိုက်ရတဲ့အတွက် စိတ်မကောင်းဘူး။ ဒုတိယစာအုပ် **ချစ်ရင် ... နစ်မိနစ်စောင့်** က အရမ်းကောင်းပါတယ်။

ယခု **ငွေတောင်ပြည်ကမြို့သူ** စာအုပ်ကို ညီမလေးကြိုက်တယ်။ မမဘုံ ... ဖြစ်နိုင်ရင် ဒီလိုစာအုပ်မျိုးလေးတွေ ရေးပေးပါ။

အမြဲတမ်းအားပေးနေမယ့်

**နွယ်ဆိုး**

ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်



## အမှတ်တရ အစီအစဉ်

၁၂-၉-၂၀၁၁

သို့

မင်္ဂလာပါ မမမယ်မင်းဘုံ

သမီးက မမရဲ့စာအုပ်တွေကို အရမ်းနှစ်သက်အားပေးတဲ့ ပရိသတ်ပါ။

**"အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့်"** ဆိုတဲ့ စာအုပ်ကလေးကို ဖတ်ပြီးကတည်းက သမီးက မမဆီ စာရေးချင်နေတာ။ ဒါပေမဲ့ စာရေးရမှာကြောက်လို့၊ ခုတော့ ဒီဝတ္ထုလေးကိုဖတ်ပြီး ဘယ်လိုမှ မရေးဘဲမနေနိုင်တော့လို့ ရေးလိုက်တာပါ။

သမီးကို မမရဲ့ပရိသတ်အဖြစ် လက်ခံပေးပါနော်။

မမရေ ... မမရဲ့ဓာတ်ပုံလေး နှစ်ပုံလောက် သမီးဆီ ဖြစ်နိုင်ရင် ပို့ပေးပါလား။

မမဓာတ်ပုံလေးကို အရမ်းမြင်ချင်မိလို့ပါ။ မမဓာတ်ပုံလေးကို ဝတ္ထုထဲမှာထည့်ပါလား။

သမီးကအကြံပြု တာနော်။ အဲဒီလိုဓာတ်ပုံထည့်ခြင်းအားဖြင့် မမပရိသတ်တွေက မမပုံလေးကို ကြည့်ရင်း စာဖတ်ရတော့ ပိုအရသာရှိတာပေါ့။

မမရဲ့ **"ချစ်ရင် ... နစ်မိနစ်စောင့်"** ဆိုသော ဝတ္ထုလေးက အရမ်းကောင်းတာပဲ နော်။

သမီး သိပ်ကြိုက်တာပဲ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

၂၀-၉-၁၁

**ဆရာမ** မယ်မင်းဘုံ

မယ်မင်းလို့ ရင်းနှီးစွာ ခေါ်ခွင့်ပေးပါ။ မယ်မင်းရေးတဲ့ စာလေးတွေက အရမ်းလှတာပဲကွာ။ မမ ... တို့ကို အသိအမှတ်ရော ပြုနိုင်ပါရဲ့လားရှင်။ ပထမရော၊ ဒုတိယစာအုပ်ရော အရမ်းကောင်းပါတယ်။ မမက စာရေးတာ အရမ်းဝါသနာပါပါတယ်။ စာအုပ်မျက်နှာဖုံး ပုံလေးတွေကလည်း ဆွဲဆောင်မှုရှိပါတယ်။ မမယ်မင်းဘုံ နာမည်လေး က သိပ်လှပါတယ်။ နာမည်အရင်း ရှိရင်လည်း သိချင်ပါတယ်။ ကျောင်းပြီးသွားပြီလား။

နောက်ထပ်စာအုပ်ထွက်ရင်လည်း ထပ်ရေးပါမယ်နော်။

ခင်မင်မှုဖြင့်

**ခင်မမ**
ငုဝါလမ်း၊ အလုံ
ရန်ကုန်မြို့





## အမှတ်တရ အစီအစဉ်

၂၁-၉-၁၁

သို့

မမယ်မင်းဘုံ (မမ) ...

လေးစားစွာဖြင့် မမလို့ ခေါ်ပါရစေ။ မိတ်ဆက်စာ မရေးဖူးလို့ အမှားပါရင် ခွင့်လွှတ်ပေးပါနော်။ မမရဲ့ထွက်ရှိလာတဲ့ စာအုပ်သုံးအုပ်လုံး ဖတ်ရပါတယ်။ **ငွေတောင်ပြည်ကမြို့သူ** က အရမ်း ကောင်းပါတယ်။ ဇာတ်လမ်းကိုတော့ မပြောနဲ့။ ကျေးဇူးတင်လွှာလေး ဖတ်ရတာတောင် အရမ်းဆွဲဆောင်မှုရှိပါသည်။

မမရဲ့ဓာတ်ပုံလေးကိုလည်း ဖော်ပြပေးစေချင်ပါသည်။ မမ နာမည်ကြီးစာရေးဆရာမကြီးတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်း ပေးပါတယ်။

ခင်မင်စွာဖြင့် ...

**နိုနို**
သပြေကုန်း၊ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

၂၄-၉-၁၁

သို့

ဆရာမ မမယ်မင်းဘုံ ...

ဘုံဘုံလို့ပဲ ခေါ်ပါရစေနော်။ သမီးက မမရဲ့စာဖတ်ပရိသတ်ပါ။ အခုဖတ်ရတဲ့ **ငွေတောင်ပြည်ကမြို့သူ** ဇာတ်လမ်းဇာတ်ကွက် အရမ်းကောင်းတာပဲ။ ဇာတ်လမ်းကို ဘာင် မပြောပါနဲ့ မမရဲ့စာအုပ်မှာ ကျေးဇူးတင်ကြောင်း ရေးထားတာလေးကိုက မယ်မင်းဘုံရဲ့ ဆွဲဆောင်မှုအရှိဆုံးပဲ။

ဆုမြတ်မွန်မွန်ရဲ့တပည့်ဆိုတော့ ဘုံဘုံလည်း အရေးအသား အရမ်းကောင်းတာပဲနော်။ အရမ်းကြိုက်ပါတယ်။ ဘုံဘုံ နာမည်ကြီး ဆရာမကြီးတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

မြို့သူကိုလည်း အရမ်းကြိုက်တယ်။
ညိုချောကိုလည်း ခိုက်တယ်။
ဆန္ဒကိုလည်း ချစ်တယ်။

ခင်တဲ့

**ရွှေယွန်းအိမ်**
၁၀၈၊ ၉၂-လမ်း
ကန်တော်ကလေး
ရန်ကုန်မြို့



## အမှတ်တရ အစီအစဉ်

သို့ ၂၈-၉-၂၀၁၁

မယ်မင်းဘုံ

ခင်မင်ရင်းနှီးစွာနဲ့ စာရေးလိုက်ပါတယ်။ မယ်မင်းဘုံရဲ့ တတိယမြောက်စာအုပ်လေးဟာ အရမ်း အရမ်း ကိုကောင်းပါတယ်။ title လေးကို ဖတ်လိုက်တာနဲ့ တို့သူငယ်ချင်းတစ်စုမှာ အလုအယက်ပါပဲ။ ဇာတ်လမ်းလေးက အသက်ဝင်တယ်။ ပရိသတ်တွေကို ဖတ်ပြီးရင်း ဖတ်ဖို့အထိကို စွဲမက်စေတယ် သိလား။ တကယ်ပါပဲ။ တို့လည်း အရမ်းကို နှစ်သက်မိတယ်။ တို့ရွာထဲက စာအုပ်ဆိုင်မှာလည်းလေ အငှားရဆုံးစာအုပ်က မယ်မင်းဘုံရဲ့ လစဉ်ထွက်ရှိလာတဲ့ စာအုပ်တွေပါပဲ။ တကယ်ပါ။ **ငွေတောင်ပြည်ကမြို့သူ** ဆိုတဲ့ စာအုပ်လေးဟာ ပရိသတ်တွေ အရမ်းကြိုက်နှစ်သက်တဲ့ စာအုပ်လေး ဖြစ်ပါတယ်။

နောက်နောင်လည်း ဇာတ်လမ်းကောင်းလေးတွေကို ကြိုးစားပြီး ရေးပေးပါဦးနော်။

ထာဝရကျန်းမာပျော်ရွှင်စွာနဲ့
အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ဦး
ဖြစ်ပါစေလို့ ဆုတောင်းလျက် ...

မယ်မင်းဘုံရဲ့ထာဝရပရိသတ်

**တင်မာဝင်း**
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
လေးထောင့်ကန်စံပြရပ်ကွက်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

၃-၁၀-၂၀၁၁

သို့

ဆရာမမယ်မင်းဘုံ

လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမလေးရဲ့ တတိယမြောက်စာအုပ်ဖြစ်တဲ့ "**ငွေတောင်ပြည်ကမြို့သူ**"စာအုပ်ကလည်း တစ်မျိုးဖတ်လို့ ကောင်းပါတယ်။ စာရေးဆရာမအသစ်လို့ မထင်ရအောင် အရေးအသား ကောင်းမွန်ပါတယ်။ ညီမလေးရဲ့ဇာတ်ကောင်နာမည်တွေက ဆန်းတယ်နော်။ နောက်ထွက်မယ့် "**ချစ်သူလိမ်းဖို့ အေးမရင့်မီ**"ကိုလည်း ဘယ်လိုဇာတ်လမ်းမျိုး ခံစားတင်ပြထားသလဲဆိုတာ သိချင်နေပြီ။ ဆက်ကြိုးစားပါ။ အမြဲအားပေးနေမယ်။

ထာဝရပရိသတ်

**သက်ထားဆွေ**

ဘူမိဗေဒ(၇)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်



## အမှတ်တရ အစီအစဉ်

၄-၁၀-၁၁

သို့

မမဘုံ ...

ညီမလေးက မမရဲ့ထာဝရ ပင်တိုင်ပရိသတ်တစ်ယောက်ပါ။ မမရဲ့ ဒုတိယမြောက်စာအုပ်ကို ဖတ်ပြီးတော့ တတိယမြောက်ထွက်မယ့်စာအုပ်ကို အရမ်းဖတ်ချင်နေပြီ။

မမရဲ့ idea တွေက တစ်အုပ်နဲ့တစ်အုပ် မတူဘဲ ပိုပိုပြီး မြင့်လာတယ်။ ညီမလေးက မမရဲ့ဇာတ်ကောင်တွေရဲ့ စကားလုံးအသုံးအနှုန်းတွေကို အရမ်းကြိုက်တယ်။

မမစာအုပ်တွေကို တစ်အုပ်နဲ့တစ်အုပ် အလှမ်းကွာပြီး မထွက်ဘဲ ခပ်စိပ်စိပ်လေးတွေ ထွက်ပေးပါနော်။ ညီမလေး စာအုပ်တွေ ဘယ်တော့ထွက်မလဲ မျှော်ရတာ လည်ပင်းတောင် ရှည်ထွက်လာပြီ။

မမရဲ့ထာဝရပရိသတ်

**နှင်းဟေသူ**

သုဓွေးကုန်းကျေးရွာ

ကျောက်တံခါးမြို့

ပဲခူးတိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

၅-၁၀-၂၀၁၁

တူမလေး မယ်မင်းဘုံရေ

တူမလေးရဲ့တတိယမြောက်စာအုပ်ဖြစ်တဲ့ **"ငွေတောင်ပြည်ကမှီသူ"** စာအုပ်က အရမ်းကောင်းပါတယ်။ အစ,အလယ်,အဆုံး သုံးခုစလုံးဟာ ဟာကွက်မရှိပါဘူး။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ ဆက်ပြီး များများရေးပေးပါနော်။ အောင်မြင်မှာ သေချာပါတယ်။

အမြဲတမ်း အားပေးနေမယ့် ...

အန်တီနိုင်
(Reiju)

အန်တီနိုင်ရဲ့ မိတ်ဆွေတွေလည်း သမီးရဲ့စာအုပ်ကို ငှားဖတ်ကြလို့ ပေးဖတ်တယ်နော်။

**မကေနိုင်**(Riju)
အမှတ်(၆၄၅)၊ မြို့ပြရပ်ကွက်
အမှတ်(၂) သန်လျင်၊ နှတ်စင်တစ်ရာ

## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မမဘုံ                ၁၈-၈-၂၀၁၁

ခင်မင်ရင်းနှီးစွာဖြင့် **ဒုတိယအကြိမ်မြောက်**စာရေးလိုက်ပါတယ်။ မမဘုံရဲ့ပြန်စာကို လက်ခံရရှိပါတယ်။ ပြန်စာပို့ပေးတဲ့အတွက် Thank you ပါနော်။ **"ချစ်ရင် ... နှစ်မိနှစ်စောင့်"**ဆိုတဲ့ ဝတ္ထုလည်း ဖတ်ပြီးသွားပါပြီ။ အရမ်းဖတ်လို့ ကောင်းပါတယ်။ **"ငွေတောင်ပြည်ကမှီသူ"**ဆိုတဲ့ ဝတ္ထုကိုလည်း စောင့်မျှော်နေလျက်ပါ။ လမင်း ပြောပြထားတဲ့ **"ဆေးကျောင်းသားနှင့်အိုက်ကွင်း"**ဆိုတဲ့ ဝတ္ထုကို ရေးပေးမယ်ဆိုတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ရေးဖြစ်အောင် ရေးပေးပါနော်။ ဇာတ်လမ်းအကြောင်းအရာကိုတော့ မမဘုံ စိတ်ကြိုက်ဖန်တီးပေးပါ။

နောက်ပြီးတော့ လမင်း စဉ်းစားထားတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ရှိတယ်။ ကောင်လေးနှစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် အကြောင်းပါ။ ကောင်လေးနှစ်ယောက်လုံးက တစ်ယောက်နဲ့တစ်ယောက် မသိကြဘူး။ တစ်ယောက်က ခေတ်ဆန်ဆန်။ သူ့အချစ်က မုန်တိုင်းဆန်တာပေါ့။ နောက်တစ်ယောက်ကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ သူ့အချစ်က လေပြေလေးလိုပဲ။ တည်ငြိမ်အေးဆေးတာပေါ့။ ကောင်မလေးကလည်း နှစ်ယောက်စလုံးရဲ့အချစ်ကို စဉ်းစားပေးတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုရွေးရမှန်း မသိဘူး။ နှစ်ယောက်စလုံးက ပုံစံတစ်မျိုးစီဆိုတော့လေ။ ကောင်မလေးက ကောင်လေးနှစ်ယောက်စလုံးကို အမြဲမဆေးဘဲ တွဲတာပေါ့။ (ကောင်မလေးကို ငါးရဲ့နှစ်ကောင်ဖမ်းတယ်လို့တော့ မထင်စေလိုပါ)။ ကောင်မလေးက တစ်ယောက်နဲ့တွဲတာကို နောက်တစ်ယောက်ကို မသိခိုင်းဘူး။ ကောင်းလေးနှစ်ယောက်ကြား မှာရှုပ်ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

နောက်တော့ ဘယ်သူ့ကိုရွေးရမှန်းမသိ ဖြစ်နေတုန်းမှာ ကောင်မလေးက ရွေးသင့်ပြီလို့ စဉ်းစားတော့ ကောင်လေးနှစ်ယောက်လုံးက အိမ်ရဲ့စေခိုင်းချက်အရ နိုင်ငံခြားကို သွားရမှာပေါ့။ လေယာဉ်ကွင်းကိုလာခဲ့ဖို့ ကောင်မလေးကို ဖုန်းဆက်ချိန်းတယ်။ တကယ်ပြတ်သားရမယ်ဆိုတော့ ကောင်မလေးက ဘယ်သူ့ဆီသွားရမှန်းမသိဘူး။

ဇာတ်သိမ်းအနေနဲ့ဆိုရင် နှစ်မျိုးသိမ်းလို့ရတာပေါ့။ ပထမတစ်ခုက ကောင်မလေးကို လေယာဉ်ကွင်းသွားခိုင်းမယ်။ ဒါပေမဲ့ ကောင်မလေးက လမ်းမှာအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားမယ်။ (ဒီလိုဆိုရင် ရသတစ်မျိုးကို ပရိသတ်ကြီး ခံစားရမှာပါ။) ဒုတိယတစ်ခုက လမင်းအနေနဲ့ ဒီလိုစာသားလေးနဲ့ သိမ်းစေချင်တယ်။ "ကဲ ... ကျွန်မရဲ့စာဖတ်ပရိသတ်ကြီးရေ ... ကျွန်မကိုကူပြီးစဉ်းစားပေးပါဦး။ ဘယ်သူ့ဆီသွားရမှန်းမသိဘူး ဖြစ်နေတယ်"(ဒီလိုဆိုရင်လည်း ရသတစ်မျိုး ခံစားရမှာပါ)။

လမင်း ပြောပြတဲ့ဇာတ်လမ်းလေးကို မမဘုံကြိုက်နှစ်သက်ရဲ့လား ?။ ဇာတ်လမ်းကိုကြိုက်ရင် ဝတ္ထုအဖြစ် မမဘုံ ဖန်တီးပေးပါနော်။ မမဘုံ ပြန်စာပို့ပေးပါဦးနော်။ ဓာတ်ပုံကိုလည်း ထည့်ပေးလိုက်ပါနော်။

မမဘုံကို ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးနေမယ်နော်။

ဆန္ဒမွန်ဖြင့်
**လမင်း**
အမှတ်(၄၄/၃)၊တော်ဝင်သစ်ခွဖြိုး
မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့။

## အမှတ်တရ အစီအစဉ်

သို့ ၁၆-၈-၂၀၁၁

မယ်မင်းဘုံ

ခင်မင်ရင်းနှီးစွာနဲ့ စာရေးလိုက်ပါတယ်။ မယ်မင်းဘုံ ရေးတဲ့စာအုပ်တိုင်းဟာ အရမ်းကောင်းပါတယ်။ **"ချစ်ရင် ... နှစ်မိနှစ်စေ"**ဆိုတဲ့ စာအုပ်လေးဟာ ရယ်လည်းရယ်ရသလို ဇာတ်လမ်းလေးကလည်း ကောင်းတယ်။

ပထမဦးဆုံးလက မယ်မင်းဘုံ တို့ကိုစာပြန်တာ တို့အရမ်းကို ဝမ်းသာတယ်။ ကျောင်းစာတွေကတစ်ဖက်နဲ့ မအားတဲ့ကြားက သီးသန့်အချိန်ပေးပြီး စာပြန်ပေးတာ ဝမ်းလည်းသာလို အားလည်းနာမိတယ်။

မယ်မင်းဘုံ မအားလပ်ဘူးဆိုတာ သိပါတယ်။ စာမပြန်ဘူးဆိုလည်း တို့နားလည်ပေးလို့ ရပါတယ်။ ဝတ္ထုတွေကိုသာ ဆက်လက်ကြိုးစားရေးသားပြီး အောင်မြင်မှုကို အရယူပါ။

မယ်မင်းဘုံလည်း ရေလိုအေး၍ ပန်းလိုမွှေးပျံ့ပြီး အောင်မြင်မှုပန်းတိုင်ကို အစဉ်ထာဝရ လျှောက်လှမ်းနိုင်ပါစေ။

မယ်မင်းဘုံရဲ့
ထာဝရပရိသတ်

**တင်မာဝင်း**
အမှတ်(၁)၊ လေးထောင့်ကန်စံပြရပ်ကွက်
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

သို့ ၁၇-၈-၂၀၁၁

မယ်မင်းဘုံ

ခင်မင်ရင်းနှီးစွာနဲ့ စာရေးလိုက်ပါတယ်။ မယ်မင်းဘုံရဲ့ ယခုလထွက်တဲ့ "ချစ်ရင် ... နှစ်မိနှစ်စောင့်"ဆိုတဲ့ စာအုပ်လေးကို သူငယ်ချင်းက ပေးဖတ်လို့ တို့ ဖတ်လိုက်ရပါတယ်။ ဇာတ်လမ်းလေးကလည်း ကောင်းတယ်၊ ရယ်ရတဲ့အတွက် တို့တွေကတော့ နှစ်သက်ကြတယ်။ နောက်နောင်လည်း မယ်မင်းဘုံရဲ့ထွက်သမျှစာအုပ်တွေကို စောင့်မျှော်အားပေးနေကြမယ်နော်။

မယ်မင်းဘုံတစ်ယောက် သာယာပျော်ရွှင်စွာနဲ့အောင်မြင်မှုတွေကို အစဉ်အမြဲ ရရှိနိုင်ပါစေ။

မယ်မင်းဘုံရဲ့
အစဉ်အမြဲပရိသတ်

**နှင်းဆီသွေး**
လေးထောင့်ကန်(စံပြ)ရပ်ကွက်။



## အမှတ်တရ အစီအစဉ်

သို့

မမယ်မင်း

လေးစားသမှုနဲ့ မမယ်မင်းလို့ ခေါ်ပါရစေ။ မမယ်မင်းရဲ့ **"ချစ်ရင် ... နှစ်မိနှစ်စောင့်"**ဆိုတဲ့ ဝတ္ထုကိုဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းတာပဲဗျာ။ ကျွန်တော်တို့လို ချာတိတ်တွေရဲ့ရင်ဘတ်ကို လာမှန်တဲ့ တော်လ်ကီတွေက ရေလည်မိုက်တယ်ဗျ။ နောက်လည်း အဲဒီလို အလန်းလေးတွေ ရေးပါဦးဗျာ၊ ဟိုစာသားလေးဆို good တယ်။

ဘာတဲ့ ... ဪ။

"အချစ်အတွက်နဲ့ နှင်းဆီပန်းခင်းကြီးကို သူက ဝယ်ပေးမယ်ဆို (မင်းအတွက်) ကိုယ်ကတော့ ကိုယ်တိုင် တယုတယ နှင်းဆီပန်းတစ်ပွင့်ရဖို့ စိုက်ပျိုးနေပါတယ် (မင်းအတွက်)"

အဲဒီဒိုင်ကတော့ မိုက်သလားမမေးနဲ့။ ကျွန်တော်ကတော့ ကိုယ်တိုင် တယုတယ နှင်းဆီစိုက်မယ့် ကောင်လေးပါ ... ဟဲ ... (ကြော်ငြာတာ)။ မမယ်မင်းကို အားပေးတယ်ဗျာ။ ဆက်ကြိုးစား ... ။ မမယ်မင်းရဲ့ဓာတ်ပုံကိုကော ဝတ္ထုထဲ မထည့်ဘူးလား။ မမယ်မင်း ... အသက်ဘယ်လောက်ရှိပြီလဲ ? ၊ မမယ်မင်းရဲ့နာမည်က အရင်း ... ? ၊ မမယ်မင်း facebook ကော သုံးလား။ ကျွန်တော်စပ်စု တာ ... သွားလို့ မမယ်မင်း စိတ်ညစ်မသွားနဲ့နော်။ ကျွန်တော်က ... နှစ်သက်တဲ့ အနုပညာရှင်ရဲ့ biography ကို သိချင်လို့ပါ။ ... မင်းရဲ့ဓာတ်ပုံကိုတော့ တွေ့ချင်တယ်ဗျာ။ အဆင်ပြေမယ်ဆိုရင် ... မင်းဆီက ပြန်စာတော့ လိုချင်သေးတယ်။ အိုကေ ... မမယ်မင်း ... အမြန်ဆုံးဖြစ်လာဖို့ မျှော်လင့်နေတဲ့ ပရိသတ် (အမာခံ)။

**ရဲသီဟဇော်**
1st year (History)
ဒဂုံတက္ကသိုလ်။
yeyerapper@gmail.com

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

**မေမယ်မင်းဘုံ**

မင်္ဂလာပါ။ အစ်မရဲ့ **ချစ်ရင် ... နှစ်မိနှစ်စောင့်** ဝတ္ထုကို ဖတ်ရပါတယ်။ အရမ်းသဘောကျတယ်။ ကြိုက်တယ်။ အစ်မရဲ့ ဝထမစာအုပ်က သမီးတို့ဆီမှာ မရှိဘူး။ အဲဒီစာအုပ်ကလေး ဖတ်ချင်လိုက်တာ။ စာအုပ်ကြော်ငြာထဲမှာ ရေးထားတဲ့ အမည်လေးတွေက သိပ်လှတာပဲ။ သမီးတို့အငှားဆိုင်မှာ မရှိဘူး။ တင်မယ်လို့တော့ပြောပါတယ်။ အစ်မကို အကြံပြုစရာ ရှိပါတယ်။

အစ်မရေ ... ဇာတ်သိမ်းခန်းလေးရေးရင် မထိတထိလေးတွေ ရေးပေးပါ။ နောက်ထွက်လာမယ့် စာအုပ်တွေကို စောင့်ဖတ်မှာပါ။ မင်းသားနဲ့မင်းသမီး အရမ်းချစ်ပြီးမှ ကွဲသွားတဲ့ဇာတ်လမ်းတွေလည်း ရေးပေးပါနော်။ ဖတ်ချင်လို့ပါ။

အစ်မကို ဝတ္ထုတိုမှာ တစ်ခါမှ မတွေ့ဖူးဘူးနော်။ အစ်မရဲ့ကလောင်နာမည်လေးက သိပ်လှတာပဲ။ သမီးတို့က မဂ္ဂဇင်းလည်း အစုံဖတ်တော့ အစ်မရေးတာလေးတွေ ရှာကြည့်မိတယ်။ အင်တာနက် chatting ထိုင်တဲ့ ဇာတ်လေးတွေလည်း ရေးပေးပါဦးနော်။ အစ်မ အရေးအသားလေးတွေကိုလည်း အရမ်းသဘောကျပါတယ်။ နာမည်လေးလှလို့ ဓာတ်ပုံလေး မြင်ဖူးချင်လိုက်တာ။

မမက အန်တီလား ... မမလားဟင်။
စိတ်မဆိုးပါနဲ့နော်။

လေးစားချစ်ခင်လျက်

**ရွှေမယ်မင်းမော်**
အင်းယားလမ်း ပန်းဆိုင်

## အမှတ်တရ အစီအစဉ်

(မယ်မင်းဘုံ) ဘုံဘုံ ... ၂၃-၈-၂၀၁၁

မင်္ဂလာပါ ...

ဘုံဘုံရေးတဲ့ ဝတ္ထုတွေ အရမ်းကောင်းပါတယ် ...

**အချစ်ဧရိယာပြင်ပနဲ့ ချစ်ရင် ... နှစ်မိနှစ်စောင့်**ဆိုတဲ့ ခေါင်းစဉ်လေးတွေနဲ့ ဇာတ်လမ်းလေးတွေ စာသားလေးတွေ အရမ်းကောင်းပါတယ်။ နောက်လတွေမှာ ထွက်ရှိလာမည့်စာအုပ်လေးတွေကို စောင့်မျှော်နေမယ်နော် ...

ငါတို့(နည်းပညာတက္ကသိုလ်)အကြောင်းလေးတွေကိုလည်း ဝတ္ထုရေးပေးပါဦး ...

ဘုံဘုံ ... ဒီထက်မက အောင်မြင်ပါစေ ... လို့လည်း ဆုတောင်းပါတယ် ...

ဒီထက်မက စာသားလှလှလေးတွေ ရေးပေးဖို့လည်း ပြောချင်ပါတယ် ... ကျောင်းလည်း မှန်မှန်တက် ... ကျူရှင်လည်း မှန်မှန်တက်ပါလို့ ... ပြောချင်ပါတယ် ...

မယ်မင်းဘုံ(ဘုံဘုံ)သိပ်ဖြစ်ချင်တဲ့ အောင်မြင်ကျော်ကြားသော စာရေးဆရာမကြီး ဖြစ်ပါစေလို့ ဆုတောင်းလျက် ...

(WYTU) – နည်းပညာတက္ကသိုလ်မှ

**သူငယ်ချင်းများ**

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

စာရေးဆရာမလေး                                        ၂၄-၈-၂၀၁၁

မယ်မင်းဘုံရေ ...

ညီမလေးရဲ့ ဒုတိယမြောက်စာအုပ်ကလည်း အရမ်းကောင်းပါတယ်။

စာအုပ်ကလေ ရှေ့ပိုင်းက ပုံမှန်လောက်ပဲ ဖြစ်ပေမယ့် အလယ်ပိုင်းနဲ့ နောက်ပိုင်းမှာ ပိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ နောက်ဆုံးပိုင်းဆို အစ်မဖတ်ပြီး မျက်ရည်တောင် ဝဲသွားတယ် သိလား။ ဆက်ပြီးကြိုးစားပါနော်။

အောင်မြင်မှာပါ။

**မကေနိုင်** (Reiju)

အမှတ်- ၆၄၅၊ သန်လျှင်မြို့ပြကွက်သစ်

အမှတ်(၂) နတ်စင်တစ်ရာကုန်းထိပ်

မေတ္တာစာလေး

## အမှတ်တရ အစီအစဉ်

၂၄-၈-၂၀၁၁

သို့

မမဘုံ ...

မေသက် မိတ်ဆက်စာရေးလိုက်ပါတယ်။ မမဘုံရဲ့ ဒီလထွက်ရှိတဲ့ **"ချစ်ရင် ... နှစ်မိနှစ်စေ"** စာအုပ်က တစ်မျိုးကောင်းတယ်။ ကြိုက်လည်း ကြိုက်တယ်။ နောက်လထွက်မယ့် **"ငွေတောင်ပြည်ကမြို့သူ"** စာအုပ်ကိုလည်း အားပေးပါဦးမယ်။ မမဘုံ မေသက်ကို စာပြန်ပေးပါနော်။

ဒါပါပဲ။

မမဘုံရဲ့ အမာခံပရိသတ်

**May That**

၁၀-ရပ်ကွက်၊ ခိုင်ရွှေဝါ(၄)လမ်း

သာကေတမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

သို့ ၂၄-၈-၂၀၁၁

မမယ် ...

ညီမလေးနာမည်အရင်း မဟုတ်ပေမယ့် ညီမလေးကို သူငယ်ချင်းတွေက ချစ်စနိုးနဲ့ "**ဖူးစနို့**"လို့ ခေါ်တယ် မကြီး။ မမယ် ရေးတဲ့စာအုပ်တွေကို ဖတ်တော့ ဖတ်ပါတယ်။ ဖူးက တစ်အုပ်လုံး မဖတ်ပေမယ့် . သူငယ်ချင်းတွေက ဖတ်ပြီးရင် ပြောပြတယ်လေ။ ဖူးက ဝတ္ထုဖတ်တာ ဝါသနာမပါပေမယ့် "**မမယ်**"ဝတ္ထုတွေက ဆွဲဆောင်အားကောင်းလို့ အခုတလော ဖတ်ဖြစ်နေတယ်။

ကောင်လေးနဲ့ ကောင်မလေး အရမ်းချစ်ကြတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ရေးပေးပါ။ "**မမယ်**" နာမည်တွေကိုလည်း အဆန်းလေးတွေ ပေးပေးပါ။

အမြဲအားပေးနေမယ့်
ဖူးက မမယ်ဆီကို စာပို့လိုက်ပါတယ်။

ချစ်ခင်လျက်

**ဖူးစနို့**
ရ-ရပ်ကွက်၊ သာကေတမြို့နယ်။



## အမှတ်တရ အစီအစဉ်

သို့

ခင်မင်ရပါသော အစ်မ

ညီမလေးရဲ့ ညီမလေး ယွန်းသွယ် ပြလို့ အစ်မစာအုပ်တွေကို ဖတ်ရတယ်။

အရမ်းကောင်းတယ်။

အစ်မ နောက်ထွက်မယ့် ဇာတ်လမ်းလေးတွေကိုလည်း ကောင်းကောင်းလေး ရေးပေးပါ။

အစ်မ ပြန်စာကို မျှော်နေမယ့် ...

**သဲစဉ်**
အောင်သီရိလမ်း၊ ၇-အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

သို့ 26-8-2011

ခင်မင်လေးစားရပါသော အစ်မ ...

ဒီလစာအုပ်လေးက ပိုဖတ်လို့ ကောင်းတယ် အစ်မ။ အဲ့လိုမျိုး မိန်းကလေးတစ်ယောက်ကို ယောက်ျားလေးနှစ်ယောက်က ပြိုင်ကြိုက်ကြတဲ့ ဇာတ်လမ်းလေးက စိတ်ဝင်စားဖို့ အရမ်းကောင်းတာပဲ။ အဲ့စာအုပ်လေးထဲက မိန်းကလေးပုံစံလေးက စဉ်းစားကြည့်တာနဲ့တင် တော်တော်ချစ်စရာကောင်းတယ်။

အစ်မ ညီမလေးကို အခုလို စာပြန်တာနဲ့တင် တော်တော်ကျေးဇူးတင်ပါတယ် အစ်မ။ ပြီးတော့ အစ်မစာအုပ်ကို ညီမလေးရဲ့ အစ်မကို ပြလိုက်တယ် သိလား။

အစ်မရဲ့စာအုပ်လေးက အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်လို့ သူကပြောတယ်။ သူလည်း အစ်မအတွက် မိတ်ဆက်စာရေးထားတယ်လို့ ပြောထားတယ်။ အစ်မ **"ချစ်သူလိမ်းဖို့ အေးစရင်မ်"** စာအုပ်က ဘယ်တော့ထွက်မလဲဟင်။ အဲ့စာအုပ်လေး ဖတ်ချင်လို့။

ညီမလေးကို စာပြန်မယ်လို့ မျှော်လင့်ပါတယ်။

ထာဝရ ခင်မင်နေမယ့်

**ယွန်းသွယ်**
အောင်သိဒ္ဓိလမ်း၊ ၇-အရှေ့ရပ်ကွက်
သာကေတမြို့နယ်။



## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မမဘုံ

ခင်မင်ရင်းနှီးစွာဖြင့် တတိယမြောက် စာရေးလိုက်ပါတယ်။ မမဘုံရဲ့ **"ငွေတောင်ပြည်ကမြို့သူ"** ဆိုတဲ့ ဝတ္ထုလေးဖတ်ပြီးသွားပါပြီ။ အရမ်းဖတ်လို့ ကောင်းပါတယ်။ အရင်ကစာအုပ်တွေထက် **"ငွေတောင်ပြည်ကမြို့သူ"** ဆိုတဲ့ စာအုပ်လေးကို ပိုပြီးသဘောကျနှစ်သက်မိတယ်။ **"အနမ်းမြို့ကသတို့သား"** ဆိုတဲ့ ဝတ္ထုလေး အမြန်ဆုံးထွက်နိုင်အောင် ကြိုးစားပေးပါနော်။ မမဘုံ စာမေးပွဲကော ဖြေနိုင်ရဲ့လား။ ဖြေနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီတစ်ခါက် စာပြန်ရင် ဓာတ်ပုံကို သေချာပေါက် ထည့်ပေးလိုက်ပါနော်။ ပရိသတ်တွေ အများကြီး ရနေပြီလား။ လမင်း တောင်းဆိုထားတဲ့ ဝတ္ထုလေးကိုလည်း ရေးနိုင်အောင် ကြိုးစားပေးနော်။

မမဘုံရဲ့ဝတ္ထုတွေ အရမ်းဖတ်လို့ကောင်းကြောင်း သူငယ်ချင်းတွေကို ပြောထားသေးတယ်။ သူတို့ကလည်း အရမ်းကြိုက်တယ်တဲ့။

See you နော် မမဘုံ။

ဒီထက်မက ကောင်းမွန်ပြီး ပရိသတ်ကြိုက်နှစ်သက်စေမယ့် ဝတ္ထုတွေ ဖန်တီးနိုင်ပါစေလို့ ဆန္ဒပြုရင်း ...

ထာဝရပရိသတ်

**လမင်း**
အမှတ်(၄၄/၃)၊ တော်ဝင်သစ်ခွခြံ၊
မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

၂၂-၉-၂၀၁၁

သို့

မမယ်မင်းဘုံ

ညီမနှာမည် ဆုမြတ်ပါ။ ညီမက မမရဲ့ **"ချစ်ရင်နှစ်မိနစ်စောင့်"** စာအုပ်ကို ဖတ်ရတယ်။ ညီမလေးကြိုက်တဲ့ဇာတ်လမ်းနဲ့လည်း တူတယ်။ အဲဒီစာအုပ် အရမ်းကောင်းတယ်။ အရမ်းလည်းကြိုက်တယ်။

မမရဲ့လစဉ်ထွက်ရှိတဲ့ ဝအုပ်တွေကို အားပေးနေမယ်။

**ဆုမြတ်**

၇-အရှေ့ရပ်ကွက်

သာကေတမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

သို့ ၂၃-၉-၂၀၁၁

မယ်မင်းဘုံ

မယ်မင်းရေ ... **ငွေတောင်ပြည်ကမြို့သူ** အရမ်းကောင်းတာပဲ။ မြို့သူကလည်း ချစ်ဖို့ကောင်းတယ်။ အမ်ဘုံကိုလည်း ချစ်တယ်။ ညိုချောကလည်း သက်တော်စောင့် ပီသတယ်။

မျက်လုံးထဲမှာ ဇာတ်လမ်းဇာတ်ကွက် ထင်းနေအောင် ရေးနိုင်လို့ အရမ်းချီးကျူးမိပါတယ်၊

ကျေးဇူးအထူးတင်ပါတယ်ဆိုတဲ့ စာလွှာလေးကလည်း အရမ်းကို ကောင်းပါတယ်။ မမမယ်မင်းရဲ့ဓာတ်ပုံကို မြင်ဖူးချင်ပါတယ်။ ကျောင်းမပြီးသေးဘူးပေါ့နော်။ ငယ်ငယ်ပဲရှိသေးတယ်ဆိုတော့ စာရေးကောင်းမှာပေါ့။ ဘယ်ကျောင်းမှာ တက်နေတာလဲ။

မယ်မင်း ကျော်ကြားအောင်မြင်စွာ ဖြတ်သန်းနိုင်ပါစေ။

**နွေးနွေး**

ရေကျော်၊ ပုစွန်တောင်


## ပြည်ထောင်စုသဘောတရား

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေး။ (?)
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


www.burmeseclassic.com

www.burmeseclassic.com





# မယ်မင်းဘုံ

## ချစ်သူလိမ်းဖို့

## ဒေးခရင်(မ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ပယ်ပင်းဆုံ၏ ဆက်လက်ထွက်ရှိလာမည့် စာအုပ်များ

၁။ အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (ထွက်ပြီး)

၂။ ချစ်ရင်နှစ်မိနစ်စောင့် (ထွက်ပြီး)

၃။ ငွေတောင်ပြည်က မြို့သူ (ထွက်ပြီး)

<u>ယခုလ</u>

၄။ ချစ်သူလိမ်းဖို့ ဒေးခရင်(မ်)

<u>ဆက်လက်၍</u>

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်

## နိဒါန်း

သူ့ရင်ထဲမှာ အဲဒီစကားကြောင့် အောင့်ခနဲတောင် ဖြစ်သွားရသည်။ သူလိုယောက်ျားမျိုးကို No ပါဆိုပြီး အငြင်းခံလိုက်ရတာဟာ အရမ်းဒေါသဖြစ်စရာ ကောင်းလှပါသည်။ ဒါပေမဲ့လည်း သူက ငြင်းဆိုခံရတာတောင် ဒေါသမထွက်နိုင်သေးဘဲ မျှော်လင့်ချက်များ ရှိနိုင်လေမလားဆိုတဲ့ အတွေးနှင့် မရေမရာ သက်ပြင်းတစ်ချချကာ ခပ်ဖျော့ဖျော့လေသံဖြင့် မေးမိလေသည်။

"သူက လုံးဝလက်မခံနိုင်ဘူးပေါ့ ... ဟုတ်လား အန်ကယ်"

သူ့အမေးကို အန်ကယ်က အားနာမှုတွေ အများကြီးပါဝင်နေသည့် အပြုံးတစ်ခုပြုံးကာ ခပ်လေးလေး ခေါင်းတစ်ချက်ညိတ်ပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်အနေနဲ့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ... အန်ကယ် မင်းကို အားနာပါတယ်"

"ရပါတယ် အန်ကယ်ရယ်... ဒီလိုပဲပေါ့၊ ကျွန်တော်လည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ကြိုးစားကြည့်ပါဦးမယ်...

အန်ကယ်ကသာ ကျွန်တော့်ကို လက်ခံနိုင်မယ်ဆိုရင်ပေါ့"

သူက အန်ကယ့်ကို လေးလေးနက်နက် ခွင့်တောင်းလျှင် အန်ကယ်က ကျေနပ်စွာပြုံး၍ သူ့ပခုံးကိုပုတ်ကာ...

"လက်ခံပါတယ်ကွာ ... မောင်ရင့်ကို အန်ကယ့်အနေနဲ့ လက်မခံစရာ မရှိပါဘူး။ သမီးကသာ သဘောတူရင် အားလုံးအဆင်ပြေသွားပြီ ...

အန်ကယ်က သမီးရဲ့အိမ်ထောင်ရေးကိစ္စကို သူ့စိတ်ကြိုက် ရွေးချယ်ခွင့် ပေးထားတာလေ ... သမီး ရွေးချယ်တဲ့ သူကိုမှ သင့်၏ မသင့်၏ ဆုံးဖြတ်ပေးမှာ"





အဲဒီလို ဆိုကတည်းက သူဟာ အန်ကယ့်ကိုသာ အားကိုးလို့ မရတော့ဘဲ ကိုယ့်အားကိုယ်ကိုးရတော့မည်ဆိုတာ သဘောပေါက်သွားပါသည်။ ခေတ်မီနေပျိုသော အထက်တန်းကျဖခင်ရဲ့အုပ်ချုပ်မှုအောက်မှာ နေရသော သမီးရဲ့အိမ်ထောင်ရေးကိစ္စဟာ သမီးရဲ့ဆုံးဖြတ်ချက်အပေါ် မူတည်နေသည့်အတွက် သူ ကြိုးစားရပါမည်။

တကယ်ဆို သူဟာ သူမကို ဘယ်လိုတွေ့ပြီး ချစ်သွားသလဲဆိုရင် အန်ကယ့်ရဲ့သမီးအဖြစ် သိခဲ့တာ မဟုတ်ဘဲ သူမကို သူ့ဘာသာသူ ရှာဖွေတွေ့ရှိကာ ချစ်မိသွားတာဖြစ်သည်။ အဲဒီနေ့က သူမဟာ Game City ကနေ ထွက်အလာ သူ့ကားနှင့် တိုက်မိမလို ဖြစ်ရာကနေ သူမရဲ့ကလေးဆန်ပုံလေးတွေကြောင့် သူက ချစ်မိသွားခဲ့တာဖြစ်သည်။

နောက်ပိုင်းမှာတော့ သူမက အန်ကယ့်သမီးဆိုတာ သိခဲ့၍ အန်ကယ်ကတစ်ဆင့် နားဖောက်နိုင်းသောအခါ သူမက လုံးဝနိုးပါဆိုပြီး အပြတ်ငြင်းခဲ့တာဖြစ်သည်။ သူကတော့ အဲဒီမိန်းကလေးကိုသာ တမ်းတမ်းစွဲ ဖြစ်သွားခဲ့ပေမယ့် သူမကတော့ သူ့ကို အခုဆို မှတ်မိမယ်တောင် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင် သူ့လိုယောကျ်ားမျိုးဟာ မိန်းက[illegible]ကို ဒီလောက်ထိ အောက်ကျနောက်ကျခံကာ [illegible]ခွင့်တောင်းဖို့ မလိုအပ်လှပါ။ သူ့ကိုမှ စိတ်ဝင်စားကာ [illegible]တမ်းစွဲ ဖြစ်နေကြသော ကောင်မလေးတွေ သူ့ရဲ့ဂုဏ်ပုဒ်၊ [illegible]ည်းစိမ်တွေကို မက်ကြ၍ သူ့ကို wanted ဖြစ်ကြသော သမီးရှင်များကို သူက so sorry လုပ်ကာ သူ့ထက် သုံးနှစ်ကျော်ငယ်ကာ ကလေးဆန်ဆန် ကောင်မလေးကိုမှ ချစ်မိတာက အံ့ဩစရာပင်ဖြစ်ပါသည်။

"ကဲပါ ... အန်ကယ်ရယ်၊ ကျွန်တော်တို့ အလုပ်ကိစ္စပဲ ဆက်တာပေါ့ ... ဒီလို အန်ကယ် ... ကျွန်တော် စင်ကာပူကို သွားနေတဲ့အချိန်မှာ ကျွန်တော့်ကိုယ်စား ကျွန်တော့်မန်နေဂျာကို အလုပ်ကိစ္စအားလုံး လွှဲပေးထားပါတယ်"

"အင်း ... ကောင်းပြီလေ။ ဒါနဲ့ မောင်ရင်က ဟိုမှာဘယ်လောက်ကြာမှာလဲ"

"တစ်လကျော် နှစ်လလောက်တော့ ကြာလိမ့်မယ်။ ဘာလို့လဲဆိုတော့ ဟိုမှာရှိတဲ့ ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းဖို့ ကျွန်တော် try ရမှာလေ"





သူ့ရဲ့အလုပ်နှင့် ပတ်သက်လာလျှင် တိကျသေချာသောကြောင့် အန်ကယ်က သဘောကျစွာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

"အိုခေ ... အိုခေ ... မောင်ရင် လုပ်စရာရှိတာကိုသာ စိတ်ဖြောင့်ဖြောင့်နဲ့ သွားလုပ်၊ ကျန်တဲ့ကိစ္စတွေကို ခေါင်းထဲမထည့်ပါနဲ့ ... ဒါဆို အန်ကယ်သွားတော့မယ်၊ သွားမယ့်နေ့ကျရင် ဖုန်းဆက်လိုက်လေ"

"ဟုတ်ကဲ့ပါ အန်ကယ်"

သူက အန်ကယ့်ကို တံခါးဝအထိ လိုက်ပို့ကာ အန်ကယ် ပြန်သွားသည့်နောက်တွင်တော့ သူဟာ တစ်စုံတစ်ခုကို နက်နက်နဲနဲတွေးကာ ဆုံးဖြတ်ချက်ချပြီးနောက် သူ့အတွင်းရေးမှူးဗညားကိုခေါ်၍ ...

"မင်းကို ကိုယ် စင်ကာပူသွားနေတဲ့ အချိန်အတွင်းမှာ ကုမ္ပဏီနဲ့မဆိုင်တဲ့ ကိစ္စတစ်ခု ခိုင်းချင်တယ် ... အဲဒီအတွက် မင်းကို ကိုယ် ဘောနက်(စ်)ကောင်းကောင်းချီးမြှင့်မှာပါ"

"ဟုတ်ကဲ့ ... ပြောပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သူက တည်ငြိမ်လေးနက်စွာ တစ်ချက်စဉ်းစားရင်း ဘေး ဗညားကို လှမ်းကြည့်လိုက်သည်။ သူနှင့်အတူတူ တက်ညီလက်ညီ ကြိုးစားပေးခဲ့သော ဗညားဟာ သူ့အတွက်တော့ ညီအစ်ကိုလို ယုံကြည်ရသောသူ ဖြစ်ပါသည်။ အဲဒါကြောင့်လည်း သူက ဒီကိစ္စကို ဗညားကို ခိုင်းဖို့ပဲ စဉ်းစားမိတာဖြစ်သည်။

"ဒီလို ဗညားရာ ... ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စလေး တစ်ခုကို မင်းက ကူညီပေးရမှာပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်ကို"

"ဟို ... ဒီလိုကွာ၊ ကိုယ်သဘောကျနေတဲ့ မိန်းကလေးကို မင်း သိတယ်မှုလား၊ အန်ကယ်ဦးလှခင်ရဲ့သမီးလေ"

"ဟုတ်ကဲ့ ... သိပါတယ်"

သူက ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ကာ ဆက်ပြောဖို့ စကားလုံးရွေးလိုက်သည်။

"ကိုယ် အခု မင်းကို အလုပ်ကိစ္စတစ်ခု ခိုင်းချင်တယ်ဆိုတာ အဲဒီကိစ္စပဲ၊ ကိုယ့်ကို အဲဒီမိန်းကလေးရဲ့အကြောင်းကို စုံစမ်းပေးပါလား"





ဗညားက သူ့ရဲ့စကားကြောင့် အံ့သြစွာ သူ့ကိုကြည့်လျှင် သူက ရှက်ရယ်တစ်ချက် ရယ်လိုက်မိသည်။ ဗညား အံ့သြမယ်ဆိုလည်း အံ့သြချင်စရာပင်။ ဘယ်မိန်းမကိုမှ စိတ်မဝင်စားသောသူက အဲဒီမိန်းကလေးကိုကျမှ တမ်းတမ်းစွဲ ဖြစ်သည့်အပြင် သူမရဲ့အကြောင်းကိုပါ စုံစမ်းခိုင်းမိသည်။

"ဟို ... အဓိက,ကတော့ သူ့ရဲ့အချစ်ရေးကိုပေါ့၊ ဘယ်လိုလဲ ဗညား ... ကိုယ့်ကို ကူညီပြီး စုံစမ်းပေးနိုင်မလား"

"ရပါတယ် အစ်ကိုရာ၊ အစ်ကိုသိချင်တာတွေကို အမြန်ဆုံး သိရအောင် ကျွန်တော် စုံစမ်းပေးမယ်"

"ကောင်းပြီ ဗညား၊ အဲဒါဆို ကိုယ် အဲဒီကိစ္စ မင်းကိုအပ်လိုက်ပြီ"

ဗညားရဲ့အရည်အချင်းကို သူ ယုံကြည်သည်။ သူမ အကြောင်းကို အတိအကျသိအောင် သူ စုံစမ်းရပါလိမ့်မည်။ သူ့ကို ဘယ်သူလဲ၊ ဘယ်ကလဲ၊ ယုတ်စွအဆုံး နာမည်တောင် ဘေးဝါဘဲနှင့် လုံးဝလက်မထပ်နိုင်ပါဘူးဆိုပြီး အတိအကျ ငြင်းထိုက်တာဟာ ဘာကြောင့်လဲဆိုတာ သူ သိပ်သိချင်ပါသည်။ သူမှာ လိုတာတွေကို တ,တိုင်းရခဲ့သောသူဟာ ဒီတစ်ကြိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ လိုအပ်ပေမယ့် တ,တိုင်းမရတဲ့အခါ ကိုယ်အလိုရှိရာကို ရအောင်ယူဖို့အတွက် ကြိုးပမ်းအားထုတ်မှု ပြုရပါမည်။

သူ စင်ကာပူရောက်နေတဲ့ နှစ်လအတွင်းမှာ သူဟာ သူမအကြောင်းကို သိအောင်လုပ်ဖို့ ဗညားကို စုံစမ်းခိုင်းထားပြီ ဖြစ်သည်။

ဗညားက တကယ်ပဲတော်လှပါသည်။ သူ စင်ကာပူ ရောက်ပြီး နှစ်ပတ်အကြာမှာပဲ သူမရဲ့သတင်းအတိအကျကို ရရှိခဲ့ပါသည်။

"သူ့မှာ ရည်းစားရှိတယ် အစ်ကိုရဲ့၊ သူ့ရဲ့ကောင်လေးက လက်ရှိမှာ ဘာအဲလုပ်မှ မလုပ်ဘူး၊ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ တစ်ခါတစ်ရံမှာတော့ မော်ဒယ်ရှိုးတွေမှာ ရှိုးလျှောက်တယ်၊ ဂျစ်တစ်တစ်နဲ့ ဘာတစ်ခုမှ ရေရေရာရာ မရှိဘူး အစ်ကို"

ကြားရသောသတင်းသည် ရင်ဝဖနောင့်နဲ့ ဆောင့်ကန်ခံရသလို နောက်ပြန်လဲကျချင်သည့်စိတ်တောင် ပေါက်လာပါသည်။ အဲဒီလို ရေရေရာရာ မရှိတဲ့သူကို မင်း ဘာလို့ချစ်တာလဲ ကောင်မလေးရယ်။





"သူတို့ရည်းစားဖြစ်တာ ကြာပြီလား ဗညား"

"တစ်နှစ်ကျော်လောက်တော့ရှိပြီ အစ်ကို၊ အခုထိ အန်ကယ် ဦးလူခင်ကတော့ မသိသေးပါဘူး"

ဩော် ...။ သူသည် ခေါင်းတညိတ်ညိတ်ဖြင့် တစ်ခုခုကို တွေးနေမိတော့သည်။ သူချစ်တဲ့ မိန်းကလေးဟာ အဲဒီလို ဘာမှအာမခံချက်မရှိသည့် သူမျိုးကိုတော့ မချစ်စေချင်ပါ။ ဖြစ်လည်း မဖြစ်သင့်ဘူးဟု သူ ထင်သည်။

"ဗညား ... ဒါဆိုရင်တော့ ဒီလိုလုပ်ကွာ၊ အဲဒီကောင်လေးရဲ့အခြေအနေကိုပါဆက်ကြည့်ထားပါ၊ ကိုယ် သူ့အကြောင်းကိုပါ သိချင်သွားပြီ"

"ဟုတ်ကဲ့ပါ အစ်ကို"

သူက ဖုန်းပိတ်ပြီးသွားသောအခါ လှို့ဝှက်နက်နဲစွာ တစ်ချက် ပြုံးလိုက်မိသည်။ ဘဝမှာ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ဦးနှောက်ခြောက်ခံကာ စဉ်းစားခန်းဖွင့်ခဲ့တာ ဒါ ပထမဆုံးပဲ ဖြစ်သည်။ သူဟာ တစ်ချိန်လုံး တွေးနေခဲ့သည့် သူ့ကို ဘာလို့ ငြင်းခဲ့တာလဲဆိုတဲ့ အဖြေကို အခုမှပဲ ရှေလည်စွာ သဘောပေါက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့နှလုံးသားမှာ သူ့ထက်ဦးအောင် နေရာယူထားတဲ့သူ ရှိနေပြီကိုး။

သူ့မျက်ဝန်းတွေထဲမှာ ငြိတွယ်မိသော သူမရဲ့ကလေးဆန်ပုံလေးတွေဟာ သူ့နှလုံးသားရဲ့အနက်ရှိုင်းဆုံး နေရာထိ လွှမ်းမိုးချုပ်ကိုင်သွားခဲ့တယ်ဆိုတာ သူမကတော့ သိလိမ့်မည်မထင်ပါ။ ပထမဆုံး ချစ်ခဲ့ရတဲ့ ဒီအချစ်တွေကို သူက တသသ တန်ဖိုးထားကာ စွဲလမ်းရပါသည်။

သူမဟာ သူ့ရဲ့ဂမ္ဘာဖြစ်သည်။ အချစ်အတွက်ကြောင့် လူတွေ မိုက်ရူးရဲဆန်လာကြသည်တဲ့။ သူကလည်း သူမကို ချစ်မိသည့်အတွက် သူမနှင့် အနီးဆုံးနေရာမှာ ရှိနေနိုင်ဖို့ မိုက်ရူးရဲဆန်သင့်ရင် ဆန်ဖို့ဝန်မလေးပါ။

သူမဟာ သူ့ဘဝအတွက် အဲဒီလောက်တောင် အရေးပါအရာရောက်နေတာဖြစ်ပါသည်။

* ✿ *





၁

"ဘာ … သူက လက်မခံဘူး ဟုတ်လား"

ခင့်ရဲ့အမေးကြောင့် ဆုဝေက ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ခေါင်းညိတ်ပြကာ သူမအိတ်ထဲမှ စာခေါက်လေးကိုထုတ်၍ စားပွဲပေါ်မှာ တင်လိုက်သည်။ အဲဒီစာဟာ ခင့် ပေးခိုင်းတဲ့စာဆိုတာကို သဘောပေါက်ရသည်။ ခင့်သည် ဒီဝင်္ဂက ဘယ်တော့များမှကျွတ်မလဲဆိုပြီး စိတ်ပျက်လက်ပျက် ညည်းညူကာ စားပွဲပေါ်မှာ မျက်နှာမှောက်အပ်လိုက်လျှင် ဆုဝေက ခင့်ပုခုံးကိုပုတ်လျက် …

"အဲဒီလောက်ကြီးလည်း ဖြစ်မသွားပါနဲ့ ခင့်ရယ်၊ အကြံကောင်းတစ်ခုခုတော့ ထုတ်ရမှာပေါ့"

www.burmeseclassic.com



ခင့်သည် ဆုဝေရဲ့စကားကြောင့် ခေါင်းပြန်ထောင်လာကာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းသာယမ်းလိုက်မိလေသည်။ ပြီးတော့ ငိုလည်းငိုချင်လာမိသည်။

"ဘာမျှား အကြံအစည်ကောင်း ထုတ်နိုင်ဦးတော့မှာလဲ၊ ငါတို့ကြံသမျှ တစ်ခုမှ မရတာ ဘယ်နခါရှိနေပြီလဲ"

"ဟင်း ... ငါတော့လေ၊ နင့်ကြည့်ပြီး စိတ်တွေတောင် ညစ်လာပြီ။ အစကတည်းက ငါပြောပါတယ်ဟယ် ...

အဲဒီကောင်က ကောင်းပါဘူး ဆိုတာကို၊ နင်ပဲလေ အကြင်နာတွေ၊ ကရုဏာတွေဝင်ပြီး ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းတိုင်း ဖြစ်စေရပါမယ်ဆိုပြီး အဖြေသွားပေးတာကိုး ...

ခုတော့ ခက်ပြီပေါ့ဟဲ့"

"အိး ... သေသာသေလိုက်ချင်တော့တယ်"

ခင့်သည် အခုမှပဲ နောင်တကြီးကြီးရမိတော့သည်။ ဆုဝေ အပြစ်ပြောရင်လည်း ငြိမ်ခံရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။ တကယ်လည်း ကိုယ်က မိုက်ခဲ့တာကိုး။ ဒါပေမဲ့ ခင့်မိုက်မိ





တယ်ဆိုတာကလည်း စဉ်းစားကြည့်ရင် သင်းကြောင့်ပဲ ဖြစ်သည်။ First year ကနေ စတင်၍ ဖွဲနပဲကြီးကြီးနှင့် ခင့်ရဲ့အချစ်ကိုရဖို့ ကြိုးစားခဲ့သော သူ့ကို ခင့်ကလည်း ကြာလာတော့ သနားလာကာ နောက်ဆုံးနှစ်ရောက်တော့ ဖွဲဆုရှင်အဖြစ် သတ်မှတ်၍ အဖြေပေးခဲ့မိသည်။

ယောက်ျားတွေဟာ "မရခင်မှာ ဖျာလိုလိပ် ထိပ်ပေါ်တင်၊ ရပြီးရင်တော့ ဖျာလိုခင်းပြီး ချနင်းတတ်"တဲ့ အစားတွေချည်းကပဲလား မသိတော့ပါ။ ရည်းစားမဖြစ်ခင်တုန်းကတော့ အရာရာ ခင့်သဘောကျ ဖြစ်စေခဲ့ပြီး၊ ရည်းစားဖြစ်သွားတော့ ခင့်ကို ခင့်သဘောထက် ကိုယ့်သဘောက ပိုအရေးကြီးတယ် ဖြစ်သွားတော့သည်။

ခင့်ဟာ အဲဒီအချိန်တုန်းက သူ့ကို ဘာစိတ်ကူးပေါက်လို့ အဖြေပေးဖြစ်သွားလဲဆိုတာ စဉ်းစားလို့ကို မရတော့ပါ။ ဆုဝေတို့က "ဟဲ့ ... အဲဒီကောင်က ဗရုတ်နော်၊ တစ်လုံးချိုင့်အဆင့်ကိုမရှိဘူး၊ နင် လုံးဝစဉ်းစားပြီး ခံစားပေးမနေနဲ့"ဆိုပြီး တားတာတောင် ခင့်က တစ်စက်ကလေးမှ အသိတရားမဝင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရှုတ်ရှုတ် လေသံဖြင့် "တစ်လုံးချိုင့်ပေမယ့် သူက zebra အစင်းပါတဲ့"ဆိုပြီး ပြောဖူးသေးသည်။

အခုတော့ ခင့် မှားပေပြီ။ ကိုယ်တော်က ခင့်ထက် ခင့် background ကို ပိုချစ်တယ်ဆိုတာ သိရ၍ ဖြတ်ဖို့ကြိုးစားခဲ့သည်။ ရန်ပွဲမှာ ထစ်ခနဲဆို လက်ပါတတ်တာ၊ အခုချိန်ထက်ထိ ဘာအလုပ်မှ မယ်မယ်ရရ မလုပ်သေးဘဲ ရုပ်ခံလေးရှိ၍ မော်လ် ဒယ်ယောင်ယောင်၊ မင်းသားယောင်ယောင် လုပ်နေတဲ့ ခင့်ရဲ့ ချစ်ရည်းစား မင်းမဟော်ကို ဖြတ်ဖို့ကြိုးစားခဲ့တာ ဒီတစ်ခါနဲ့ပါ ဆို လေးကြိမ်ရှိနေပြီ။

ကိုယ်တော်က လုံးဝဖြတ်မပေးပေ။

သူဟာ ဘယ်လိုကောင်စားမျိုးလဲဆိုတာ နားကိုမ လည်တော့ပါ။ ခင့် ဘယ်လောက်ပြောပြော တစက်ကလေးမှမနာ ဘဲ အပြုံးမပျက်ဘဲ ခင့်အနား တွယ်ကပ်နေသူဖြစ်ပါသည်။ ဒီ တစ်ခါတော့ ခင့်က သူ့ကို ဖြတ်စာရေးပေးလိုက်ကာ ဆုဝေနှင်း သွားပေးခိုင်းလျှင် သူက လက်မခံရုံတင်မက အပြုံးမပျက်ဘဲ ဆုဝေကတစ်ဆင့် ခင့်ကို အမှာစကားပါး ပါးလိုက်သေးသည်။





"ခင့်ကို ပြောလိုက်ပါ ... ခင့် ဘယ်လောက်ဖြတ်ဖြတ် ကိုယ်ကတော့ ချစ်လျက်ပါပဲလို့၊ မနက်ဖြန် ဖုန်းဆက် မယ်လို့လည်း ပြောလိုက်နော်"

... ဟူ၍ ဖြစ်လေသည်။

ခင့်တစ်ယောက်ကတော့ ဒီအကောင်နှင့် ပြတ်ကော ပြတ်နိုင်ပါတော့မလား။ ဖွတ်တရွတ်နှင့် မိုက်ကန်းကန်းကောင်ကို အရမ်းကာရောကြီးလည်း ဖွတ်မပြောရဲပေ။ မတော်တဆ ကိုယ့် ကို ကားတင်ပြေးသွားလည်း စိုးရသေးသည်။ ဒီလောက်ဆိုးတဲ့ ကောင်ကို ရည်းစားလုပ်မိတာကိုက ခင့်အပြစ်ပါ။

သူ့မိဘကတော့ မနိုင်လို့ ဒီတိုင်းလွှတ်ထားတာဆို တဲ့ မင်းမဟော်ကိုမှ ခင့် ဘာလို့သွားတွဲမိပါလိမ့်။ အခုတော့ ဘယ်လိုမှကို ဖြတ်လို့မရပေ။ မင်းမဟော်နှင့်ကိစ္စကို ဖေဖေနှင့် ကိုလေးသာ သိသွားလို့ကတော့ ပြဿနာက ရှင်းလို့ကို ရတော့မှာ မဟုတ်ပေ။

အဆိုးဆုံးကတော့ ခင့်ရဲ့အခွင့်အရေးတွေ အားလုံး ဟာ မင်းမဟော်လို ကောင်မျိုးကို ရည်းစားထားတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တစ်ခုနဲ့တင် အပိတ်ခံရကာ အခန့်မသင့်ရင် ဖေဖေ ပေး စားတဲ့ယောက်ျားကိုပါ ယူရကိန်းမြင်သည်။

"အဲဒီကောင်က တကယ့်ဗွတ်တရွတ်ပ ... ပြောရဆိုရ သိပ်ခက်တာ"

ဆုဝေက ပြောလို့ပင် မဆုံးသေးချေ။ ခင့်ရဲ့ဟန်း ဖုန်းလေးက ထမြည်လာလျှင် ခင့်က ဘယ်သူလဲဆိုပြီး Display က နံပါတ်ကို ကြည့်လိုက်ရင်တော့ အလွန်အမင်း စိတ်ဆင်းရဲ သွားရတော့သည်။ ခင့်သည် ငိုမဲ့မဲ့မျက်နှာနှင့် ဆုဝေလက်ထဲကို ဖုန်းထိုးပေးကာ ...

"ရော့ ... ဟိုအကောင့်ဆီကဖုန်း၊ ငါ မရှိဘူးလို့ပဲ ပြော လိုက်"

"အေး ... အေး"

ဆုဝေက ခင့်ရဲ့ဖုန်းကိုဖွင့်ကာ နားထောင်လိုက်လေ သည်။

"ဟယ်လို"

"ဆုဝေ ... ခင့်နဲ့ ပြောချင်တယ်၊ ခင့်ကို ဖုန်းပေးလိုက်"





"ဟို ... ခင့် မရှိဘူး မပေါ်ရဲ့၊ ဒီနေ့ ပစ္စည်းအသစ်တွေ ရောက်မှာမို့လို့ ဂိုဒေါင်သွားတယ်"

ဆုဝေရဲ့ မှင်သေသေပြောပုံကြောင့် ခင့်က အိုကေ ဆိုသော သဘောဖြင့် လက်မတစ်ချက်ထောင်ပြလိုက်သည်။ ခင့် ရဲ့သူငယ်ချင်း ဆုဝေဟာ အဲဒီလိုမျိုး အရမ်းကို အားကိုးရတဲ့သူ ဖြစ်ပါသည်။

"ဆုဝေ လာလိမ်မနေနဲ့၊ ခင့်ကိုပြောလိုက် ... ခု ဖုန်းမကိုင် ဘူးဆိုရင် လူကိုယ်တိုင် ခင့်ဆီ ရောက်လာမှာနော်လို့"

ဆုဝေက အင်း ... အဲနှင့် ဘာပြောရမှန်းမသိ ဖြစ် နေလျှင် မပေါ်တော့ ပြဿနာရှာနေပြီဆိုတာ ခင့်က သဘော ပေါက်စွာဖြင့် နှုတ်ခမ်းဆူကာ ဆုဝေရဲ့လက်ထဲကဖုန်းကို ယူလိုက် ကာ ဖုန်းပြောဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ပြော ... မပေါ်၊ ဘာလဲ"

"အဟင်း ... အဲဒီလိုလုပ်ပါ ခင့်ရယ်၊ ခင့် အခု ဘာလုပ် နေလဲ"

ခင့်သည် မျက်နှာတစ်ချက် မဲ့လိုက်ကာ ခပ်ရွဲ့ရွဲ့ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ဖုန်းပြောနေတယ်လေ၊ ဒါပေမဲ့ ငါ မအားဘူးနော်၊ အလုပ်လုပ်နေတယ်"

"ဟား ... ခင့်ကတော့ လုပ်ပြီကွာ၊ အိုခေ ... အိုခေ ... ခင့် မအားဘူးဆိုလည်း ကိုယ် ဖုန်းချပေးပါ့မယ်၊ ခင့်အသံ လေး ကြားရပြီဆိုတော့ ကျေနပ်သွားပါပြီ ...

ဪ ... ခင့် အပင်ပန်းခံပြီး ဖြုတ်စာတွေ ဘာ တွေ ရေးမနေပါနဲ့ကွာ၊ ကိုယ်က ခင့်ကို ချစ်ဆဲပါဘဲ"

"လဲသေလိုက်ဟယ်"

ခင့်ကို ဒေါသတကြီးဖြင့် ပျစ်ပျစ်နှစ်နှစ် ပြောဆ ကာ ဖုန်းပိတ်ပစ်လိုက်တော့သည်။ ခင့်ရဲ့ဒေါသတွေ ထွက်နေ ကိုကြည့်ကာ ဆုဝေက ခေါင်းတယမ်းယမ်းဖြင့် ...

"မဖြစ်ဘူးဟ၊ ဒီတိုင်းဆို ဒီကိစ္စက အပြတ်ဖြတ်ပစ်မှ ဖြ တော့မယ်၊ နို့မို့ဆို နင် တကယ်ချစ်တဲ့သူ တွေ့သွားရင် ဒီကောင်နဲ့ ဖြစ်တော့မှာ မဟုတ်ဘူး၊ ဇာတ်တွေရှုပ်ကု လိမ့်မယ်"

"တော်ပါဟယ် ... ချစ်သူတို့ ရည်းစားထားတဲ့အကြော တော့ မပြောစမ်းပါနဲ့၊ ဒီရည်းစားနဲ့တင် ငါ့မှာစိတ်ကုန်နေ





ခင့်ရဲ့ ယောကျ်ားတွေကို စိတ်ကုန်နေသည့်ပုံစံကို ကြည့်ကာ ကြားထဲက ဆုဝေလည်း သနားမိပါသည်။ ကိုယ့် သူငယ်ချင်းမလေးရဲ့စိတ်ကို အမြဲပျော်ရွှင်စေချင်သော ဆုဝေအနေ နှင့် ဘာများအကြံကောင်း ဉာဏ်ကောင်း ပေးနိုင်မလဲ စဉ်းစားနေ ခဲ့မိသည်။ ဆယ်တန်းကတည်းကနေ စိတ်တူကိုယ်တူ တွဲလာခဲ့ သော ဒီသူငယ်ချင်းလေးဟာ မင်းမဟော်နှင့် တွေ့မှ စိတ်ညစ်နေ ရှာတော့သည်။

ဆုဝေနှင့် ခင့်ဟာ ညီအစ်မအရင်းတွေထက်တောင် ချစ်ကြသော သူငယ်ချင်းတွေဖြစ်သည်။ E-major ဖြင့် နှစ်ယောက် သား ဘွဲ့ရပြီးသောအခါမှာတော့ ထွေထွေထူးထူး စဉ်းစားမနေတော့ ဘဲ ရှယ်ယာတစ်ယောက်တစ်ဝက်ထည့်ကာ United Living Mall မှာ fashion ဆိုင်လေးတစ်ဆိုင် ဖွင့်ခဲ့ကြသည်။

ခေတ်အမြင်ရှိသော ကောင်မလေးနှစ်ယောက် ဦးစီး သော fashion ဆိုင်လေးမှာ အမျိုးသမီးဝတ် ခေတ်မီအထည်ဆန်း ဆန်းတွေကိုသာ ရောင်းချပြီး ဇန်ကောက်က တိုက်ရိုက်ယူတာမို့ ဈေးလည်းသက်သာ၊ ခေတ်လည်းမီတာကြောင့် ဆုဝေတို့ရဲ့ဆိုင်

www.burmeseclassic.com



လေးဟာ မိန်းကလေးတွေကြားမှာ ရေပန်းစားရုံသာမက ကောင်
ကလေးတွေရဲ့စကားထဲမှာ ထည့်ပြောစရာဆိုင်လေး ဖြစ် ပါသည်။

ကောင်လေးတွေက သူတို့ရဲ့ရည်းစားအတွက် အမှတ်
တရလက်ဆောင် ဇယ်လင်တိုင်းဒေး၊ ဟတ်ပီဘတ်ဒေး စသဖြင့်
ဘာဒေး၊ ညာဒေးအတွက် လက်ဆောင်ဆို Accessoires မျိုးစုံနှင့်
အင်္ကျီအဆင်ဒီဇိုင်းမျိုးစုံရှိသော ဒီဆိုင်မှာ လာလာဝယ်တတ်ကြသည်။

အဲဒီလို ပညာရေး၊ စီးပွားရေး အားလုံး အစစအရာရာ
အဆင်ပြေနေသော ခင့်ကို အချစ်ရေးမှာလည်း အဆင်ပြေစေချင်
ပါသည်။ ဒါပေမဲ့ အခုဟာက အချစ်ရေး အဆင်ပြေအောင် လု
ပေးဖို့ထက် သူ့ရည်းစားနဲ့ပြတ်အောင် လုပ်ပေးဖို့က ပိုအရေးကြီး
ပါသည်။ ခက်နေတာက ခင့်ရည်းစား မင်းမဟော်ဟာ ကုတ်
ကော်ချတောင် ခင့်နားက ခွာမည့်ပုံ မပေါ်ပါ။

"အဲ ... ငါ အကြံရပြီ ခင့်"

ဆုဝေက လက်ဖျောက်တစ်ချက်တီး၍ တက်ကြွ
အော်လိုက်လျှင် ခင့်သည် မျက်ဝန်းတွေ အရောင်လဲ့သွား
ဆုဝေရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ကာ ...





"ဘာ ... ဘာလဲဟင်"

"ဒီလိုလေ ... နင် အခု မဟော့်ကို ဖြတ်တယ်ဆိုတာ
အကြောင်းပြချက် မရှိဘူးလေ၊ နင့်ဘက်က စိတ်ကုန်လို့
မချစ်တော့လို့ ဆိုတာ မှန်ပေမယ့် အဲဒါက ခိုင်လုံတဲ့
အကြောင်းပြချက် မဟုတ်ဘူး၊ အဲဒီတော့ အကြောင်းပြ
ချက်ကောင်းကောင်းနဲ့ သူ ထပ်မကပ်ရဲတော့အောင် အပြတ်
ဖြတ်နိုင်မှ ပြတ်တော့မှာ ...

အဲဒီတော့ဟယ်၊ နင့်အဖေ သဘောတူတဲ့သူနဲ့ နင်
လက်ထပ်ရတော့မယ်လို့ပြောပြီး ဖြတ်လိုက်တော့ဟာ"

"အဲဒီအကြံက ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့
မဟော်က လက်ခံမယ် မထင်ဘူးနော်၊ တော်ကြာ ငါ့ကို
ခိုးပြေးမယ်ဆို ဒုက္ခ"

"အာ ... အဲဒီတော့လည်း မဖြစ်ဘူး၊ ငါက အဖေ့စကား
ကိုလည်း မလွန်ဆန်နိုင်သလို ငါနဲ့လက်ထပ်မယ့်သူကို
လည်း ချစ်မိသွားပြီ ဘာညာပေါ့ဟယ်၊ လေပြည်လေးနဲ့
ပဲ သူ နားဝင်အောင်ပြောပြီး ဖြတ်ရမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို သူ ခိုးတော့မပြေးရဲပါဘူး၊ ဘာလို့လဲဆိုတော့ နင့်ဘေးနားမှာ ငါ တစ်ချိန်လုံး ရှိနေတာပဲ”

ဆုဝေ အပြောကို ခင့်က လက်ခံသလို ခေါင်းသွက်သွက်ညိတ်ကာ အဲဒီလိုပြောဖို့ပဲ စဉ်းစားလိုက်တော့သည်။ အင်း ... မဟော်နဲ့ မြန်မြန်ပြတ်မှပါ။ နို့မို့ဆို ခင့်လည်း စိတ်ညစ်တာနဲ့ပဲ လုံးပါးပါးရတော့မည်။

“အေးလေ ... အဲဒီလို လုပ်ကြည့်ကြတာပေါ့ဟာ”

“သူ လက်ခံနိုင်လောက်မယ် ထင်တာပဲ၊ လက်ထပ်ရမယ့်သူ ရှိနေပြီဆိုတော့ နောက်ဆုတ်ကို ဆုတ်ရတော့မယ်လေ”

လက်ထပ်ရမယ့်သူ။ အဲဒီစကားကြောင့် ခင့်သည် အတွေးတစ်ခု ဝင်သွားကာ စိုးရွံ့သွားသဖြင့် ...

“ဟဲ့ ... ဒါပေမဲ့နော်၊ မဟော်က ငါနဲ့လက်ထပ်မယ့်သူကို ပြဆိုရင် ဘယ်လိုလုပ်မလဲ ... အကြံအဖန်လုပ်ပြီး သူ့ကိုပြရင်လည်း သူက ထစ်ခနဲဆို လက်ပါတတ်တာ တော်ကြာ ရန်တွေဖြစ်ကုန်ရင် ...





အာ ... အဲဒီအကြံက မဖြစ်ပါဘူးဟာ”

“ဟယ် ... ခင့်ရယ်၊ နင် အဲဒီလောက် အတွေးခေါင်မနေနဲ့ နောင်ခါလာ နောင်ခါရေးပေါ့၊ အခုဟာက မဟော့်ကို ဖြတ်ဖို့အတွက် ဒီနည်းက အဆင်ပြေဆုံးပဲလေ ...

ကဲ ... သူက လက်ထပ်မယ့်သူ ပြပါဆိုတော့လည်း ပြမယ် ဒါပေမဲ့ ငါနဲ့ လက်ထပ်မယ့်သူက လောလောဆယ် ခရီးသွားနေတယ်၊ သူ ပြန်လာရင် ပြမယ်ဆိုပြီး ပြောလိုက်ပေါ့ဟယ် ...

အဆင်တော့ ပြေမှာပါ”

အခုချိန်မှာ ခင့်အတွက်တော့ ကောက်ရိုးတစ်မျှင်ကလည်း အားဖြစ်တာမို့ ဆုဝေရဲ့အကြံကို လက်ခံဖို့ ဆုံးဖြတ်လိုက်တော့သည်။

“ဒါပေမဲ့ သူ့ကို ချက်ချင်းကြီး မပြောနဲ့ဦး၊ တစ်ပတ်လောက် အချိန်ဆွဲထားပြီးမှပြော၊ ဒီတစ်ပတ်အတွင်းမှာ နင်က အတွေ့မခံနဲ့၊ ဖုန်းပြောဖြစ်ရင်တောင် အလုပ်များ

www.burmeseclassic.com

www.burmeseclassic.com



နေလို့ မြန်မြန်၊ မြန်မြန် ပြောနေရတဲ့ ပုံစံမျိုး လုပ်ပေါ့ဟယ်၊ ဒါမှ သူက နင် ဘာတွေအလုပ်များနေလဲဆိုတာကို သိချင်လာမယ်၊ သူ သိချင်နေတဲ့ အချိန်ကျမှ ငါ အလုပ်များရတဲ့ အကြောင်းရင်းဟာ ငါနဲ့လက်ထပ်မယ့်သူကို တွေ့ရ၊ မင်္ဂလာကိစ္စ စီစဉ်ရနဲ့မို့လို့ ဘာညာဆိုပြီး ရှိုးပေါ့ဟာ"

ရွှေဉာဏ်တော်ရှင် ဆုဝေရဲ့ အကြံကောင်းကြောင့် ခင့်နှင့်မဟော် ပြတ်သွားလို့ကတော့ ပျော်စရာကြီးပင်ဖြစ်သည်။ အဲဒီအတွက် ခင့်သည် ဒီတစ်ပတ်မှာ မဟော်နှင့် မတွေ့ဖြစ်အောင် ရှောင်ရပါမည်။

ဘုရား ... ဘုရား ... အဲဒီအစီအစဉ်နဲ့ပဲ ခင့် အဆင်ပြေသွားပါစေ။

"အဲဒီလိုဆိုရင်တော့ ရှယ်ပဲဟာ၊ ကဲ ... ဆုဝေ ... ငါတို့ ရည်းစားဖြတ်ပွဲကြီး အောင်ပါစေသောဝ် ... အောင်စေသောဝ်"





ခင့်နှင့် ဆုဝေက သဘောကျစွာ ရယ်မောရင်း လက်ဝါးချင်း ရိုက်လိုက်ကြသည်။ မဟော်နှင့် ပြတ်သွားပြီးပြီဆိုရင် ခင့်ဟာ ကမ္ဘာမှာ အပျော်ဆုံးလူသားအဖြစ်နဲ့ လက်လက်ထတဲ့နိုင်မှာဖြစ်သည်။

နောက်များတော့ ရည်းစားထားဖို့ဆို စိတ်ကုန်လွန်းလို့ အပျိုကြီးလုပ်မလားလို့ပဲ စိတ်ကူးလိုက်ပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



## ❦ ၂ ❦

သူ့အနေဖြင့် ခင့်ဂျ တွေ့ချင်လာတာကြောင့် ရုံး ဆင်းသောအချိန်မှာ ခင့်ရဲ့မျက်နှာလေးကို မော်ဖူးနိုင်ရန်အတွက် ခင့် ရှိနေနိုင်မည့် ခင့်ရဲ့ fashion ဆိုင်လေးကို သွားဖြစ်ပါသည်။ ခင့် fashion ဆိုင်ကို သွားတယ်ဆိုတာ ဆိုင်ထဲကိုဝင်ပြီး ပစ္စည်း ဝယ်ကာ ခင့်ကို သွားကြည့်တာမျိုး မဟုတ်ဘဲ ခင့်ဆိုင်နားဝန်း ကျင်ကနေ ခင့်ကို တွေ့လိုတွေ့ငြား ခိုးကြည့်ရတာမျိုးဖြစ်သည်။

ဒီနေ့တော့ သူ့ရဲ့အတွင်းရေးမှူးလေး ဗညားကိုပါ ခေါ်ကာ ခင့်ကို ပေါ်တင်ခိုးငေးဖို့အတွက် ခင့်ဆိုင်မှာ ဈေးဝယ် ရပါမည်။





"ဟော့ကောင် ... ဖြစ်ပါ့မလား ... သူတို့ဆိုင်က အမျိုးသမီး သီးသန့်ရောင်းတာနော်၊ တော်ကြာ ဘာလာကြောင်တာလဲ ဆို သက်သက်မဲ့ အရှက်ကွဲဦးမယ်"

"အာ ... အစ်ကိုကလည်း သူတို့ဆိုင်ကို ကောင်လေးတွေ လည်း လာကြပါတယ်၊ အစ်ကို့အစ်မအတွက် မွေးနေ့လက် ဆောင်ဆိုပြီး ဝယ်တာပေါ့ အစ်ကိုရာ ... လာပါ"

ဗညားက သူ့ကို သွက်လက်တက်ကြွစွာ ဆွဲခေါ် သွားလျှင် သူက ယက်ကန် ယက်ကန်နှင့် ပါသွားရသည်။ သူတို့ ဆိုင်ထဲဝင်ဝင်ချင်းမှာပင် သူမက ခပ်တည်တည် မျက်နှာပေးဖြင့် ကာစတန်မာ(customer)ကို အကဲခတ်ဟန်ဖြင့် တစ်ချက် မျက်လုံး လှန်ကြည့်ကာ သူ့ရဲ့ laptop မှာပဲ အာရုံပြန်စိုက်လေသည်။

မင်းက ဘာလို့များ ချစ်ဖို့ကောင်းရတာလဲ ကောင် မလေး။

ဗညားက အင်္ကျီတွေ ရွေးနေစဉ်မှာ သူက ကောင် တာစားပွဲမှာထိုင်ကာ game ဆော့နေသော သူမကိုသာ မသိမသာ ငေးကြည့်နေခဲ့မိပါသည်။ အရပ်ရှည်ရှည်လေးနှင့် ချစ်စရာကောင်း သော ကောင်မလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖစ်တိုးရီးယားရဲ့ ခပ်စိုက်စိုက် တိုဖောင်းဖောင်း ဆံပင်ဒီဇိုင်းကိုမှ coffee brown ဆိုးထားသော သူမဟာ ရှိသင့်တဲ့ အရွယ်ထက် ပိုနုကာ ကလေးဆန်လေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အားလုံးဟာ တစ်နေရာမှ အပြစ်ပြောစရာ မရှိအောင် ဖူးသစ် ပြည့်စုံလှပပါသည်။ ပြောရမယ်ဆိုရင်တော့ မလှတဲ့နေရာ တစ်နေရာမှကို မရှိပါ။

"အစ်ကို ပိုက်ဆံရှင်းလို့ ရပါပြီ"

ဗညားက သူ့လက်မောင်းကို တို့ကာ ကောင်တာမှ ငွေသွားရှင်းဖို့ပြောသည်။ သူဟာ ခင့်ရှိရာကို လာခဲ့ရာမှတစ်ဆင့် ခင့်နံဘေးကို သွားရတော့မည် ဆိုတာကြောင့် ရင်ခုန်နှုန်းတွေ သိပ်မမှန်တော့ချေ။

သူက ကောင်တာမှာ ပိုက်ဆံရှင်းပေးပြီးနောက်မှာ အပြင်သို့ ထွက်လာခဲ့တော့သည်။ ခင့်ကတော့ သူ့ကို customer တစ်ယောက်ကို အားပေး၍ ကျေးဇူးတင်ပါတယ်ဆိုသည့် အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ပြပါသည်။ အဲဒီအပြုံးနှင့်တင် သေလို့ ရပါသည်။





သူတို့က အင်္ကျီဝယ်ပြီး အောက်ထပ်က ကော်ဖီဆိုင် ဆိုင်မယ်လုပ်တုန်းမှာပဲ ဗညားက ချစ်ဖို့ကောင်းစွာ သူ့အတွက် ...န်ပေးထားပါသည်။

"အစ်ကို ... အစ်ကို့ကောင်မလေးနဲ့ ထပ်တွေ့လို့ရအောင် ကျွန်တော် ဝင်ဖန်ခဲ့တယ်၊ ကောင်တာစားပွဲပေါ်မှာ ကျွန်တော့်ဟန်းဖုန်း ထားခဲ့လိုက်တယ်၊ ခဏနေရင် အစ်ကိုက ဖုန်းဆက်ပြီး သွားပြန်ယူလိုက်၊ အဲဒီကနေ ခင်မင်မှုအစ မျိုးရတာပေါ့"

"ဟား ... ဗညားရာ၊ မင်း ဘာလို့ အဲဒီလောက် တော်နေရတာလဲ"

သူ့ချီးမွမ်းသံကို ဗညားက ကျေနပ်သဘောကျစွာ ...ောင်နေပါသည်။ ဘာပဲဖြစ်ဖြစ် ဗညားကို ကျေးဇူးတင်ရ ... သူ့ရဲ့အမြော်အမြင်ကြီးမားစွာ ဖုန်းထားပေးခဲ့မှုကြောင့် ...ခင့် စကားပြောခွင့် ရခဲ့ပါသည်။ ဖုန်းထဲမှာ ကြားရတဲ့ ခင့် ...က အရမ်းနားထောင်လို့ ကောင်းပါသည်။

"ဘာယ်လို ... ဟုတ်ကဲ့ ပြောပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... အဲဒီဖုန်းကိုင်ထားတဲ့ လူကြီးမင်းက ဘယ်နေရာမှာလဲဟင်၊ ကျွန်တော့်ရဲ့ဖုန်းလေးက လူကြီးမင်းဆီရောက်နေတာ ထင်တယ်"

"ဟုတ်ပါတယ်၊ အခုပြောနေတာ ဖုန်းပိုင်ရှင်ထင်တယ်၊ ရှင်တို့ဖုန်းက ကျွန်မတို့ဆိုင်မှာ ကျန်ခဲ့တယ်၊ fashion taste ဆိုင်မှာ ကျန်ခဲ့ပါတယ်"

"ဪ ... ဟုတ်ကဲ့၊ အဲဒါဆို ကျွန်တော် အခုပဲ လာယူလိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်နော်"

သူက ဖုန်းပိတ်ကာ ဗညားနှင့်အတူတူ ဆိုင်ကိုတစ်ခေါက် ထပ်သွားပါသည်။ ဒီတစ်ခေါက်တော့ သူမက ဆိုင်ပေါက်ဝကနေ သူတို့ကို ထွက်စောင့်နေပါသည်။ ရင်ထဲကို အေးမြသွားစေသော အလှပဂေးလေး ဖြစ်ပါသည်။

"ဟို ... ဒီဖုန်းပိုင်ရှင်က"

"ကျွန်တော်ပါ"

ခင့်က သူ့ကို ထပ်ကြည့်ပြန်ပါသည်။ ကြာလာတော့ သူလည်း အကြည့်တစ်ချက်နှင့် ရှုံးလောက်ပါမည်။ သူ့လက်ထဲကို ဖုန်းပေးလိုက်ရင်း အပြုံးတစ်ခုဖြင့် ...





"ရော့ ... နောက် မမေ့စေနဲ့ပေါ့"

သူက အဲဒီစကားဟာ စကားအပြတ် ပြောလိုက်တာမှန်းသိ၍ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေတုန်းမှာပင် ဗညားက ဟဲဟဲဟင်းဟင်းနှင့် ရယ်သံစွက်ကာ ဝင်ထိန်းပေး၏။

"ဟုတ်ကဲ့ခင်ဗျ ... ကျွန်တော်တို့လည်း ဒီတစ်ခါပဲ မေ့ကျန်ခဲ့ဖူးတာပါ၊ အခုလို ဖုန်းကို ထိန်းသိမ်းပေးထားတာ ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်"

"ဟို ... အဲဒါဆို သွားလိုက်ပါဦးမယ်"

သူမက ခေါင်းတစ်ချက်ညိတ်ပြကာ ဆိုင်ထဲပြန်ဝင်သွားတော့သည်။ ဘာမှကို ဇာတ်လမ်းချိတ်၍ မရတဲ့ ဒီကောင်မလေးကို သူ့မှာ ချစ်ရတာဟာ အီလည်လည် တော်တော်နိုင်လှပါသည်။ သူမရည်းစားကိုကော ဘယ်လိုဒီဇိုင်းမျိုးနဲ့ ပတ်သက်ပါလိမ့်။ သူဟာ မလွယ်လောက်ဘူးဆိုတာ သိပေမယ့် နည်းနည်းလေးမှ စိတ်ဓာတ်ကျခြင်း မရှိခဲ့ပါ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် ဖုန်းနံပါတ်ကိုနှိပ်ပြီးကာမှ ခေါ်ဖို့မခေါ်ဖို့ စဉ်းစားကာ ချီတုံချတုံ ဖြစ်နေသည်။ ခင့်ဟာ အဲဒီလောက်ပျော့ ညံ့တဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ပါ။ ဒါပေမဲ့ အခုဟာက ဘေးနားမှာ ဆုဝေမရှိလို့ ဖြစ်နေတာဖြစ်သည်။

ဆုဝေ ပေးတဲ့အကြံအတိုင်း မပော့်ကို ဖြတ်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် တကယ့်တကယ် ဖြတ်မယ်လို့ ချိန်းရမယ့်ရက်ရောက်သော်အခါမှာ ဆုဝေက အနားမှာမရှိပါ။ မန္တလေးက ဆုဝေရဲ့အဘွား နေမကောင်းဘူး ဆိုတာကြောင့် တစ်ဦးတည်းသော မြေးဖြစ်တဲ့ ဆုဝေက မန္တလေး ပြန်သွားပြီး ပြုစုရတာဖြစ်သည်။ ဆုဝေကတော့ မန္တလေးမသွားခင် ခင့်ကို အားပေးနှစ်သိမ့်သွားပါသည်။





"ခင့်ရယ် ... ငါ မရှိလို့ဆိုပြီး နင် ဘာမှတွေးပူမနေနဲ့၊ ဖြတ်စရာရှိရတဲ့ကိစ္စကို မြန်မြန်ဖြတ်ပစ်၊ တော်ကြာ ရက်ကြာသွားရင် ဟိုကောင်က နင့်ကို peace ဖြစ်သွားပြီဆိုပြီး လာနှောင်နေဦးမယ် ...

အဲဒီတော့ဟယ် ... ငါတို့ တိုင်ပင်ထားတဲ့ရက်မှာပဲ နင် သူ့ကို ဘယ်နေရာလာခဲ့ဆိုပြီး ချိန်းလိုက်၊ ပြီးရင် ပြောစရာရှိတာကိုပြော၊ အဲဒါကို ဟိုကောင်က မကျေနပ်လို့ဆိုပြီး ထ,ပွဲကြမ်းလို့မရဘူး၊ နင်ဘာမှ worry မများနဲ့"

ဆုဝေရဲ့ အဲဒီစကားကြောင့် ခင့်သည် နည်းနည်းတော့ အားတက်ရပါသည်။ အင်း ... ရည်းစားနဲ့ဖြတ်ဖို့ကို ဒီလောက်တောင်ပဲ ခက်ရသတဲ့လား။ ပြောရရင်တော့ ဆုဝေပေးတဲ့ ဒီနည်းလမ်းဟာ နောက်ဆုံးနည်းပဲလို့လည်း ပြောနိုင်သည်။ အဲဒီနည်းသုံးတာတောင်မှ ဖြတ်မရရင်တော့ "နင် ယောကျ်ားသာယူလိုက်တော့"ဆိုပြီး ဆုဝေ ပြောခဲ့သလို မပော့်ရန်ကလွတ်ဖို့ ယောကျ်ားယူလိုက်ဖို့ပဲ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် အခန်းထဲမှာ ဖုန်းကိုင်ကာ ငုတုတုနှင့် ထိုင်ငိုင်နေတုန်းမှာပဲ ဆုဝေဆီက ဖုန်းဝင်လာပါသည်။ အခြေအနေ မေးသည့်သဘော ဖြစ်ပါသည်။ အင်း ... ခင့်ရဲ့ပျော့ညံ့ပုံကို ကြားသိရင်တော့ မယ်တော်ဆုဝေက ကြွက်ကြွက်ဆူအောင် ရေရွေး တည်တော့မှာပဲဖြစ်သည်။

"အင်း ... ဆုဝေ ပြော"

"ဘယ်လိုလဲ ခင့် ... ဟိုကောင့်ကို ဖုန်းဆက်ချိန်းပြီးသွားပ လား"

"နိုး ... မချိန်းရသေးဘူး"

"ဟဲ့ ... အခုထိ မဆက်ရသေးဘူးလား၊ နင် ဘာလုပ်နေ တာလဲ ခင့်ရယ် ... အချိန်တွေ ကုန်လိုက်တာဟယ်"

ခင့်က ဆုဝေရဲ့ ပွစိပွစိပြောတာကို ရှုံ့မဲ့မဲ့နားထောင် လိုက်ပြီးမှ ...

"အဲဒါ ခဏထားဦး၊ နင်က ဘယ်တော့ပြန်လာမှာလဲ"

"ဘွားဘွား နေကောင်းရင် ပြန်လာမှာပေါ့၊ နောက်တစ် ပတ်လောက် ဆိုရင်တော့ ပြန်လာဖြစ်မယ် ထင်တာပဲ"



"ဟယ် ... အဲဒါဆို အဲဒီကျမှပဲ မဟော့်ကို ချိန်းတာမ ကောင်းဘူးလား"

"မကောင်းဘူးဟေ့ ... ငါလာမှ ဖြတ်ရင်တော့ နင့်ကို ဟို ကောင်က အဖြတ်ကိုခံတော့မှာ မဟုတ်ဘူး၊ ခင့်ရယ် ... အချိန်တွေ ဆွဲမနေစမ်းပါနဲ့ဟာ၊ မြန်မြန်ဖြတ် မြန်မြန်ပြတ် အေးတာပဲ၊ အခြေအနေတွေ အိုခေသွားရင် နင်ရယ် ငါ ရယ် ရွှေဝါတို့အုပ်စုရယ် ချောင်းသာမှာ သွားလန်းမယ် လေ"

"အေး ... မိုက်တယ်၊ ငါတို့တွေလည်း ခရီးမထွက်တာ ကြာပြီ။ အိုခေ ... အိုခေ ... အဲဒါဆို ဟိုကောင့်ကို မြန် မြန် အပြတ်ရှင်းရမယ်၊ အဲဒီချေးထုပ်ကို ရှင်းပြီးတာနဲ့ ချောင်းသာ လစ်ကြမယ်"

အဲဒါနှင့်ပဲ ခင့်သည် စိတ်တွေလန်းဆန်းတက်ကြွ လာကာ ဆုဝေနှင့် ဖုန်းပြောပြီးသွားတာနှင့် ချက်ချင်းပင် မဟော့် ဆီ ဖုန်းခေါ်လိုက်ပါသည်။ ဖုန်းက တောက်လျှောက် user busy ဖြစ်နေကာ တော်တော်စိတ်ရှည်သည်းခံပြီး ခေါ်ပါမှ လိုင်းဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဖုန်းမြည်သံနှစ်ချက်မှာတင် သူက ဖုန်းဖွင့်နားထော

ပါသည်။

"ခင့် ... အချစ်လေး ပြော"

ဖွီ ...။ နားခါးလိုက်တာ။ ခင့်သည် မျက်နှာ

ကာ တောက်မခေါက်မိဖို့ အထူးထိန်းချုပ်လိုက်ရသည်။ မှားထ

သိပ်မှားတယ်။ မပော့်ကို ခင့် ဘာများကြိုက်လောက်စရာ

သွားအဖြေပေးမိတာပါလိမ့်။

ခစ်ဖြောင့်ဖြောင့်ရုပ်လေး ရှိရုံကလွဲပြီး မက်လော

စရာ တစ်ကွက်မှမရှိတဲ့ ဒီလိုလူမျိုးကို ခင့်က ရည်းစားသွား

မိတယ်။ မှားမှန်းသိ၍ နောင်တ နောင်မှရဆိုသလို နော

"အီး ... ငါတော့ မှားပါပြီ" အော်လျှင် ဆုဝေက ခင့်ရဲ့အဖြေ

သိသူပီပီ တဟားဟား ရယ်မောကာ ...

"ခင့်ရေ ... နင် မပော့်ကို ချစ်ခဲ့တာလား၊ ရွှ

လား"

ဟု မေးတိုင်း ခင့်က သံပရာသီးချဉ်လို့ ထွ

ရှုံ့မဲ့သွားတဲ့ မျက်နှာမျိုးနှင့် အမြဲပြန်ဖြေဖြစ်တာကတော့





"အေး ... ငါက ရွှးလို့ချစ်ခဲ့တာဟ၊ အခု ကောင်းသွား

တော့ မချစ်တော့ဘူး"

ဟူ၍ ဖြစ်ပါသည်။

ခင့် ရည်းစားထားခဲ့မိတာကတော့ အမှားကြီးမှားခဲ့

တာပင်။ ပျော်ချင်လို့ ရည်းစားထားတယ်။ ရည်းစားထားတော့

ပျော်ရတာထက် စိတ်ညစ်ရတာက ပိုဆိုးသည်။ အဲဒါကိုမှ ခင့်

ရည်းစား မပော့်လို ဂျစ်တစ်တစ် မိုက်ကန်းကန်း တစ်ဖွတ်ထိုး

ကောင်ကိုမှ ရည်းစားတော်မိလို့ကတော့ သရော သရောပဲ။

ဟင်း ... ယောကျ်ားတွေများ ကောင်းကိုမကောင်း

ဘူး။

မိန်းကလေးတွေအနေနဲ့ ရည်းစားထားတယ်ဆိုတာ

ထီထိုးတာနှင့် အလားသဏ္ဌာန်တူသည်။ သိန်း(၁၀၀၀)ဖြစ်လောက်

မယ့် ထီလက်မှတ်ကို စိတ်ကြိုက်ရွေးထိုးသွားရတာလိုမျိုးဖြစ်သည်။

ကိုယ်ကတော့ ပေါက်နိုင်တယ်လေဆိုတဲ့ မျှော်လင့်ချက်နဲ့အကောင်း

ဆုံးဖြစ်မယ် ထင်တာကို ရွေးချယ်ခဲ့တယ်။ အချိန်တစ်ခုစောင့်ပြီး

နောက်မှာ ကိုယ်ထိုးထားတဲ့ထီ ပေါက်တယ် မပေါက်ဘူးဆိုတဲ့

အဖြေက ထွက်လာတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ခင့်တို့လို မိန်းကလေးတွေဟာလည်း ကိုယ့်ရဲ့မေတ္တာကို မျှော်လင့်နေသူ လူတွေထဲကမှ "ဩော် ... ဒီယောကျ်ားကတော့ ငါ့အတွက် အသင့်တော်ဆုံးဖြစ်မယ်"ဆိုပြီး အားလုံးထဲကမှ တစ်ယောက်ကို ရွေးချယ်ခဲ့တာဖြစ်သည်။

ကိုယ်နဲ့ ကိုယ်ရွေးချယ်ထားတဲ့ အကောင်းစားရည်းစားလေးဟာ တွဲလာရင်းနှင့် အချိန်တစ်ခုမှာတော့ ဒီရည်းစားကောင်းတယ်၊ မကောင်းဘူး ဆိုတာ ပေါ်လာတာပဲဖြစ်သည်။

အဲဒီတော့ ခင့်ဟာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားသူလို ထိထိုးတာနှင့်တူသော ရည်းစားထားခြင်းကိုတော့ ယောင်လို့တောင် မလုပ်ရဲတော့ချေ။ ကိုယ့်ထီလက်မှတ်လေး သိန်း(၁၀၀၀) ဆုကြီး ပေါက်လိမ့်နိုးနိုးနှင့် မျှော်ရတာဟာ ရင်မောရပေသည်။ ဒါကြောင့် ရည်းစားကိုတော့ ထားကိုမထားချင်တော့ပေ။

"ဟေး ... ခင့်၊ ဘာလို့ ဘာမှမပြောတာလဲ ... ဟယ်လို... ကြားလား ခင့်"

ဟိုက် ... ခင့် အပီအပြင်ကို အတွေးလွန်သွားတာဖြစ်သည်။ ခင့်သည် ရယ်သံတစ်ချက် လွှမ်းလိုက်ရင်း ...





"အင်း ... ပြောဖို့ စဉ်းစားနေတာ မယော်ရဲ့"

"ဩော် ... အဲဒီလိုလား၊ ကဲ ... ပြော၊ ခင့် ဘာပြောမှာလဲ"

"ဟိုလေ ... မနက်ဖြန်ညနေ လေးနာရီလောက် စိမ်းလန်းကို လာခဲ့နိုင်မလားဟင်၊ စကားအေးဆေးပြောရအောင်"

"ဟာ ... လာခဲ့မှာပေါ့ ခင့်ရဲ့"

"ကောင်းပါပြီ၊ အဲဒါဆို ဒါပဲနော်"

ခင့်က ဦးအောင် အရင်ဆုံး ဖုန်းပိတ်လိုက်ပြီးနောက်မှာတော့ မနက်ဖြန်မှာ ကိစ္စတစ်ခုခုကို အပြတ်ပြတ်အောင်ဖြတ်မှဖြစ်တော့မည်ဆိုတာ နားလည်လိုက်ပါသည်။

ခင့်ဘဝဋ္ဌ အချစ်ကို ရေလည်စွာ နားမလည်သေးခင်မှာပဲ အချစ်ကို စိတ်ပျက်သွားကာ လှည့်၍ပင် မကြည့်ချင်တော့ပါ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



❦ ၃ ❦

တကယ့် တကယ် နမ့ူးတွေ့ဒူးတွေ့ ကိုယ့်တစ်ယောက်တည်း ရင်ဆိုင်ရမည်ဆိုသောအခါမှာတော့ ခင့်ဟာ နည်းနည်းတော့ တုန်လှုပ်လာခဲ့မိသည်။ မဟော်နှင့် ဖြတ်ပွဲနွှဲခဲ့သမျှ အကြိမ်တိုင်းမှာ ခင့်ဘေး၌ ဆုဝေပါသည်။ အခုကျတော့ ဆုဝေက ဘေးနားမရှိ။ မဟော့်ကို ဆုဝေ အကြံပေးတဲ့အတိုင်း ပြောလိုက်လို့ ခင့်တို့တွေးထားသလို အေးဆေး ဝွတ်ဘိုင်မလုပ်ဘဲ ရှုံးရှုံးရှဲရှဲနှင့် ဝရန်းသုန်းကား ထလုပ်မှဖြင့်။ ဘုရား ... ဘုရား ခင့်ဆက်မတွေးရဲတော့ပေ။

မဟော်ရဲ့ဒေါသကြီးတတ်ပုံကို သိထား၍ ခင့်ကြောက်တော့ ကြောက်ပါသည်။ ပြီးခဲ့တဲ့ အခါတုန်းက သူနှင့်





ဖြတ်ဖို့ စကားစခဲ့တယ်ဆိုတာ သူ့ဖောင်းလ်တွေကြောင့် ပြောခဲ့တာမျိုးဖြစ်သည်။ အခုဟာက ခင့်မှာ "ငါက နှင်မဟုတ်တဲ့တခြားဆောက်များကို ချစ်မိသွားပြီ၊ သူနဲ့ပဲ လက်ထပ်မယ်"ဆိုတဲ့စကားကို မဟော့်အား ပြောလိုက်လျှင် မဟော့်ဘက်က ဘယ်လိုတုံ့ပြန်မှာလဲ။

ခင့်သည် အဲဒီအကြောင်းတွေ တွေးရင်းကမှ မဟော့်ရဲ့ဒေါသကြီးပုံတွေကို ကြောက်လာကာ မဟော်မလာခင် ဒီကနေအမြန်လစ်မှဆိုပြီး ထအထွက်မှာတော့ မဟော့်အလာနှင့် တည့်တည့်ကို တိုးလေသည်။

"ခင့် ... ဘယ်သွားမလို့လဲ၊ ကိုယ် ရောက်လာပြီလေ"

ခင့်က ပြုံးရမလို မဲ့ရမလိုနှင့် သူ့ကို ဘယ်ကနေ ဘာစပြောရမှန်းလည်း မသိတော့ဘဲ မချိသွားဖြဲမျိုးနှင့် ခုံမှာပြန်ထိုင်လိုက်သည်။ ကိုယ်တော်ကတော့ ခင့်နှင့်တွေ့ရမှာမို့လို့ အပြတ်သ,ထားပုံပင်။

အိမ်မိုကေ့နှင့် လိုက်ဖက်ညီသော အဆင်အယင်မျိုးနှင့် တီရှပ်အဖြူအကျပ်ကို ကုတ်လက်တို ခရမ်းဖျော့ထပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ Skinny ဂျင်းဖြင့် ပိုမိုက်အောင် All star ပါစီးထားသေးသည်။ ဝတ်ထားတာတော့ မင်းသား ရှုံးအောင်။ သူ့အကြောင်း မသိတဲ့ ကောင်မလေး ဆိုရင်တော့ မင်းမဟော်ဟာ အီချင်စရာ အဆင်လေး ဖြစ်ပါသည်။

"ခင့် ... ကိုယ်ကို ပြောစရာရှိတယ်ဆို ပြောလေ"

"အင်း ... ပြောမယ်လေ၊ ဟို ... မဟော် တစ်ခုခုစားဖို့ မှာလိုက်ပါဦး"

မဟော်က ပြုံးစစ မျက်နှာပေးဖြင့် ခင့်ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီးမှ သူ စားချင်တာတွေကို မှာနေသည်။ အင်း ... ခင့် ဘာကစပြောရမလဲ။ သူက ခင့်ရဲ့အပြောရခက်နေပုံကို အကဲခတ်သွားမိဟန်ဖြင့် စားပွဲပေါ်မှာ တင်ထားသော ခင့်ရဲ့လက်တစ်ဖက်ကို အုပ်မိုးကိုင်ထားလိုက်လျှင် ခင့်က ဆတ်ခနဲတုန်သွားကာ လက်ကိုရုန်းထွက်လိုက်သည်။ ခင့်ရဲ့အပြုအမူကြောင့် သူက စနိုးစနောင့် ဖြစ်သွားသည့်ပုံဖြင့် ခင့်ကိုကြည့်ကာ ...

"ခင့် ဘာဖြစ်နေတာလဲကွာ၊ ဘာလဲ ... ကိုယ့်ကိုစိတ်ကောက်နေတဲ့ အထာလား"





"မဟုတ်ပါဘူး ... ခင့် စိတ်မကောက်ပါဘူး၊ စိတ်ကောက်စရာမှ မလိုအပ်တာ"

ခင်ရဲ့အပြောကြောင့် မဟော်က သက်ပြင်းတစ်ချက်ချ၍ ခင့်ကို ရှုတည်တည်ကြည့်ကာ ...

"ဘာလဲ ... ခင့် ... မင်း ကိုယ့်ကိုဖြတ်ဖို့ စကားစနေတာလား၊ ကိုယ် အပြတ်ပြောပြီးသားနော်၊ မင်းကို ကိုယ်လုံးဝဖြတ်မပေးဘူး၊ ကိုယ် မင်းကိုချစ်တယ်၊ လုံးဝမပြတ်ဘူး"

ဟား ... သေတော့မှာပဲ။ သူက အဲဒီစကားဆိုလာတော့ ခင့် ဘာလုပ်ရမလဲ။ ဆုဝေရဲ ... ကယ်ပါဦး။ ခင့်သည် သူ့ကို အပြတ်တော့ ဖြတ်ရတော့မည်ဆိုတဲ့ စိတ်ကိုသွင်းကာ လေပူတစ်ချက် မှုတ်ထုတ်ရင်း ...

"မဟော် ... နင်နဲ့ ငါက စရိုက်မတူ အကြိုက်မတူ၊ အဲဒီလို ဘာတစ်ခုမှ မတူတဲ့ လူနှစ်ယောက်က ဘယ်လိုလုပ် အဆင်ပြေနိုင်မှာလဲ"

"တော်တော့ ... မင်း ဆက်မပြောနဲ့တော့၊ ခင့် ... မင်းကို ကိုယ့်ဘက်က အဖြတ်မခံနိုင်ဘူး ဆိုတာကို ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး၊ မင်း ဘာလို့ ကိုယ်နဲ့ ဒီလောက် လမ်းခွဲချင်နေရတာလဲ”

သူ့အမေးကြောင့် ခင့်သည် ဆုဝေ ပြောသလိုပြောရင် ကောင်းမလားဆိုပြီး တွေးလိုက်မိသည်။ ဒါပေမဲ့ တစ်ဆက်တည်းမှာပဲ ဖြစ်ပါ့မလားဆိုတဲ့ အတွေးက ခေါင်းထဲပြေးဝင်လာသည်။ မဟော်က ခင့်ကို အပျော့ဆွဲဖြင့် တော်လ်ကီတွေ ခြွေနေတုန်းမှာ ခင့်က ဗျူးဗြိနှင့် ထပြောလိုက်လျှင် ဘာဖြစ်နိုင်မလဲ။ အား ... မစဉ်းစားတတ်တော့ဘူး။

ခင့်က ဘာပြောရမှန်းမသိစွာ ပါးစပ်ပိတ်နေဆဲမှာပင် သူက နူးညံ့ရီဝေစွာကြည့်ကာ စကားဆက်ပါသည်။

“ခင့် ... ကိုယ့်ကို လမ်းခွဲဖို့ မကြိုးစားပါနဲ့၊ ကိုယ့်ဘဝမှာ ခင့် တစ်ယောက်တည်းပဲ ချစ်တာနော်၊ ကိုယ် ဆိုးတယ်ဆိုပေမယ့် ကိုယ် ဘယ်မိန်းကလေးနဲ့မှ မရှုပ်ခဲ့ဖူးဘူး ...

မင်းတစ်ယောက်ကိုပဲ ချစ်ခဲ့တာနော်၊ အဲဒီအတွက် မင်းလည်း ကိုယ့်ကိုပဲ ချစ်ရမယ်၊ ကိုယ့်ကို လမ်းခွဲဖို့စကား ဘယ်တော့မှ မပြောပါနဲ့”





ဟင့်အင်း ... သူက ချုပ်ကိုင်နေတာကို ခင့် မခံနိုင်ပါဘူး။ သတ္တိရှိစမ်းပါ ခင့်ရယ်။ နင် ဘာမှ သူ့ကို ကြောက်စရာ ခလိုဘူး။ ခင့်သည် ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးကာ သတ္တိမွေး၍ သူ့ကိုဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ အပြတ်သားဆုံး စကားကို ဆိုလိုက်သည်။

“ငါတို့ ဇာတ်လမ်းက ပြီးသင့်ပြီ မဟော်၊ နင် မဖြတ်ပေးလည်း ငါကတော့ ဖြတ်ရတော့မှာပဲ၊ ငါ မကြာခင်မှာ လက်ထပ်ရတော့မယ်”

“ဘာ”

သူ့ရဲ့ခပ်ပြင်းပြင်းအာမေဍိတ်ကို ခင့်က ဂရုမစိုက်နိုင်တော့ဘဲ Mood ဝင်သွားသည့်အလား ဆက်ပြောဖြစ်တော့သည်။

“ဟုတ်တယ် ... မဟော်၊ ငါ့အဖေ သဘောတူတဲ့ယောကျ်ားကို ငါလက်ထပ်ရလိမ့်မယ်၊ သူက ငါ့ဘဝအတွက် အသင့်တော်ဆုံးပဲ၊ ငါ့ကိုလည်း ချစ်တယ်၊ ငါ့အနွံတာလည်းခံတယ်၊ ပြီးတော့ ငါကလည်း သူ့ကိုချစ်နိုင်တယ် ...

ဒါကြောင့် နင်နဲ့လမ်းခွဲမယ် မဟော်”

www.burmeseclassic.com



ခင့်က ပြောစရာရှိတာပြောပြီး သွားပြီမို့ စိတ်
မှာ ပေါ့သွားသလို ခံစားသွားရသည်။ အင်း ... ခုတော့ကလည်း
လှနေပါပြီ။

"နင် အဲဒီလိုပြောလို့ ငါက ယုံမယ်များထင်နေလား"

"ဟင်"

ခင့်သည် အဲဒီစကားကြောင့် ဘာဆက်ပြော
မသိဘွှာ တစ်ချက်ငြိမ်သွားပြီးတော့မှ ခပ်တည်တည် မျက်နှာ
ဖမ်းကာ အကယ်ဒမီရှော့ကွက်တွေဖြင့် ဆက်လိမ့်လေသည်။

"ဒါကတော့ နင့်အပိုင်းပဲ မယော်၊ ငါဘက်ကတော့
ရဲ့အခြေအနေမှန်ကို ဖွင့်ပြောပြီးသွားပြီ၊ ငါ မကြာ
သူနဲ့ လက်ထပ်တော့မယ်"

"ခင့် ... နင် ငါ့ဒေါသကို လာဆွနေတာလား၊ နင်နဲ့
ထပ်မယ့်ကောင်ကို ငါ သိချင်တယ်၊ ဘယ်သူလဲ"

ဒေါသမာန်တစ်မျိုး လက်နေသော မယော်ရဲ့
လုံးတွေကို ခင့် ကြောက်လာမိသည်။ သေတော့မှာပဲ၊ ခင့်နဲ့
ထပ်မယ့်သူကို မေးနေပြီ။ ခင့် ဘာလုပ်ရမလဲ။ ခင့်သည်



ငိုချင်စိတ်တွေ ပေါက်လာတော့သည်။ မယော်က ခင့်မျက်လုံးတွေ
ကို စူးစူးစိုက်စိုက် ကြည့်ကာ ...

"ဖြေလေ ခင့် ... သူ ဘယ်သူလဲ၊ ဘယ်ကကောင်လဲ ?၊
ဟင်း ဟင်း ... နင် မဖြေနိုင်ဘဲနဲ့များ ငါ့ကို အဲဒီအကွက်တွေ
လာခင်းမနေနဲ့၊ ဒီဓာတ်တွေက ရိုးနေပြီ ...

နင်နဲ့ ငါက ထာဝရရည်းစား၊ တစ်ချိန်
ထပ်ရမယ့်သူဟာလည်း ငါပဲဖြစ်ရမယ်၊ ငါနဲ့လွှက်
"အဲဒါ လိမ်ဆင်မဟုတ်ဘူး မှာတယ်"

ထပ်မယ့်သူက အခုဆေးရာပဲ။ ခင့် ဘာတွေပြောမိကုန်
ဟိုကိုကားတွေထဲမှာ ခင့်ရဲ့ အဲဒီလိမ်ဆင်လောက်
တာပါလိမ့်မယ်၊ မှုကြီးအဆင့်လောက်နဲ့ ဓာတ်လမ်းလာမရေး
ဆိုတဲ့ အစီပွာယ်တွေ သက်ရောက်နေတာကို မခံချင်ဘဲ ခင့်
က ဒေါသတွေထွက်ကာ ပြောမိပြောရာ ပြောလိုက်မိတာဖြစ်
သည်။ အဲဒီစကားဟာ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်မိသလို
ဖြစ်သွားပြီဆိုတာ ခင့် ချက်ချင်းပင် သိသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင့်ရဲ့စကားကြောင့် မဟော်က အံ့သြကာ
ရောင် လွှမ်းနေသော မျက်ဝန်းတို့ဖြင့် ခင့်ကိုကြည့်၍ မယုံ
သေးသော မျက်နှာပေးဖြင့် ...

"ပါလာတယ်၊ အဲဒါဆို ဘယ်မှာလဲ ... ငါ့ကိုပြ
သွားပြီ။ ခင့် တစ်ယောက် ဒီနေရာမှာပင်
ပြပါတယ်သွားရင် သိပ်ကောင်းမှာပဲ။ မဟော်က အဲဒီ
ဒါငါနဲ့လက်ထပ်ရမလဲ။ အကယ်၍သာ ခင့် ဒီနေ့
ကို ဖြတ်လို့မရနိုင်တော့ပြီး မပြနိုင်လို့ကတော့ သွားပြီ။
ရမယ့် အခြေအနေကို ရောက်သွားက်ထပ်ဖို့အထိပါ
တဲ့နည်းနဲ့တော့ ပြရမည်။ သူ့ကို မပြ

ထွက်စမ်း ... ဘာအကြောင်းလေးမှာ
ခင့်သည် ရင်တွေတဒိန်းဒိန်း ခုန်လာကာ ကန်စပ်ဘက်
လာသည့် လူတချို့ကို ဘာရယ်မဟုတ် တစ်ချက်လှမ်း
လျှင် တစ်စုံတစ်ယောက်ကို သွားတွေ့သည်။ သူ ...
ကာ လမ်းလျှောက်လာတဲ့သူ့ကို ခင့် သိသလိုလိုပဲ။





အဖြူရောင်ရှပ်ကို တံတောင်ဆစ်နားထိ လက်ခေါက်
သားကာ skinny အနက်ဘောင်းဘီ ဝတ်ထား၍ အဝေးက
လိုက်တာနှင့်ကို ထင်းထွက်နေသည့် အရပ်အမောင်းမျိုးဖြစ်
လူရည်သန့် Gentleman ပုံပေါက်ကာ ယောကျ်ားပီသသည့်
မျိုးဖြစ်ပါသည်။ ခင့်ထက်တော့ သုံးလေးနှစ် အသက်ကြီး
ထင်၏။

နေပါဦး ... သူ့ကို ခင့် မြင်ဖူးပါတယ်။ ဘယ်
... ဘယ်သူလဲ။ ဖုန်း ... ဖုန်း ... ဟား ... ဟိုတစ်နေ့က
ဈေးလာဝယ်ရင်း ဖုန်းမေ့ကျန်ခဲ့လို့ ပြန်လာယူတဲ့ အစ်ကို
ခင့်သည် အဲဒီအစ်ကိုကြီးကို မြင်လိုက်ရတာဟာ နတ်သား
ကို တွေ့ရသည့်အလား ဝမ်းသာပျော်မြူးသွားကာ ဖျတ်ခနဲ
တဲ့ အကြံအစည်အတိုင်း မတ်တတ်ထရပ်ကာ မဟော့်ကို
ဆောင်းထိုး၍ ...

"ခဏစောင့် ... နင် တွေ့ချင်တဲ့ ငါနဲ့လက်ထပ်မယ့်သူ
ကို ခေါ်လာမယ်၊ နင်နဲ့ မိတ်ဆက်ပေးဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ခင့်က ပြောပြီးတာနှင့် အပြေးအလွှားပင် ဟိုအစ်ကို ကြီးဆီသွားကာ သူ့ကို မျက်ကလဲဆန်ပျာပုံစံဖြင့် အသည်းအသန် ပြောရတော့သည်။

"အစ်ကို ... အစ်ကို ... ခင့်ကို တစ်ခုလောက်ကူညီပေးပါ နော်၊ အရမ်းအရေးကြီးနေလို့ပါ"

* ✿ *





လေးညို့သည် ပြည်လမ်းက site.ကို လာကြည့်ရင်း ...ဆာသလိုရှိသည်နှင့် စိမ်းလန်းစိုပြေက zephyr မှာ တစ် ...ားမည်ဟု တွေးကာ စိမ်းလန်းကို ဝင်လာခဲ့တာဖြစ်သည်။ ...ပေါ်က အဆင်းမှာတော့ အလုပ်မှ ဗညားဆီက ဖုန်းဝင် ...ည်။

"အစ်ကို ... စက်ာပူက မစ္စတာဂျိုးတို့အတွက် တည်းဖို့ ...ိုတယ်ဒိတ် ယူထားပြီးပါပြီခင်ဗျ၊ ပြီးတော့ ကိုမြင့်သွင် ဆီက ဖုန်းလာပါတယ် အစ်ကို၊ cement ကိစ္စ အဆင်ပြေ ...ါတယ်တဲ့"

"အိုခေ ... ဗညား၊ ကျေးဇူးပဲကွာ ... မင်း ရုံးဆင်းလို့ရပြီ၊ ...ိုယ်လည်း ကုမ္ပဏီ ပြန်မလာတော့ဘူး၊ အိမ်ပဲတန်း ...ြန်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကို ... အဲဒါဆို ကျွန်တော် ရှုံးဆင်းလိုက်တော့မယ်"

"အိုကေ ... အိုကေ ... ဆီးယူ"

သူက ဖုန်းပိတ်ပြီးသွားလျှင်တော့ ဆိုင်ထဲသို့ ဝင်လာရင်းကနေ ကိုမြင့်သွင်ကို ကျေးဇူးတင်စကားပြောဖို့ ဖုန်းခေါ်နေမိသည်။ ဟန်းဖုန်းတို့ရဲ့ထုံးစံအတိုင်း Network busy ဖြစ်လိုက်၊ Error connection ဖြစ်လိုက်နှင့် ခေါ်လို့မရသဖြင့် စိတ်ရှည်လက်ရှည်ခေါ်ရင်း ကန့်စပ်နားက ဝိုင်းဆီသို့ လျှောက်လာစဉ်မှာပင် သူ့ဆီကို အသည်းအသန်ခဲမှုန်ပုံစံဖြင့် ကပျာကယာပြောသော စကားသံကြောင့် သူတောင် ဘာလဲဟဆိုပြီး လန့်သွားတော့သည်။

"အစ်ကို ... အစ်ကို ... ခင့်ကို တစ်ခုလောက် ကူညီပေးပါနော်၊ အရမ်းအရေးကြီးနေလို့ပါ"

သူက ဘာလဲ ... ဘယ်သူလဲဆိုပြီး ကြည့်လိုက်လျှင် သူ့ကိုလက်မဆွဲရုံတမယ် အကူအညီတောင်းသူမှာ ခင့်ဖြစ်နေသည်။ သူဟာ အံ့ဩလွန်း၍ ဘာပြောရမှန်း မသိဘဲ ခင့်ကို ကြည့်နေမိသည်။ ခင့်ကြည့်ရတာဟာ တော်တော်ကို ရေးကြီးသုတ်ပျာဖြစ်နေပုံပဲ။





"ဒီမှာ ... ဒီမှာ ... ခင့်ကို မှတ်မိလား၊ ဟိုတလောက သူ ဖုန်းမေ့ကျန်ခဲ့တဲ့ ဆိုင်ကလေ၊ အခု ခင့် ဒုက္ခရောက်နေလို့ ခင့်ကို ကူညီပေးပါနော်၊ ရှင် ဘာမှမပင်ပန်းပါဘူး၊ ခင့် ပြောသမျှကို follow လိုက်ရုံပါပဲ ...

လာပါ ... အချိန်မရှိဘူး၊ အရေးကြီးလို့ပါ"

ခင့်က သူ့လက်ကောက်ဝတ်ကို ပိုင်ပိုင်နိုင်နိုင်ပင်ကိုင်ကာ ရှေ့ကဦးဆောင်ကာ ကောင်လေးတစ်ယောက် ထိုင်နေတဲ့ စားပွဲဝိုင်းကို ခေါ်သွားလေသည်။ ဘာတွေလဲ။ သူဟာ ယောင်တိယောင်တောင်ဖြင့် ခင့်ဆွဲခေါ်ရာနောက်ကို လိုက်တော့လာခဲ့ပြီ။

"ဒီမှာ မဟော် ... သူပဲ"

မဟော် ...။ ခင့်က "မဟော်"ဆိုသည့် နာမည်ကို ခေါ်လိုက်လျှင်တော့ သူဟာ ခင့်ရည်းစား မင်းမဟော် ဆိုတာကို သူ သိလိုက်သည်။ လေးညို့သည် လိုက်မမီသေးသော အခြေအနေကို အကဲမခတ်နိုင်သေးခင်မှာပင် ခင့်က သူ့လက်မောင်းကို ဆတ်ခနဲ ကောက်ချိတ်လိုက်ကာ ချိုမြလေသော အသံချိုလေးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ထိုင်လေ၊ ကိုကို့ကို မိတ်ဆက်ပေးရဦးမယ်"

မြတ်စွာဘုရား။ သူ့မျက်လုံးတွေဟာ လင်းကွင်းလောက်ပြူးကျယ်ကုန်ပြီလား မပြောတတ်ပါ။ ခင့် ... ခင့်က သူ့လက်မောင်းကိုလည်း ချိတ်ထားပြီး "ကိုကို"တဲ့။ သူ့ရဲ့ယောင်တောင်တောင်ဖြင့် အကြီးအကျယ် အံ့အားသင့်နေပုံကို ခင့်က သူ့လက်မောင်းကို ချိတ်ထားရင်းကမှ လက်အသာတို့သည်။ သူ ဘာပြောပြော follow လိုက်ပေးပါတဲ့။ လေးညို့သည် ခေါင်းနပန်းကြီးစွာဖြင့် ခင့်ဘေးမှာ ဝင်ထိုင်လိုက်ရသည်။

ဘာတွေလဲ ... နားမလည်တော့ချေ။

"ဒါ ငါနဲ့လက်ထပ်မယ့် ငါ့ချစ်သူပဲ မဟော်"

အမ် ... ဘာရယ် ... ဘာရယ်။ သူ့မှာ မျက်လုံးကြီးပြူးကာ ပါးစပ်အဟောင်းသားနဲ့ ခင့်ကို လှမ်းကြည့်လျှင် ခင့်က သူ့ကို ကူညီပါဆိုသော အဓိပ္ပာယ်ပါသည့် မျက်ဝန်းတို့ဖြင့်ကြည့်ကာ ပြုံးပြသည်။ ခင့် ကြည့်ရသည်မှာ သူ့ရည်းစားမင်းမဟော်ကို ဖြတ်ဖို့ ဓာတ်လမ်းဆင်နေတာလား။ ဒါမှမဟုတ် ခင့်ဟာ သူ့ကိုသိသွားၡပဲလား။ သိသွားလို့တော့ မဖြစ်နိုင်။ ဘာပဲဖြစ်ဖြစ် ကံကြမ္မာကိုတော့ သူ အရမ်းကျေးဇူးတင်ပါသည်။





"ကိုကို ... သူ့နာမည်က 'မင်းမဟော်'တဲ့။ ခင့်သူငယ်ချင်း"

'မင်းမဟော်ဆိုသည့် ချာတိတ်က သူ့ကို မကြည်သည့်ကြည့်အပြင် ခင့်နှင့်ပတ်သက်သူဆိုတာ ဟုတ်ရဲ့လားဆိုသည့်သယအကြည့်နှင့်ပါ ကြည့်လေသည်။ အင်း ... ဒီလောက်ဆိုဘောပေါက်သလို ရှိလာပြီ။ ဗညားရဲ့စုံစမ်းပေးချက်အရ ခင့် မင်းမဟော်ဟာ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် စုံတွဲဖြစ်သည်တဲ့။

အခု ရန်ဖြစ်တာလည်း ဖြစ်နိုင်သည်။ ဒါပေမဲ့ ချစ်သေးသေးတော့ မဟုတ်လောက်။ ရော့ခ်ကြီးကြီးကြောင့်မို့ကို ဆွဲသုံးတာ ဖြစ်နိုင်သည်။ ခင့်အခက်အခဲကို သူ ဖြေရှင်းရမည်။ လေးညို့သည် သူ့ကိုတော့ နာမည်မသိ ဘာမှမသိၡဆက်ပေးရန် ခက်ခဲနေဟန်ဖြစ်နေသဖြင့် သူကပဲ အလိုက်သိ လက်ဆွဲနှုတ်ဆက်ဖို့ လက်တစ်ဖက်ကမ်းကာ ...

"တွေ့ရတာ ဝမ်းသာပါတယ် ညီလေး ... ကိုယ့်နာမည် လေးညို့ပါ၊ ဆောက်လုပ်ရေးကုမ္ပဏီ လုပ်ပါတယ်၊ ခင့်ကတော့ ကိုယ့်ညီအကြောင်းတွေကို ပြောပြထားပါတယ်"

"တွေ့ရတာ ဝမ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဟော်က သူ့ကို လက်ဆွဲနှုတ်ဆက်ပါသည်။ အဲဒီ ချာတိတ်ဟာ ကြွပ်ဆတ်ဆတ် မာကျောကျောနှင့် သူ့ကို အပီ လေ့လာနေဟန် ရပါသည်။ ခင့်က သူတို့တွေကို မိတ်ဆက်ပေးပြီးတဲ့အခါမှာတော့ ...

"မဟော် ... ဒီလောက်ဆို နင် ယုံလောက်ပါပြီနော်၊ ငါ့ကို နားလည်ပေးနိုင်ပါစေ၊ နင်နဲ့ငါ ပြတ်ပြီ ... အိုခေ"

"ပွဲက ဒီလိုလွယ်လွယ်နဲ့ သိမ်းမယ် ထင်သလား ခင့်၊ မင်းမဟော်ဆိုတဲ့ကောင်က ငပိန်း မဟုတ်ဘူးနော်"

"အေး ... အဲဒါဆိုလည်း ဧါမတတ်နိုင်တော့ဘူး မင်းမဟော်၊ နင့်အပေါ်ထားတဲ့ ငါ့သဘောထားက ရှင်းနေပြီ၊ အဲဒါကိုမှ နင် နှောင့်ယှက်ဦးမယ် ဆိုရင်တော့ ..."

အင်း ... သူ နည်းနည်းတော့ ဇာတ်ရည်လည်လာခဲ့ပြီ။ ပြီးတော့ ဒီကိစ္စမှာ ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင် သူ့ကိုမှ ခင့်တို့စုံတွဲကြားမှာ ဝင်နွဲ့စေခိုင်းသည်။ သူဟာ ဒီအခန်းကဏ္ဍ၌ ခင့်နှင့် လက်ထပ်ရတော့မည့်ချစ်သူ။ (တကယ်သာဆို သိပ်ကောင်းမှာပဲ။) အဲဒီအတွက် သူ့မှာလည်း ပြောရေးဆိုခွင့် ရှိနေပါသည်။





"ဒီမှာ ညီလေး ... ခင့်နဲ့ မင်းရဲ့ကိစ္စကို ကိုယ် အားလုံးသိတယ်၊ ကိုယ့်ဘက်ကလည်း ခင့်နဲ့ မကြာခင် လက်ထပ်တော့မယ့်သူအနေနဲ့ မင်းကို သတိပေးလိုက်မယ်၊ ခင့်ကို ထပ်မနှောင့်ယှက်ပါနဲ့၊ မင်းနဲ့သူ အရင်တုန်းက ရည်းစားဖြစ်ခဲ့ပေမယ့် အခုချိန်မှာ ကိုယ်နဲ့ ခင့်က ချစ်သူတွေ၊ လက်ထပ်တော့မယ့်သူတွေပဲ ...

မင်း ခင့်ကို နှောင့်ယှက်မိရင်တော့ ဒုက္ခများလိမ့်မယ်"

အားလားလား ... အရသာရှိလိုက်တာ။ အဲဒီဟန်ဆောင်တာလေးက တကယ်ဖြစ်သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ။ လေးညှို့သည် ကိုယ့်အတွေးနှင့်ကိုယ် ပီတိဝေနေတုန်း မင်းမဟော် ဆိုသည့် ချာတိတ်ကလည်း ခင့်ကိုတစ်လှည့် သူ့ကို တစ်လှည့် လှည့်ကြည့်ကာ ...

"ကိုလေးညှို့ကိုလည်း တစ်ခု ပြောလိုက်ပါရစေ၊ မိန်းမပျိုတစ်ယောက်ဟာလက်မထပ်သေးသရွေ့ သူ့ကိုယောက်ျားတိုင်း ကြိုးစားခွင့်ရှိတယ်ဆိုတာကို ခင်ဗျား သိထားပါ ...



www.burmeseclassic.com

www.burmeseclassic.com



ခင့် ... မင်းကို လွယ်လွယ်နဲ့ လွှတ်ပေးမယ် မထ

နဲ့"

မင်းမဟော်က သွေးဆူကာ ပြောသွားပြီး ထွက်သွာ

တော့သည်။ သူ့ရဲ့ခင့်က အခုမှ စိတ်ခုံးခုံးချဟန်ဖြင့် လေပွတ

ချက်မှုတ်ထုတ်ကာ ခေါင်းယမ်းပြရင်း ငိုင်သွားပြီးမှ ဆောမှာသူ

နေတာကို သတိရသွားဟန်ဖြင့် သူ့ဘက်ကို မျက်နှာလှည့်

အားနာပြုံးတစ်ချက်ဖြင့် ...

"ဟို ... ကိုလေးညို့နော်၊ အစ်ကိုကို ကျေးဇူးလည်းတ

တယ် ... တောင်းလည်း တောင်းပန်ပါတယ် ... နော်

ခင့်သည် ပြောလည်းပြော ထလည်းထကာ သူ့

မျက်နှာချင်းဆိုင်ခုံကိုရွှေ့ပြီး သူ့အတွက် စားစရာတွေမှာပြီးနော

မှာ စကားပြန်ဆက်သည်။

"အဲဒီလိုကိစ္စမျိုးကို မဆင်မခြင် လုပ်မိတဲ့အတွက် ခ

အရမ်းတောင်းပန်ပါတယ်၊ အစ်ကို့ ရည်းစားတို့၊ မိန်းမ

ကိုလည်း ..."

"အာ ... ဟာ ... ဟာ၊ ဘာမိန်းမလဲ ... ကိုယ့်မှာရည်းစ

လည်းမရှိဘူး၊ မိန်းမဆို ပိုဝေးသွားပြီ ...





အဲဒါက ထားပါတော့ မင်း ဘာလို့ အဲဒီလိုလုပ်

တာလဲ ဆိုတာကို ကိုယ် သိချင်တယ်"

သူက နားလည်သဘောဖြစ်ပြီးသား ဇာတ်ထုပ်ကို

ခင့်အပြောဖြင့် ကြားချင်ပါသည်။ ခင့်က ခေါင်းတစ်ချက် ဆတ်

ပြကာ ...

"အင်း ... ပြောပြပါ့မယ်၊ အရင်ဆုံး ကိုယ့်ကိုယ်ကိုယ်

မိတ်ဆက်ရဦးမယ်၊ ခင့်နာမည်က ခင့်အနှင်းမဲ့ပါ၊ ခုနက

ကောင်ကတော့ မင်းမဟော်တဲ့၊ ခင့်ရည်းစားပဲ ဆိုပါတော့၊

သူ့မှာက ခင့်မကြိုက်တဲ့ character တွေ ရှိနေတယ် ...

အဲဒါတွေကို ပြင်ဖို့ပြောခဲ့ပါတယ်၊ ဒါပေမဲ့လည်း

သူက လက်မခံဘူးလေ၊ အဲဒါနဲ့ပဲ ခင့် သူ့ကို လမ်းခွဲဖို့

ဆုံးဖြတ်တာ၊ သူက လုံးဝအဖြတ်မခံဘူး၊ အဲဒါနဲ့ပဲ ခင့်က

ငါ့မှာ လက်ထပ်ရမယ့်ချစ်သူ ရှိတယ်ဆိုပြီး ပြောလိုက်မိ

တော့ သူက မယုံ၊ အဲဒီမှာ အစ်ကို့ကို အကူအညီတောင်း

ခဲ့ရတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သြော် ... သူ ကြားထားတဲ့သတင်းနှင့် နည်းနည်း
တော့ လွဲနေပါသည်။ ခင့်နှင့် မင်းမဟော်က ရန်ဖြစ်လိုက် ပြန်
ချစ်လိုက် မဟုတ်ဘူး။ ရန်ဖြစ်တာ လမ်းခွဲဖို့၊ ပြန်ချစ်တာ လမ်း
ခွဲမခံလို့။ လေးညို့သည် ချစ်စရာကောင်းသော ခင့်ကိုကြည့်ကာ
တစ်ချက်ပြုံးလိုက်လျှင် ...

"ဘာဖြစ်လို့ ပြုံးတာလဲ၊ ဒီမှာ ရှင့်ကူညီမှု ပြီးသွားပြီနော်
ကျေးဇူးလည်းတင်ပြီးပြီ၊ ဘာမှစာရင်းမရှိတော့ဘူး ...
အဲဒီလိုမျိုး ရိသလို ယှေသလို အပြုံးမျိုး မပြုံးစမ်းပါနဲ့"

ဟား ... သူ အရမ်းအံ့အားသင့်သွားပါသည်
ကြည့်စမ်း ... အခုတော့လည်း စောစောက မျက်နှာငယ်လေး
အကူအညီတောင်းသူဟာ ခင့် မဟုတ်တော့သလို အထာမျိုး
သူ ပြုံးတာကိုတောင် ထပြီးချဲနေသေးသည်။ အဲဒီကောင်မလေး
တကယ့် တစ်မျိုးလေးပင် ဖြစ်ပါသည်။

"မင်းကလည်းကွာ၊ ကိုယ်ကလည်း မင်းကို ကူညီထား
သေးတယ်၊ ကျေးဇူးရှင်ကို အဲဒီလို ပြောစရာလားလို့
ဟင်"





"တော်စမ်းပါ ... ရှင်တို့ယောကျ်ားတွေ ဒီအစားထဲကချည်း
ပဲနော်၊ နည်းနည်းလေး ပစားပေးလိုက်တာနဲ့ အထာတွေ
က ဒါချည်းပဲ"

အံ့သြစရာ ကောင်မလေးကို သူက ဘာမှဆက်မပြော
ချင်တော့ဘဲ ပခုံးအသာတွန့်ကာ ထထွက်လာဖို့ပဲ စဉ်းစားလိုက်
သည်။ မင်းနဲ့ကိုယ် ဒီနေရာမှာတင် ဇာတ်လမ်းက ပြတ်သွားမှာမ
ဟုတ်တာ ခင့်ရယ်။

"ကဲ ... ကဲ ... မင်းကို ကိုယ် ဆက်မပြောတော့ဘူးနော်၊
အိုခေ ... ကိုယ့်ကူညီမှု ပြီးပြီဆိုတော့ ကိုယ် သွားတော့မယ်"

"ကျေးဇူးပဲ"

ရွဲ့သလိုလို ခပ်မဲ့မဲ့မျက်နှာကို မပြင်ဘဲ ဂရုမစိုက်
ဟန် ဖမ်းထားကာ သူ့ကို "ကျေးဇူးပဲ" လို့ ပြောလိုက်ပုံလေးကို
သူက ဘဝင်ခိုက်သွားစွာဖြင့် အဓိပ္ပာယ်ရှိသော အပြုံးတစ်ခုဖြင့်ပြုံး
ကာ ...

"ရပါတယ်ကွာ၊ ကိုယ့်နာမည်တော့ မှတ်ထားပေါ့၊ လေးညို့
တဲ့၊ လမ်းမှာတွေ့ရင် ခေါ်နိုင်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါဦးမယ် ခင့်အနှိုင်းမဲ့”

*သူကာ ပြောပြီးနောက်မှာ ဆက်တွက်တာနေခဲ့တော့သည်။*

အစကတော့ သူက ခင့်နှင့် ဒီနေရာမှာတင် ရင်းနှီးမှုအရယူမည်ဟု တွေးထားသော်လည်း ခင့်ရဲ့ဂျစ်တစ်တစ်ပုံစံကြောင့် တခြားနည်းပြောင်းသုံးဖို့ပဲ စဉ်းစားထားပါသည်။

မင်းနဲ့ကိုယ် ဆုံကြရဦးမယ် ခင့်။

* ✿ *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





❦ ၄ ❦

ခင့်ရဲ့ဖျတ်ထိုးဉာဏ်သုံးကာ လှလှပပလေး မဟော့်
ဖြတ်နိုင်ခဲ့သည့်အတွက် ခင့် အရှမ်းကို ကျေနပ်ရပါသည်။
သည် မဟော်နှင့် အောင်မြင်စွာ လမ်းခွဲနိုင်ခဲ့သည့်အတွက်
လွန်း၍ ရုပ်ရှင်တွေကြည့်တာ များသွားသဖြင့် မနက်ကို
ယ်နာရီကျော်မှ နိုးလေသည်။

ဆုဝေကိုလည်း “နင် ရန်ကုန်ပြန်ရောက်မှ ငါ သူ့
ဘယ်လိုဖြတ်လိုက်တယ်ဆိုတဲ့ လက်ချာရိုက်မယ်”ဆိုပြီး
မကြီးအထာနှင့် ဒိုင်ထားလိုက်သည်။

ခင့်သည် အပြုံးတစ်ခုဖြင့် အိပ်ရာပေါ်က ဆင်းကာ
ကိုယ်ရေသန့်ရှင်းရေးလုပ်ပြီး breakfast စားဖို့ အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆင်းလာခဲ့တော့သည်။ အင်း ... ဒီအချိန်ဆို ဖေဖေလည်း ကုမ္ပဏီသွားပြီ။ ကိုလေးလည်း ရုံးသွားပြီဖြစ်သည်။

ခင့်ကတော့ နေ့ခင်းလောက်မှ ဆိုင်ဘက်တစ်ချ... သွားတော့မည်။ ဆိုင်မှာက အားကိုးရတဲ့ ဆွေမျိုးနီးစပ် ညီမ... ယောက်ကို မျက်နှာလွှဲလို့ ရတာမို့ ပူစရာမလိုပေ။

ခင့်သည် သီချင်းလေးတအေးအေးဖြင့် အောက်ထ... သို့ ဆင်းလာလျှင်တော့ ဒိုင်းနင်းရှမ်းထဲမှ မအေးကို ခေါက်ဆွဲ... တစ်ပွဲဟု လှမ်းအော် မှာလိုက်ကာ ဧည့်ခန်းထဲမှာ TV ... ကြည့်မယ်ဆိုပြီး ဧည့်ခန်းဆီသို့ ရောက်လာလျှင် ဆိုဖာပေါ်... အခန့်သား ခြေချိတ်ထိုင်နေသည့် ဖေဖေနှင့် ကိုလေးကို တွေ့... ခင့်သည် အံ့ဩဘနန်းဖြင့် ဖေဖေ့ဘေးမှာ ဝင်ထိုင်ရင်း ...

"ဖေဖေနဲ့ ကိုလေးက အလုပ်မသွားဘူးလား"

"မသွားဘူး ... နင့်ကို ပြောစရာရှိလို့ စောင့်နေတာ"

ပြောစရာ။ ကိုလေးရဲ့ ခပ်မာမာလေသံကြောင့် ... ချက် အံ့အားသင့်သွားရသည်။ ကိုလေးဟာ ခင့်ကို ဘယ်တု... မှ ဒီလို လေသံမာမာ မပြောဘူး။ ခင့်သည် ဇဝေဇဝါဖြ... ဖေဖေနှင့် ကိုလေးကို ကြည့်ကာ ...





"ဘာများ အရေးတကြီးကိစ္စမို့လို့လဲ"

"မိခင့် ... မနေ့က နင်နဲ့အတူတူရှိနေတဲ့ ကောင်က ဘယ်ကကောင်လဲ"

"ဟမ် ... မနေ့က"

ခင့်သည် ကိုလေးရဲ့ ခပ်မာမာအမေးကြောင့် ...တရက် ကြောင်သွားကာ ဘာပါလိမ့်ဆိုပြီး တွေးမိသွားသည်။ ...များပါလိမ့်။ မနေ့က ခင့်နဲ့အတူရှိနေတဲ့ကောင် ဆိုတော့ ... ...တော့ ...။ ဘုရားရေ ... ဟို ... ဟိုကောင် မင်းမဟော်လား၊ ...မဟုတ် လေးညှို့ဆိုတဲ့ တစ်ယောက်ကိုလား။ ကိုလေး ဘာ...ကို သိသွားလို့လဲ။

"တောက် ... မဖြေနိုင်တော့ဘူးလား မိခင့်ရဲ့၊ ဟင် ... ဘယ့်နှယ်ကွာ၊ နင်က အကောင်တစ်ကောင်ကို လက်ချိတ်လို့တဲ့၊ ခင့်အနှိုင်းမဲ့မှာ ချစ်သူရနေပြီလားဆိုပြီး ရုံးက ငါ့သူငယ်ချင်းတစ်ယောက် ပြောမှပဲ သိရတော့တယ်၊ ပြောစမ်း ... အဲဒီကောင်က ဘာကောင်လဲ၊ နင့်ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟား … ဒါဆို ကိုလေး ပြောနေတဲ့သူက ဟို လေးညို့ဆိုတဲ့သူပေါ့။ ခင့်သည် ကြဲကြဲဖန်ဖန်တွေ့မှ တွေ့တတ်သည့် ကိုလေးရဲ့သူငယ်ချင်းကိုပဲ ကျိတ်ပြီးမေတ္တာပို့မိလေသည်။ တော်တော်ကို ရှည်ကြောတဲ့သူ။

"သမီး … သမီးမှာ ချစ်သူရှိနေပြီပေါ့၊ ကဲ … ပြော၊ သမီး ကောင်လေးနဲ့ တွဲနေတာ ကြာပြီလား"

ဘုရား … ဖေဖေကပါ မေးလာပြီ။ ကိုလေးက "ဟဲ့ … ဖြေလေ"ဆိုပြီး ဟန့်လိုက်လျှင်တော့ ခင့်သည် မဖြေမဖြစ် ဖြေရမည့် အခြေအနေကို ရောက်လို့လာခဲ့သည်။ အင်း … ဘယ်လိုဖြေရပါ့။ ခင့်သည် အဲဒီရည်းစားကို မင်းမဟော်ပါဆိုပြီ တော့လည်း ခေါင်းစဉ်မတပ်ချင်တော့။ ဒီတော့ကား ဟိုတစ်ယောက် နာမည်ကိုပဲ ထပ်အလွဲသုံးစားလုပ်ရတော့မလား။

"သမီး … ဖေဖေ မေးနေတယ်လေ"

"ဟို … ဟိုလေ"

ခင့်က အထစ်ထစ်အငေါ့ငေါ့နှင့် ဘာဖြေရမှန်းမသိ ဖြစ်နေတာကို ဖေဖေက ခင့် ကြောက်နေတယ်ဟု အမှတ်မှားသွားတဲ့ ကောက်ကာ ခင့်ရဲ့ပခုံးကို ခပ်ဖွဖွပုတ်ပေး၍ …





"ဘာမှမကြောက်ပါနဲ့ သမီးရယ်၊ ဖေဖေနဲ့သမီးကိုလေးက မေးတယ်ဆိုတာလည်း ဒီသူငယ်ဟာ သမီးနဲ့သင့်တော် မတော် ဆုံးဖြတ်ဖို့ပါပဲ …

ဒီအရွယ်မှာ ချစ်သူရည်းစား ရှိတာကို ဖေဖေက အပြစ်လို့ မဆိုပါဘူး၊ ဒါသဘာဝပဲလေ၊ ကိုလေးက သူ့ ညီမဆိုတော့ အဲဒီလို အမေးခံလိုက်ရတော့ မျက်နှာပူသွား တာပေါ့၊ သမီးကို ဆူဖို့မဟုတ်ပါဘူး"

အား … ဒီနေ့ကတော့ unlucky day ပဲ။ ခင့် ပြီးပြတ်သွားပြီဟု ထင်မှတ်ထားတဲ့ ကိစ္စဟာ အခုမှ ဇာတ်လမ်း စသလိုကို ဖြစ်ချေပြီ။ ဖေဖေကတော့ အရမ်းကို သိချင်စောဖြင့် မေးနေတာဖြစ်၏။ ခင့်သည် ဟိုကိစ္စတွေကို အမှန်အတိုင်း မခြွင်း မချန်သာ ပြောပြလိုက်လျှင် မိန်းကလေးဖြစ်ပြီး ဒီလောက်ထိ အလွဲသုံးစား လုပ်ရဲရသလားဆိုပြီး ခင့်ကိုလည်း ရက်ရက်စက် စက်ကို သော့်စီးရိုးထုတ်တော့မှာဖြစ်သည်။

ဖေဖေက လူပုစိတ်တိုဖြစ်သည်။ အရာရာကို ခင့် စိတ်ကြိုက် ဖြစ်စေပြီး ခွင့်မလွှတ်နိုင်လောက်တဲ့ အပြစ်ကိုလည်းမိ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုရင်လည်း အပီအပြင်ကိုဆူကာ အပြစ်ပေးတတ်သူမျိုးဖြစ်သည်။ အဲဒီလိုမျိုးကို ခင့်က အမှန်အတိုင်း ဘယ်ပြောဝံ့ပါမည်နည်း။

"ခင့်နဲ့သူက ချစ်သူဖြစ်တာ သိပ်မကြာသေးပါဘူး ဖေဖေ၊ ခင့် ဖေဖေနဲ့ ကိုလေးကို မပြောသေးဘူးဆိုတာကလည်း သူ့ကို ခင့်က လက်တွဲဖော် ဖြစ်ထိုက်မဖြစ်ထိုက် လေ့လာနေဆဲမို့ပါ"

"ဒါဆိုလည်း ဖေဖေတို့က သမီးအတွက် ဝိုင်းစဉ်းစားပေးတာပေါ့၊ ကဲ ... သမီးကောင်လေးကို ဖေဖေတို့ဆီ ခေါ်လာခဲ့"

ဘုရား ... ကယ်တော်မူပါ။ ခင့်သည် ခေါင်းကို ဆယ်ပေါင်တူကြီးဖြင့် အဖိခံထားရသလို လေးလံလာကာ သေချင်စော်ပါ နံသွားတော့သည်။ ဖေဖေတို့ဆီ ခေါ်လာခဲ့တဲ့။ ခင့်က ဘယ်သူမှန်း ဘယ်ကမှန်း ဘာမှမသိတဲ့ လူတစ်ယောက်ကို ဘယ်ကဘယ်လို သွားရှာခေါ်ရမှာတုန်း။ ပြီးတော့ ခင့်က ဆက်ဟန်မဆောင်ချင်တော့။





"ဖေဖေကလည်း ဟိုသူ့ကို ခင်က လက်ထပ်ဖို့သင့်တော်တဲ့သူ ဟုတ်,မဟုတ် ဘာမှလဲ စဉ်းစားရသေးတာ မဟုတ်ဘူး၊ ဖေဖေနဲ့ ကိုလေးရဲ့အချိန်အကုန်ခံပြီး သူ့ကို အဖက်လုပ်ပြီး တွေ့မနေပါနဲ့၊ ခင့်ကလည်း သူ့ကိုမကြာခင်လမ်းခွဲတော့မှာ"

"ဟေ"

"ဟား ... မိခင့် ... ငါလုပ်လိုက်ရ သေတော့မယ်၊ ဒါဆို အဲဒီရည်းစားက အပျော်ပေါ့ ဟုတ်လား ... နင့်ကိုယ်နင် ဘာထင်နေလဲ မိခင့်၊ နင်က မိန်းကလေးနော်"

"ဟုတ်တယ် သမီး၊ အဲဒါမျိုးကိုတော့ ဖေဖေလည်း လုံးဝလက်သင့်မခံဘူး၊ သမီး ရွေးချယ်ထားတဲ့ ချစ်သူကို ဖေဖေ တွေ့ချင်တယ် ... ဒါပဲ"

ခင့်သည် ဘာမှကို ဆက်ပြောလို့ မရနိုင်တော့ပါ။ ဖေဖေ့ရဲ့"ဒါပဲ"ဟာ ခင့်အတွက်တော့ အလွန်ကို အာဏာစက်ပြင်းထန်ပါသည်။ ခင့်သည် မရနိုင်မှန်း သိသိချည်းနှင့်ပင် အတင်းတားကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဖေဖေ၊ ခင့် သူ့ကို ..."

"တော်ပြီ ... ခင့်အနှိုင်းမဲ့ ... မင်း ဖေဖေ့စိတ်ကို သိတယ် နော်၊ ဖေဖေ စီစဉ်ပေးတဲ့ တစ်ယောက်ကိုလည်း မင်း အကြောင်းပြချက်မရှိ ငြင်းထားခဲ့တယ်၊ အခု မင်းကိုယ် တိုင် လူမြင်ကွင်းမှာ လက်ချိတ်ပြီး တွဲနေတဲ့သူ၊ အဲဒါကို အပျော်ပါဆိုပြီးတော့ မင်း မပြောနဲ့ ...

သူ့ကို ဖေဖေနဲ့ ပေးတွေ့ပါ"

"ဟို ... ဩော် ... သူ့မှာ လောလောဆယ် ခရီးထွက်နေ တယ် ဖေဖေ"

ခင့်စကားကို ဖေဖေက မယုံကြည်ဟန် တစ်ချက် ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြပြီး ...

"သူ ပြန်လာရင် ဖေဖေ့ဆီ ခေါ်လာခဲ့ပါ ခင့်"

ဖေဖေက အပြတ်ပြောကာ ထထွက်သွားတော့သည်။ ခင်သည် ကိုလေးကို အားကိုးရမလားဆိုပြီး လှမ်းကြည့်လျှင် ကိုလေးက ခပ်တင်းတင်း မျက်နှာဖြင့် ...

"ကြပ်ကြပ်သတိထားပါ မိခင့်"





ကိုလေးက ဒေါသတကြီးဖြင့် ဝမ်နင်ပေးသွားကာ ထထွက်သွားလျှင်တော့ ခင့်သည် ငိုမဲ့မဲ့မျက်နှာဖြင့် ဆိုဖာပေါ်မှာ ခွေခေါက်ထိုင်ကာ ကိုယ့်နဖူးကိုသာ ကိုယ်ပြန်ထုမိသည်။

ဒုက္ခပဲ။ ခင့် မဆင်မခြင်နဲ့ ပြီးပြီးရောလုပ်ခဲ့တဲ့ကိစ္စ က မီးနိုးကြွက်လျှောက်လိုက်ကာ ဖေဖေနှင့် ကိုလေးနားသို့ ပေါက်သွားချေပြီ။ ခင့်သည် ဖေဖေနှင့် ဘယ်သူ့ကို တွေ့ပေးရ မှာလဲ။ ဟိုလူက ဘယ်ကမှန်းမသိဘဲ ခင့် ဘယ်လိုရှာရမှာတုန်း။ မနေ့ကတော့ အားလုံး အိုကေဆိုပြီး ပြုံးပျော်နေခဲ့ပေမယ့် ဒီကနေ့ မှာတော့ ခေါင်းကြီးစရာ ကြိုင်ကြီးကြီး ပေါ်လာခဲ့ပြီဖြစ်သည်။

ခင့်သည် ဖေဖေနှင့် သူ့ကို အမြန်ဆုံးတွေ့ပေးဖို့ ခေါင်းတွေပူအောင် အကြံထုတ်နေရတော့မည်။

ပြီးတော့ သူ့ကို ရှာဖွေဖို့ဆိုတာ ခေါ်တော့်ကို မလွယ်ပေမယ့် ကြိုးတော့ ကြိုးစားရပါလိမ့်မည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် မဟာအခွင့်အရေးတစ်ခုအဖြစ် ဖန်ဆင်းပေးသော ကံကြမ္မာရဲ့လက်ဆောင်ကို သူက အရမ်းကို တန်ဖိုးထားမိပါသည်။ အဲဒီအခွင့်အရေးရဲ့ နောက်ဆက်တွဲတွေ ဖြစ်လာဖို့တော့ သူ့ဘက်ကပဲ ကြိုးစားရပါလိမ့်မည်။ ခင့်ဟာ သူ့ဘဝပဲ ဖြစ်သည်။

အခုဆိုရင် ခင့်ဟာ သူ့ရည်းစားကိုလည်း ဘာဖီလင်မှမရှိတော့။ တရားဝင် ပြတ်ပြတ်စဲစဲလည်း ဖြစ်သွားပေပြီ။ ခင့်နှင့် မင်းမဟော်ကို ဒီလိုဖြစ်လာမယ်လို့ မမျှော်လင့်ထားခဲ့ပေမယ့် လက်တွေ့မှာတော့ သူတို့နှစ်ယောက် ပြတ်သွားကြပေပြီ။

အဲဒီအတွက် သူ့မှာ ခင့်ကို ကြိုးစားပိုင်ခွင့် အပြည့်အဝ ရှိသွားပြီ။ လေးညို့သည် အစကတော့ သာမန်ပုံစံနှင့်ပင် ခင့်အနားကိုကပ်ဖို့ တွေးခဲ့ပေမယ့် တကယ့်တကယ်မှာ ဘာက အကောင်းဆုံးဆိုတာ သူသဘောပေါက်ပါသည်။ ဒါကြောင့်မို့





လည်း ခင့်အဖေ သူ့ယောက္ခမလောင်းနှင့် ခင့်အစ်ကို သူ့ယောက်ဖလောင်းကို ခွင့်ပန်ကာ ပါမစ်ယူထားတာဖြစ်သည်။

ရွှေယောက်ဖက သူနှင့် ကျောင်းနေဖက်မို့ ဘော်ဒါအရင်းကြီးတွေ ဖြစ်သောကြောင့် ပြောမနေ ဆိုမနေ ဖားစရာမလိုပေ။ သူ့အတွက်တော့ ခင်တို့မိသားစုနှင့် ပတ်သက်ရတာဟာ အဆင်ပြေပေမယ့် ခင့်ကိုကျတော့ ဘာကြောင့်မှန်းမသိပါ။ ချစ်ပေမယ့်လည်း ခင့်ရဲ့ကန့်လန့်တိုက်တာလေးတွေကိုတော့ အမြင်နည်းနည်းကတ်ချင်ပါသည်။

သူ့ရဲ့ plan အတွက် ကူညီပံ့ပိုးပေးမည့် ရွှေယောက်ဖနှင့် ဘီယာဆိုင်မှာ ဆွေးနွေးဖြစ်သောအခါတွင်တော့ ရွှေယောက်ဖက ဤသို့ မှတ်ချက်ပြုလာပါသည်။

"မင်း အဲဒီလိုလုပ်တာ ဖြစ်ပါ့မလား လေးညို့ရာ၊ ခင့်က ဒီကိစ္စကြီးကို သိသွားပြီဆိုရင် မင်း ဘယ်လိုရှင်းမှာလဲ၊ နောက်ပြီး မင်းလုပ်နေတာကြီးက မပိုင်ဝက်မွေးမယ့်ကိစ္စကြီးနော်၊ ငါ့ညီမ ယောက်ျားရဖို့အတွက် ဒီလောက်စိတ်အားထက်သန်စွာ ကူညီပေးတဲ့ အစ်ကိုအနေနဲ့ ဒါကြီးကို ကူညီဖို့ဆိုတာက ခင့်ကို မျက်နှာပူတယ်ဟ ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လုပ်ဦး ၊လေးညို့”

အဲဒီစကားကြောင့် သူက သဘောကျစွာဖြင့် တဟားဟား ရယ်မောမိသွားသည်။ အင်း … ထိုက်တန်ပြောတာလည်း သဘာဝတော့ ကျပါသည်။ သူ့လုပ်ရပ်ဟာ အစပိုင်းမှာ အိုခေနိုင်ပေမယ့် ဇာတ်သိမ်းပိုင်းမှာ အိုခေ,မခေ မသေချာပေ။ အခန့်မသင့်ရင် မှန်းတောင် မှန်းနိုင်ပေသည်။

ဒါပေမဲ့ သူက အများတွေးထားသလို မတွေးမိဘဲ ဒီအစီအစဉ်ဟာ ခင့်အချစ်ကို ဖြတ်လမ်းနည်းနဲ့ ယူတာမျိုးလို့ တွေးမိသည်။

ခင့်ကို ရယူပိုင်ဆိုင်ဖို့အတွက် အထိရောက်ဆုံးနည်းကို သုံးလိုက်တာမျိုးပဲဖြစ်သည်။

“ခင့်ကို ငါ try လုပ်ဖို့ စဉ်းစားတဲ့အခါမှာ ဒီနည်းက ငါ့လက်ထဲကို အလိုလို ရောက်လာတာ၊ ငါ မဖန်တီးဘဲနဲ့ သူ့ဘာသာကို အစီအစဉ်တကျ ဖြစ်သွားတာ၊ အဲဒီတော့ အခွင့်အရေးကို လက်လွှတ်မခံဘဲနဲ့ ငါ ကြိုးစားဖို့ပဲ ဆုံးဖြတ်လိုက်တယ် ထိုက်တန် …





ငါ့ဇာတ်ကို ငါနိုင်အောင် က,နိုင်ပါတယ်၊ မင်းနဲ့ အန်ကယ့်ကိုသာ တစ်ခုတောင်းဆိုချင်တာက ငါ့ကိုကူညီပေးဖို့ပါ”

“ငါက ကူညီပြီးသားပါ လေးညို့ရာ … မင်းဇာတ်သာ ကောင်းကောင်းနိုင်တယ်ဆိုရင် ပြီးတာပါပဲ”

အိုခေ …။ အားလုံးကိုတော့ အစီအစဉ်တကျ ဆွဲပြီးသွားပြီဖြစ်သည်။ သူ့ရဲ့ကြိုးပမ်းမှု တစ်ခုဖြစ်သော ပြကွက်ကိုတော့ ဒီကနေ့ နံနက်မှာပဲ ခင့်မေမေနှင့် ထိုက်တန်က သရုပ်ဆောင်ပြီးသွားပြီ။ သူ့ကကျွာပဲ လိုတော့သည်။

သူကတော့ နောက်နှစ်ရက်လောက်နေမှ ခင့်အနားကိုသွားမည်။ သူ့လုပ်ရပ်တွေဟာ ပေါကြောင်ကြောင်များ ဖြစ်နေပြီလားဟု တွေးကြည့်မိသည်။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ ခင့်ကို ချစ်တာဟာ ပကာသနဂုဏ်သိက္ခာ၊ ဘာတစ်ခုမှ ထည့်မတွက်ခဲ့တာကြောင့် သူဟာ ဒီလုပ်ရပ်ကို မှန်တယ်လို့ပဲ ယူဆထားပါသည်။

အဓိက,ကတော့ ခင့်နဲ့ အနီးဆုံးမှာ ရှိနေချင်တာပဲဖြစ်သည်။ အဆစ်လေး ပေးရင်တော့ ခင့်အချစ်ကိုပါ ရချင်ပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားပါဘဲနှင့်ကို ခင့်ရဲ့ လုပ်ရပ်ဟာ ဒီလောက်ထိ ဟိုးဟိုးကျော် ကွိုင်တွေတက်လာလိမ့်မည်ဟု မထင်ထားခဲ့သဖြင့် ဒီလိုလုပ်မိတာဖြစ်သည်။ အခုမှ "တစ်ခါတည်းပါ" ဆိုပြီးတော့ သွားရှင်းပြလို့လည်း မဖြစ်။ ဆုဝေက မန္တလေးက ပြန်ရောက်လာလို့ အကြောင်းစုံ ရင်ဖွင့်လိုက်သော အခါမှာတော့ ခင့်ကို ဝေဖန်သည်မှာ နေစရာနေရာကို မရှိတော့။

"ခင့်ရယ် ... ဒုက္ခပါပဲ၊ နင် အဲ့လို စွတ်လုပ်လိုက်တော့ ပြဿနာတွေက တန်းစီကုန်ပြီပေါ့ဟဲ့ ... အခုဆို ဟိုကောင် မင်းမဟော်နဲ့ ပြတ်သွားပေမယ့် တစ်ကွိုင်က ပေါ်လာပြန် ပြီ၊ ဘယ်လိုလုပ်မလဲ ... နင် အဲဒီလူကို ဘယ်မှာသွားရှာမလဲ"

ခင့်သည် အားခနဲတောင် ထအော်ပစ်ချင်တော့သည်။ ဒုက္ခပါပဲ ...။ ခင့်ဟာ ရှင်းလေရှုပ်လေ၊ ရှုပ်လေရှင်းလေ ဖြစ်နေ





ဖြစ်သည်။ ဒီကိစ္စကို ခင့် ဘယ်လိုရှင်းရမလဲ။ ဖေဖေက ခင့် ...သူနှင့် တွေ့ချင်ပါသည်တဲ့။ ကိုလေးရဲ့သူငယ်ချင်းကလည်း ...လူ့ကို မြင်ဖူးထားတယ်ဆိုတော့ ခင့်ဟာ ဖေဖေနှင့်ကိုလေး ... အင်ထုလို့ မရတော့။ ဒါပေမဲ့ လေးညှို့ဆိုသူကို ခင့်က ဘယ် ...ရာ ဘယ်ကာလမှာ သွားရှာရမှာလဲ။

"အား ... စိတ်ညစ်လာပြီဟာ၊ ဖေဖေ့ကို အမှန်အတိုင်း ပြောလိုက်ရင် ကောင်းမယ်"

"အေး ... ဒါဆိုရင်လည်း ဇာတ်က ဒီမှာတင် The End စာတန်းထိုးလို့ မရဘူးနော် ဒေါ်ခင့်၊ မင်းမဟော်ကို နင့် အဖေက ထပ်တွေ့မယ်ဆို သွားပြီ"

အား ... သေချင်စိတ်တောင် ပေါက်လာပြီ။ ခင့်ရဲ့ ...က မသေးပါချေ။ ဆုဝေ ပြောသလိုပဲ ခင့်က "လေးညှို့ဟာ ...ချစ်သူ မဟုတ်ပါဘူး"ဆိုတာနှင့် ဇာတ်ရှည်လည်အောင် ...ဖြစ်သနစ် အစုံအလင်ကို ခင့်က ရှင်းရတော့မည်။ အဲဒါမှတစ် ...ဘက် ဆက်တွေးကြည့်ရင် မင်းမဟော်ကိစ္စပါ ပေါ်လာကာ ...က တွေ့မယ်ဆိုရင် ပြီးပါလေကော။ ခင့်ဟာ အခုမှ ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်းရှူး။ စားလည်းရှူး အခြေအနေထဲမှာ နေ့နေရတာဖြစ်တော့သည်။ ဘယ်ဘဝက ဝဋ်ကြွေးမှန်းကို မသိတော့ပါ။

“အင်း … နင့်ကိုလည်း ငါ ဘယ်လိုကူညီရမယ်ဆိုတာ မတွေးတတ်တော့ဘူး။ ဒါပေမဲ့ နင် စိတ်တော့မလျှော့နဲ့ ခင့်၊ နင့်အဖေကို အချိန်ဆွဲနိုင်သမျှ ဆွဲထားပေါ့၊ အချိန်ရလေ ငါတို့အတွက် စဉ်းစားချိန် ကြံဖန်ချိန် ပိုလာလေပဲ”

“အေးပါ … အေးပါ”

ခင့်က ခေါင်းတစ်ချက်ဆတ်ပြကာ ပြောလိုက်သော ‘အေးပါဟာ’ဟာ အတော်ကို အားပျော့နေပြီဆိုတာ ကိုယ့်ဘာသာ ရိပ်မိပါသည်။ ဖေဖေ့ကို အချိန်အကြာဆုံး ဆွဲထားနိုင်မှ အလွန်ဆုံး နှစ်ပတ်ပေါ့။ ဒီနှစ်ပတ်အတွင်းမှာ ခင့်က ဘယ်မှာနေမှန်းမသိတဲ့ ပုဂ္ဂိုလ်ကို ဘယ်လိုရှာရမှာလဲ။ ဒီတိုင်းဆိုရင်တော့ ခင့်ဟာ လိမ်လည်မှုပါရောပေါင်း၍ အပြစ်ပေးခံရသည့်အနေနှင့် ဖေဖေပေးစားတဲ့ယောကျ်ားကို ယူရတော့မလား မသိပါ။ မနက်ကပဲ ဖေဖေက ခင့်ကို စကားစလာတာဖြစ်သည်။





“ခင့် … သမီး ကောင်လေး ခရီးသွားတာ ပြန်မရောက်သေးဘူးလား”

breakfast ဝိုင်းမှာ ကြားလိုက်ရတဲ့ စကားကြောင့် ခင့်ဟာ မြီးရှည်ကို ဆက်မစားနိုင်ဘဲ နင်ခနဲ ဖြစ်သွားကာ ဘိတွေ ဟယ်တွေ အာမေဍိတ်ပြုနေတော့ ဖေဖေက စိတ်မရှည်ဘန်ဖြင့် …

“ဖေဖေ မေးနေတာကို ဘာကြောင့် မဖြေတာလဲ”

“မဟုတ် … မဟုတ်ပါဘူး ဖေဖေ၊ သူက ပြန်လာတော့မှာပါ၊ နယ်ဘက်သွားတော့ နည်းနည်းရက်ရှည်နေတာပါ ဖေဖေ”

“သူ့ကိုတွေ့ချင်တယ်လို့ သမီးကို ပြောထားပြီးသားနော်”

“ဟို … ဖေဖေ”

ဖေဖေက ခင့်ကို ဆက်ပြောခွင့် မပေးဘဲ လက်ကာကြာ စကားဆက်၏။

“ဖေဖေ တွေ့မယ်ဆိုတာ သမီးနဲ့သိတဲ့သူကို သိချင်တဲ့ ပုံစံမျိုးပဲ၊ အဲဒီလိုသဘောထားနဲ့ ဖေဖေ တွေ့တာ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သမီး ဘာမှအတွန့်တက်လို့ မရဘူး၊ နောက်ပြီးတော့ ဖေဖေ ပြောချင်သေးတာက သမီးကို သဘောတူထားတဲ့ သူနဲ့ ဖေဖေ ရည်ရွယ်ထားတယ်၊ အေး ... ဒါပေမဲ့ သမီး ရဲ့ရွေးချယ်သူကိုပဲ ဖေဖေ ဦးစားပေးမှာပါ၊ အဲဒါ သမီးကို သိအောင် ပြောထားတာ"

ဖေဖေဆိုလိုသွားတဲ့ သဘောက ရှင်းရှင်းလေးပဲ ဖြစ်သည်။ ခင့်ကို ပညာသားပါပါနှင့် ပြောသွားတာပဲဖြစ်သည်။ ခင့်ချစ်သူကို စောင့်ကြည့်မယ်၊ အကဲခတ်ကြည့်လို့မှ နီးဆိုရင် ဖေဖေ စီစဉ်တာကို လက်ခံရမယ်ဆိုတဲ့ သဘောပဲဖြစ်သည်။ တိုက်ရိုက်ပြောမသွားပေမယ့် ဆိုလိုချင်တာက ဒါပဲဖြစ်သည်။

ခင့်သည် မနက်ကအကြောင်းကို တွေးတိုင်း တဟင်းဟင်း သက်ပြင်းတွေချကာ စိတ်တွေညစ်နေရပါသည်။ ဆုဝေက လည်း ခင့်အတွက် ဘာလုပ်ပေးရမလဲဆိုတာပဲ စဉ်းစားနေတာ ဖြစ်သည်။

"ကြာပါတယ်ကွာ ခင့် ... နင် ကိုယ်ချစ် သူချစ် မရတော့ လည်း သူချစ်ကိုပဲ ရှာတော့ပေါ့၊ နင့်ကိုကြိုက်နေတဲ့





ကောင်တွေထဲက တစ်ကောင်ကောင်ကို တွဲလိုက်၊ ပြီးရင် ဒါ သမီးရည်းစားဆိုပြီး နင့်ဖေဖေကိုပြလိုက်"

"အား ... တော်ပါဟယ် ... ဆားနဲ့ပဲ စားတော့မယ်၊ ရည်းစားတော့ ထပ်မထားချင်တော့ပါဘူး၊ ဒီကိစ္စနဲ့တင် သေလို့ ရပြီ"

ခင်က ရှုံ့ကာမဲ့ကာနှင့် ညည်းညူလျှင် ဆုဝေက တဟားဟားနှင့် အော်ရယ်မိပါသည်။ ခင့် တစ်ယောက်လည်း တော်တော့်ကို စိတ်ညစ်ရပါသည်။

"သြော် ... ဒါနဲ့ နင့်ရဲ့ဟန်ဆောင်ဘဲကြီးကကော မိုက် ရဲ့လား၊ ဘယ်လိုလဲ"

ဆုဝေက ပခုံးချင်းတိုက်ကာ လှမ်းမေးလိုက်လျှင် ခင့်သည် အဲဒီနေ့က အစ်ကိုကြီးရဲ့ပုံစံကို ပြန်လည်မြင်ယောင်လာ မိသည်။ အသားအရေက မပော့်လို ဖြူဥနုဖပ်နေတာမျိုးမဟုတ် ဘဲ ခပ်လတ်လတ်နှင့် ညိုစိမ့်စိမ့် အသားအရေမျိုးဖြစ်ကာ ယောကျ်ား ပီသတဲ့ပုံစံမျိုး။ ရုပ်ရည်က လူရည်သန့်ပုံမျိုးနှင့် ဟန်းဆမ်းဖြစ် တယ်ပဲ ပြောရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ချောပါတယ် သူလည်း၊ ဒါပေမဲ့ မဟော့လို ကိုရီးယားမင်းသားတော့ မဟုတ်ဘူး၊ ဟန်းဆမ်းဖြစ်ပြီး ယောက်ျားပီသတဲ့ပုံစံမျိုး gentleman ပေါ့ဟယ်"

"ဟား ... အလန်းစားပဲပေါ့၊ အေးဟယ် ... သူ့ကိုပြန်တွေ့ရင် အားလုံး အိုခေပြီ၊ နင့်ကို ဘာမှန်းမသိဘဲနဲ့တောင် ကူညီတာပဲဟာ၊ အခုလည်း ထပ်ကူညီမှာပဲ၊ နင်ကလည်း အဲဒီနေ့ကတည်းက လိပ်စာလေး ဘာလေး ကြိုတောင်းခဲ့ရမှာ"

"သြော် ... ငါလည်း ရှေ့ကိုသာ ကြိုသိရင် သူ့လိပ်စာ ဖုန်းနံပါတ်အားလုံး တောင်းခဲ့တာပေါ့ဟဲ့၊ ဟင်း ... အဲဒါထား၊ အခု ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစား"

ဆုဝေက စိတ်ရှုပ်လာဟန် ခေါင်းတွေ တဗျင်းဗျင်း ကုတ်ရင်းက မျက်နှာပါမဲ့ရှုံ့ကာ ...

"မသိတော့ဘူးဟယ်၊ အကောင်းဆုံးကတော့ နင် ရည်းစား အလိုရှိသည်ဆိုပြီး အချစ်လျှောက်လွှာသာ ခေါ်လိုက်တော့





ဒါမှမဟုတ်ရင်လည်း သတင်းစာထဲကနေ ကိုလေးညှိ့ ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါဆိုပြီး ထည့်ကြော်ငြာလိုက်ပေါ့ဟယ်"

ခင့်သည် တော်တော့်ကို စိတ်တွေညစ်လာရပြီ။ ဉာဏ်နီဉာဏ်နက် စပါယ်ရှယ်ထွက်တဲ့ ဆုဝေတောင် မသိတော့ဘူးဆို ခင့်တော့ မျှော်လင့်ချက် မရှိနိုင်တော့။

အချစ်နဲ့ ပတ်သက်လာရင် ကံဆိုးနေတဲ့ ခင့်ဘာ ယတြာချေမှ ကံတွေပွင့်ကာ မြင်မလဲ မသိတော့ပါ။ လောလောဆယ်မှာတော့ ကြံရာမရဘဲ မှိုင်ချကာ ငိုင်နေခဲ့ပါသည်။ အချစ်ကြောင့် အဲဒီလိုဖြစ်ရပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ဝင်ချင်လာပြီဆို ခဏနေပါဦးဆိုပြ
တားလို့လည်း မရတော့ပါ။ အဲဒီလောက်တောင် တားမရလည်
ဝင်ဟယ်ဆိုပြီး အရွဲ့တိုက်ကာ ခွင့်ပြုလိုက်လျှင် သူတို့ကလည်
ပြန်အရွဲ့တိုက်ကာ အလုံးအရင်းနှင့်ကို ဝင်ချလာတာမျိုးဖြစ်သည်
မနက် အိမ်ကထွက်ကတည်းက ခင့်ရဲ့အနောက်ကို ရှဲဒိုးလိုက်လာ
သော မင်းမဟော်ဟာ အခုချိန်ထိကို မပြန်သေးပါ။ သူ့ကြည့်
တာဟာ ခင့် အခြေအနေကို လာ check တာမျိုးဖြစ်၏။

မဟော်က ခင့်မှာ ချစ်သူရှိနေတယ် ဆိုတာ
မယုံလို့ လာရှုံးနေတာမျိုးဖြစ်သည်။ အဲဒီကိစ္စကို ဘယ်လိုရှင်း
ဦးမလဲ မသိတော့။

"ငါတော့ အရမ်း အရမ်းကို ကံဆိုးနေပြီ ထင်တယ်"





ခင့်ဟာ စိတ်ပျက်လက်ပျက်နှင့် ငေးမှိုင်နေရင်းက ဆိုင်အပြင်ဘက်ကို ဘာရယ်မဟုတ် မျက်စိရောက်သွားလျှင် တစ်ယောက်ယောက်ကို အထင်းသား တွေ့မြင်နေရ၏။ သူ ... သူဟာ။ ခင့်သည် ဦးနှောက်က အချက်ပေးသံတွေ ဖျတ်ခနဲ မြည်လာလျှင် ဆတ်ခနဲထကာ အပြင်ဘက်ကို အပြေးထွက်လာလျှင် ဆုဝေက လှမ်းအော်မေးလေသည်။

"ခင့် ဘယ်သွားမလို့လဲ"

ခင့်က လက်ကာပြကာ အဲဒီသူ့နောက်ကိုသာ အပြေးလိုက်လာရတော့သည်။ ဒီကြားထဲမှာ သကောင့်သား မဟော်ကလည်း သူ့ဆော်ဒါဆိုင်ထဲကနေ အကဲထိုင်ခတ်နေတော့ ခင့်က မလှုပ်သာ မလူးသာနှင့်ပင် သူ့ကို မိတယ်ဆိုတာနှင့် ဆတ်ခနဲ သူ့လက်ကို လှမ်းဆွဲလျှင် သူက ရုတ်တရက်မို့ ထအော်လေ၏။

"ဟာ ... ဘာလုပ်တာလဲကွ"

သူက ပြောလည်းပြော လှည့်လည်းကြည့်လျှင် ခင့်ကို မြင်သွားပြီး မှတ်မိသွားဟန်ဖြင့် ခင့်ကို လက်ညှိုးထိုးကာ ...

"မင်း ... မင်း ... ခင့် ... ခင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင့်အနှိုင်းမဲ့လေ ... မှတ်မိတယ်မှလား"

ခင့်က ကိုယ့်ကိုယ်ကိုယ် ထပ်မိတ်ဆက်လိုက်လျှင် သူက လုံးဝမှတ်မိသွားကာ ...

"ဩော် ... မင်းကိုး၊ ဘာဖြစ်ပြန်ပြီလဲ"

"ဟိုတစ်ယောက်လေ မင်းမပော်ပေါ့၊ ကျွန်မကို ထပ်နှောင့်ယှက်ချင်နေတယ်၊ ရှင်နဲ့ တွဲမတွေ့တာကို သူက သံသယဝင်နေတာ၊ အဲဒါ အခုလည်း ဟိုနားမှာရှိတယ်၊ ကူညီပါဦးကိုလေးညို့ရယ်၊ ရှင့်ကို အားနာပေမယ့်လည်း ရှင်မကူညီရင် ဒုက္ခရောက်တော့မှာမလို့ပါ ... ကူညီပါနော်"

သူက ခင့်အပြောကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်းကနေ လေပူတစ်ချက် မှုတ်လိုက်ရင်း ...

"အိုကေ ... ကူညီပေးပါ့မယ်၊ ကိုယ်ဘာလုပ်ပေးရမလဲ"

ခင့်မှာ သိပ်ပြီးများများစားစား အချိန်မရှိပါ။ သူ့ဘက်က မီးစိမ်းပြတာနှင့် ခင့်က သူ့လက်ကိုဆွဲခေါ်လာကာ ဆိုင်ထဲသို့ ဝင်လာခဲ့တော့သည်။ ပြီးတော့ မပော့်ရှေ့မှာ သူနှင့် ရင်းနှီးစွာ စကားတွေ ဟန်လုပ်ပြောရတော့သည်။ ဆုဝေကတော့





နားမလည်သလို ကြည့်နေပေမယ့် ခင့်ကိစ္စမှာ ဘာမှဝင်မပါပေ။ မပော်က ဒေါကန်ကန်ဖြင့် ဘုရိုး,ရိုးကာ ထွက်သွားတော့မှ ခင့်သည် ဟူးခနဲ သက်ပြင်းချကာ ဟန်ဆောင်အပြုံးကြီးကို ချွတ်ချရတော့သည်။

ဒီတစ်ပုဒ်ပြီးတော့ ကိစ္စက ပြီးမလား အောက်မေ့တယ်။ မပြီးသေးပေ။ လူကြားသူကြားထဲမှာ ခင့်က လက်ချိတ်ကာ ရင်းနှီးစွာကို စကားတွေ ပြောနေသော ဒီသူစိမ်းအမျိုးသားဟာ ခင့်ရဲ့ဘယ်သူဆိုတာကို စပ်စုချင်နေကြတဲ့ ဘေးလူတွေ။ ခင့်က သူ့ကိုဆိုင်ထဲခေါ်ချလာတော့ ဆိုင်က ကောင်မလေးတွေကလည်း စူးစမ်းသလိုတွေ ကြည့်နေကြ၏။ ဆုဝေကတော့ ခင့်ရဲ့အရင်းနှီးဆုံးသူပီပီ ခင့်အနားကို ရောက်ချလာကာ ခင့်ဘေးက သူ့ကို လှမ်းကြည့်၍ ...

"ခင့် သူက ဘယ်သူလဲ"

အရမ်းအရမ်းကို သိချင်စိတ် ကြီးမားနေသော ဆုဝေရဲ့အမေးကို ခင့်က ဆောင့်ကြီးအောင့်ကြီး သက်ပြင်းချသံနှင့်အတူ ဖြေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးညို့ ... တဲ့၊ ငါပြောပြတဲ့ တစ်ယောက်"

ဆုဝေက အံ့ဩဘနန်းကြီးစွာဖြင့် သူ့ကိုတစ်လှည့် ခင့်ကိုတစ်လှည့်ကြည့်ကာ ဘာမှမပြောနိုင်သေးခင်မှာပင် ခင့်က ခင့်ရဲ့အရေးကြီးကိစ္စကြီးကို ဖြေရှင်းဖို့အတွက် သူ့ကို အေးအေး ဆေးဆေး ဆွေးနွေးဖို့အတွက် စကားစရတော့သည်။

"ဟို ... ရှင် အချိန်ရသေးရင် ကျွန်မတို့နဲ့အတူ ဆိုင်တ ဆိုင် လိုက်ခဲ့ပါလားဟင်၊ စားရင်းသောက်ရင်းနှင့်ပြော ရှိတာလေးတွေ ပြောချင်လို့ပါ"

"ရပါတယ် ... သွားလေ"

သူက ခေါင်းညိတ်ပြလျှင် ခင့်သည် ဆုဝေကို ခေါ်၍ အနီးဆုံးစားသောက်ဆိုင် တစ်ဆိုင်ကို သွားဖြစ်သည်။ Shopping Mall ထဲက ဆိုင်မှာတော့ စားရင်းသောက်ရင်း စကား ပြောလို့ မဖြစ်နိုင်ပါ။ မတော်တဆ နောက်တစ်ယောက်က ဆ တွေ့ရင် အဲဒါမှ ပိုရှုပ်ကုန်လိမ့်မည်။

အဲဒါကြောင့် စကားပြောရတာလည်း အအေးချ ဆုံးဖြစ်သည့် ခင်တို့နှင့်လည်း သိပ်မဝေးသည့် ကန်တော်ကြီး





Signature ကို သွားလိုက်တော့သည်။ အစားအသောက်တွေ မှာပြီး စတင်စားနေချိန်မှာပဲ သူက မအောင့်နိုင်တော့ဘဲ စမေးလေသည်။

"ဒီမှာ ခင့်အနှိုင်းမဲ့ ... မင်းမှာ ဘာပြောစရာများရှိနေလို့ ကိုယ့်ကို ဒီထိ ခေါ်လာရတာလဲ"

ခင့်က အဲဒီတော့မှ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကာ...

"ဟို ... အခုလို ကျွန်မကို ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ ရှင့်ရဲ့ကူညီမှုကြောင့် ကျွန်မမှာ တစ်ဒုက္ခရှင်းသွားပေမယ့် အခု နောက်ထပ်ဒုက္ခ ပေါ်လာပြန်ပြီ"

"ဘယ် ... ဘယ် ... လို၊ အဲဒီတော့ ကျုပ်က ထပ်ကူညီရမယ်ဆိုတဲ့ သဘောလား"

ခင့်က ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ဆုဝေ ကြားထဲက ဝင်ပြောရတော့၏။

"ဒီလိုပါ ကိုလေးညို့ရယ်၊ ကျွန်မက ခင့်သူငယ်ချင်းပါ၊ နန်းမြတ်ဆုဝေလို့ ခေါ်ပါတယ်၊ ခင့်နဲ့ ကိုလေးညို့တို့ အကြောင်းကို ကျွန်မလည်း သိပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကိုလေးညို့ နားလည်အောင် ရှင်းပြပါ့မယ်၊ ဒီလိုပါ ... ကိုလေးညို့ သိထားသလိုမျိုးပဲ၊ ခင့်က မင်းမဟော်ကို ဘယ်လိုမှ ဖြတ်မရ ဖြစ်နေတဲ့အချိန်မှာ ကိုလေးညို့ရဲ့ ကူညီမှုကြောင့် အဆင်ပြေသွားပေမယ့် ကိုလေးညို့နဲ့ခင့်ကို ချစ်သူတွေဆိုတဲ့ အမြင်မျိုးနဲ့ ခင့်အစ်ကို သူငယ်ချင်းက မြင်သွားပြီး ခင့်အစ်ကို့ကို သွားပြောတော့ ခင့်ရဲ့ အစ်ကိုက ခင့်အဖေကိုပါတိုင်၊ အကုန်သိသွားတော့ ခင့်မှာ ပြဿနာတက်တော့တာပေါ့"

"အဲဒီတော့ ..."

"ခင့်ရဲ့အဖေက သူ့သမီးရဲ့ချစ်သူကို တွေ့ချင်တယ်ဆိုပြီး ပြောလာပါတယ်၊ အကယ်၍ ခင့်က မတွေ့ပေးနိုင်ရင် လူကြီးတွေ သဘောတူထားတဲ့သူကို ယူရမယ်ဆိုပြီး အပြတ်ကို ပြောလာပါတယ်"

သူက အခြေအနေ အားလုံးကို ဇာတ်ရည်လည်သဘောပေါက်သွားလျှင် သူ့ရဲ့မျက်နှာဟာ အထူးတလည် အံ့သြပြောင်းလဲသွားကာ ခင့် ဘာကိုဆိုလိုချင်တယ်ဆိုတာ ရိပ်မိသွားဟန်ဖြင့် ...





"ဟာ ... အဲဒီတော့ ကိုယ်က မင်းမိဘနဲ့ လိုက်တွေ့ပေးရမယ်ပေါ့ ... ဟုတ်လား ... ဟော့ ... ဟော့ ... မဖြစ်ဘူး၊ မဖြစ်ဘူး"

သူက ခေါင်းတခါခါဖြင့် အသည်းအသန် ငြင်းနေသျှင် ခင့်က သူ နားဝင်အောင် ထပ်ရှင်းရ၏။

"အဲဒီလောက်ကြီးလည်း မစိုးရိမ်ပါနဲ့၊ ရှင့်ကိုလည်း အကူအညီတောင်းတာပါ၊ ကျွန်မဖေဖေနဲ့ ခဏလေး တွေ့ရုံပဲ တွေ့ပြီးတာနဲ့ ပြီးသွားပြီ၊ ကျွန်မချစ်သူအနေနဲ့ ခဏလေး ဟန်ဆောင်ပေးဖို့ပါပဲ၊ အဲဒီအတွက်လည်း ရှင်မနစ်နာစေရပါဘူး၊ ပိုက်ဆံပဲဖြစ်ဖြစ် ရှင့်အတွက် လိုအပ်တဲ့ပစ္စည်းကိုပဲဖြစ်ဖြစ် ကျွန်မ ပေးမှာပါ"

"ဘယ်လို ... ဘယ်လို၊ ပိုက်ဆံ ... ဟုတ်လား ?၊ ကိုယ့်ပုံက ငွေလိုတဲ့ပုံများ ပေါက်နေလို့လား ခင့်အနိုင်းမဲ့"

အဲ ... ခင့် စကားမှားသွားပြီ ထင်သည်။ စိတ်ညစ်သွားပါပဲ။ ခင့်သည် ဆုဝေကို လှမ်းကြည့်လျှင် ဆုဝေက မျက်နှာညှင်ချက်မဲ့ပြပြီးမှ ခင့်ဘက် ရပ်တည်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဒီလိုပါ၊ ခင့်က အပြောမတတ်တာကို နားလည်ပေးပါ ကိုလေးညို့ရယ် ... ခင် ဆိုလိုချင်တာက အဲဒီလိုမျိုး မဟုတ်ပါဘူး၊ ကိုလေးညိုရဲ့ ကူညီမှုကို တန်ဖိုးဖြတ်လို့ မရပါဘူး၊ ဒါပေမဲ့ ကိုလေးညို့ရယ် ... ဒီကိစ္စကို အစ်ကိုမှ မကူညီရင် ခင့်မှာ တော်တော်ဒုက္ခရောက်ရမှာပါ၊ ကျေးဇူးပြုပြီး ကူညီပေးပါနော် ...

ခင့်ပြောတာကိုလည်း စိတ်ထဲ ဘယ်လိုမှ သဘောမထားပါနဲ့နော်"

"ကျွန်တော် စဉ်းစားဦးမယ်၊ ဒီကိစ္စမျိုးဆိုတာက အကျယ်ချဲ့ရင် ချဲ့သလောက်ကြီးနိုင်တဲ့ ကိစ္စမျိုးဆိုတော့"

အဲဒီစကားကြောင့် ခင့် တော်တော်လေး အမြင်ကတ်လာပါသည်။ သက်သက်မဲ့ အကြောကြီးနဲ့ ပြောနေတာ။ ခင့်လို မိန်းမဟာ ဘယ်ယောကျ်ားကိုမှ အောက်ကျခံကာ တောင်းပန်ခယပြီး ပြောခဲ့တာမဟုတ်။

ယုတ်စွအဆုံး ကြွပ်ဆတ်ဆတ်နှင့် မာရေကျောရေ ရှိလှသော မဟော့်ကိုတောင် စိတ်ထဲက ကြောက်သလိုရွံ့သလို





ခဲ့သမယ့် အောက်ကျခံ တောင်းပန်ခယခဲ့တာမဟုတ်။ အဲဒါကြောင့်ပင် အုံ့လျှိုးထားသည့် ဒေါသတွေက ဖြန်းခနဲ ပေါ်လာကာ န်းထားသည့်ကြားကပင် လွှတ်ခနဲ ထွက်သွားလေတော့သည်။

"ဒီမှာ ... ရှင် အဲဒီလောက်ကြီးလည်း ကြီးကျယ်မနေစမ်းပါနဲ့၊ မကူညီလည်း သွားတော့ ... အထာကိုင်မနေနဲ့"

"ဟဲ့ ... ခင့်"

ဆုဝေက လက်ကုတ်ကာ တားပါသော်လည်း ခင့် ကရားရေလွှတ် ပိတ်ပြောလိုက်တော့သည်။ သူ့ကို အစက တော့ သြော် ... ဒါကိစ္စ ကူညီတဲ့သူလေ ဆိုပြီး ခယယပြော လိုက်ရတာ၊ အဲဒါကိုတောင် သင်းက အထာကြီးနဲ့။ ကြားထဲက တောင်းပန်နေရတဲ့ ဆုဝေကိုလည်း အားနာမိပါသည်။

ခင့် အဲဒီလိုမျိုး ပြောတာတောင် သူက အပြုံးမပျက် သောမျက်နှာဖြင့် ...

"အဟား ဟား ... မင်းက အကူအညီသာတောင်းတယ် လေသံကတော့ မိုးပေါ်ကပါလား"

www.burmeseclassic.com



"ဒီမယ် … ရှင် ဘာမှရှည်ရှည်ဝေးဝေး ပြောမနေနဲ့ ယောကျ်ားတွေများ မေါလွန်းလို့ ကြိုက်တဲ့ကောင်ကို တွဲပြီး ဟန်ဆောင်ခိုင်းလို့ရတယ်"

ခင့်က အနိုင်လိုချင်စိတ်နှင့် စွတ်ပြောလျှင် ဆုဝေကတော့ မျက်စိပျက် မျက်နှာပျက်နှင့် ခင့်ကို တားပါသည်။ ကိုယ်တော်က အင်မတန်မှ နားလည်သူကြီး ပုံစံမျိုးဖြင့် …

"ဒါပေမဲ့ ကိုယ့်လိုလူမျိုးကိုတော့ မင်း ဘယ်ရှာနိုင်ပါ့မလဲ ယောကျ်ားတွေက ယုံရတာမဟုတ်ဘူးနော်၊ ကိုယ့်လို စိတ်ချရတဲ့သူမျိုး မင်း လွယ်လွယ်နဲ့ ရှာတွေ့နိုင်မှာတဲ့လား ခင့်အနှိုင်းမဲ့၊ မင်းရည်းစားတော်င စိတ်ချရလို့လား"

အဲဒီစကားကြောင့် ခင့်က အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါ နာသွားကာ ဒေါသတွေထွက်ကာ အပြတ်ကောမေ အလုပ်မှာတော့ ပွဲထိန်း ဆုဝေက ကသောကမျော ဝင်တားတော့ သည်။

"ကြားထဲက ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ် ခင့်ကို ဖွေမယူပါနဲ့နော် ကိုလေးညို့။ ခင့်ရဲ့အခက်အခဲ ကို ကူညီပေးမယ်မှလားဟင်"





"ကူညီမယ်လို့တော့ အပြည့်အဝ အာမမခံနိုင်သေးဘူး၊ ဒါပေမဲ့ ကျွန်တော် စဉ်းစားပေးပါ့မယ်"

ခင့်က ဘာမှမပြောဘဲ နှုတ်ဆိတ်နေလျက် ဆုဝေကတော့ သူ့ကိစ္စအလား အားတက်သရော ကူညီနေရှာသည်။

"ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဒါ ကျွန်မတို့ကတ်ပါ၊ ဒီထဲက ဖုန်းနံပါတ်တွေထဲက ဘယ်ဖုန်းပဲ ဖြစ်ဖြစ် ဆက်လို့ရပါတယ်။ ခင့်ရော … ကျွန်မရော အမြဲ ရှိပါတယ်"

သူက ခင့်ရဲ့ကတ်ကိုယူကာ အိတ်ထဲထည့်ပြီး သူ့အိတ်ထဲက ကတ်လေးကိုထုတ်ကာ ဆုဝေကို ကမ်းပေးလိုက်သည်။ ဆုဝေက သူ့ရဲ့ကတ်ကိုဖတ်ပြီး မျက်ခုံးတစ်ချက် မြင့်တက်သွားပါသည်။ အို … ဘာပဲဖြစ်ဖြစ်။ ခင့်က စိတ်မဝင်စားဟန်ဖြင့် မျက်နှာတစ်ဖက် လွှဲထားပါသည်။

ဆုဝေကတော့ လုပ်စရာရှိတာ ဆက်လုပ်သူလို ဟိုလူ့ကို အင်တာဗျူးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဒီလိုမေးလို့ စိတ်တော့မရှိပါနဲ့ ကိုလေးညို့ရယ်၊ ကျွန်မက ကြားလူဆိုပေမယ့် ခင့်နဲ့က ညီအစ်မလိုပါပဲ၊ အဲဒီတော့ ခင့်ကိုယ်စား မေးရတာပါ၊ ဟို ... ဒီလိုမေးတယ်ဆိုတာကလည်း ကိုလေးညို့ ကူညီဖြစ်တဲ့အခါမှာ ခင့်က သူ့အဖေကို ကိုလေးညို့အကြောင်း intro ဝင်ရင် မပြော မဖြစ် ပြောရမှာမလို့ပါ"

သူက သဘောပေါက်သူကြီးအလား ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ကျွန်တော် သဘောပေါက်ပါတယ်၊ မနန်းမြတ်ဆုဆေ သိချင်တယ်ဆိုတာ ကျွန်တော့်အကြောင်းမှလား"

"ဟုတ်ပါတယ်"

"ကျွန်တော်က Aries ဆိုတဲ့ နာမည်နဲ့ ကွန်စရက်ရှင် လုပ်ငန်း လုပ်ပါတယ်၊ ကိုယ်တိုင်ကလည်း M.E နဲ့ကျောင်း ပြီးထားတာပါ"

လား ... လား ... ခေသူတော့မဟုတ်။ B.E တင် မက M.E ပါ လှမ်းနိုင်ခဲ့သည်ဆိုတော့ ဉာဏ်ရည်ဉာဏ်သွေးထ





တော့ ပြောစရာမလိုအောင် ထက်မြက်သူ ဖြစ်လိမ့်မည်။ အင်း ... ဆက်နားထောင်ကြည့်ဦးမှ။

"ကျွန်တော့်မိဘတွေကတော့ စင်ကာပူမှာ နေကြတယ်၊ သူတို့ရဲ့လုပ်ငန်းတွေက ဟိုမှာဆိုတော့ ဒီကို Stay သဘော မျိုးနဲ့တော့ မကြာ မကြာ ပြန်လာတတ်တယ်၊ ကျွန်တော့် အစ်မက အိမ်ထောင်ကျသွားတော့ သူတို့မိသားစုနဲ့အတူတူ ကျွန်တော် နေတယ်၊ အစ်မက ဆရာဝန်ပါ၊ ကျွန်တော်နေ တဲ့လိပ်စာနဲ့ ဖုန်း၊ ကုမ္ပဏီလိပ်စာ အားလုံးကတော့ ကတ် ထဲမှာ ပါ,ပါတယ် ...

ဘာသိချင်ပါသေးလဲ"

ကဲ ... ဘာလိုသေးလဲဆိုပြီး မေးဖို့ပဲ ကျန်ပါတော့ သည်။ ဒီလောက် ပြည့်စုံတဲ့သူ့ကို ဖေဖေ့ရှေ့ ခေါ်သွားပြီး ဒါ ခင်းရဲ့ချစ်သူပါဆိုပြီး မိတ်ဆက်ပေးလိုက်တာနဲ့ ဘယ်နေ့မင်္ဂလာ ဆောင်မလဲဆိုပြီး မေးဖို့ပဲ လိုတော့သည်။ လူက လူရည်သန့်၊ ...တလည်း M.E ၊ အလုပ်အကိုင်က Construction တစ်ခုလုံး ...မန်နေးဂျင်းဒါရိုက်တာ အင်ဂျင်နီယာတဲ့။ လေ့လာစရာဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စိတ်ဓာတ်ပဲ ကျန်တော့သည်။ မက်လောက်စရာအကွက်များစွာရှိနေသော ဒီလူကို ရည်းစားတော်ထားပါတယ် ဆိုရင် ဖေဖေက သူစီစဉ်ထားတဲ့ကိစ္စကို အော်တိုရုပ်သိမ်းသွားပေမယ့် နောက်ခ ကျတဲ့ကိစ္စကို ဘယ်လိုနှစ်ပါးသွားမလဲ။

"ကိုလေးညို့က ဘာမှပြောစရာမရှိလောက်အောင်ကို ပြည့်စုံပါတယ်၊ အဲဒီလိုလူမျိုးကို ဒီလိုအကူအညီတောင်းရတာ ဟာ အရမ်းကို အားနာစရာကောင်းပေမယ့် ခင့်မှာလည်း ဒီနည်းလမ်းပဲရှိလို့ ကျေးဇူးပြုပြီး ကူညီပေးပါလို့ ကျွန်မက ပဲ ကြားထဲက အနူးအညွတ် တောင်းဆိုပါရစေ"

"ဟုတ်ပါပြီ ... မနန်းမြတ်ဆုဝေကသာ ကျွန်တော်ကူညီဖို့ serious ဖြစ်ပြီး တောင်းဆိုနေပေမယ့် ကာယကံရှင်ကတော့ don't care ဖြစ်နေတော့ ..."

"ဒီမှာ ... ရှင် အဲလောက် မာန်တက်ပြမနေနဲ့၊ ကူညီမှာ လား မကူညီဘူးလား ... Yes or No ပဲ လိုချင်တာ၊ သိဒ် အရစ်မတက်နဲ့၊ ရှင့်ကို ခယတောင်းပန်နေရအောင် ရှင်က ဘာမို့လို့လဲ"





ခင့်အပြောကို သူက ပန်းနဲ့ပေါက်သည့်အလား ခက်တင်ချိုးကာ ရယ်ပြနေတာကိုပဲ အမြင်ကတ်လှပါသည်။ ယောက်ျားတွေဟာ တစ်မျိုးမျိုးတော့ အမြင်ကတ်စရာ ကောင်းလှပါသည်။ မဟော်ကျပြန်တော့လည်း လူက အပေအတေ၊ ဂျစ်တစ် တစ်မို့ အမြင်ကတ်ဖို့ ကောင်း၏။

ဟော ... အခု ဒီတစ်ယောက်ကျပြန်တော့ သူ့ဂုဏ် တွေရဲ့ မာန်တက်ကာ ဘဝင်လေဟပ်နေတာကြောင့် အမြင်ကတ် ကောင်းပြန်ပါသည်။ ဘယ်ယောက်ျား မှ perfect ကို မဖြစ်ဘူး။

"ကဲပါကွာ ... အဲဒါတွေ ထားပါတော့။ မင်းကို ကိုယ် ကူညီလို့ ရပေမယ့် နောက်ပိုင်းကိစ္စကို ဘယ်လိုရှင်းမှာလဲ"

သူက စကားအကောင်းမေးတော့မှ ခင့်ကလည်း တည်တည်ကြည်ကြည်ဖြင့် ပြန်ပြောလိုက်သည်။ စိတ်ထဲမှာတော့ ကူညီနိုင်မယ်ဆိုတာကို ဝမ်းသာလှပေသည်။ ပါးစပ်ကသာ သူ့ရဲ့မြောက်ကြွကြွပုံစံကြောင့် ဘုတောလွှတ်ပေမယ့် ခင့်ရဲ့စိတ် ထဲမှာ သူ့ကိုရင်းနှီးနေကာ သူ့ရဲ့အကျင့်သိက္ခာ စာရိတ္တပိုင်းကို အထောက်ခံစာမပါဘဲနှင့်ကို လေးစားယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါကတော့ နည်းနည်းကြာရင် ရှင်နဲ့ ကျွန်မ ပြတ်သွားပြီလို့ ပြောလိုက်မယ်လေ”

“ဟာ ... အဲဒီလောက်နဲ့ ပြီးသွားနိုင်တယ် ထင်လို့လား”

“မသိကော့ဘူး၊ နောင်ဖြစ်မှ နောင်ရှင်း”

ခင့်က ငှူးငှူးဝါးဝါးဖြင့် စိတ်မရှည်စွာ ထအော်လျှင် ဆုဝေကပါ သူ့ကို ကူပြောပေး၏။

“ဟို ... အဲဒီအတွက်လည်း ကျွန်မတို့ နည်းလမ်းရှာတွေ့မှာပါ”

“အိုခေလေ ... ခင့်အနှိုင်းမဲ့ကို ကိုယ်ချင်းစာတဲ့စိတ်နဲ့ ကျွန်တော် ကူညီပေးပါ့မယ်၊ ဒါပေမဲ့ ခင်ဗျားတို့ဇာတ်မှာ ကျွန်တော် ဝင်က,ပေးတယ်ဆိုတာ အဓိက,ကတော့ မင်းမဟော်ရဲ့နှောင့်ယှက်မှု မရှိတော့စေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ”

သူက ခင့်ရဲ့မျက်ဝန်းတွေကိုကြည့်ကာ အဲဒီစကားတွေ ပြောလို့လာလျှင် ခင့်ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။





မဟော့်ရဲ့ နှောင့်ယှက်မှုတွေ မရှိစေချင်လို့တဲ့။ ခင့်က ချက်ချင်းပင် အဲဒီအတွေးကို ရုပ်သိမ်းလိုက်ကာ ခပ်တင်းတင်းမျက်နှာဖြင့်ပင် ...

“ကျေးဇူးတင်ပါတယ် ကိုလေးညို့”

“တကယ်ကို ကျေးဇူးတင်ပါတယ် ကိုလေးညို့ ... အဲဒါဆို ကျွန်မတို့တွေ အဆင်ပြေပြီလို့ပဲ မှတ်လိုက်မယ်နော်၊ အခုလို ခင့်ကို ကူညီပေးတာကို ကျေးဇူးတင်ပါတယ်”

သူက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ...

“ရပါတယ် ... ဒါနဲ့ ခင့်အနှိုင်းမဲ့ရဲ့အဖေကို ကိုယ်လိုက်တွေ့လို့ ဖြစ်ပါ့မလား၊ ဟို ... ဆိုလိုချင်တာက လူကြီးတွေက အကဲခတ်စွမ်းရည် မြင့်မားတယ်လေ၊ ရိပ်မိသွားမှာစိုးလို့ပါ”

“ဩော် ... အဲဒါကတော့ သဏ္ဍာန်လုပ် သရုပ်တူရမှာပေါ့၊ ဟန်ဆောင်တယ် ဆိုကတည်းက ပိပြင်ပီရိဖို့တော့ လိုတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဆုဝေက ဝင်ပြောလျှင် ခင့်က ဟန့်သည့်သဘော ဖြင့် လက်အသာကုတ်ရသည်။ ဆုဝေက ခင့်ရဲ့လက်ကုတ်မှုကို ဂရုမစိုက်ဟန်ဖြင့် မျက်လုံးအသာပြူးပြကာ သူနှင့်ထပ်စကားဆက်၏။ မနိုင်တော့ဘူး ဒေါ်ဆုဝေရေ။

"ခင့်အဖေရဲ့ အမြင်မှာတော့ ကိုလေးညို့နဲ့ ခင့်က ချစ်သူတွေလေ ... နည်းနည်းတော့ ဖိန့်ဖိန့်အကွက်တွေ လုပ်ရမှာပေါ့"

သူက တစ်ခုပြောမည် အလုပ်မှာတော့ သူ့ဖုန်းက မြည်လာသဖြင့် "Excuse me"ဟု ပြောကာ ဖုန်းကိုင်လိုက်လေသည်။ အင်း ... ဖုန်းဖွင့်နားထောင်တာတောင် စတိုင်လ်တစ်မျိုးနဲ့ပါလားကွယ်။

ဖေဒါရောင်ရှပ်ကို တံတောင်ဆစ်ထိ ခေါက်ဝတ်ထားတဲ့ သူ့ပုံစံဟာ အရမ်းခမ်းနားပါသည်။ မဟော်တို့ဝတ်သလိုမျိုး ကိုရီးယားမင်းသားပုံစံမျိုးဝတ်တာ မဟုတ်ဘဲ သူ့စတိုင်လ်နှင့်သူ သီးသန့်ထွက်နေတဲ့ လေးညို့ဆိုသော နာမည်နှင့်လိုက်အောင် အဲဒီအစ်ကိုကြီးက ညို့အားကောင်းပါသည်။ ဒါပေမဲ့ အမြင်ကတ်ဖို့လည်း ကောင်း၏။





သူ ဖုန်းပြောတဲ့အထဲမှာ "အဲဒါဆို အခုပဲ ပြန်လာမယ်"ဆိုတဲ့ စကားပါတာကြောင့် သူ ပြန်ရတော့မည်ဆိုတာ ခင့်တို့ သဘောပေါက်လိုက်သည်။

သူက ဖုန်းပိတ်ကာ စားပွဲပေါ်ကို တင်လိုက်ပြီး ခင့်တို့ကို တစ်ချက်ကြည့်ကာ ...

"ဟို ... အားနာပါတယ်ဗျာ၊ ဒါပေမဲ့ ကိုယ်မသွားလို့ မဖြစ်တော့ဘူး၊ ကိုယ်တို့ site ထဲက အလုပ်သမားတစ်ယောက် မတော်တဆ ဖြစ်လို့တဲ့၊ ကိုယ့်မှာ တာဝန်ရှိတယ်"

"ဪ ... သွားပါ၊ အဲဒါဆို နောက်ရက်မှပေါ့"

"ဖုန်းဆက်လိုက်ပါ၊ ခင့်အနှိုင်းမဲ့ လိုအပ်တယ်ဆိုရင် အချိန်မရွေးပါပဲ ...

ကိုယ် လာခဲ့မှာပါ၊ ခုတော့ ကိုယ်သွားမှဖြစ်မယ်"

သူက ခင့်နှင့် ဆုဝေကို နှုတ်ဆက်ကာ အသည်းအသန် အလျင်စလို ခြေလှမ်းတို့ဖြင့် ထွက်သွားတော့သည်။ သူ ထွက်သွားလျှင် ဆုဝေက ခင့်ကို တစ်ချက်လှမ်းကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ကဲဓာတာ တစ်စန်းထတာပဲ ခင့်၊ ဒီလောက် အရည်အချင်း၊ ရုပ်ရည်၊ ဂုဏ်၊ စိတ်ထားအားလုံး ပြည့်စုံသာလွန်တဲ့ ယောကျ်ားမျိုးကိုမှ ဒေါ်ခင့်တို့က ချိန်ထားလိုက်တာပဲ"

ဆုဝေရဲ့ နောက်ရှုတ်ရှုတ်စကားကို ခင့်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းပြကာ ...

"တော်ပါဟယ်၊ ဘယ်လောက်ပဲ ပြည့်စုံတဲ့သူဖြစ်ဖြစ်၊ ယောကျ်ားဆိုတာမျိုးက အချိန်တန်ရင် ဗွေဖောက်တာပဲ၊ မှတ်ထား ဆုဝေ၊ ဘယ်လိုယောကျ်ားမျိုးပဲဖြစ်ဖြစ် အချိန်တန်ရင်တော့လည်း နွားပိန်ကန်ကြမှာချည်းပဲ၊ အဲဒါငါတွေ့နော် ...

အခုတောင် မဖြစ်လွန်းတဲ့ အခြေအနေမို့ သူ့အကူအညီယူတာပါဟာ၊ ပုံစံကတော့ ကြည့်မရပါဘူး"

"ခင့်ရယ် ... အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ ကိုလေးညို့က ယုံလို့ရပါတယ်ဟဲ့၊ ပြီးတော့ gentleman ပါ"





ခင့်သည် ဘာမှဆက်မပြောတော့ဘဲ ပခုံးသာတစ်ချက်တွန့်ပြလိုက်သည်။ ဘာပဲဖြစ်ဖြစ် ကိစ္စတစ်ခုကတော့ ကြံဖန်အဆင်ပြေသွားပြန်ပြီ။ ဆုဝေနှင့် ခေါင်းချင်းဆိုင်တိုင်ပင်၍ ဖေဖေ့ဆီ ပိပိရိရိနှင့် ဟန်ဆောင်ကာ for show ပြနိုင်ဖို့အတွက် အင်ဆုထားသော ဘော်တကဲကြီးကို ပီပြင်အောင် သရုပ်ဆောင်နိုင်းဖို့ ခင့်တို့မှာ မလိုင်မုန့်စားရင်း အကြံထုတ်ထားရပါတော့မည်။

* ✿ *



www.burmeseclassic.com

## ၇

အိမ်ကဖာသားကြီးက သူ့ရဲ့သမက်လောင်း ...
လာနိုင်မည့်လူကို အရမ်းကို wanted ဖြစ်နေကာ ခင့်ကို ...
သရွေ့ ဒါပဲ ရေရွေးတည်နေသော အခါမှာတော့ ခင့်ဟာ ...
လိုမှ မခံနိုင်သည့်အဆုံးမှာ သူနှင့် ပေးတွေ့လိုက်တော့မယ် ...
စိတ်ပိုင်းဖြတ်လိုက်ကာ ဆုဝေနဲ့ တိုင်ပင်၍ သူ့ကို အကျိုး ...
အကြောင်းဟယ် ပြောပြဖို့အတွက် ဒီနေ့တွေ့ကြဖို့ ဖုန်းဆက် ...
ထား၏။

"ဟဲ့ ... ဟဲ့ ... လာပြီ၊ ခင့်ပုဂ္ဂိုလ်က အလန်းစားပဲနေ





ဆုဝေ ညွှန်ပြရာကို ကြည့်လိုက်သောအခါမှာတော့ ဆုဝေ ပြောသလိုပဲ သူဟာ တကယ်ပင် အလန်းစားဖြစ်ပါသည်။ ကြီးရည်ရောင်ခံပေါ်မှာ အနက်အစင်းကျဲလေးများ ပါဝင်သည့် ရှပ်အင်္ကျီကို ဂျင်းအနက်ဖြင့် တွဲဖက်ဝတ်ဆင်ထားပုံမှာ တော်တော် အထာကျပါသည်။ Ray-Bin မျက်မှန်ပါ တပ်ထားသေး၍ သူ့ပုံစံဟာ အရမ်းမိုက်နေ၏။

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုလေးညို့"

သူက Coke တစ်ဘူး မှာပြီးသည့်နောက်မှာတော့ ခင့်ကို မေးတစ်ချက်ဆတ်ပြကာ ...

"ကဲ ... ပြော ... ကိုယ် ဘာကူညီရမှာလဲ"

"ရှင် ကျွန်မဖေဖေနဲ့တွေ့ပြီး ဟန်ဆောင်ပေးပါလို့"

ခင့်စကားကြောင့် သူက မျက်ခုံးတစ်ချက် ပင့်သွားကာ ခေါင်းတစ်ချက်ကုတ်ရင်း ...

"ဘယ်တော့ လိုက်တွေ့ရမှာလဲ"

"ရှင် အဆင်ပြေမယ့် တစ်ရက်ရက်ပေါ့ ... ကူညီမှာမှသား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူက လက်ခံသည့်သဘောဖြင့် "အင်း"လုပ်တာ မဟုတ်ဘဲ စဉ်းစားဟန်ဖြင့် အင်း ... ဆိုပြီး သံရှည်ဆွဲကာ စဉ်းစားနေတာဖြစ်သည်။

"လိုက်တွေ့ရမယ် ဆိုတော့ ကိုယ်က ဘာပြောရမှာလဲ ဖြစ်ကော ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ... ဘာမှစိတ်ပူစရာ မရှိဘူး၊ အဓိက,ကတော့ ရှင့်ဘက်က ရိုးသားဖို့ပဲ"

"ဘာ ... ဘာ ... ဘာ ... မင်း ဘယ်လိုပြောလိုက်တယ် ဟေ့ ... ဒီမှာ၊ လေးညို့ဆိုတဲ့ကောင်ကို မင်းက ဘာထင် နေတာလဲကွ၊ ဒီတိုင်းဆိုရင်တော့ မင်းကိစ္စကို ကူညီ စဉ်းစားရတော့မှာပဲ"

အံမယ် ...။ သင်းကများ ကြီးကြီးကျယ်ကျယ် ခင့်သည် ထောင်းခနဲ ဒေါသထွက်လာကာ ...

"ဒီမှာ ... ရှင် ခဲဒါဆိုလည်း ဘာဖြစ်လို့ ကူညီမယ် ဘာတွေပြောသလဲ၊ ယောကျ်ားဆိုတာ ဆိုခဲစေ မြဲစေ





ရတယ်၊ အခုမှ စဉ်းစားမယ်တွေ ဘာတွေပြောနေတော့ ရှင် ဒါသက်သက်ရစ်တာ"

"ဟား ... ခင့်အနှိုင်းမဲ့၊ မင်း ဘယ်လိုလဲကွ၊ အကူအညီ လည်း တောင်းသေးတယ်၊ ပြောတော့လည်း အထက်စီးက၊ မင်းပြောနေတဲ့ပုံက ကိုယ်ကပဲ မရိုးမသားလုပ်တတ်တဲ့ ကောင် ကျနေတာပဲ"

သူတို့နှစ်ဦးရဲ့ အခြေအတင်စကားများပွဲမှာ ဆုဝေ မျာမျာသလဲ ဝင်ထိန်းရတော့သည်။

"ကဲ ... တော်ကြပါတော့၊ ခင့်လည်း တော်တော့ ...

ကိုလေးညို့ကိုလည်း တောင်းပန်ပါတယ်။ ခင့်က အဲဒီလိုပဲ ဆိုးခနဲ ဆတ်ခနဲ ပြောတတ်တဲ့အကျင့်ရှိလို့ပါ၊ ကိုလေးညို့ စိတ်မဆိုးပါနဲ့နော်၊ ပြီးတော့ ကူညီဖို့ကိစ္စကို လည်း ဆက်ကူညီပေးပါနော်၊ တောင်းပန်ပါတယ်၊ ကူညီ ပါနော်"

ဆုဝေကသာ သူ့ကိစ္စအလား အသည်းအသည် ညီတောင်းနေပေမယ့် ခင့်ကတော့ သိပ်ကိုဂရုမစိုက်တော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အလား မျက်နှာကို မော်ချီထားလျက် ခပ်တင်းတင်း နေနေ
၏။ အဲဒီအချိန်မှာပင် ဘယ်လိုမှ မထင်မှတ်ထားပါတဲ့ အ
အနေတစ်ခုက ဖြုန်းစားကြီး ဝင်ချလာတော့သည်။

ခင့်က စူတင်းတင်းမျက်နှာဖြင့် ထိုင်နေကာ အ
သတင်းကြီးတဲ့ ရွှေမင်းသမီးပမာ လုပ်နေတုန်းမှာပင် ခင့်တို့
နေသည့် Coffee Circle ထဲကို ဝင်လာသူကတော့ ဖေဖေ
ဖြစ်တော့သည်။ ဖေဖေကလည်း ခင့်တို့အုပ်စုကို မြင်သွားဟန်
သည်။ သေပြီ။ ဖေဖေက သူ့မိတ်ဆွေတွေကို ထားခဲ့လျက်
တို့ဝိုင်းဆီသို့ လျှောက်လာလျှင် ခင့်ဟာ အတုန်တုန် အလှုပ်
ဖြင့် မတ်တတ်ထရပ်ကာ ဖေဖေ့ကို နှုတ်ဆက်လိုက်၏။

"ဖေ ... ဖေဖေ"

ဖေဖေက ခင့်ကိုမကြည့်ဘဲ ခင့်ဘေးမှာ ထိုင်နေသ
သူ့ကိုကြည့်ကာ အံ့အားသင့်သွားသော မျက်ဝန်းတွေဖြင့်။ အဲ
ပဲ သူကလည်း ဖေဖေ့ကိုမြင်လျှင် အံ့ဩသွားသည့် မျက်ဝန်း
ဖြင့်ကြည့်ကာ မတ်တတ်ထရပ်၍ ...

"အန်ကယ်"





သူ့ရဲ့ဟိုးသက်သက်အသံကြောင့် ခင့်ကော ဆုဝေ
ပါ တစ်ပြိုင်နက်တည်း သူ့ကို လှည့်ကြည့်မိသွားသည်။ သူ့ရဲ့
အန်ကယ်ခေါ်သံဟာ အတော်ရင်းနှီးနေပုံပင်။ ဘာတွေတုန်း။

"မောင်လေးညို့နဲ့ သမီးက ..."

"ဟို ... ဟို"

သူကလည်း ပြောရအခက်၊ ခင့်ကလည်း ဘာပြော
ရမှန်းမသိ ဖြစ်နေစဉ်မှာပင် ဆုဝေက ကြားဝင်ပြော၏။

"ဟို ... ခင့်နဲ့ ကိုလေးညို့က ချစ်သူတွေလေ အန်ကယ်
လေးရဲ့၊ ကိုလေးညို့ နယ်တပြန်ရောက်လာတော့မှ ဒီနေ့
ခင့်နဲ့ဆုံဖြစ်တာ၊ အဲဒါ ဆုဝေက အဖော်လိုက်ခဲ့ပေးတာပါ"

ဖေဖေက အားလုံးကို သဘောပေါက်သွားသည့်ဟန်
ဖြင့် ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျရယ်မောကာ ...

"သြော် ... သမီးနဲ့ မောင်လေးညို့က ချစ်သူတွေကိုး၊
ဟား ဟား ... ဟုတ်ပါပြီ၊ ကဲ ... သမီး၊ ဖေဖေ့မိတ်ဆွေ
တွေ ဟိုမှာစောင့်နေလို့ သွားလိုက်ဦးမယ်၊ မောင်လေးညို့
ကို မနက်ဖြန် အိမ်ခေါ်ခဲ့လေ၊ ကဲ ... အန်ကယ်သွားမယ်
မောင်လေးညို့၊ မနက်ဖြန်မှ တွေ့တာပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခင့်မှာ အတူတိအတူကြောင် အပြုံးတစ်ခုဖြင့် ကျန်ရစ်ခဲ့တော့သည်။ ဖေဖေ ထွက်သွားသောအခါ သူက ဆိုဖာမှာ ပြန်ထိုင်ရင်း အအေးတစ်ငုံ သောက်လိုက်သည်။ ခင့်သည် သူနှင့် ဖေဖေ ဘယ်လိုပတ်သက်သလဲ ဆိုတာကို မေးမယ်အပြုမှာပဲ သူက ခင့်ကို မေးဆတ်၍ မေးခွန်းထုတ်လေ၏။

"အန်ကယ်ဦးလူခင်က မင်းအဖေလား၊ မင်းက သူ့သမီးအရင်း ဟုတ်လို့လား"

"အောင်မယ် ... ရာရာစစ၊ ဖေဖေ့မှာ ခင့်အနှိုင်းမဲ့ဆိုတဲ့ တစ်ဦးတည်းသော သမီးအရင်းခေါက်ခေါက် တစ်ယောက်ပဲရှိတယ်၊ ဘာစကားပြောတာလဲ ... ဟွန်း"

ခင့်က သမီးအရင်းလားဆိုပြီး အမေးခံလိုက်ရတော့ ဒေါသထွက်သွားကာ သူ့ကို စွတ်ကောနေလျှင် သူက ဟား — ဆိုပြီး အာမေဍိတ်ပြုကာ နားထင်ကို လက်ဖြင့်ပွတ်၍ ...

"ဟား ... မင်းတော့ ဒုက္ခပဲ ခင့်အနှိုင်းမဲ့၊ ယောကျ်ားမလိုချင်လို့ ဟန်ဆောင်အကွက်တွေနင်းပြီး ယောကျ်ားမရအောင် လုပ်ကာမှ တည့်တည့်တိုး ဆိုသလို ဖြစ်နေပါပြီ"





သူ ဘာကိုဆိုလိုချင်တယ်ဆိုတာ ခင့်ကော ဆုဝေက နားမလည်စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခင့်က သူ့ရဲ့မရှင်းမရှင်း အပြောကို ခပ်မာမာလေသံဖြင့် မေးလိုက်ရသည်။

"ဒီမှာ ... ရှင် ဘာတွေပြောနေတာလဲ၊ စိတ်ကောမှန်သေးရဲ့လား ... ပြီးတော့ ဖေဖေနဲ့ ရှင်က သိနေကြတယ်၊ ဟုတ်လား"

"အေး ... ခင်းအနှိုင်းမဲ့ မင်းရည်းစားကိုမှ လက်ဆုပ်လက်ကိုင် မပြနိုင်ရင် မင်းအဖေ သဘောတူတဲ့သူကို လက်ထပ်ရမယ်ဆိုပြီး မင်းအဖေ ပြောခဲ့တယ်မှလား"

"ဟုတ်တယ်လေ"

ခင့်က ဘုဆတ်ဆတ် အပြောဖြင့် ခေါင်းဆတ်ပြလိုက်လျှင် သူက လေးလေးတွဲ့တွဲ့ ခေါင်းယမ်းကာ ...

"အေး ... မင်းအဖေကိုပြမယ့် မင်းချစ်သူပါဆိုပြီး ဟန်ဆောင်ခိုင်းတဲ့ငါက မင်းအဖေ သဘောတူထားတဲ့ မင်းနဲ့လက်ထပ်ရမယ့်သူပဲ ခင့်အနှိုင်းမဲ့"

"ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ကော ဆုဝေပါ မျက်လုံးအပြူးသားဖြင့် အံ့အား
သင့်သွားခဲ့ရပါသည်။ ဘုရားရေ ... ဘာတွေ ဘယ်လိုဖြစ်ကုန်
ပါလိမ့်။ ခင့်သည် ဖြစ်ပျက်ကုန်တဲ့ အခြေအနေတွေကို လိုက်မမီ
စွာဖြင့် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူက အား
လုံးကို နားလည်အောင် သေချာရှင်းပြ၏။

"မင်းအဖေနဲ့ ကိုယ့်မိဘတွေက လုပ်ငန်းပါတနာတွေလေ
အန်ကယ်ဦးလူခင်နဲ့ ကိုယ် ရင်းနှီးပေမယ့် မင်းက သူ့ရဲ့
သမီးဆိုတာ ကိုယ်လုံးဝမသိဘူး၊ အန်ကယ့်သမီးနဲ့ ကိုယ့်
ကို ရည်စွယ်ထားတယ်ဆိုတာ ကိုယ်သိပါတယ် ...

ကိုယ့်မှာလည်း ချစ်သူ မရှိဘူး၊ ပြီးတော့ ကိုယ့်မိဘ
တွေ စီစဉ်ထားတာကို မပယ်ရှားချင်တာနဲ့ လက်ခံဖြစ်သွား
တာ၊ ဟား ... အံ့ဩစရာကြီးကွာ၊ တိုက်တိုက်ဆိုင်ဆိုင်
မင်းက အန်ကယ်ဦးလူခင်ရဲ့သမီး ဖြစ်နေတယ်"

သွားပြီ ... သွားပြီ။ ဒီကိစ္စက ခင်တို့စီစဉ်ထားသလို
မဖြစ်နိုင်တော့။ အဆိုးဝါးဆုံးကတော့ သူဟာ ခင့်နှင့် လူကြီးချင်း
သဘောတူထားတဲ့သူပါတဲ့။ အား ... ဒုက္ခပဲ။ ခင့်က ကြံရာမရ





ခေါင်းတွေကိုက်အောင် စဉ်းစားနေရချိန်မှာ ဆုဝေက ခင့်ကို
ဆက်ကုတ်ကာ ဘယ်လိုလဲဆိုပြီး မေးဆတ်ပြ၏။ ခင့်က ခေါင်း
ခါပြလျှင် ဆုဝေက သက်ပြင်းချကာ ...

"ကဲ ... ဒီလိုပဲ မှိုင်နေလို့မပြီးဘူး ခင့်။ ခင့် ဘယ်လိုလုပ်
မလဲ၊ အန်ကယ်လေးကတော့ နင်နဲ့ ကိုလေးညို့ကို ချစ်သူ
တွေလို့ သိသွားပြီ၊ အဲဒီကိစ္စကတော့ ဘယ်လိုမှ ရှင်းလို့
ရတော့မှာကိုး မဟုတ်ဘူး၊ ဒီတော့ ဆက်ဟန်ဆောင်ရုံပဲ
ရှိတော့တယ်"

"ဟာ ... အဲဒါကြီးက မကောင်းပါဘူးဟာ။ တော်ကြာ
ဟန်ဆောင်နေရင်းက အလိမ်တွေပေါ်သွားရင် ပြဿနာ
အကြီးကြီး တက်ကုန်လိမ့်မယ်၊ အကယ်၍ အလိမ်မပေါ်
တောင် ငါက သူနဲ့ယူရကိန်းဆိုက်မှာ၊ ဟင့်အင်း ... မဖြစ်
တော့ပါဘူးဟာ"

"ဟဲ့ ... ခင့် ... နင် ပြဿနာမရှာနဲ့၊ မနက်ဖြန်ကိစ္စကို
နင် အရင်ရှင်းရမယ်၊ အဲဒီတော့ ဟန်မဆောင်ချင်လည်း
ဟန်ဆောင်ရတော့မှာပဲ ခင့်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် ဘာမှဆက်မပြောနိုင်တော့လောက်အောင်
ပင် ငိုင်ကျသွားတော့သည်။ ဆုဝေ ပြောသလိုပင် ခင့် ဟန်ဆောင်
လက်စနဲ့ ဆက်ဟန်ဆောင်တော့မည်။ ဒါ သမီးချစ်သူပါဟု
ပြောခဲ့ပြီးမှ ဘွာခတ်လို့လည်း မရတော့ချေ။

ဒုက္ခကတော့ အကြီးအကျယ်များပြီဖြစ်၏။

"မင်း အဲဒီလောက်လည်း စိတ်မလှုပ်ရှားပါနဲ့ကွာ၊ ဖြစ်လာ
မှတော့ မတတ်နိုင်တော့ဘူး။ မင်း လက်မထပ်ချင်
ကိုယ့်ကို လက်မထပ်ရအောင် ကိုယ် ကူညီမှာပါ၊ ဒါပေ
လောလောဆယ်တော့ မင်းနဲ့ကိုယ် ဒီအတိုင်းဖောရှောလ
ထားရလိမ့်မယ် ခင့်။ အကောင်းဆုံးဖျူဟာသုံးပြီး ဖြ
သားပါပါနဲ့ ဖြေရှင်းတတ်ဖို့တော့ လိုလိမ့်မယ် ...
ကိုယ့်ကို ယုံကြည်နိုင်ပါတယ် ခင့်"

အဲဒီစကားကြောင့် ခင့်ဟာ သူ့မျက်ဝန်းတွေ
ငေးကြည့်လိုက်လျှင် အရမ်းကိုအမိပ္ပာယ်လေးနက်နေသည့် အကြ
တစ်မျိုးဖြင့်ကြည့်လျက် တည်ကြည်စွာ စကားဆိုနေတာဖြစ်သည်
ခင့် သူ့ကို ယုံကြည်လိုက်ရမှာလား။





ခင့်သည် ရင်တွေတဒိတ်ဒိတ်ခုန်လျက် ခေါင်းတစ်ချက်ဆတ်ကာ ...

"ကောင်းပါပြီ ကိုလေးညို၊ လောလောဆယ်တော့ ကျွန်မ
တို့ ဟန်ဆောင်နေတာပေါ့"

သူက ခင့် မသိသေးသော အဓိပ္ပာယ်တွေ စုဝေးနေ
သည့် အပြုံးတစ်ခုကို ပြုံးပြလေသည်။ သူ့အတွက်တော့ ခင့်ဟာ
ဘယ်လိုမိန်းကလေး ဖြစ်နေမလဲ မပြောတတ်တော့ပါ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သမီးရဲ့ချစ်သူ ကိုလေးညို့ပါ ဖေဖေ"

ခင့်က ကြည်လင်သော အပြုံးတစ်ခုဖြင့် ဖေဖေ့ကို မိတ်ဆက်ပေးလိုက်လျှင် ဖေဖေက အင်မတန်မှ ကြည်လင်သော အပြုံးတစ်ခုဖြင့် တုံ့ပြန်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ ခင့်ကတော့ အင်မတန်မှကို ရင်တွေတဒိန်းဒိန်းဖြင့် ခုန်နေတာဖြစ်သည်။ ဖေဖေ့ဘက်က ဘာများ တုံ့ပြန်မှု ပြုလေမလဲဆိုပြီး ရင်ခုန်နေရတာဖြစ်၏။

ကြိုတင်ဖာတ်တိုက်ထားတာကြောင့် သူနှင့်ခင့်ရဲ့ စကားအပြောအဆိုကတော့ တစ်ထပ်တည်းကျနေနိုင်ပေမယ့် ဖေဖေ့ရဲ့အကဲခတ်စွမ်းရည် မြင့်မားမှုကြောင့် ခင့်ဟာ ရတက်တော့မအေးနိုင်ပါ။





"တကယ်ကို ထူးဆန်းတယ်ကွာ၊ ဖေဖေ ပြောခဲ့တုန်းက အကြိမ်ကြိမ် ငြင်းနေခဲ့တဲ့ သူက မောင်လေးညို့ဟာ သမီးရဲ့ချစ်သူ ဖြစ်နေတယ် ...

ကဲ ... ပြောပါဦး မောင်လေးညို့၊ မင်းနဲ့ သမီးက ဘယ်မှာတွေ့ကြတာလဲ"

ခင့်က ဟူးခနဲ လေပူတစ်ချက်ကို အသာမှုတ်ထုတ်ကာ အသာငြိမ်နေချိန်မှာ သူက ဘာ worry မှ များမနေဘဲ တည်ငြိမ်ရင့်ကျက်နေသော လေသံဖြင့် ...

"ခင့်နဲ့ ကျွန်တော်က online မှာ chat ရင်းက အပြင်မှာ ဆုံဖြစ်ပြီး တွေ့ကြတာပါ အန်ကယ်"

"သြော် ... it ခေတ်ထဲမှာ မင်းတို့က ခေတ်မီတဲ့စုံတွဲပေါ့"

သူက ရယ်မောနေနိုင်သော်လည်း ခင့်ကတော့ အစ်စက်ကလေးမှ ရတက်မအေးနိုင်ပါပေ။ ဖေဖေနဲ့ သူ့ရဲ့ရင်းနှီးမှု အတိုင်းအတာဟာ ဘယ်လောက်ရှိတယ် ဆိုတာကို ခင့် ခန့်မှန်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်းနော် ... တော်တော်လျှိုတယ်၊ ချစ်သူရှိနေပါပြီ၊ အဲဒီသူက ဘယ်သူပါလို့သာ ပြောလိုက်ရင်ပြီးပြီ"

"ဩော် ... ဖေဖေကလည်း၊ ဖေဖေ ပေးစားမယ်ဆိုတဲ့ ယောက်ျားကလည်း ကိုကိုဆိုတာ ပြောလို့လား၊ အဲဒါကြောင့် နည်းနည်းလွဲသွားတာပါ"

ခင့်က ဖောရှောအကွက်နင်းကာ ရောယောင်၍ ပြောလိုက်လျှင် ဖေဖေက အင်မတန်မှ နှစ်မြိုက်သဘောကျဟန်ရှိသော သူ့ကို ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း ...

"မင်းဒယ်ဒီနဲ့တောင် မနက်က ဖုန်းရလို့ ဒီကိစ္စကိုပြောလိုက်သေးတယ်၊ မင်းဒယ်ဒီလည်း အရမ်းကို ဝမ်းသာနေတယ်၊ မောင်ရင့်ဆီ ဒီညတော့ ဖုန်းဆက်မယ်ထင်တယ်"

အဲဒီစကားကြောင့် သူကော ခင့်ပါ မတွေးနိုင်မအန်နိုင် မျက်နှာဖြင့် ဘာအာမေဋိတ်မှ မပြုနိုင်ဘဲ တိတ်သွားရတော့သည်။ မြတ်စွာဘုရား ... ဘာကို ဘယ်ကစလို့ ပြောမှန်းကိုမသိတော့ပါ။ ခင့်မှာ သူနှင့် စတင်ပတ်သက်ခဲ့မိတာကတော့ မဟော်ကို အပြတ်ဖြတ်နိုင်ဖို့ပဲ ဖြစ်သည်။





အဲဒါဆို ကိစ္စကပြတ်ပြီဟု ထင်ခဲ့တာမှ မထင်မှတ်ရှာပင် ကိုလေးကသိ၍ ဖေဖေ့ကိုတိုင်ကာ သူနှင့်တွေ့ဖို့ တစ်ဆင့်တက်၊ အဲဒီကတစ်ဆင့် သူ့မိဘတွေပါ သိသွားသည့် အဆင့်ထိရောက်သွားခဲ့ပြီဖြစ်သည်။ ဘယ်လိုမှကို ရှင်းမရသော ရှုပ်ထွေးမှုတွေဖြင့် ခင့်ဇာတ်ကို ခင်လည်း မနိုင်တော့ပါ။

"သမီးတို့ မင်္ဂလာကိစ္စကိုတော့ ကျော်ထင်တို့ ပြန်လာမှ လူကြီးချင်း ဆွေးနွေးပြီးတော့ နေ့ကောင်းရက်သာရွေးမယ်၊ အခမ်းနားဆုံးဖြစ်အောင် ဖေဖေတို့ဘက်က စီစဉ်ပေးမယ်၊ ကျေနပ်တယ်နော်"

မကျေနပ်ဘူး ... မကျေနပ်ဘူး။

ခင့်က စိတ်ထဲကနေ အာခေါင်ခြစ် ကြုံးအော်နေပေမယ့် တကယ့်တကယ်တမ်းမှာ ပါးစပ်ပိတ်၊ ခေါင်းညိတ်လို့ ဟုတ်ကဲ့ပါ ဆိုသလိုပင်၊ စူပုပ်ပုပ်မျက်နှာဖြင့် ခေါင်းခဲ့နေချိန်မှာဲ သူက စာနာပေးစွာဖြင့် ခင့်ဘက်ကနေ ကာပြောပေး၏။

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဒယ်ဒီတို့လည်း ကျွန်တော်တို့ ကိစ္စကို သိသွားပြီဆိုတော့ မကြာခင် ပြန်လာတော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အန်ကယ်ရယ်၊ ကျွန်တော်ကော ခင့်ကော
လွတ်လွတ်လပ်လပ် နေချင်သေးတယ် ...

သူနဲ့ ကျွန်တော်က ချစ်သူတွေဖြစ်တာ သိပ်မကြာ
သေးတော့ ချစ်သူဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေချင်ကြ
သေးတယ်။ ခင့်ကော ကျွန်တော်ကော မင်္ဂလာကိစ္စကိုတော့
အလျင်မလိုပါဘူး။ အေးအေးဆေးဆေးပေါ့”

သူ့ရဲ့ဆီလျော်သင့်တင့်စွာ ခင့်ဘက်ကနေ၍ ဖာထေ
ပြောပေးရှာတာကိုတော့ ကျေးဇူးတင်လှပါသည်။ သူလည်း တော်
တော်ခေါင်းကျိန်းနေမှာ သေချာပါသည်။ အခုကိစ္စက ခင့် အ
ဆွဲထုတ်မှုကြောင့် ပြဿနာတွေက မီးခိုးကြွက်လျှောက် စိတ်
လိုက်လာကာ နိုင်ငံခြားမှာနေသော သူ့မိဘတွေဆီတောင် ရော
လို့သွားချေပြီ။

သူလည်း စိတ်ညစ်နေရှာမှာပေါ့။

“အေးလေ ... ဒါကတော့ မင်းတို့သဘောပါ။ အန်က
တို့ကတော့ အစောကတည်းက မင်းတို့ကို စီစဉ်ပေးချ
နေတာ၊ အခုတော့ အားလုံးအဆင်ပြေသွားပြီ”





“ဟုတ်ကဲ့ ခင်ဗျ ... ကျွန်တော်နဲ့ ခင့်ကလည်း အဲဒီလို
မမျှော်လင့်ဘဲ တိုက်ဆိုင်တာကိုပဲ အံ့သြနေတာ”

“ဟုတ်တယ် ... ဟုတ်တယ်၊ တကယ်ပဲ တိုက်တိုက်ဆိုင်
ဆိုင်၊ သမီးရဲ့ချစ်သူနဲ့ အန်ကယ် သဘောတူတဲ့သူက
တစ်ယောက်တည်း ဖြစ်နေတာကတော့ အံ့သြစရာကောင်း
တဲ့ တိုက်ဆိုင်မှုပဲ”

ဖေဖေက သူ မျှော်လင့်ထားတာ အကောင်အထည်
ပေါ်သည့်အတွက် အရမ်းကို ကျေနပ်အားရနေဟန် ရှိပါသည်။
ခင့်ကတော့ သေချင်လောက်အောင်ကို စိတ်ညစ်နေရ၏။ သူက
တော့ ခင့်ထက် ရင့်ကျက်သူပီပီ မျက်နှာတစ်စက်မပျက်ဘဲ နေ
ထတ်သည်ဟု ပြောရပါမည်။

“သမီးနဲ့ မောင်လေးညို့ ချစ်သူတွေဖြစ်တာ ကြာပြီလား”

အဲဒီမေးခွန်းကိုတော့ ခင့်ကပဲ ခပ်သွက်သွက် ဝင်
ဖြေပေးလိုက်သည်။

“ခြောက်လလောက်ပဲ ရှိပါသေးတယ် ဖေဖေ၊ ခင်တို့က
ချစ်သူသက်တမ်းကြာမှ လက်ထပ်ဖို့ ဆုံးဖြတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့၊ အဲဒါကြောင့် လက်ထပ်ဖို့ ကိစ္စကိုတော့ မလော ဘူး … အေးဆေး”

“ဪ … ခြောက်လဆိုတဲ့ ကာလကလည်း မနည်းပါ ဘူး၊ အေးလေ … လက်ထပ်ဖို့ကတော့ သမီးတို့လူငယ် တွေဆန္ဒအရ သိပ်တော့ မလောပါဘူး …

ဒါပေမဲ့လည်း လက်ထပ်မယ်ဆိုလည်း ရလောက်တဲ့ အခြေအနေမျိုးပါ။ မောင်လေးညို့ကလည်း လုပ်ငန်းတွေကို တောင် ဦးစီးဦးဆောင်လုပ်နေတဲ့သူ၊ သမီးကလည်း အခုဆို အလုပ်နဲ့အကိုင်နဲ့ ဂျစ်တိုက်တာလေးကတော့ ချွင်းချက်ပေါ့ ဟုတ်လား”

ဖေဖေက ခင့်ကို ချစ်စနိုး လှမ်းနောက်လေလျှင် သူကလည်း ပြုံးစိစိလုပ်တော့ ခင့်က ရုတ်တရက် ကိုယ်ဆိုးတာကို သူသိသွားတယ်ဆိုပြီး ရှက်ရမ်း,ရမ်းကာ သူ့ကို ဘုတောလေ၏။

“ဘာရယ်တာလဲ၊ ရှင်နော် … ဖေဖေက ပ,စားပေးတယ် ဆိုပြီး ဘဝင်မြင့်မနေနဲ့”

“ဟဲ့ … ခင့်၊ ဘယ်လိုပြောလိုက်တာလဲ”





“ဟုတ်တယ်လေ၊ ပြောစရာရှိတာကိုတော့ ပြောရမှာပဲ ဖေဖေရဲ့”

“သမီး … ဖေဖေ မကြိုက်ဘူးနော်၊ မောင်လေးညို့က သမီးထက် အသက်ကြီးတယ်၊ respect တော့ ရှိရမှာပေါ့ မောင်လေးညို့၊ သမီးကို အလိုမလိုက်နဲ့နော်။ ခင့်က လူကသာ အရွယ်ရောက်တာ စိတ်ကတော့ ကလေးစိတ်၊ မင်းတူတွေနဲ့ဆို သူငယ်ချင်းတောင် လုပ်လို့ရတယ်၊ အဲဒီလို ဂျစ်တူးမလေး”

“ဖေဖေနော် … ဘာတွေ လျှောက်ပြောနေတာလဲ”

ခင့်က မျက်နှာတွေနီလာကာ ဖေဖေ့ကို တားရလျှင် သူက ကလေးကို နားလည်ပါတယ်ဆိုသည့် အပြုံးတစ်ခုဖြင့် ခင့် ဘက်က ဝင်ရပ်တည်ပေး၏။

“ခင့်ရဲ့ logo ပဲလေ အန်ကယ်ရဲ့၊ ကျွန်တော်ကလည်း အဲဒီလို ဂျစ်တိုက်ပြီး ဆိုးတတ် ဗိုလ်ကျတတ်တာလေးကို ပဲ သဘောကျနေရတာ … အဟဲ”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဖေဖေကတော့ သဘောတွေ
ကာ ရယ်မောနေပေမယ့် ခင့်ကတော့ စိတ်ညစ်တာနှင့်ပင် အဲ
နေရာမှာ အသက်ပါ ထွက်ချင်သွား၏။

အား ... သေချင်တာပါပဲ။

"အေး ... လိုက်လည်းလိုက်တဲ့စုံတွဲ။ ခင့်ကလည်း
တစ်တစ် ဘုဆတ်ဆတ်၊ မင်းကလည်း အဲဒီဆိုးတာ
သဘောကျတာဆိုတော့ ဘာပြောစရာ ကျန်သေးလဲကွာ"

အန်ကယ့်သမီးလေးကို မောင်လေးညို့နဲ့ ဆိုရင်
လုံးဝကို စိတ်ချသွားပါပြီ ...

သမီးက ဆိုးခနဲ ဆတ်ခနဲ ပြောတတ်တဲ့အ
လေးတော့ ရှိတယ်။ မောင်လေးညို့ဘက်က သည်းခံ
ရှည်ပေးပါလို့"

"ဟုတ်ကဲ့ပါ အန်ကယ် ... ခင့်ကို ကျွန်တော်က ဘယ်တော့
အပြစ်မမြင်ပါဘူး"

သူ့ရဲ့တိကျသွက်လက်စွာ ကတိပေးမှုနောက်
လေးနက်ခြင်းတစ်မျိုး ပါနေသလိုပင်။ ဒီကနေ့ တွေ့ဆုံပွဲ





အဆင်ပြေပြေ ချောချောမွေ့မွေ့ ရှိသွားလို့ ရင်အေးသွားရ
မယ့် သူ့ရဲ့မပြောခိုင်းပါဘဲ ပြောတဲ့ သူ့ရဲ့အိုဗာတော်လ်ကီ
ကြောင့် ခင့် နေရခက်ခဲ့ပါသည်။

အင်း ... ဘာတွေဖြစ်ဦးမလဲ မပြောတတ်ပါ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



၈

လေးညို့သည် ခဏအတွင်းမှာ လုံးဝခြားနားသွား
သော အခြေအနေအတွက် သူ့ကိုယ်သူတောင် မယုံနိုင်ခဲ့
တကယ်ဆို ဒီလိုပုံစံမျိုးဖြစ်အောင် သူ့ဘက်က ကြိုးစားဖို့ကြံစ
နေတုန်းမှာပဲ မမျှော်လင့်တာတွေက အဆန်းတကြယ် ဖြစ်လာ
တာဖြစ်သည်။

ခင့်ရဲ့အစ်ကို ထိုက်တန်နှင့် တိုင်ပင်ခဲ့တုန်းကတော
ဒီကိစ္စကို အန်ကယ့်ကို အသိပေးပြီးမှ လုပ်ဖို့ပဲဖြစ်သည်။ ဒါ
ခင့်နှင့် သူဟာ စိမ်းလန်းစိုပြည်မှာ ဆုံခဲ့တယ်ဆိုတာကိုပဲ အန်က
က သိကာ ဘာ့အတွက် ဘာ့ကြောင့် ဆိုတာကိုတော့ မသိခဲ့



သူက အန်ကယ့်ကို ခင့်ရဲ့ဟန်ဆောင်ချစ်သူအဖြစ် အရုပ်ဆောင်ရာကနေ တကယ်ဖြစ်အောင် အန်ကယ့်ရဲ့တိုက်တွန်းအညီပံ့ပိုးမှု လိုအပ်ပါတယ်ဟု ဆိုပြီး ပြောမလို့ ရွယ်တုန်းရှိသေးသည်။ အလစ်ချောင်းရိုက်သော ကံကြမ္မာက သူ ဘာမှမပြောရသေးခင်မှာ Coffee Circle မှာ အန်ကယ်နှင့် တိုက်တိုက်ဆိုင်ဆိုင် သွားဆုံခဲ့၍ အခြေအနေတွေက ပုံမှန်မဟုတ်တော့ချေ။

ထိုက်တန်ကတော့ အဖြစ်အပျက်တွေ အတွက် အကောင်းဆုံး အကြံတစ်ခုပေး၏။

"ငါ မင်းကို အကောင်းဆုံး အကြံပေးချင်တာကတော့ ဒီကိစ္စတွေကို ဖေဖေ့ကို မင်း မပြောနဲ့တော့ ဟော့ကောင်...

မင်းရဲ့ ဇာတ်ညွှန်းကို နည်းနည်းပြောင်းလိုက်တော့ အခုချိန်မှာ ငါ့အဖေက မင်းနဲ့ ခင့်ကို တကယ့်ချစ်သူတွေလို့ မြင်သွားပြီကွာ၊ အဖေကိုယ်တိုင်က သဘောတူတဲ့အတွက် မင်းတို့ကို တိုက်တိုက်တွန်းတွန်းရှိတယ်။ သူ့စိတ်ထဲမှာ မင်းတို့က တကယ့်ချစ်သူတွေဆိုပြီး မြင်တော့ ပိုကောင်းတယ် ...

www.burmeseclassic.com

www.burmeseclassic.com



နို့မို့ဆို အဖေကပါရောပြီး ဟန်ဆောင်နေရမှာ လူကြီးဆိုတော့ ဟန်ဆောင်ကောင်းမှာ မဟုတ်ဘူး အခုကိစ္စကို အဖေမသိတော့ မင်းတို့ကို တကယ်ပဲဆို အထင်နဲ့ အားတက်သရော စီစဉ်ပေးလိမ့်မယ်။ အဲဒါ လည်း မင်းလိုချင်တဲ့ target ရောက်ပါတယ်ကွ"

ထိုက်တန်ရဲ့အကြံအတိုင်း သူဟာ ခင့်အဖေ ကယ့်ကဲ့ ဘာမှဖွင့်မပြောတော့ဘဲ အန်ကယ့် အထင်အတိုင်းကို အမှန်ဆိုပြီး မြင်စေ၏။ ခင့်ကတော့ ဒီလောက်ထိ tempo တက်လာတဲ့ဇာတ်ကို နိုင်အောင်မကနိုင်တော့၍ မာန်လျှော့လို ရဟန်ဖြင့် သူ့ကို ယုံကြည်လိုက်ရပေမယ့် သူ့ကို သိပ်မကြည် ဆိုတာ သဘောပေါက်ပါသည်။

ဒါပေမဲ့လည်း ရတယ် ခင့်။ မင်း တစ်နေ့ ကိုယ့်ကို ချစ်လာမှာပါ။

သူဟာ အဲဒီမျှော်လင့်ချက်ကြီးကြီးကို သံမှိုစွဲ ကပ်ငြိတောင့်တကာ ခင့်အချစ်ကိုရဖို့ ကြိုးစားနေရတာဖြစ်သ





သူတို့နှစ်ယောက်ရဲ့ ဟန်ဆောင်ဇာတ်လမ်းမှာ အားလုံးကို အတိအကျ သိနေသူကတော့ ခင့်အစ်ကို ထိုက်တန် ဖြစ်သည်။ ယောက်ဖက ဒီလောက်ထိ အားတက်သရော ကူညီ တယ် ဆိုတာကလည်း သူ့ရဲ့ခင့်အပေါ် ထားရှိတဲ့ ကြီးမားသော ချစ်ခြင်းမေတ္တာကို ယုံကြည်တာကြောင့်ဖြစ်၏။

"ဒါနဲ့ မင်းမိဘတွေ ဘယ်နေ့ပြန်လာမှာတဲ့လဲ"

"ရက်တော့ အတိအကျ မသိသေးဘူး၊ ဒါပေမဲ့ သူတို့လည်း ဒီတစ်ပတ်အတွင်းတော့ ပြန်လာမှာပါ"

"အေး ... မင်းမိဘတွေ ပြန်ရောက်လာမှ ပွဲကပိုကြည့် ကောင်းမှာကွ၊ အိမ်မှာလည်း ခင့်တစ်ယောက်ခမျာ သနား စရာပါကွာ၊ ဖေဖေရှေ့ရောက်တော့ တစ်မျိုးဟန်ဆောင်ရ၊ သူ့ဟာသူ တစ်ယောက်တည်း ရှိပြန်တော့လည်း ဆုဝေဆီ ဖုန်းဆက်ပြီး ပွစိ ပွစိနဲ့ အသေတိုင်ပင်နေတာ"

ခင့်ရဲ့ပုံစံလေးကို သူ့မျက်စိထဲ မြင်ယောင်ကာ သူ သနားမိသွားသည်။ အဲဒါတော့ ဟုတ်သည်။ ခင့်ဟာ တော်တော် စိတ်ညစ်နေရှာတာဖြစ်သည်။ ဒီကြားထဲကမှ သူ့မိဘတွေကပါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိစ္စသိသွား၍ ဝမ်းပန်းတသာနှင့် ပြန်လာကြမည်ဆို ဇာတ်လမ်းတွေက ချည်ထွေးတွေလို ရှုပ်ယှက်ကာခတ်လို့သွာ တော့၏။

နိုင်ငံခြားမှာရှိတဲ့ သူ့မိဘတွေဆီ သတင်းရော သွားတာကတော့ သူ ဖန်တီးခဲ့တဲ့အရာ မဟုတ်ပေ။ ခင့်ဖေ အနက်ကယ်ဦးလူခင်ကတစ်ဆင့် ဒီကိစ္စကို သိသွားကြတာဖြစ်သည် မမျှော်လင့်ပါဘဲ သူ စ,လိုက်တဲ့ အတွေးတစ်ခုဟာ အဲဒီလော အထိကို လက်ဆပြင်းသွားတာကတော့ အံ့သြစရာပင် ဖြစ်ပါသည် အဲဒီအတွက် ခင့်ကိုလည်း သူ အားနာမိပါသည်။

ခင့်ခမျာ စိတ်ညစ်နေရတဲ့ကြားထဲ မင်းမယော နှောင့်ယှက်မှုကိုလည်း မကြာမကြာ ခံရသေးသည်။ မင်းမယေ ရဲ့ရှော့ခ်ကို သူ ရှင်းလိုက်လို့ ရပေမယ့် သူက တမင်တကာ မရှင်းဘဲ ထားထားတာဖြစ်ပါသည်။ မင်းမယော်ရဲ့နှောင့်ယှ ဟာ ခင်နှင့် သူ့ကို အတိုင်းအတာ တစ်ခုအထိ နီးစပ်မှုဖြစ် သည့်အတွက် သူက ဘာမှမလုပ်ဘဲ ဒီအတိုင်း လက်ပိုက်ကြ နေခဲ့တာ ဖြစ်ပါသည်။





သူ့ရဲ့လုပ်ရပ်တွေဟာ ခင့်အပေါ်မှာ တရားချင်မှ တရားမည်။ ဒါပေမဲ့ သူဟာ ခင့်လိုတာမှန်သမျှ ဖြည့်ဆည်းပေးမည့် အလာဒင်လိုလူမျိုးပဲ ဖြစ်ပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ကြာရင် ဒီစိတ်နဲ့ပဲ လုံးပါး,ပါးပြီး သေလိမ့်မယ် နဲ့တူတယ် ဆုဝေရေ"

ခင့်သည် အင်မတန်မှ အားအင်ကုန်ခန်းကာ နွမ်းနယ်နေဟန်ဖြင့် စိတ်ဓာတ်ကျသံစွက်ကာ ပြောလိုက်လျှင် ဆုဆာက ခင့်ရဲ့ဆံပင်တွေကို သပ်တင်ပေးကာ ...

"နင် အဲဒီလောက်ကြီး စိတ်မညစ်နေပါနဲ့ ခင့်ရယ် ကိုလေးညို့က ငါတို့ဘက်မှာ ရှိနေတာပဲဟာ"

"ဘယ်လိုပဲဖြစ်ဖြစ်လေဟာ အခုဟာက အတည်ကြီး ဖြစ်တော့မှာဟာ၊ သူ့အဖေနဲ့အမေက မကြာခင်မှာ ပြန်ရောက်လာတော့မယ်"





တော်တော့်ကို စိတ်ညစ်နေရှာတဲ့ ခင့်ကို ကြည့်ကာ ဆုဝေလည်း ကိုယ်ချင်းစာပေးနိုင်ပါသည်။ တွေးကြည့်လျှင် ခင့်ရဲ့ အဖြစ်ဟာ ရုပ်ရှင်ဆန်ဆန် အံ့ဩလောက်စရာ တိုက်ဆိုင်မှုတွေနှင့် တကယ်ပဲ အံ့ဩဖို့ကောင်းပါသည်။

ရည်းစားနဲ့ဖြတ်ချင်လို့ ကိုလေးညို့ဆိုသည့်လူကို ဒါ ခင့်ချစ်သူပါဆိုပြီး အလွဲသုံးစားလုပ်မိခဲ့တာမှ အစပြုလို့ ဇာတ်လမ်းစခဲ့တာဟာ ခင့်ရဲ့သတို့သားဖြစ်တော့မည့် အဆင့်အထိကို ရောက်လာခဲ့တာဖြစ်သည်။

"ငါ့အဖေကလည်း အခြေအနေကို ချက်(ခ်)နေတာဆိုတော့ လုံးဝလှုပ်လို့ကို မရဘူး ဖြစ်နေတယ်။ ဖေဖေတို့က ငါနဲ့ သူ့ကို အမြန်ဆုံး လက်ထပ်ပေးချင်နေတာလေ၊ အဲဒါ ငါတို့က မလုပ်ပါနဲ့ဦး ဘာညာဆိုပြီး တားထားရလို့ ဒီလောက်ခံသာနေတာ"

"အေးဟယ် ... နင်တို့အဖြစ်ကလည်း တကယ့်ကျဉ်းထဲကျပ်ထဲ အခြေအနေမျိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့ဟဲ့၊ အခုဆို ဖေဖေ့ရဲ့အမိန့်နဲ့ မနက်ဆိုလည်း ငါ ဆိုင်လာဖို့အတွက် သူ့ကို ကြိုပို့လုပ်ခိုင်းတယ်ဟယ်၊ နောက် သူနဲ့ ငါက အများအမြင် ရည်းစားတွေ ချစ်သူတွေဆိုတော့ သဏ္ဍာန်လုပ် သရုပ်တူ ဟန်ဆောင်ပြရသေးတယ်၊ 'ကိုကို' 'ကိုကို'နဲ့ ခေါ်နေရတာ ကိုယ့်ဘာသာတောင် ရှက်လာပြီ ...

ဟင်း ... စိတ်ညစ်တယ်၊ ဒီဝဋ် ဘယ်သောအခါများမှ ကျွတ်ပါတော့မလဲ"

ခင့်က စိတ်ပျက်လက်ပျက်ဖြင့် ညည်းပြနေတော့သည်။ ခင့်မှာ ဒေါသထွက်ရအခက်၊ မထွက်ရအခက် အခြေအနေမျိုးဖြစ်၏။ သမီးရည်းစားတို့ ထုံးစံအရ လက်ကိုင်တာ၊ ပခုံးကိုင်တာလောက်တော့ ရှိတာဖြစ်သဖြင့် သူနှင့် ခင့်ဟာ တော်တော်ကို နေရခက်ပါသည်။

"ဟဲ့ ... နင့်လူက မိုက်တာတော့ အတော်မိုက်တာနော်မင်းမဟော်နဲ့ယှဉ်ရင် ဟိုကောင်က အပြတ်အသတ်ကျန်ခဲ့မှာ အလုပ်အကိုင်ကအစ အကွာကြီးကွာတာ။ ကွန်စရုဏ်





ရှင်လောကမှာဆို Aries က သူ့တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်ပေမယ့် တိကျသေချာမှုတွေ၊ သူတို့ဒီဇိုင်းတွေဆို ဘယ်သူနဲ့မှ မတူတာကြောင့် နာမည်ကြီးတယ်တဲ့၊ ပြီးတော့ဟဲ့ ကိုလေးညို့ကို ကပ်နေတဲ့ကောင်မလေးတွေက အများကြီးတဲ့နော် ... အဲဒါတွေကိုတောင် စိတ်ဝင်စားတာ မဟုတ်ဘူး"

လေးညို့ ငိုကာကို တခုတ်တရ ဖွဲ့နေသော ဆုဝေကိုခင့်က မျက်စောင်းတစ်ချက် ပိတ်ထိုးကာ ...

"နေစမ်းပါဦး ... နင်က ဘာလို့ ဒီလောက်သိနေရတာလဲ"

"ဩော် ... ကိုယ့်သူငယ်ချင်းလေးက အခန့်မသင့်ရင် ဟဲဟဲ ... ကိုလေးညို့နဲ့ တကယ် မာဂလောင်ဆင်(မင်္ဂလာဆောင်)ရတော့ရင် သူ့အကြောင်းကို ကြိုသိထားရအောင် စုံစမ်းထားရတာပေါ့ဟဲ့"

"ဟွန်း ... မိန်းမနော်၊ စိတ်ညစ်နေပါတယ်ဆိုမှ သေချင်စိတ်ပေါက်အောင် လုပ်ပေးနေတာလား"

ခင့်သည် ပါးစပ်ကသာ အဲဒီလိုပြောလိုက်ပေမယ့် သူ့အကြောင်းကိုတော့ အလိုလိုနေရင်းက စဉ်းစားမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ လေးညို့ဆိုတဲ့ အစ်ကိုကြီးဟာ ခင့် မွေးတဲ့မိးကြောင့် အခု လို ခေါင်းကြီးနေရပေမယ့် တစ်စက်ကလေးမှ စိတ်ပျက်ခြင်းမရှိပါ။

ခင့်ကို ညီမလေးလို သဘောထားကာ စောင့်ရှောက် ကူညီပေးနေတာပဲဖြစ်သည်။ အဲဒီလို အခွင့်အရေး မယူတတ်သည့် သူ့ရဲ့စိတ်ဓာတ်ကြောင့် ခင့်က သူ့ကို ပိုကျေးဇူးတင်ရပါသည်။ နို့မို့ဆို ခင့်မလဲ မလွယ်ရေးချ မလွယ်နိုင်ပေ။

ဖေဖေက လက်ထပ်ဖို့ကိစ္စတို့ ဘာတို့ကို ဦးဆောင် စကား စလာပြီဆို ခင့်ဘက်က ဘာမှကဖျက်ကချက် မလုပ်ရ သူကပဲ ခင့်ဘက်က ကာကွယ်ရပ်တည်ကာ စကားတွေဖောရှော လုပ်ကာ ရောချသွားတာချည်းဖြစ်သည်။ ဒီလောက်အခြေအနေ ရောက်လာတဲ့အထိ မောင်းတင်ထားပြီးမှ အဲဒါတွေဟာ ဘာတစ်ခု မှ အမှန်မဟုတ်ပါဘူးလို့သာ အမှန်တကယ် အဖြစ်အပျက်ကို ဖေဖေ့အား ဖွင့်ပြောချလိုက်ပါက ဖေဖေဟာ ရှက်လွန်း၍ အဲ နေရာမှာတင် ဗုန်းဗုန်းလဲသွားနိုင်လောက်၏။

"ငါတော့ စိတ်ညစ်လာပြီ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူးဟာ"





"ဟဲ့ ... ဒါပေမဲ့ နင် အဲဒီပုံမျိုးတော့ နင့်အဖေရှေ့မှာ ဖြစ် ပျက်ပြမနေနဲ့နော် ခင့် ... ဟန်ဆောင်ပန်ဆောင်နဲ့တော့ အလိုက်အထိုက်လေး နေလိုက်ပေါ့ဟာ၊ လောလောဆယ် တော့ ဓာတ်သိမ်းထက် လက်ရှိအခြေအနေကိုပဲ ပိပြင်အောင် သရုပ်ဆောင်ရမှာပဲ"

"အေးပါဟာ ... အေးပါ၊ ငါတော့ တကယ်စိတ်ညစ်တယ် ဟင်း"

ခေါင်းတွေ ထူပူနေကာ အရေးဆို ဘာအကြံမှမထုတ် တတ်သော ဦးနှောက်သည် ဒီကိစ္စမှာလည်း ကိုလေးညို့ ဦးဆောင် ရာနောက်ကိုပဲ အလိုက်သင့် လိုက်နေရတာဟာ သိပ်တော့မဟုတ် သေးပါ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကိုလေးညို့လားဟင် … ခင့်ပါ"

အဲဒီ ချိုရီရှိန်းမြသော အသံလေးကြောင့် လေးညို့သည် အလိုလိုနေရင်း ပြုံးမိသွားကာ ကျေလည်းကျေနပ်သွားပါသည်။ ခင့်နှင့် သူ့ရဲ့အခြေအနေဟာ ဟန်ဆောင်ပန်ဆောင်ကာလမှာ နေရပေမယ့် အဲဒီဘဝလေးကိုပဲ သူက အရမ်းမြတ်နိုးကာ နေပျော်နေတာဖြစ်၏။

"အင်း … ခင့်ပြော၊ ကိုယ် ဘာလုပ်ပေးရမှာလဲ"

"မဟော်လေ ခင့်သွားတဲ့နောက်ကို တကောက်ကောက်လိုက်နေတယ်၊ အခု ခင့်က လသာမှာ လာခေါ်လို့ရရင် လာခေါ်ပါလားဟင်"





"အိုခေ … ခင့်၊ ကိုယ် အခုလာခဲ့မယ်၊ အဲဒီမှာပဲ စောင့်နေ"

သူက ခင့်ရှိနေရာကို confirm လုပ်ကာ ချက်ချင်း ခင့်ဆီသွားဖို့ ဟန်ပြင်ရသည်။ အလုပ်ကိစ္စတွေကို ဗညားကို ခဲ့ပြီးမှ သူက ခင့်ရှိရာကို ထွက်လာခဲ့လေသည်။ သူ ရောက် တဲ့အခါမှာတော့ ခင့်နှင့် စားပွဲတစ်ဝိုင်းတည်းထိုင်နေသော မဟော်ဆိုသည့် မိုက်တိမိုက်ကန်း ကောင်လေးကို တွေ့ရလေ ။ သူဟာ ခပ်တည်တည်ပင် ခင့်ရှိရာကို လျှောက်လာကာ ငြိမ်သော်အသွင်ဖြင့် …

"ခင့် အလုပ်ကိစ္စ ပြီးပြီလား"

သူက ပြောလည်းပြော ခင့်အားကခုံမှာလည်း ဝင် ကာ မင်းမဟော်ကို ခပ်တည်တည်ပင် စိုက်ကြည့်လိုက်သည်။ ကောင်ကလည်း သူ့ကို တန်ပြန်အကြည့်မျိုးဖြင့် ပြန်ကြည့် စိန်ခေါ်နေသလိုပင်။ အဲဒီလို ပမ္မားလေးလောက်တော့ သူက ရှုမစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို သွားကြမယ်လေ"

ခင့်သည် သူ့လက်ကို ပိပြင်ပိုင်နိုင်စွာချိတ်ကာ သွားဖို့စကားစလေသည်။ သူကလည်း အလိုက်အထိုက် ထ… ကာ မင်းမဟော်ကို စိန်ခေါ်နေသည့် ရန်စ,စကားတစ်ခွန်း ပြော… ဖြစ်သွားသည်။

"မင်းမဟော် … ကိုယ် သွားလိုက်ဦးမယ်နော် ညီလေး"

အဲဒီ ညီလေးဆိုသည့် ခေါ်သံဟာ မင်းမဟော်အတွ… ဆတ်ဆတ်ခါ နာလောက်စေပါသည်။ သူ့ကို ထိမထင်သ… ချာတိတ်အဆင့်လောက်ပဲ ရှိတယ်ဆိုသော သဘောဖြင့် ညီလေ… ဆိုပြီး ခေါ်တာဖြစ်သဖြင့် သူလည်း တော်တော်ခံရခက်သွား… သေချာပါသည်။

သူနှင့် ခင့် ထွက်သွားခါနီး အချိန်မှာတော့ ခြော… ကပ်အက်ကွဲသော အသံဖြင့် …

"ခင်ဗျားတို့စုံတွဲ ဘယ်လောက်ထိ ချစ်နေနိုင်မလဲဆို… စောင့်ကြည့်သေးတာပေါ့"





ခင့်က ဒေါသထွက်ကာ ဆတ်ခနဲပြောမည် အလုပ် …ာ သူက အခြေအနေကို ရိပ်စားမိစွာဖြင့် ခင့်ရဲ့လက်ကို အသာ …စ်ညှစ်ကာ ဘာမှမပြောဖို့ သတိပေးလိုက်သည်။ နူးညံ့ချောမော …ဝသော ဒီကောင်မလေးကို သူ တစ်စက်ကလေးမှ စိတ်မတို …ချင်ပါ။

မင်းမဟော်ဆိုသည့်ကောင်ဟာ ခင့်ကို အန္တရာယ်ပြု …ောင် ပြုလာနိုင်သည့်အတွက် သူဟာ ခင့်ရှေ့က မားမား …ော်မတ် ရပ်တည်ပေးဖို့ လိုအပ်လှပါသည်။ သူတို့နှစ်ယောက် …သည် မင်းမဟော်ရှေ့က ထွက်လာပြီး ကားပေါ်ရောက်လျှင်တော့ …င့်ကို စိုးရိမ်ပူပန်စွာဖြင့် သတိပေး တားမြစ်ရသေးသည်။

"မင်း ဘယ်ပဲသွားသွား ကိုယ့်ကိုခေါ်လို့ရရင် ခေါ်ပါ ခင့်၊ မင်းမဟော်က တစ်မျိုးပဲ သူ့စိတ်တွေက ဘာကြံနေတယ် ဆိုတာ မသိတဲ့အတွက် မင်း သတိထားသင့်တယ်"

"ဟုတ်ကဲ့ … ကျေးဇူးပါပဲ ကိုလေးညို"

"မင်း ထမင်းစားပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခင့်က ဘာမှပြန်မဖြေသေးဘဲ သူ့ကို ဆတ်ခနဲ မော့ကြည့်လိုက်လျှင် သူ့ရင်တွေ တစ်ချက်တော့ ဆောင့်ခုန်သွား သည်။ ခင့်ရဲ့အကြည့်တွေထဲမှာ သူ့ကို ဘာဖြစ်လို့ ဒီလောက်ရ စိုက်တာလဲဆိုသည့် အဓိပ္ပာယ်သက်ရောက်သည့် အကြည့်မျိုးဖြ ကြည့်တာဖြစ်၏။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ သိချင်နေဟ တူသည်။ သူသည် အပြုံးတစ်ခုဖြင့် ...

"မင်း ထမင်းစားပြီးသွားပြီလား"

ခင့်က ဘာမှပြန်မဖြေသေးဘဲ သူ့ကို ဆတ်ခနဲ ကြည့်လိုက်လျှင် သူ့ရင်တွေ တစ်ချက်တော့ ဆောင့်ခုန်သွားသည် ခင့်ရဲ့အကြည့်တွေထဲမှာ သူ့ကို ဘာဖြစ်လို့ ဒီလောက်ဂရုစိုက် တာလဲဆိုသည့် အဓိပ္ပာယ်သက်ရောက်သည့် အကြည့်မျိုးဖြင့်ကြ တာဖြစ်၏။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ သိချင်နေဟန်တူသည် သူသည် အပြုံးတစ်ခုဖြင့် ...

"ကိုယ်ကတော့ မစားရသေးဘူးကွ၊ မင်းကြည့်ရတာ စားရသေးမယ့်ပုံ မပေါ်ပါဘူး၊ ထမင်းဆိုင်တစ်ဆိုင် လိုက်မယ်နော်၊ မြန်မာ series-ပဲ စားတာပေါ့"





ခင့်က ခေါင်းညိတ်ပြလိုက်လျှင် လေးညို့သည် ကိုမောင်းထွက်လာခဲ့သည်။ ရွှေဂုံတိုင်က အောင်သုခထမင်း မှာ ဝင်စားဖြစ်ကြ၏။ ခင့်က တိတ်ဆိတ်ငြိမ်သက်စွာ ထမင်း နေလျှင် သူက ခင့်ရဲ့ပါးစပ်ပိတ်ကာ ထမင်းချည်း ငုံ့စားနေပုံ အသာပြုံးမိလျှင် သူမက တစ်ချက်မော့ကြည့်၍ ...

"ဘာကြည့်နေတာလဲ၊ စားစရာရှိတာ စားလေ"

"မင်းကြည့်ရတာ တော်တော်ဗိုက်ဆာနေတယ်ထင်တယ်၊ ဘာဟင်းထပ်မှာဦးမလဲ"

အဲဒီအပြောကြောင့် ခင့်က သူ့အပြောကို ရှက်သွား ထမင်းစားတာကို လက်စသတ်ကာ ခပ်တည်တည်မျက်နှာ ဖြင့် ...

"မလိုပါဘူး၊ ဝပါပြီ"

"အိုခေ ... ထမင်းစားပြီးသွားပြီဆိုတော့ စကားပြောတာ ပေါ့၊ မင်းကို ကိုယ် အရေးကြီးတဲ့စကား ပြောစရာရှိတယ် ခင့်၊ ပြောလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် ရေတစ်ခွက်ကိုသောက်ဖို့ ဖန်ခွက်ထဲ
ရေငှဲ့ရင်းမှ မေးဆတ်ကာ ပြော ... ဟုဆိုလာသည်။ လေးညှို့သ
အဲဒီပုံစံလေးကိုပဲ သဘောကျသွားပြီး ခပ်ပြုံးပြုံးမျက်နှာလေး
ပင် ...

"ကိုယ့်ဒက်ဒီနဲ့ မာမီ မနေ့က ပြန်ရောက်တယ် ခင့်"

"ဘာ"

ခင့်ဟာ ရေသီးမတတ် ဖြစ်သွားကာ ချောင်းတွေ
တဟွတ်ဟွတ် ဆိုးနေလျှင် သူက နည်းနည်းပျာသွားပြီး တစ်
ထုတ်ပေးကာ သူမကို ကမ်းပေးပြီး ...

"ရော့ ... သုတ်လိုက်ဦး။ မင်းကလည်းကွာ ... ကလေးကျ
တာပဲ ရေတောင် သီးရတယ်လို့"

ရေသီးပြီး ချောင်းဆိုးနေတာတောင် အဲဒီကလေ
ဟာ လေသံကမလျှော့ဘဲ မာန်တင်းကာ သူ့ကိုတောင် ထပ်
သေး၏။

"အဲဒါ ရှင့်ကြောင့် ဖြစ်ရတာလေ ... သူများရေသောက်
အချိန်မှာမှ ဒီလောက် အရေးကြီးတဲ့ကိစ္စ လာပြောတာ





"ဟာ ... မင်းပဲ ပြောဆိုတော့ ငါက ပြောလိုက်ရတာပေါ့ကွ"

"ဟဲ့ ... ဘာပဲဖြစ်ဖြစ် အခြေအနေကို အရိပ်သုံးပါးကြည့်ပြီးတော့မှပြောပေါ့၊ ဘာမှန်းကို မသိဘူး"

သူမ ရေသီးတာကိုပဲ အကြောင်းပြုကာ ဒေါသတွေ ကြီးနေသော ဒီကောင်မလေးဟာ ဘယ်လိုပြောရမှန်းကို မသိပါ။ ချစ်ဖို့လည်း ကောင်းသလို အမြင်ကတ်စရာလည်း ကောင်းပါသည်။ ဘာပါ ... ဒီကောင်မလေးနဲ့သာ ရန်ဖြစ်နေရမယ် ဆိုရင်တော့ ဒီနေ့အဖို့ သူ့စကားက ပြောလို့ပြီးတော့မှာကို မဟုတ်ပါ။

"ကဲပါကွာ ... ကိုယ်ကပဲ တောင်းပန်တယ်နော်၊ ကျေနပ်ပါတော့ကွာ"

"ရှင်နော် ... စကားကို ရှိသလိုလို လာမပြောနဲ့၊ ကျွန်မ မကြိုက်ဘူး"

ဟော ... တွေ့လား။ ဘယ်လိုကောင်မလေးမှန်းကို သိပါ။ ဒါပေမဲ့ ခင့်နှင့်အတူ အဲဒီလိုနေရတဲ့ဘဝလေးကို သူ အရမ်းကို မက်မောနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းကတော့ကွာ ဒုက္ခပါပဲ၊ ကဲ ... ကဲ ... ဆောရီး ... ဆောရီးနော်၊ ကိုယ် ပြောချင်တာ ပြောလို့ရပြီလား ခင့်"

ခင့်က သူ့ကို ပေစောင်းစောင်းဒီဇိုင်းဖြင့် ဘုရှိန်းမှိုင်းပြီးမှ မေးဆတ်ပြကာ ...

"ပြောတော့ ရပြီ"

"အိုခေ ... ဒါဆို ပြောမယ်နော်။ သိပ်ပြီး စိတ်တော့မလှုပ်ရှားပါနဲ့ ခင့်ရယ် ... ကိုယ့်မိဘတွေက မင်းနဲ့ အရမ်းကိုတွေ့ချင်နေကြတယ်၊ ကိုယ် အဲဒါ ဘယ်လိုလုပ်လိုက်ရမလဲ ဟင်"

အဲဒီစကားကြောင့် ခင့်ရဲ့မျက်ဝန်းတွေ တစ်မျိုးပြောင်းလဲသွားပါသည်။ ကိုယ့်မိဘတွေက ဘယ်လောက်ပဲတွေ့ချင်နေပါစေ၊ မင်းသာ လိုက်တွေ့ဖို့ဆန္ဒမရှိဘူးဆို ကိုယ် ငြင်းပေးမှာပါ ခင့်ရယ်။ သူဟာ ခင့်အတွက်ဆို ပျော်ရွှင်စိတ်ချမ်းသာစေချင်တဲ့ ဆန္ဒတစ်ခုပဲ ရင်မှာကိန်းအောင်းနေခဲ့ပါသည်။

"ရှင့်သဘောကကော"





"ဘာကို ပြောတာလဲ ခင့်"

ခင့်က သူ့ကို ပိန်းလိုက်တာဆိုသည့် အကြည့်မျိုးဖြင့်ကြည့်ကာ မျက်စောင်းပီတ်ထိုးလျက် ...

"ရှင်ကလည်း တကယ် ဒုံးဝေးတာပဲ၊ ကျွန်မ မေးနေတာက ရှင်ကကော ဘယ်လိုဖြစ်ချင်သလဲလို့ ... တွေ့စေချင်လား မတွေ့စေချင်ဘူးလား"

သူ့သဘောကို ထောက်ခံချက်မေးနေတဲ့ သူ့ဟာခင့်ကို ဘယ်လိုပြန်ပြောရမလဲ။ သူ တွေဝေနေတယ်ဆိုတာ ရိပ်မိသန့်တဲ့သော ခင့်က ခပ်တိုးတိုးလေသံဖြင့် ...

"ရှင့်သဘောကို မေးကြည့်တာပါ၊ ကျွန်မက တွေ့ဆိုလည်း လိုက်တွေ့ပေးပါမယ်၊ မထူးတော့ဘူးလေ၊ ရှင်လည်း ရှင့်မိဘအသိုင်းအဝိုင်းကြားမှာ ကျွန်မအတွက်နဲ့ cross လုပ်ရမှာကို မလိုလားဘူး"

အင်း ... အဲဒီလိုလေး ကျပြန်တော့လည်း သူမက ဘာမှတော့မဆိုးပါ။ ကိုယ်ချင်းစာစိတ်လေး ထားပေးသားပဲ။ သူက



www.burmeseclassic.com

www.burmeseclassic.com



ခင့် ပြောတာကို သဘောပေါက်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ...

"မင်း အခုလို စဉ်းစားပေးတာ ကျေးဇူးတင်ပါတယ် ခင့်ကိုယ့်ဆန္ဒကို ပြောရမယ်ဆိုရင်တော့ မင်းကို ကိုယ့်မိဘတွေနဲ့ တွေ့ပေးရတာ တကယ်ပဲ အားနာပါတယ်၊ အ... ဖြစ်လို့လဲဆိုတော့ မင်းနဲ့ကိုယ်က တကယ်မှ မဟုတ်တာ... မင်း အနေရခက်မှာစိုးတယ်"

"ရပါတယ် ... အဲဒီကိစ္စတွေကို ဖန်တီးခဲ့တာက ကျွန်မပဲ... အဲဒီဖန်တီးမှုရဲ့ effect ကို ကျွန်မ ခံနိုင်ရည်ရှိရမှာ... ရှင်သာ ဘယ်နေ့လာတွေ့ရမယ်ဆိုတာ ပြောပါ၊ ... မျက်နှာမပျက်စေရပါဘူး"

အဲဒီစကားကြောင့် သူဟာ ရင်ထဲ၌ အရမ်းပဲ ငြိမ်းချမ်းသွားခဲ့ရတော့သည်။ ခင့်ဟာ အပြစ်ရှိသူလို ခံစားနေရပုံရ... အဲဒီအတွက်တော့ သူ စိတ်မကောင်းပါ။ ဒီကိစ္စရဲ့ဖန်တီးသူ... သူပါဆိုတာ တစ်နေ့ ခင့် သိသွားရင် ...။





တော်ပြီ ... ဆက်မတွေးတာ အကောင်းဆုံးပါ။

အရေးကြီးဆုံးကတော့ ခင့်ရဲ့အနားမှာ ရှိနေတဲ့ကာလမှာ ခင့်ကို ပျော်စေချင်တာ တစ်ခုပဲရှိသည်။ လောလောဆယ်မှာတော့ သူဟာ ဟန်ဆောင်မှုတွေထဲမှာ အတော်လေးကို နေသားတကျ ရှိနေခဲ့ပြီ ဖြစ်ပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့မိဘတွေဟာ ဘယ်လိုပုံစံမျိုးနှင့် ခင့်ကိုဆက်ဆံလိမ့်မလဲဆိုတာ ရင်တခုန်ခုန်ဖြင့် သူ့အိမ်လိုက်သွားတဲ့အခါမှာ ခင့်အတွက် နူးညံ့နွေးထွေးမှုတွေသာ ရှိနေခဲ့သော နေရာဆိုတာ သဘောပေါက်လာခဲ့ရပါသည်။

ပေါ်တီကိုအောက်မှာ ကားကိုရပ်လိုက်လျှင်တော့ ခင့်ရဲ့စိတ်လှုပ်ရှားမှုတွေဟာ အတိုင်းထက်အလွန် ဖြစ်နေခဲ့၏။ ခင့် ရင်ခုန်စိတ်လှုပ်ရှားနေတယ်ဆိုတာ ရိပ်မိသိရှိသော သူက ခင့်ကို ကားတံခါး လာဖွင့်ပေးရင်းက နူးညံ့နွေးထွေးသော အပြုံးတစ်ခုဖြင့်ပြုံး၍ ...

"ဘာမှ စိတ်မပူနဲ့နော် ခင့်၊ ကိုယ်လည်း ရှိနေတာပဲ"

ခင့်က ကားပေါ်က ဆင်းလိုက်လျှင်တော့ ပထမဆုံး စတင်ကြားရတာကတော့ ကလေးနှစ်ယောက်ရဲ့အသံပဲ ဖြစ်ပါသည်။





"ဟာ ... ဘိုးဘိုးနဲ့ ဘွားဘွားရေ ... လေးလေးနဲ့ တီတီတို့ လာပြီဗျို့"

ဟု ဆိုကာ ခုန်ပေါက်ပြေးလွှားကာ အိမ်ထဲဝင်သွားတော့သည်။ ချာတိတ်နှစ်ယောက်ရဲ့စကားကြောင့် သူက အားတုံ့အားနာ ဖြစ်သွားကာ ခင့်ကို တောင်းပန်လေ၏။

"ဆောရီးနော် ခင့် ... အဲဒါ ကိုယ့်အစ်မရဲ့သားနှစ်ယောက်လေ၊ သူတို့တွေက ကိုယ်နဲ့လက်ပွန်းတတီးရှိတော့ ခင့်ကိုလည်း သူတို့ရဲ့တီတီလေး ဖြစ်လာမယ့်သူဆိုပြီး မတွေ့ဖူးသေးပေမယ့် တွယ်နေကြတာလေ"

"ဪ ... ရပါတယ်"

ခင်တို့က ပေါ်တီကိုအောက်မှာပဲ စကားပြောနေကြတုန်းမှာပဲ သူ့ရဲ့ အဖေနှင့်အမေ ဖြစ်ဟန်တူသော လူရည်သန့် ခင်ချောချော ပုဂ္ဂိုလ်တွေက အိမ်ထဲက ထွက်လာကာ ...

"ဟယ် ... သားရယ် ... သမီးလေးကို အိမ်ထဲခေါ်ဦးလေ၊ လာ ... သမီး လာ"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ရဲ့လက်ကိုဆွဲကာ တရင်းတနှီး အိမ်ထဲသို့ခေါ်လာလေကာ ဆိုဖာပေါ်မှာ ဝင်ထိုင်စေ၏။ သူ့ရဲ့အိမ်သားတွေဟာ အင်မတန်မှ ဖော်ရွေပျူငှာကာ ချစ်စရာကောင်းလှပေသည်။

"ခင့် ... ဒါက ကိုယ့်ဖေဖေ ဦးကျော်ထင်၊ ကိုယ့်မေမေ ဒေါ်စန္ဒာတဲ့၊ ဒါကတော့ ကိုယ့်ယောက်ဖ ကိုနေရိုး လက်ထောက်ကထိကလေ။ ဒါ ကိုယ့်အစ်မ မချိုနွေတဲ့၊ သူတို့က ကိုယ့်တူတွေလေ ကျော်ထင်လင်း၊ ကျော်ထင်ရှင်းတဲ့"

သူက အားလုံးကို ရင်းနှီးနွေးထွေးစွာ မိတ်ဆက်ပေးပြီးနောက်မှာ ခင့်က ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဟုတ်ကဲ့ ... အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မနာမည် ခင့်အနှင်းမဲ့ပါရှင်"

"အေးကွယ် ... သမီးလေးကိုတော့ ဓာတ်ပုံထဲမှာ မြင်ဖူးပါတယ်၊ ဒါပေမဲ့ သမီးက အပြင်မှာ ပိုချောတယ်"

ခင့်က ချစ်စဖွယ်ကောင်းစွာ ပြုံးပြကာ စကားစမြည်ပြောဖြစ်ကြသည်။ သူတို့မိသားစုဟာ အရမ်းကို ရင်းနှီးနွေးထွေး





ကာ ချစ်ဖို့ကောင်းလှပေ၏။ အစပိုင်းမှာတော့ ခင့်က ရင်တွေအဒိတ်ဒိတ်ခုန်ကာ စိတ်တွေလှုပ်ရှားနေပေမယ့် သူတို့မိသားစုရဲ့နွေးထွေးမှုကြောင့် ခင့်က စိတ်တွေပုံမှန်ဖြစ်ကာ သူတို့မိသားစုနဲ့အပျော်တွေ ကူးစက်ကုန်လေသည်။

"မာမီတို့ကတော့ သမီးနဲ့ သားကို အမြန်ဆုံး စီစဉ်ပေးချင်နေတာ၊ သမီးလေးကို မာမီတို့က သမီးအရင်းလေးလိုကို ချစ်တာ"

ခင့်က သူ့မာမီရဲ့အပြောကြောင့် တစ်ကိုယ်လုံးနွေးထွေးရှိန်းမြသွားသလို ခံစားလိုက်ရလေသည်။ ခင့်ဘဝမှာမိခင်မေတ္တာကို သေချာမခံစားဖူးသေးတဲ့ လူမမယ်အရွယ်မှာပင်အမေ ဆုံးသွားခဲ့ရ၍ ခင့်အတွက် ဖေဖေ့ကိုသာ အဖေလို၊ အမေလို သဘောထားခဲ့ရတာဖြစ်သည်။

"ကဲပါ မာမီရယ် ... မာမီ့ရဲ့သမီးလေးကို တွေ့ချင်ရင်အချိန်မရွေး တွေ့လို့ရတယ်၊ လောလောဆယ်တော့ ထမင်းစားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



သူက ခင့် အနေရခက်မှာစိုး၍ ထမင်းစားဖို့ စကားစလိုက်လျှင် မာမီက ခင့်လက်ကိုဆွဲကာ ထမင်းစားခန်းသို့ ဝင်လေ၏။ ခင်တို့ဟာ သူ့မိသားစုတွေနှင့် စားကြသောက်ကြနှင့် အတော့်ကို ပျော်နေကြတာဖြစ်သည်။ သူ့တူလေးနှစ်ယောက်ကလည်း အင်မတန်မှ ချစ်ဖို့ကောင်းလေသည်။

"ခင့်နှင့်တော့ ကစားဖော်ရပြီပေါ့"ဆိုပြီး ခင့်အနားကပ်ကာ ခပ်တိုးတိုးလေးသံဖြင့် နောက်လေလျှင် ခင်က မျက်စောင်းတစ်ချက်ကျိတ်ထိုးလေသည်။ ဘာပဲဖြစ်ဖြစ် ခင့်ဟာ ဒီနေ့တွေ့ဆုံပွဲလေးမှာ ဘာစိတ်ကျဉ်းကျပ်မှုမှ မရှိဘဲ အေးအေးချမ်းချမ်း ရှိလေသည်။

စားပြီးသောက်ပြီး အချိုတည်းပြီးသွားသည့်နောက်မှာတော့ သူက ခင့်ကို ပန်းခြံလေးထဲကိုခေါ်ကာ သီးသန့်ညှိခံလေသည်။

"ကိုယ့်မိသားစုဝင်တွေကြောင့် ခင့် စိတ်အနှောင့်အယှက်များ ဖြစ်နေလားဟင်၊ အဲဒါဆိုရင်တော့ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်"





"မဟုတ်တာ ... တောင်းပန်စရာ မလိုပါဘူး၊ ကျွန်မကိုယ်တိုင်လည်း ရှင့်ရဲ့မိသားစုတွေကို သံယောဇဉ် ဖြစ်မိပါတယ်"

"ကိုယ့်မာမီက အရမ်းပွင့်လင်းတာ၊ ခင့်ကိုလည်း သူ သိပ်ချစ်တာလေ"

ပြောရင်းနှင့် သူ့အသံတို့ တိတ်သွားတော့သည်။

ခင်သည် စိတ်မသက်မသာဖြစ်ဖြင့် လေပူတစ်ချက်ကို မသိမသာ ဖော်ထုတ်ရင်း သူ့ကိုလည်း အားနာလာမိသည်။ ခင့်ရဲ့လုပ်ရပ်တာ သူ့ဂုဏ်သိက္ခာတွေကို ကျဆင်းစေမည့် အဆိပ်အတောက် ခုများ ဖြစ်နေခဲ့ပြီလား။

"ကျွန်မတို့ရဲ့မင်္ဂလာကိစ္စကို အခုလို အချိန်ဆွဲပေးထားတာ ကျေးဇူးတင်ပါတယ် ကိုလေးညို့"

"မင်းလည်း သေချာစဉ်းစားပါ ခင့် ... ကိုယ်တို့ကိစ္စက အတိုင်းအတာတစ်ခုထိပဲ အချိန်ဆွဲထားလို့ရမယ်၊ အခု တောင် မင်း ကြားတဲ့အတိုင်းပဲ၊ မာမီတို့က အခုချက်ချင်း ဆော့စပ်ပေးချင်နေတာ"

www.burmeseclassic.com



"မသိတော့ဘူးကွာ ... ရှင်နဲ့ ကျွန်မလည်း ဘယ်အချိန်
ဆက်ဟန်ဆောင်နေရမလဲ မသိတော့ဘူး"

ခင့်သည် သက်ပြင်းတစ်ချက်ချကာ မှိုင်နေစဉ်မှာ
ခင့်ရဲ့အနားကို သူ့တူလေးနှစ်ယောက်က ရောက်လာကာ ...

"တီတီလေး ... သားတို့အိမ်ကို နောက်လည်း လာ
နော်"

ကလေးနှစ်ယောက်ရဲ့ချစ်စရာမျက်နှာလေးက
ရဲ့စိတ်ကို ကြည်လင်သွားစေသည်။

ခင့်သည် ချာတိတ်နှစ်ယောက်ရဲ့ ပါးဖောင်း
လေးကို ဖျစ်ညှစ်လိုက်ရင်း ...

"လာလည်မှာပေါ့ သားတို့ရဲ့ ... တီတီရဲ့အိမ်ကိုလည်း
လာခဲ့လေ"

"ဟုတ်ကဲ့ ... လေးလေးကို ပို့ခိုင်းရမယ်၊ တီတီ အခု
လားဟင်"

"ကိုကို ... တီတီ့ကို စိတ်ညစ်အောင် မလုပ်ရဘူး





လေးညီ့က လှမ်းဟန့်လိုက်မှ ချာတိတ်က မျက်နှာ
ယ်ကာ ပါးစပ်ပိတ်သွားလျှင် ခင့်က သနားသွားပြီး သူ့
ဘုလှမ်းတောလိုက်၏။ ဒါပေမဲ့ ဘုတောတာတောင်မှ ခင့်
ဟန်ဆောင်ပန်ဆောင်ဖြင့် လုပ်ရရှာပါသည်။

"ကိုကိုနော် ... ကလေးတွေကို ဘာလို့ဆူတာလဲ၊ မဆူနဲ့
မကြိုက်ဘူး ...

ကဲ ... ပြော၊ သားတို့က ဘယ်သွားချင်လို့လဲ"

ခင့်ရဲ့ အားပေးအားမြှောက် ပြုမှုကြောင့် ကလေး
ယောက်က အားတက်သွားကာ ...

"အဲဒါဆို သားတို့ကို လေးလေးနဲ့အတူတူ Game City
လိုက်ပို့ပေးပါလားဟင်၊ မာမီနဲ့ ဒယ်ဒီက ပို့ပေးမယ် ပို့
ပေးမယ်ဆိုပြီး လိုက်ကိုပို့ဘူး ... တီတီလေး လိုက်ပို့နော်"

"ကိုကိုနဲ့ ညီညီ ... မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲ"

"အဲဒီ လေးလေးကလည်း သူ့ဇနီးလောင်းကို ထိတာနဲ့
ပြဿနာရှာတော့တာပဲ၊ တော်ပြီ ... လေးလေးကို မချစ်
တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေရဲ့ ချစ်စရာကောင်းသော အမူအ
ကြောင့် ခင့်သည် ကလေးတွေကို Game City လိုက်ပို့ပေး
ဆုံးဖြတ်လိုက်တော့သည်။

"ကဲပါ ... ဒါဆိုလည်း ခုပဲ သွားတာပေါ့"

"ဟေး ... ဟေး ... ဒါမှ တို့တီတီကွ"

"ခင့်"

အဲဒီစကားသံဟာ တစ်ပြိုင်တည်းလိုလိုပင် ထွက်
လာတာဖြစ်သည်။ ကလေးတွေကတော့ ပျော်သွား၍ ထအော်
ကာ၊ သူကတော့ အံ့သြ၍ အာမေဋိတ်ပြုဟန်တူသည်။ ခင့်
ယောက်မလောင်းကို သွားရောက်ခွင့်ပန်ကာ သူ့ဖေဖေနဲ့ အေ
တိုပါ ခွင့်တောင်းကာ သွားဖို့ဟန်ပြင်လိုက်တော့သည်။

Game City အရောက်မှာတော့ ကလေးတွေ
အတူ ခင့်ကော သူပါ ရိုလာကိုစတာ၊ ပင်လယ်ဓားပြစီးပြီးသွား
သောအခါ ကလေးတွေက ကျန်တာတွေ သွားဆော့နေစဉ် ခ
နှင့်သူကတော့ ဆိုင်တစ်ဆိုင်က ထိုင်စောင့်ရင်း ကလေး
ကစားတာကို ထိုင်စောင့်ပေး၏။ သူက ကလေးတွေ ဆော့
ကြတာကို ငေးကြည့်ရင်း ...





"ခင့် ... လူတွေက ကိုယ်တို့ကို ဘယ်လိုထင်မလဲ မသိ
ဘူးနော်"

သူ ဘာကိုဆိုလိုချင်တယ် ဆိုတာကို ခင့်က ရိပ်မိ
ခြင်း သူ့ကို ရှက်ရှက်ဖြင့် သူ့လက်မောင်းကို ဖြန်းခနဲရိုက်ကာ ...

"ရှင်နော်... ဘာစကားပြောတာလဲ၊ အဲဒီလိုမျိုးတွေ မပြော
နဲ့လို့ ပြောထားတယ်လေ၊ သေမယ်နော်"

ခင့်က ရှက်ရှက်နှင့် သူ့ကို ပြောနေတယ်ဆိုတာကို
သာသူက သဲသဲကျစွာ ရယ်မောပြီး ခင့်ကို တမင်တကာ
ဆပ်စသေးသည်။

"မင်းကလည်းကွာ၊ ကိုယ် အမြင်အတိုင်း ပြောတာလေ၊
မင်းနဲ့ကိုယ်က စုံတွဲဆိုရင် ဒီကလေးတွေက ကိုယ်တို့ရဲ့
ကလေးတွေလိုပဲ သူတို့က မြင်ကြမှာပေါ့ကွ၊ မဟုတ်ဘူး
လား အချစ်ရယ်"

သူက လုပ်သံကြီးဖြင့် ပြောနေလျှင် ခင့်ဟာ ဆတ်
ခါအောင် ဒေါသတွေ တရှူးရှူး တရှဲရှဲဖြင့် ထွက်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အစား ဒေါ်သမထွက်ဘဲ ရှက်ရယ်သာ ရယ်မိတော့သည်။ အဲဒါ စရာကောင်းလောက်စွာပင် ခင့် သူ့ကို စိတ်မဆိုးမိပါချေ။

"မင်း ဒီကလေးတွေကို တာဝန်ယူပြီး ခေါ်လာတာ ဟုတ်တယ်နော်၊ အဲဒီနှစ်ကောင်က လေညီတွေ၊ ငါတို့ ချက်(ခ်)နေတာ၊ တစ်ခုခု မသက်ာတာနဲ့ သူ့အဘွား သွားပြောမှာ ...

အဲဒါဆို ကိုယ်လည်း ကူမပြောနိုင်တော့ဘူးနော်

"ရှင်နော် ... အကျင့်မယုတ်နဲ့"

"ဩော် ... ကဲ ... မင်းကတော့ကွာ"

သူက ခင့်ရဲ့ဦးခေါင်းကို အုပ်မိုးလှုပ်ယမ်း နှာခေါင်းရှုံ့ပြလျှင် ခင့်က အံကြိတ်ကာ ဒေါ်သတွေထွက်လျှ သူ့ကို စိတ်တိုတိုဖြင့် ဗိုက်ခေါက်ကို ဆွဲလိမ်ပစ်လိုက်သည်။

"အားလားလား ... သေပါပြီကွာ၊ မင်းကလည်းစတဲ့ ကို"

"လက်မပါနဲ့လို့ ပြောထားတာ၊ ရှင် နားမလည်ဘူးလား





ခင့်က မျက်မှောင်ကြုတ် အံကြိတ်လျက် စွတ်ကောလျှင် သူကတော့ ပန်းနှင့်ပေါက်စည့်အလား မျက်နှာပြောင် တိတ်ကာ တဟားဟား ရယ်မောနေလေသည်။

ဟွန်း ... အမြင်ကတ်ဖို့ ကောင်းတဲ့သူ။

"လေးလေးနဲ့ တီတီ လာ ... သားတို့ စတစ်ကာခတ်ပုံ သွားရိုက်ကြမယ်"

ခင့်က အဲဒီစကားကြောင့် ဘာပြန်ပြောလို့ ပြောရ မှန်းမသိ ဖြစ်နေစဉ်မှာပင် သူက ခင့်ကို ကာကွယ်ပေးပြန်၏။ အဲဒီအတွက်တော့ သူ့ကို ကျေးဇူးတင်ရပါသည်။

"ကဲပါကွာ ... မင်းတို့ပဲ သွားရိုက်ကြပါ၊ လေးလေး ဒီက ပဲ စောင့်နေမယ်၊ မင်းတီတီက ခေါင်းကိုက်နေပြီကွ၊ မြန် မြန်သွား မြန်မြန်လာ"

ဒါတောင် ချာတီတ်က အထွန့်တက်ချင်သေးသဖြင့် သူက တစ်ချက်ဟန့်လိုက်တော့မှ ပါးစပ်ပိတ်ကာ ထွက်သွားတော့ ၏။ ကလေးတွေ ထွက်သွားသောအခါမှာတော့ သူက ပြုံးစဖ ျက်နှာဖြင့် ခင့်ဘက်ကို လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို ကာကွယ်ပေးထားတယ်နော်"

ခင့်က သူ့ကို မျက်စောင်းတစ်ခုသာ ပိတ်ထိုးကာ ဘာမှဆက်မပြောတော့ချေ။ ဒါပေမဲ့ သူ့ကို ကျေးဇူးလည်းတင် သလို အမြင်လည်း ကတ်မိပါသည်။

* ✿ *





## ၁၀

အခြေအနေတွေဟာ ပုံမှန်နှုန်းဖြင့် လည်ပတ်နေတုန်းမှာပဲ မထင်မှတ်တာတစ်ခုက ခင့်တို့ကို အလစ်ချောင်းဝင်ရိုက်သွားခဲ့တာဖြစ်သည်။ သူ့ရဲ့ဒယ်ဒီဟာ ရုတ်တရက် လေဖြတ်သွားသဖြင့် ခင်တို့နှစ်မိသားစုမှာ တော်တော်ဂယက်ထသွားရသည်။

သူကလည်း သူ့ဒယ်ဒီရဲ့ပြောင်းလဲသွားတဲ့ အခြေအနေအတွက် တော်တော်စိတ်မကောင်းဖြစ်ကာ ဝမ်းနည်းသွားရှာနက်တူသည်။ အလုပ်တွေကို ခဏနားကာ သူ့ဒယ်ဒီအနားမှာပဲ ဝတ်ကြီးဝတ်ငယ် ပြုစုနေရှာသော သူ့ကို အားပေးဖို့အတွက် ခင့်မှာ တာဝန်ရှိတယ်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့အမြင်မှာ ခင့်နှင့် သူဟာ မကြာခင်လက်ထပ်တော့မည့် ချစ်သူတွေအဖြစ် သိထားတာဖြစ်သည်။ ဒါ့အပြင် သူ့မာမီရဲ့ မိတ်ဆက်ပေးမှုကြောင့် ခင့်ဟာ သူတို့အသိုင်းအဝိုင်းကြားမှာ ပွဲလယ်တင့်နေသူ တစ်ယောက်လည်းဖြစ်၏။ ခင့်မှာ သူ့နံဘေးနားမှာ နေပေးဖို့ တာဝန်ရှိတာမို့ နေ့ရှိသရွေ့ သူ့နံဘေးမှာပဲ နေဖြစ်ပါသည်။

"ကိုယ့်ဘေးနားမှာ အခုလို ရပ်တည်ပေးတာ ကျေးဇူးပါပဲ ခင့်ရယ် ... ဒယ်ဒီက သိပ်တော့ မသက်သာသေးဘူး"

သူ့ရဲ့စိတ်ပျက်ဝမ်းနည်းနေတဲ့ ပုံစံကို ခင့်က မကြည့်ရက်စွာဖြင့် သူ့ကို နှစ်သိမ့်ပေးသည့် သဘောဖြင့် သူ့လက်တွေကို ဆုပ်ကိုင်ကာ ...

"ဘာမှ စိတ်ဓာတ်မကျပါနဲ့ ... ဒယ်ဒီ ပြန်ကောင်းလာမှာပါ ကိုကိုရယ်"

သူ သတိထားမိလား၊ မမိလားတော့ မပြောတတ်ပါ။ ခင့်ကတော့ သတိထားနေပါရက်နှင့် သူ့ကို "ကိုကို"ဟုခေါ်ရတာကို နှုတ်ကျိုးလျက် နှစ်ယောက်တည်းရှိနေသည့် ဒီလိုအချိန်မျိုးမှာ အဲဒီလိုမျိုး နှုတ်က လွှတ်ခနဲ ထွက်သွားမိတာဖြစ်သည်။





"သမီးနဲ့ သားကို မာမီ တစ်ခုလောက်တော့ မေတ္တာရပ်ခံချင်တယ်၊ မင်းတို့ဒယ်ဒီရဲ့ အခြေအနေကိုလည်း မင်းတို့ ရိပ်မိမှာပါ၊ မင်းတို့ဒယ်ဒီက သားနဲ့သမီးကို အမြန်ဆုံး လက်ထပ်စေချင်နေတယ်"

မာမီရဲ့ အဲဒီတိုက်တွန်းမှုကို သူက ဘာမှမပြောပေမယ့် ခင်ကတော့ အတွေးတစ်ခု ကြီးစိုးလာခဲ့တော့သည်။ ခင့် ဘယ်လိုလုပ်ရပါ့မလဲ။ လူကြီးတစ်ယောက်ရဲ့ဆန္ဒ ပြည့်ပါစေဆိုပြီး လိုက်လျောလိုက်ရလျှင်လည်း ခင့်ဟာ ဟန်ဆောင်ဘဝကြီးထဲက လွတ်မြောက်လမ်း မမြင်တော့ပါ။ အဲဒီကိစ္စကို သူနဲ့အေးအေးဆေးဆေးရှိသော အချိန်မှာ တိုင်ပင်ကြည့်သောအခါတွင်တော့ ...

"မင်း ... ကိုယ့်ကို မချစ်နိုင်ဘူးဆိုတာ ကိုယ်သိပါတယ်၊ ကိုယ့်ဒယ်ဒီကိုငဲ့ပြီး လက်ခံလိုက်တာမျိုးတော့ မလုပ်ပါနဲ့ ခင့်၊ မင်းနဲ့ ကိုယ်က တကယ်တမ်းတော့ မလုပ်သင့်တဲ့ ကိစ္စကို နှစ်ယောက်စလုံး မှားမှန်းသိသိချည်းနဲ့ လုပ်မိသွားတာ၊ အဲဒီအတွက် မင်းဘက်က ဘာမှအနစ်နာခံဖို့ မလိုပါဘူး ခင့်၊ မင်းသဘောပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကား ကြားရသောအခါ ခင့်ဟာ ရင်ထဲမှာ ဆို့နင့်သွားတော့သည်။ ခင့် လွယ်လွယ်နှင့် တွေးထားခဲ့သော ခပ်ပေါ့ပေါ့ ကိစ္စတစ်ခုဟာ ဒီလောက်ထိ ပြဿနာတွေ ကြီးလာလိမ့်မည်ဟု မထင်ခဲ့မိပါ။ ခင့်ဟာ ဘယ်လိုမှ ကြံရာမရသည့် အဆုံးမှာတော့ အားလုံးရဲ့ စိတ်ချမ်းသာမှုတစ်ခုအတွက် ခေါင်းညိတ်ရတော့မည်ထင်သည်။

ခင့်ရဲ့ဖေဖေကလည်း တစ်နေ့ တစ်နေ့ လက်ထပ်ဖို့ကိစ္စကိုပဲ တိုက်တွန်းနေတော့သည်။ ဘယ်လိုမှ ငြင်းမရနိုင်တော့သည့် အဆုံးမှာတော့ သူနှင့် ခင့်ဟာ အကျဉ်းချုံးလက်ထပ်ဖို့ပဲ ဆုံးဖြတ်လိုက်ရတော့၏။

"မင်း လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား ခင့်"

"ဟုတ်တယ် ကိုလေးညို့ ... ကျွန်မတို့ မင်္ဂလာကိစ္စဟာ လူကြီးတွေအတွက်တော့ အကြီးမားဆုံး မျှော်လင့်ချက်ပါ ...

အထူးသဖြင့် ဒယ်ဒီရဲ့မျှော်လင့်ချက်ကို ကျွန်မ ရိုက်ချိုးမပစ်ချင်ဘူး၊ ကျွန်မတို့တွေ ဘယ်လိုပတ်သက်တယ်ဆိုတာကို သူတို့က သိမှမသိကြတာ၊ စကတည်းက လွဲသွားခဲ့တာဟာ ဒီနေ့အထိပဲလေ ...





အဲဒီအလွဲကို ကျွန်မကတော့ ပေးဆပ်လိုက်တယ်လို့ သဘောထားတယ်၊ ရှင့်သဘောကကော အကယ်၍ ရှင့်မှာ ချစ်သူဘာညာရှိတယ် ဆိုရင်တော့ ကျွန်မငြင်းလိုက်ပါ့မယ်"

ခင့်က တကယ့်ကို တည်ငြိမ်လေးနက်လှစွာပြောလျှင် သူဟာ ဒယ်ဒီ့အတွက် စိတ်ပင်ပန်းနေတဲ့ကြားက ရင်တစ်ချက်တော့ ခုန်ဖြစ်အောင် ခုန်သွားပါသည်။

ပြောရရင်တော့ ဒီအခြေအနေဟာ ကံတရားက အံဝင်ခွင်ကျဖြစ်အောင် ဖန်ဆင်းပေးထားတာဖြစ်သည်။ ခင့်ဘက်က လိုလားစွာ လက်ထပ်ဖို့ သဘောတူနေသည်။ အဲဒါကို ဒယ်ဒီ့အကြောင်းပြချက်နဲ့ပဲ သူ လက်ခံသင့်လား။ ခင့်ရဲ့စာနာမှုကို သူ အလွဲသုံးစား မလုပ်သင့်ဘူး ထင်၏။ သို့ပေမယ့်လည်း ခင့်ကို ပိုင်ဆိုင်လိုစိတ်ကလည်း ရင်ထဲမှ ကိန်းအောင်းလို့ နေပါသေးသည်။

သူ ဘယ်လိုလုပ်သင့်ပါသလဲ။

"ကျွန်မမေးတာ ဖြေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုယ်က မင်းကို အားနာတယ် ခင့်၊ ကိုယ့်ဒယ်ဒီအတွက်၊မင်းရဲ့စိတ်ချမ်းသာမှုကို လဲပစ်လိုက်တယ်ဆိုတာ မကောင်းပါဘူးကွာ"

"ရပါတယ် ... ကျွန်မတို့ မင်္ဂလာပွဲကို နှစ်ဖက်မိဘနဲ့ပဲကျင်းပမယ်လေ၊ အပြင်သူစိမ်း ဘယ်သူမှ မဖိတ်ဘူး၊ ဒါဆိုအဆင်ပြေမှာပါ"

အဲဒီအတွက် သူ့ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားရပါသည်။ သူ လက်ရှိရောက်နေတဲ့ အခြေအနေဟာ ဘာကိုဦးတည်နေသလဲဆိုတာ မပြောတတ်တော့ပါ။ မြူတွေဆိုင်းနေသည့် လမ်းကျဉ်းထဲမှာ ဝေဝေဝါးဝါး လမ်းလျှောက်နေတုန်း ရုတ်တရက် လင်းလာသည့် အလင်းတစ်ခုကိုသာ အားကိုးစရာအဖြစ် သတ်မှတ်ကာ သူ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

* ✿ *





သူတို့နှစ်ယောက်ရဲ့ဆန္ဒကြောင့်မို့ နှစ်ဖက်မိဘရှေ့မှာ လက်ထပ်စာချုပ်ထဲ လက်မှတ်ထိုးလိုက်တာနှင့် သူနှင့်ခင့်ဟာ မချစ်ပါဘဲ ဟန်ဆောင်လင်မယားဘဝကို ရောက်မှန်းမသိ ရောက်လာခဲ့တော့သည်။

သူတို့မင်္ဂလာဆောင်ပြီး နောက်ရက်တွေမှာ ဒယ်ဒီ့ရဲ့ကျန်းမာရေးက ပိုကောင်းလာတာကြောင့် ဟန်ဆောင်ရကျိုးနပ်တယ်လို့ ပြောရမည်။ ပြီးတော့ သူလည်း အရင်လို ပျော်ပျော်ရွှင်ရွှင်ဖြင့် ခင့်ကို စ,နေ နောက်နေနိုင်ပါသည်။

ဆိုပါတော့ ...။

သူ ပုံမှန်အလုပ် ပြန်တက်တဲ့အခါမျိုးတွေဆို သူက လူကြီးတွေရှေ့မှာ ခင့်ပခုံးကို ဟန်ပါပါဖြင့်ဖက်ကာ ...

"ခင့်ရေ ... ကိုကို ကုမ္ပဏီသွားလိုက်ဦးမယ်နော်၊ ညနေကျမှ တွေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်က လူကြီးတွေရှေ့မှာမို့ တဟင်းဟင်း တဟဲဟဲဖြင့် အလိုက်သင့်နေနေရပေမယ့် ဒေါသကတော့ တော်တော်ထွက်နေပြီဖြစ်သည်။ ပညာရှိအမျက် အပြင်မထွက်နဲ့ဆိုသလိုပင် ခင့်ကလည်း သူ့ကို မြင်ဖျဉ်းကပ်ကပ်ဖြင့် သူ့ကို လက်စားချေရန်အတွက် သူ့ခါးကို အနောက်ကသိုင်းဖက်ထားရင်း လက်သည်းဖြင့် သူ့ကို အပီကိုဆွဲဆိတ်နေတာဖြစ်သည်။ သူကလည်းနာကျင်တာကို ကြိတ်မှိတ်ခံရင်း တမင်အရွဲ့တိုက်ကာ ပေါ်တီကိုအောက်ထိ ခင့်ပခုံးကိုဖက်ကာ ဆွဲခေါ်လာသည်။ ပေါ်တီကိုအောက်ရောက်တာနှင့် ခင့်က သူ့လက်ကို ခပ်ကြမ်းကြမ်း ပုတ်ထုတ်ကာ —

"ရှင်နော် ... အရမ်းအကျင့်ယုတ်တာပဲ၊ တမင်သက်သက်အသားယူတာ မသိရင်ခက်မယ်"

ခင့်က နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် သူ့ကိုစွတ်ကောနေလျှင် သူက ခင့်ရဲ့ဖြစ်ပျက်နေတဲ့ပုံစံကို သဘောကျစွာ တဟားဟားဖြင့် ရယ်မောကာ ယောကျ်ားတန်မဲ့ မျက်စောင်းကြီး ကျိတ်ထိုးလျက် ...





"ဟား ဟား ... မင်းကလည်းကွာ၊ မာမီ့ရှေ့မှာဆိုတော့ ကိုယ်က ပီပြင်အောင် ဟန်ဆောင်ပြတာပေါ့ ... ဟဲ ဟဲ"

"ကဲ ... သွားတော့၊ ရှင် အလုပ်ချိန်နီးနေပြီ"

"ဘာလဲ ... ခင့်က ကိုယ်အလုပ်နောက်ကျမှာ စိုးရိမ်တယ်ပေါ့လေ၊ ဟုတ်လား"

သူက မျက်နှာပိုးမသတ်နိုင်သေးဘဲ ဆက်နောက်နေသေးလျှင် ခင့်က အံကြိတ်ကာ သူ့လက်မောင်းကို ဖျတ်ခနဲ ဆိတ်လိုက်ရင်း ...

"သွားစမ်းပါ၊ လာနပြမနေနဲ့ သွားတော့ ... သွား"

"အေးပါ ... တာတာ့ တာတာ့ ... ညမှဆုံမယ် ... အဟဲ ... ဟဲ"

သူက လုပ်သံကြီးထည့်ကာ အဟဲ ... ဟဲ လုပ်ပြပြီး ကားပေါ်တက်၍ စက်နှိုးကာ လက်ပြပြီး ထွက်သွားလေသည်။ သူ ကုမ္ပဏီရောက်တဲ့အခါမှာတော့ ယောက်ဖက သူ့အခန်းထဲမှာ ငြိမ်စောင့်နေကာ သူ့ကို လက်ပြ၍ ...

"hi ... u all fine !"



www.burmeseclassic.com

www.burmeseclassic.com



သူက အပြုံးတစ်ခုဖြင့် ခင့်ရဲ့အစ်ကို ထိုက်တန် လက်ဝါးချင်း ရိုက်လိုက်ကာ ...

"ဒီလိုပါပဲ ယောက်ဖရာ"

"ဘာဒီလိုပါပဲလဲ ... ဟော့ကောင်၊ အိုခေသွားပြီမှလား"

ထိုက်တန့်ရဲ့စကားကို သူက ခေါင်းအသာယမ်း သဘောတကျ ရယ်မောနေလိုက်သည်။ အဲဒီလိုပါပဲ။ အားလုံး အမြင်မှာ သူနှင့် ခင့်ဟာ သာယာငြိမ်းချမ်းတဲ့ အိမ်ထောင်ရေး ထူထောင်ထားကြတယ် ဆိုတာချည်းပဲ။ ယုတ်စွအဆုံး သူ့ ဝိစ္စအားလုံးကို လုံးစေ့ပတ်စေ့ သိပါသော ခင့်ရဲ့အစ်ကို ထိုက် တောင် သူတို့ရဲ့အေးချမ်းစွာသော ဆက်ဆံပုံကိုကြည့်ကာ အ ပြောနေပြီဟု ထင်နေရှာသည်။ သူ့ကိစ္စကို ထိုက်တန် မပြောတော့ပါဘူးလေ။

"ဟော့ကောင် ... ဖြေဦးလေ"

"အင်း ... အဆင်ပြေပါတယ်ကွာ၊ အဲဒီလိုပဲ သတ် လိုက်ပေါ့"





"လေးညို့ ... မင်းတို့က အရင်တိုင်းပဲလား။ အဲဒီလိုကြီးက မဖြစ်သင့်တော့ဘူးနော်၊ ကာလာပြောင်းသင့်နေပြီ ... မင်း ဘာတွေကို တွေဝေနေတာလဲ"

တွေဝေတယ် ...။

သူဟာ အဲဒီစကားလုံးနှင့် ရင်းနှီးနေပြီးသား ဖြစ် ကြောင့် သိပ်ပြီးမဖြံတော့ပါ။ တကယ်ပဲ သူဟာ တွေဝေသူ ဖြစ်ပါသည်။ ခင့်ကို ပိုင်တော့ ပိုင်ဆိုင်လိုက်ရပါရဲ့။ အချစ် လည်းမရ။ လူကသာ သူ့ဘေးနား ရှိတာလေးပဲရှိသည်။

သူ့ကို ရိုသားသော၊ အကူအညီပေးသော၊ တည် ကြည်သော စသဖြင့် အမှတ်ပြည့်ဖြင့် ယုံကြည်ကိုးစားထားသော ကို သူက "ချစ်တယ်"ဆိုတဲ့ စကားကို ဘယ်လိုထွက်ရမလဲ။

သူ့ဘက်က ဒီလိုအချိန်မျိုးမှာ "ချစ်တယ်"လို့ပြော တာနှင့် သူ့ကို ခင့်က အခွင့်အရေးသမားဆိုပြီး မုန်းသွား သည်။ သူတစ်လျှောက်လုံး မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့် ထားခဲ့သော အချစ်ကို တန်ဖိုးလျော့မသွားစေချင်ပါ။ ခင့်



www.burmeseclassic.com

www.burmeseclassic.com



ကို အစက ပတ်သက်ခဲ့တာဟာ မျှော်လင့်ချက်တစ်ခုဖြင့် ယ
ဆောင်မှုကို ခုတုံးလုပ်ကာ ခင့်အနား နေခဲ့တာဖြစ်သည်။ ဒယ်
အခြေအနေကြောင့် မဖြစ်မနေ လက်ထပ်ခဲ့ရပေမယ့် သူဟာ ခ
ကို အဖြူစင်ဆုံး ထိန်းသိမ်းကာ ညီမလေးလို သဘောထားခေ
တာဖြစ်သည်။

ပြောရရင်တော့ သူဟာ အားနာတဲ့ ဝဲဂယက်
ကနေ ရုန်းလို့မထွက်နိုင်သေးပါ။

"ခင့်က မင်းကို သံယောဇဉ်တော့ ရှိပုံရပါတယ်၊ ငါ့ည
က ချစ်တတ်ပါတယ်ကွ"

"ငါလည်း အဲဒီလိုဖြစ်ဖို့ပဲ မျှော်လင့်ပါတယ်၊ မင်းပြော
စကား သိပ်မှန်တယ် ထိုက်တန်၊ ငါ ဟန်ဆောင်ပြီး
အချစ်ကို ရအောင်ယူတော့မယ်ဆိုတုန်းက မင်း ငါ့ကို
ခဲ့ဖူးသလိုပဲ၊ မပိုင်ဝက်မွေးကိစ္စကြီးကို လုပ်မိတာကိုး"

"အနေနီးစပ်ရင်တော့ သံယောဇဉ်ဆိုတာ ဖြစ်စမြဲပါပဲ
သူငယ်ချင်း ကြိုးစားကွ"





ထိုက်တန်ရဲ့အားပေးစကားကို သူကအပြုံးတစ်ခုဖြင့်
ဆောင်နေရင်းက သူတို့ရဲ့ပြောဆိုနေတာကို အလုပ်လုပ်ရင်း
ဆောင်နေတဲ့ ဗညားကို သူက သတိထားမိသွားသည်။
ညားက သူနှင့်ခင့်ကိစ္စကို လုံးစေ့ပတ်စေ့ မဟုတ်ပေမယ့် နား
ည်သလိုရှိသူ ဖြစ်ပါသည်။

အဲဒါကြောင့် သူက သူတို့စကား ပြောနေတာကို
ညားကြားလည်း ဂရုစိုက်ဖို့ မလိုတာဖြစ်သည်။

"ကဲ ... ငါ လစ်မယ် လေးညို့"

"ဟာ ... သွားတော့မလို့လား၊ နေပါဦး"

"တော်ပြီ ... ငါ့ရုံးမှာ အလုပ်တွေ တစ်ပုံကြီး ကျန်သေးတယ်၊
မင်းတို့ကိစ္စကို သိချင်လို့၊ အဲဒါ လမ်းကြုံတာနဲ့ ဝင်လာ
တာ၊ သွားပြီ. ဟော့ကောင်၊ နောက်မှတွေ့မယ်"

"အိုခေ ... အိုခေ"

ထိုက်တန် ပြန်သွားလျှင် သူက ဗညားကိုခေါ်ကာ
လုပ်စကားပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ရွှေတော်ဝင်က ဦးမင်းမြတ်က Dinner ဖိတ်ထားတာကို မင်းပဲသွားလိုက် ဗညား၊ ကိုယ် မနက်ဖြန် မအားဘူး၊ မင်းသွားလိုက် သိလား"

"ဟုတ်ကဲ့ အစ်ကို၊ ဒါပေမဲ့ ဦးမင်းမြတ်က အသောက်အစားရှိတော့ ..."

ဗညားက ဘာကိုဆိုလိုချင်တယ်ဆိုတာ သူကသဘောပေါက်စွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း ...

"ကိုယ် ဒီလောက်တော့ နားလည်ပါတယ်၊ မင်း သောက်ချင်တယ် ဆိုရင်တော့ သောက်၊ အေး ... ဒါပေမဲ့ ဗညားမင်းက သောက်ပြီးရင် သွေးဆိုးတတ်တော့ ထိန်းထိန်းသိမ်းသိမ်းတော့လုပ်၊ ဟုတ်လား"

"ဟား ... ဟုတ်ကဲ့ အစ်ကို၊ စိတ်ချပါ၊ ကျွန်တော့်အစ်ကိုမျက်နှာပျက်ရအောင် ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး"

"အေးပါ ... ကဲ ... ကဲ ... လုပ်စရာရှိတာ သွားလုပ်တော့"





လေးညို့သည် ကိုယ်လည်း လုပ်စရာရှိတာကို ဆက်လုပ်ရင်း ညနေမှာ ခင်နှင့်ဆုံဖို့ပဲ မျှော်လင့်နေမိတော့သည်။ ခင့်ကို သူက အမြဲတမ်း လိုအပ်နေတာ ဖြစ်ပါသည်။

* ✿ *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ကို လက်ဆောင်တစ်ခုခုပေးမည်ဆိုတဲ့ အတွေး[illegible] က စိတ်ထဲမှာ အမြဲရှိနေပါသော်လည်း ဒီနေ့မှပဲ ဘာပေးရမယ် ဆိုတာ စိတ်ကူးရသွားတော့သည်။ cosmetic ပစ္စည်းတွေဆို သိ[illegible] ပြီး ဟိတ်ကြီးဟန်ကြီးထုတ်ကာ set လိုက်မသုံးတတ်သော ခင့်[illegible] အတွက် သူက သူ့အချစ်နှင့်တူသည့် cosmetic ပစ္စည်းလေးတစ်[illegible] မျိုး လက်ဆောင်ပေးကာ သူ့အချစ်ကို သူမ မြင်သာအောင် လှစ်[illegible] ပြမယ် စိတ်ကူးဖြင့် ခင့်ကို လှမ်းပြီး ဖုန်းဆက်လိုက်သည်။ ချစ်[illegible] ဖို့ကောင်းသော သူမက ချက်ချင်းပင် ဖုန်းကိုင်ပါသည်။

"ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ"

သူ့ကိုဆို အဲဒီလိုပင် အင်မတန်မှ အပြောမချိုသော[illegible] ခင့်ကို ဘာကြောင့် ချစ်တာလဲဆိုရင်တော့ ပြန်ပြောပြဖို့ တော်[illegible]





တော်ခက်ပါသည်။ ဖုန်းထူးတာတောင်မှ ချိုချိုသာသာမဟုတ်ဘဲ အဆတ်ဆတ်လေသံနှင့် ထူးတာကြောင့် သူက စချင်သွားပြီး ...

"ဩော် ... ကိုယ့်မိန်းမဆီ ဖုန်းဆက်တာပဲ ကိစ္စရှိမှတဲ့လား ခင့်လေးရဲ့"

"ဘာ ... ဘာပြောလိုက်တယ်"

လား ... လား။ နားစည်ကွဲမတတ်ကို ဒေါသတကြီး နှင့် အော်ပြောလိုက်လျှင် သူက ခင့်ရဲ့ရှုပုပ်နေမည့် မျက်နှာလေး ကို မျက်လုံးထဲ မြင်ယောင်ကာ သဘောတကျ ပြုံးလိုက်ရင်း ဆပ်စလိုက်ပြန်သည်။

"တိုးတိုးပြောစမ်းပါကွာ ... မင်းက အခုအိမ်မှာမှလား၊ တော်ကြာ ငါ့ဒယ်ဒီနဲ့ မာမီ ကြားသွားလို့ တစ်မျိုးထင်နေဦး မယ်၊ ချွေးမလေး ဘာဖြစ်သလဲဆိုပြီး"

"ရှင်ဟာလေ ... တောက် ... သေတော့မယ်"

"ဟား ဟား ... နောက်တာပါကွာ မင်းကလည်း၊ အခု မင်း ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအိမ်မှာ"

"သြော် ... ဟုတ်လား၊ ကိုယ် ပြန်လာခေါ်မယ်၊ စောင့်နေနော် ... တာ့တာ"

သူက ပြောချင်တာ ပြောကာ ဖုန်းကို ဦးအောင်ပိတ်ပြီး နောက်မှာတော့ ခင့်ရှိရာ သူမအိမ်သို့ အမြန်သွားရပါသည်။ ခင့်ရဲ့အိမ်ကို ရောက်သောအခါမှာတော့ သူမက ခြံထဲက ကျောက်ခုံလေးမှာထိုင်၍ မဂ္ဂဇင်းဖတ်နေ၏။ သူက ပေါ်တီကိုအောက်မှာ ကားကိုရပ်ကာ လက်ဆောင်ထုပ်လေးယူ၍ သူမရှိရာသို့ လျှောက်လာလျှင် သူမက မဂ္ဂဇင်းဖတ်နေရင်းက အကြည့်မလွှဲဘဲစကားပြောသည်။

"ဘာကိစ္စနဲ့ ဒီလိုက်လာရတာလဲ ... ရှုပ်ရှုပ်ယှက်ယှက်"

လေးညို့သည် အဲဒီ ဂျစ်ကန်ကန် အပြောကို ထုံးပြီဖြစ်သည့်အလား ပြုံးယောင်သမ်းကာ သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် သူမရှေ့က ကျောက်ခုံလေးမှာထိုင်ကာ ...

"ဘာဖြစ်လဲကွာ ... ဒီအိမ်ကလည်း ငါ့အိမ်ပဲလေ၊ ကိုယ့်အိမ်ကိုယ်လာတာ ... ဟင်း ဟင်း"





"ဖေဖေလည်း မရှိဘူး၊ ကိုလေးလည်း မရှိဘူး၊ ဒီအိမ်မှာ ရှင့်ကို ကြိုဆိုတဲ့သူတွေ အလုပ်သွားကြတယ် ... ပြန်"

"ဟား ဟား ... မင်းကတော့ကွာ၊ ... ကဲပါ ... အဲဒါတွေ ထားလိုက်၊ ကိုယ် မင်းကို လက်ဆောင်ပေးစရာရှိလို့ကွ"

အဲဒီစကားကြောင့် ခင့်က သူ့ကို တစ်ချက်တော့ မျက်လုံးလှန်ကြည့်သည်။ လေးညို့သည် သူမရဲ့ရှေ့သို့ သူမအမြဲ နှစ်ခြိုက်စွာ သုံးတတ်သည့် Nivea တံဆိပ် Day Cream ဘူးလေးကို တွန်းပို့ပေးရင်းက ...

"အဲဒါ မင်းအတွက်"

ခင့်သည် ဒေးခရင်(မ်)ဘူးလေးကို ယူလိုက်ရင်းက သူ့ကို အကဲခတ်သလို ကြည့်လေ၏။ သဘောကတော့ ဘာအဓိပ္ပာယ်နဲ့ ပေးတာလဲ ဆိုတာကို မေးနေတာမျိုးဖြစ်သည်။ သူကလည်း ဘာကြောင့် ဒီပစ္စည်း ပေးရတယ်ဆိုတာကို ပြောပြချင်သူပီပီ ခင့်မမေးခင်မှာပဲ အပြုံးချိုချိုဖြင့် ...

"မင်းကို ကိုယ် အဲဒီ ဒေးခရင်(မ်)ပေးရတာ အကြောင်းရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘာအကြောင်းလဲ"

"ကိုယ်ကလည်း မင်းရဲ့ဒေးခရင်(မ်)ဆိုတာကို မင်းသိစေချင်လို့ ပေးတာလေ ခင့်ရဲ့"

သူ့အကြောင်းကို ခင့်က နားရှုပ်သွားဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်ကာ စိတ်မရှည်တော့သည့်အထာပါသည့် လေသံဖြင့် ခပ်မာမာပြောလေသည်။

"ဘာတွေလာကြောင်နေတာလဲ၊ ရှင် ဂေါက်သွားပြီလား"

"မင်းကလေ ... ပိန်းတယ်ဆိုတော့လည်း လက်မခံဘူး။ ကိုယ်ပြောတာကို ဆုံးအောင်နားမထောင်ဘဲနဲ့ ဖြတ်မပြောစမ်းပါနဲ့ကွ ... ကိုယ် ရှင်းပြမယ် ...

အဲဒီ ဒေးခရင်(မ်)ကို မင်းလိမ်းခြင်းအားဖြင့် မျက်နှာကို လှပစေမယ်၊ SPF ၁၈၈ ကာကွယ်ပေးမယ်၊ မင်းအမြဲနေ့တာလုံး လှပနိုင်ဖို့ ဒီဒေးခရင်(မ်)က base ပဲလေ၊ အဲဒီလိုပဲ ကိုယ်ကလည်း မင်းကို မင်းရှေ့ကနေ မားမားမတ် ကာကွယ်ပေးနေတဲ့ မင်းရဲ့ဒေးခရင်(မ်)ဆိုတာကို မင်း သိစေချင်လို့ ခေတ်မီမီ တင်စားပြီး ပြောလိုက်တာ_





ကိုယ် မင်းရှေ့က အမြဲတမ်း ရပ်တည်နေတာပါ ခင့်"

သူ့ရဲ့ mood အပြည့် ဝင်နေတဲ့ မျက်ဝန်းတွေက ခင့်ကို ငေးစိုက်ကြည့်ကာ feel အပြည့်ဖြင့် ပြောနေလျှင် ခင့်ရဲ့ရင်ထဲမှာ အဲဒီစကားတွေအတွက် လျှောင်အသေးစားလေးတစ်ခုတော့ လှုပ်ခတ်သွားပါသည်။

အို ... သွား။

အဲဒီခံစားမှုဆိုတာ တကယ်မရှိပါဘူး။

"ခင့် ... အခုလို ကိုယ်တို့ဟန်ဆောင်နေကြတာဟာ မင်းအတွက် အဆင်ပြေရဲ့လားဟင်"

"ကျွန်မအတွက်တော့ အသားတကျ ရှိနေပါပြီ"

"ကိုယ့်ရဲ့ဘဝမှာ ဒီနေ့ ဒီလိုအခြေအနေမျိုးနဲ့ ရပ်တည်ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှလဲ ထင်မထားခဲ့ဖူးဘူး ခင့်၊ မင်းနဲ့ကိုယ် ဒီလိုမျိုး အေးအေးဆေးဆေး စကားပြောတာ မင်းအတွက် အနှောင့်အယှက်များ ဖြစ်နေမလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကိုဆိုလိုချင်နေတာလဲ။ အဓိပ္ပာယ်တစ်မျိုး သက်ရောက်ပါဝင်နေတယ်ဆိုတာ သိပေမယ့် ဘာဆိုတာကိုတော့ ခင့်လည်း ဝေခွဲမရပါ။

သူ ခင့်နှင့်ကွာရှင်းဖို့ စကားစတာလား။ ခင့်သည် အတွေးပေါင်းများစွာ ယောက်ယက်ခတ်နေတာကိုထိန်းရင်း သူ့ကိုကြည့်၍ ...

"မဖြစ်ပါဘူး ... ပြောပါ"

"ကိုယ်နဲ့မင်းကို ပတ်ဝန်းကျင်က အမြင်တစ်မျိုး မြင်ပေမယ့် တကယ်တမ်း ကိုယ်တို့ဖြူစင်တယ်လေ၊ ဟို ... ဆိုလိုချင်တာကတော့ကွာ၊ မင်းကို ဘာကာလာမှမရောဘဲနဲ့ အဖြူစင် အလန်းဆန်းဆုံး ရှိစေချင်တဲ့ ကိုယ့်ရဲ့စိတ်ရင်း အမှန်ကို နားလည်စေချင်တာပါ"

"နားလည်ပါတယ် ... ကျွန်မတို့ ဟန်ဆောင်တဲ့ အခိုက်အတန့်အချိန်လေးမှာ ရှင့်ရဲ့စိတ် ဘယ်လိုဆိုတာ သိပါတယ်၊ အဲဒီအတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်"





သူက ဘာစကားမှ မဆိုသေးဘဲ ခင့်ရဲ့မျက်ဝန်းတွေကို စူးစူးစိုက်စိုက် ကြည့်လာလျှင် ခင့်သည် အတုန်တုန်အယင်ယင်ဖြင့် နုံးချိချိ ဖြစ်လာတော့သည်။ သူ့ရဲ့အကြည့်တွေကို ရှောင်လွှဲပစ်လိုက်လျှင် သူက ခပ်တိုးတိုးလေသံဖြင့် ခင့်ကို တောင်းပန်စကားဆိုသည်။

"ဆောရီး ... ခင့်၊ ကိုယ် အဲဒီလိုမျိုး မကြည့်သင့်ဘူး၊ ကဲပါ ... ကိုယ့်ရဲ့လက်ဆောင်ကို လက်ခံပေးတဲ့ ကျေးဇူးတင်ပါတယ်၊ ကိုယ် ပြန်တော့မယ် ...

မင်း တစ်ခါတည်း လိုက်ခဲ့မှာလား"

"ဟင့်အင်း ... ညနေ အိမ်ပြန်နောက်ကျမယ်လို့ ကျွန်မ ဒယ်ဒီနဲ့မာမီကို မှာခဲ့တယ်၊ ဒီနေ့ အိမ်ပြန်နောက်ကျမယ်"

"ကောင်းပါပြီ၊ ကိုယ် သွားတော့မယ်နော်"

ခင့်က အသာခေါင်းဆတ်ပြလျှင် သူက အပြုံးတစ်ခုဖြင့် ခင့်ကို ကျောခိုင်းထွက်သွားသည်။ သူ့ရဲ့ပြန့်ပြူး ကျယ်ပြန့်တာ မတ်နေတဲ့ ကျောပြင်ကို ငေးကာ အတွေးပွားစရာတွေ အစ်ပုံတစ်ပင် ရှိလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ဆီကို သက်သက်လာတယ် ဆိုကတည်းက သူ့မှာ ကိစ္စတစ်ခုခုရှိနေလို့ပေါ့။ အိမ်မှာတွေ့လည်း ရရက်နှင့် ဒီကို တမင်လာတယ် ဆိုကတည်းက ...။

ခင်သည် သူ ဘာပြောချင်တယ် ဆိုတာကို စဉ်းစားရင်း "မင်းရဲ့ဒေးခရင်(မ်)အဖြစ်နဲ့ မင်းရှေ့က အမြဲရပ်တည်နေ တာပါ"ဆိုတဲ့ စကားကိုသာ နားထဲမှာ ပဲ့တင်လှိုင်းထပ်ကာ ကြားယောင်နေမိတော့သည်။

* ✿ *





၁၁

"အဲဒါဆို နင့်လူကြီးက romantic ဆန်လာတဲ့ သဘော ပေါ့ဟဲ့"

ခင်သည် အဲဒီစကားကြောင့် မျက်နှာက ရှုံ့မဲ့သွားသော်လည်း နင့်လူကြီးဆိုတဲ့ အသုံးအနှုန်းကြောင့် ရင်တစ်ချက်တော့ ခုန်သွားပါသည်။ ဆိုင်မှာ လူရှင်းချိန်လေး ဆုဝေနှင့် မနေ့က သူ ဆေးခဲ့သည့် ခေါင်းစားစရာ အဓိပ္ပာယ်ကို တိုင်ပင်ဆွေးနွေးကြည့် နေတာဖြစ်သည်။

"ဘာကို romantic ဆန်ရမှာလဲ၊ ဆုဝေနော် ... ခေါင်းစား ပါတယ်ဆိုမှ ပိုစားအောင် လာလုပ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါ ဘာမှမစားဘူး၊ ရိုးရိုးလေး တွေးကြည့်တာ

နင်ပဲ စဉ်းစားကြည့် ခင့် ... ကိုလေးညို့လို လူမျိုးပဲ နင့်ကို

အနွံအတာခံပြီး ချစ်နိုင်တာ၊ သူ့ရဲ့ဖြူစင်တဲ့ ချစ်ခြင်း

နင် အသိအမှတ်တော့ ပြုရလိမ့်မယ်"

အချစ် ...။

ဒါတော့ မဖြစ်နိုင်ပါ။ သူနှင့် ခင့်ကြား ပတ်သက်

ဟာ အချစ်တွေ မေတ္တာတွေ ကြားခံထားတာမျိုး မဟုတ်

ပြီးတော့ ခင့်ကိုဆို အမြဲမခံချင်အောင် စနောက်၍ ရန်ဖြစ်တ

တဲ့သူက ခင့်ကို ချစ်မှာတဲ့လား။ ဟင့်အင်း ... မဖြစ်နိုင်ပါ

"အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး ဆုဝေ ... နင်လည်း

တစ်နေ့ တစ်နေ့ သူ့ကောင်းကြောင်းချည်း ပြောနေ

ရိုးမှရိုးရဲ့လား"

"ဟဲ့ ... ဟဲ့ ... ငါ့ဘက် ဘော်လီဘော လာပုတ်မနေနဲ

နဲ၊ နင့်လူကြီးလောက်တော့ ရင်မခုန်ပါဘူး၊ ပြီးတော့

နင် ရှိနေတာချည်းကို ... ဟဲ ဟဲ ...





အကြောင်းပြောတာ ခင့်ရဲ့၊ နင်ကသာ မထင်တာ

ငါတို့က အေးလူဆိုတော့ တွေ့ရတယ်၊ ကိုလေးညို့က

နင့်ကို ချစ်နေတာပါပဲဟယ်၊ ပြီးတော့ သူ့ဖြူစင်မှုကို နင်

အသိဆုံး ဖြစ်မှာပါ။ ညဘက်တွေဆို အိပ်ခန်းထဲမှာ နင်

နဲ့သူ နှစ်ယောက်တည်းရှိတာ၊ သူသာ နင့်အပေါ် ကျော

ရရုံကြံချင်တယ်ဆို အလွယ်လေး၊ အဲဒါကို နင်သဘော

ပေါက်"

အဲဒါတော့ ဟုတ်ပါသည်။ ကိုလေးညို့ဟာ ကိုယ်

ကျာပိုင်းမှာတော့ နံပါတ်ဝမ်းပဲဖြစ်၏။ တကယ်ဆို သူနှင့်

သွေးမတော်သားမစပ် သူစိမ်းတစ်ရံဆံတွေ။ သူ ခင့်

ရှိသားဖြူစင်နိုင်သည်။ သူ့ရဲ့အရင့်လူပျိုခန်းကိုပဲ မင်္ဂလာ

ပြန်လည်ပြင်ဆင်ထားတာကြောင့် ခင့်က သူ့အခန်း

ရတာဖြစ်သည်။

သူ့အခန်းထဲမှာပဲ စာကြည့်ခန်းအဖြစ် သီးသန့်

ချောင်းလေး ထပ်ရှိသည်။ ညဘက်တွေဆို ခင့်က အကျအန

www.burmeseclassic.com



ပြင်ဆင်ထားသည့် မွေ့ရာမှာ ဇိမ်ရှိရှိ သောကကင်းစွာ အိပ်
ပေမယ့် သူကတော့ အဲဒီစာကြည့်ခန်းလေးမှာ ဒရင်းဘက်
အိပ်နေရရှာတာဖြစ်သည်။

သူ့မိဘတွေသာ ဒီအကြောင်းသိရင်တော့ ရင်
မှာ သေချာသည်။ သူတို့ ဂရုတစိုက်နှင့် လိုလေသေးမရှိ
စောင့်ရှောက်ထားတဲ့ မင်းသားလေးကို ခင့်က အပီနှိပ်ကွပ်
တယ်ဆိုတာသာသိရင် ခင့်ကို "သမီး ... သမီး"ဆိုပြီး ဖူးဖူး
နိုင်မှာ မဟုတ်တော့ပေ။

"နင့်အတွက် ကိုလေးညို့ကသာ သူ ပြောသလိုဲ
ဒေးခရင်(မ်)ဖြစ်နိုင်တာ၊ ဟဲ့ ... ဒါတောင် နင်နဲ့
ဘာမှမဟုတ်လို့ နိုက်ခရင်(မ်)အကြောင်း ထည့်မပြော
ဟဲ ဟဲ ... ပြောရရင် နင့်အတွက် 24/7 အားကိုးရ
သဟဲကြီးပါဟယ်"

"တော်ပါပြီဟယ် ... နင်နဲ့ စကားဆက်မပြောချင်တော့

"ကိုယ်နဲ့တော့ စကားဆက်ပြောရလိမ့်မယ် ခင့်"





အဲဒီအသံကြောင့် ခင်နှင့် ဆုဝေသည် အသံပိုင်ရှင်
ဘက်သို့ ကြည့်လိုက်လျှင် အလွန်အမင်းကို အံ့အားသင့်သွားရတော့
သည်။ မြတ်စွာဘုရား ... ဟုတ်ကော ဟုတ်ရဲ့လား။ ခရင်(မ်)ရောင်
အစိမ်းဖျော့ဖျော့ ကွက်စိပ်လေးများ စပ်ထားသော ဒီဇိုင်းမိုက်
ရှပ်ကို လက်ခေါက်ဝတ်၍ Levi's ဂျင်းနှင့် သားနားကာ
ထွက်နေသူဟာ ခင့်ရဲ့ဝင့်ဟောင်းကြီး မင်းမဟော်ပဲ ဖြစ်သည်။

မတွေ့ရတဲ့ ဒီအချိန်တိုလေးအတွင်းမှာ သူ အရမ်း
ပြောင်းလဲသွားတာပဲ။ သူ တသသနှင့် အမြဲသနေတတ်တဲ့ သူ့ရဲ့
ဟုတ်သိုက်ကေဟာ အခုတော့ တိုတိုကပ်ကပ်ဖြင့် လူရည်သန့်
style ဖြစ်လို့သွားပါပေါ့လား။ လက်မှာလည်း လက်ပတ်
နာရီတစ်လုံးပဲ ပတ်ထားသူဟာ မဟော် အစစ်မှ ဟုတ်ပါရဲ့လား။

အရင်ကဆို အပြင်တစ်ခါသွားဖို့အတွက် လန်ထွက်
လောက် လှကြည့်ခံရဖို့ ဝတ်လိုက်ရတဲ့ Accerosices တွေဟာ မိန်း
ကလေးထက်တောင် များလှသည်။ ဝွင်းတွေ၊ ဝွက်တွေ လိုးလိုး
လက်လက် ပြိုးတိုးပြက်တက် ဘာတစ်ခုမှ မရှိတော့ဘဲ လုံးဝ
ခြင်း ဒီဇိုင်းမျိုးနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယော ... ကိုယ် မင်းမဟော်လေ၊ မမှတ်မိတော့ဘူးလား

"မှတ်မိပါတယ်၊ ဘာကိစ္စရှိလို့လဲ မဟော်"

"ကိစ္စအထွေအထူးတော့ မရှိပါဘူး၊ ခင့်နဲ့ကော ဆုံ

မတွေ့ရတာကြာလို့လာတာ၊ ညေ့သည်ကို တစ်ခုခုနဲ့

မခံတော့ဘူးလား"

သူက ပြောလည်းပြော ခင်တို့ရှေ့က ဆုံလည်

ဝင်ထိုင်လေသည်။ ဆုဇေက မကောင်းတတ်တာကြောင့် ဆို

ထားတဲ့ one door ရေခဲသေတ္တာလေးထဲက sprite တစ်ဘူး

ကာ သူ့ကို တိုက်လေသည်။ သူက ပြုံးတုံ့တုံ့မျက်နှာဖြင့် ခင်

ကြည့်ကာ ...

"ကိုယ့်ဒီဓိုင်း ပြောင်းသွားလို့ အံ့သြနေတာလား

မအံ့သြနဲ့ဦး ... ဒီ့ထက် အံ့သြစရာတွေ ရှိသေးတ

ကိုယ့်ရဲ့ Life တစ်ခုလုံးကို change လိုက်ပြီ၊ အခု

ကိုယ် ကုမ္ပဏီတစ်ခုမှာ မန်နေဂျာလုပ်နေတယ်။ အရင်

လည်း ရန်ပွဲတွေ ချိန်းပွဲတွေ ဘာမှမလုပ်တော့ဘူး၊ အေးအေး



ဆေးဆေး လိမ်လိမ်မာမာနဲ့ ခင့်ရဲ့စိတ်တွေ ကိုယ့်ဆီပြန်

ရောက်လာဖို့ပဲ ကြိုးစားတော့မယ်"

စကားပြောတဲ့ လေယူလေသိမ်းဟန်ကအစ လုံးဝ

ကို တည်ငြိမ်ရင့်ကျက်သူလို ဖြစ်နေသည်။ နင် အဲဒီလို အရင်

အည်းကသာ လိမ္မာလိုက်စမ်းပါလား မဟော်ရယ်။ အခုတော့

အားလုံး ပြီးဆုံးသွားပြီ။ ခင့်သည် လေးညို့နှင့် ဟန်ဆောင်လက်

ထပ်ထားတယ် ဆိုပေမယ့် လက်ထပ်ခြင်းရဲ့ ရုံးရှေ့တော် သစ္စာတော့

ရှိချင်ပါသည်။

အဲဒါကြောင့်မို့ မဟော့်ကို အပြတ်သားဆုံး ပြော

လိုက်တော့သည်။

"နင် အခုလို အသိတရားရသွားတာ ဝမ်းသာပါတယ်

မဟော် ... ဒါ ဖြစ်သင့်တဲ့ကိစ္စပါ၊ ပြီးတော့ ငါ နင့်ကိုတစ်

လက်စတည်း ပြောလိုက်ဦးမယ်။ ကိုလေးညို့နဲ့ ငါနဲ့

လက်မှတ်ထိုးပြီးသွားပြီ၊ နောက်လထဲမှာ ညေ့ခံပွဲလုပ်မယ်၊

ဖိတ်စာကို နင့်ဆီပို့လိုက်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောလိုက်တဲ့အတွက် မဟော်တစ်ယောက် ဘာဖြစ်သွားတယ် ထင်ပါသလဲ။ ခင့် ထင်ထားတာက လုံးဝအလဲ အကွဲဖြင့် ဒေါသတွေ ထွက်လာလိမ့်မည်ပေါ့။ အခုတော့ ထင်ထားတာနှင့် လုံးဝခြားနားစွာပင် မဟော်သည် တည်ငြိမ်ရင့်ကျက်သော အပြုံးတစ်ခုဖြင့် ...

"ဟုတ်လား ... မင်းတို့ လက်ထပ်လိုက်ကြပြီလား၊ ကိုယ် နောက်ကျသွားပြီ ခင့်ရယ်။ မင်းကို ကိုယ် တစ်ဘဝလုံးစာ ဆုံးရှုံးသွားပြီ၊ အဲဒါ ကိုယ့်ရဲ့မိုက်ပြစ်တွေကြောင့် ကိုယ် ဒီလိုဖြစ်ရတာ၊ ခင့်အလွန် မဟုတ်ပါဘူး။ ကိုယ်ကသာ ခင့်ရဲ့အားကိုးထိုက်တဲ့သူ မဖြစ်ခဲ့လို့ ကိုယ် သိပ်မိုက်ခဲ့မိတယ် ခင့်"

အဲဒီလိုဆိုတော့လည်း သူ့အတွက် ခင့်စိတ်မကောင်း ဖြစ်ရပါသည်။ သူ့ကို ဒီလို ကောင်းကောင်းမွန်မွန် ပုံစံလေးနှင့် တွေ့ရပြီးကာမှ အရင်လို ပြန်မဖြစ်စေချင်တော့ပါ။

"ဘာပဲဖြစ်ဖြစ် ငါတို့တွေက သူငယ်ချင်းတွေပဲလေ၊ နင် အကူအညီလိုလည်း ပြောပါ"





"ကောင်းပါပြီ ... ဖြစ်ချင်တာ မဖြစ်ရတော့လည်း ဖြစ်သင့်တာကိုပဲ ဖြစ်အောင် လုပ်ရတော့မှာပေါ့လေ၊ ကိုယ့်ကို သူငယ်ချင်းအဖြစ် ဆက်ပြီး ပတ်သက်ခွင့်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ် ခင့် ... ကိုယ် သွားတော့မယ်နော်၊ ငါသွားပြီ ဆုဝေ"

မဟော်က ခင့်နှင့် ဆုဝေကို နှုတ်ဆက်ကာ ထထွက်သွားလေတော့သည်။ သူ ဝမ်းနည်းသွားတာလား။ ခင့်သည် သူ့ရဲ့ညှိုးငယ်သွားသော မျက်နှာလေးကို ပြန်မြင်ယောင်ကာ ရင်ထဲတော့ မကောင်းနိုင်ပါ။ ဘာပဲဖြစ်ဖြစ် သူဟာ ခင့်ရဲ့ရည်းစားဦးပဲဖြစ်သည်။ သူ့တစ်ယောက်ကို နင့်နင့်နဲနဲ ချစ်ခဲ့ဖူးပါသည်။ ဘယ်လိုမှ မဖြစ်နိုင်တော့လို့သာ ဖြတ်ခဲ့ရတာ ဖြစ်ပေမယ့် သူ့ကို သံယောဇဉ်တော့ ရှိပါသေးသည်။

တွေဝေနေသော ခင့်ရဲ့ပုံစံကို ဆုဝေက ရိပ်မိသွားဟန်ဖြင့် ခင့်ရဲ့ပခုံးကို ဆုပ်ကိုင်ကာ ...

"ခင့် ... နင့်စိတ်တွေ မလည်သွားနဲ့နော်၊ ကိုလေးညို့ဟာ အခုချိန်မှာ နင့်ရဲ့ခင်ပွန်း ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ် ဆုဝေရယ်၊ ငါ ... ငါ့ကြောင့်မို့ သူ့အရင် လိုဒီဗိုင်းမျိုး ပြန်ဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ငါတို့က သူငယ်ချင်းတွေလေ၊ သူငယ်ချင်းတစ်ယောက် ရဲ့ဝတ္တရားရှိတဲ့အတိုင်း သူ့ကို အားပေးရမှာပေါ့၊ နင်ဘာ မှ စိတ်ထဲထားမနေနဲ့ ခင့်"

ဆုဝေရဲ့အပြောကို ခင့်က ခေါင်းညိတ်ပြလိုက်မိ‌သော် မယ် မဟော် ခင့်ကြောင့် အရင်လို ပြန်ဖြစ်သွားမှာကိုတော့ စိုးရိမ်မိပါသည်။ အဲဒီစိုးရိမ်စိတ်တစ်ခုကြောင့် ခင့် သူ့ကို အားပေး ဂရုစိုက်ရပါလိမ့်မည်။

* ✿ *





ခင့်သည် ကျွန်းတံခါးကို တွန်းဖွင့်၍ အခန်းထဲသို့ ဝင်လာလိုက်လျှင်တော့ ဆိုဖာပေါ်မှာ ခပ်လျော့လျော့ထိုင်ကာ MTV ကြည့်နေသော သူ့ကို တွေ့ရသည်။ သူကလည်း တံခါး ဖွင့်သံကြား၍ ခင့်ကို လှည့်ကြည့်လာပါသည်။

သူနှင့် အကြည့်ချင်းသွားဆုံသဖြင့် ခင့်က ရုတ်တရက် မို့ အိုးတိုးအမ်းတမ်းဖြစ်ကာ ဘာလုပ်ရမှန်းမသိ၍ ပြုံးသာပြုံးပြ လိုက်တော့သည်။

"ဘယ်ကပြန်လာတာလဲ ခင့်"

"ဟို ... သူငယ်ချင်းတစ်ယောက်ဆီက လာတာပါ"

"Dinner စားပြီးသွားပြီလား"

"အင်း ... စားလာခဲ့တယ်"

"ဒယ်ဒီတော် မင်းကို မေးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... သွားတွေ့လိုက်ပါမယ်"

ခင့်သည် ရေချိုးခန်းထဲဝင်ကာ အကျီအဝတ်အစား သွားလဲပြီး အပြင်ပြန်ထွက်လာလျှင်တော့ အခန်းထဲမှာ သူရှိမနေ တော့ပါ။ စာကြည့်ခန်းထဲပဲ ရောက်သွားတာလားဆိုပြီး စာကြည့် ခန်းတံခါး ဖွင့်ကြည့်ရင်တော့လည်း သူ ရှိမနေပါ။ အောက်ထပ် ဆင်းသွားပြီ ထင်တယ်။

ခင့်သည် ဒယ်ဒီကို သွားနှုတ်ဆက်ဖို့ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ဧည့်ခန်းထဲမှာထိုင်ကာ မိသားစုစုံညီ သစ်သီးလေးစား TV ထိုင်ကြည့်နေသော ဝိုင်းထဲကို ခင့်ကလည်း ဝင်ကာ သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"သမီး ... ဒီနေ့ ပြန်လာတာ နောက်ကျတယ်နော်၊ ဆိုင်မှာ လူကျနေလို့လားဟင်"

မာမီက လှမ်းမေးလိုက်လျှင် ခင့်က အယောင်ယောင် အမှားမှားဖြင့် ဟုတ်ကဲ့ဟုသာ ခေါင်းညိတ်ပြောပြလိုက်ပြီးမှ သူ့ကို အားနာသွားတာကြောင့် ခင့်က ပြန်ပြီးပြင်ဖြေလိုက်ရပါသည်။





"ဟို ... သူငယ်ချင်းတစ်ယောက်နဲ့ပါ တွေ့နေလို့ နောက်ကျသွားတာပါ မာမီ၊ ဒယ်ဒီကော သက်သာရဲ့လားဟင်"

"သက် ... သာ ... ပါ ... တယ်"

ဒယ်ဒီက အခုဆို တော်တော်ကို ကောင်းနေပြီဖြစ်သည်။ စကားပြော နည်းနည်းလေး လေးနေပြီး တရွတ်ဆွဲလမ်းလျှောက်နိုင်ပြီဖြစ်သည်။ လေဖြတ်နေသူတစ်ယောက်အတွက် ဒီလိုအချိန်တိုအတွင်း အခြေအနေ တိုးတက်လာတယ်ဆိုတာ စိတ်ရဲ့စွမ်းအားမြင့်မားမှုကြောင့်ပဲဖြစ်သည်။ ခင့်နှင့်သူ လက်ထပ်ခဲ့တဲ့အတွက် စိတ်ချမ်းသာမှု အများကြီးပါတာကြောင့် ပျော်ရွှင်စရာဖြစ်လာမယ့် ဒယ်ဒီအနာဂတ်ကို မဖျက်ဆီးရက်ပါ။

ခင့်တို့ရဲ့မင်္ဂလာဧည့်ခံပွဲကို တက်ရောက်ဖို့အတွက် စိတ်အားတက်ကြွနေတဲ့ ဒယ်ဒီကို ခင့် သနားမိသလို တစ်ဖက်မှာလည်း ခင့်ရဲ့စိတ်နှင့် အများကြီး ပြောင်းလဲလာတဲ့ မယော့်ကိုလည်း စာနာမိပါသည်။ ဒီနေ့ ခင့် အိမ်ပြန်နောက်ကျရတဲ့ အကြောင်းရင်းကလည်း မယော်နှင့် သွားတွေ့နေလို့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အလုပ်လေးတွေ ရှိနေလို့ သွားလုပ်လိုက်ဦး မယ်နော်၊ အားလုံး Good Night ပါ"

လေးညို့သည် အားလုံးကို နှုတ်ဆက်ကာ အပေါ် ထပ်သို့ တက်သွားလေတော့သည်။ သူ ဒီနေ့ ဘာဖြစ်နေတာပါ လိမ့်။ ခင့်သည် ဒီကနေ့မှ အလွန်တရာ ငြိမ်ဆိတ်နေသော သူ့ ကို အကဲခတ်ကာ တစ်ဆိတ် အံ့ဩမိသွားသည်။ ကိုလေးညို့ဟာ အလုပ်မှာ ဘယ်လောက်ပဲ ပင်ပန်းခဲ့ ပင်ပန်းခဲ့ မိသားစုစုံညီရှေ့ မှာဆို အမြဲလန်းဆန်းတက်ကြွနေကာ ခင့်ကိုလည်း မထိတထိနှင့် မခံချင်အောင် မျိုးစုံစနောက်နေတာဖြစ်သည်။

ဒီကနေ့မှ သူက ထူးထူးခြားခြား နှုတ်ဆိတ်ငြိမ် သက်နေတာဖြစ်သည်။

ခင့်ရဲ့အတွေးတွေမှ မဆုံးသေး မာမီကလည်း သိ ချင်ဟန်ဖြင့် ခင့်နားကပ်ကာ မေးလေသည်။

"သားနဲ့ သမီး စိတ်ကောက်နေကြတာလား"

"ဟို ... မဟုတ်ပါဘူး မာမီ၊ ကိုကို ဘာပြောလို့လဲဟင်"





"ဘာမှမပြောပါဘူး၊ ဒါပေမဲ့ သား ဒီနေ့ အလုပ်ကပြန် လာကတည်းက ကြည်ကြည်လင်လင် မရှိဘူး၊ ညစာစား မယ်ဆိုတော့လည်း ခင့်ကို စောင့်ဦးမယ်ဆိုပြီး မစားဘူး၊ သမီးလည်း ဒီနေ့မှ အပြန်နောက်ကျတော့ အဲဒါ စိတ်များ ကောက်နေကြလို့လား ဆိုပြီး မေးကြည့်တာပါ"

ဟင် ... အဲဒါ သူ ဘာအထာလဲ။ ခင့်သည် အံ့အား သင့်စွာဖြင့် မာမီ့ကို ထပ်မေးရသည်။

"သမီးတို့ ဘာမှမဖြစ်ပါဘူး မာမီ၊ ခင့် သူ့ကို သွားကြည့် လိုက်ဦးမယ်၊ ဪ ... ဒါနဲ့ ကိုကိုက ထမင်းမစားရသေး ဘူးလား မာမီ"

"ဟုတ်တယ် သမီး ... သမီးကို ထမင်းစားစောင့်မယ်ဆိုပြီး မစားသေးဘူး၊ ခင့် ဆာနေရင် မသေးကို ထမင်းပွဲပြင်ခိုင်း လိုက်မယ်လေ"

"ဪ ... ရတယ် မာမီ ... ခင့်ဘာသာ လုပ်ပါ့မယ်၊ ကိုကိုက ခင့် ပြင်ဆင်ခူးခပ်ကျွေးတာကိုပဲ စားချင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ၊ မာမီ့သမီးနဲ့သား အဆင်ပြေရင်ဝ

ဝမ်းသာလှပြီ"

"ဟုတ်ကဲ့ မာမီ ... အဲဒါဆို ခင့် ကိုကို့ဆီ သွားလိုက်ဦးမယ်

နော်"

ခင့်သည် မာမီ့ကို နှုတ်ဆက်ကာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့မိသည်။ အခန်းထဲမှာ သူ ရှိမနေပါ။ ခင့်သည် သူ့ကို ဘယ်မှာလဲ ရှာကြည့်တော့ ဝရန်တာက ဒန်းဖြူလေးပေါ် မှာ ဆွေးလျလျ ထိုင်နေတာကို တွေ့ရ၏။ သူ ဘာများဖြစ်နေ လို့လဲ။

မာမီတို့ရှေ့မှာတော့ အလုပ်လေးတွေရှိသေးလို့ ပြီး ထွက်လာတယ်၊ ဒီမှာကျတော့ ဝရန်တာထွက်ထိုင်နေတယ် ခင့်သည် ဘာများဖြစ်လဲဆိုတဲ့ အတွေးနှင့်အတူ သူ့ဆီကိုလျှော သွားရင်း သူ့ဘေးဝင်ထိုင်လိုက်ရင်တော့ သူက ခင့်မျက်နှာ တစ်ချက်ငဲ့ကြည့်ပြီးနောက် ကောင်းကင်ကြီးကိုသာ ပြန်ငေးနေ

"ရှင် ဘာဖြစ်နေတာလဲဟင်"





ခင့်ရဲ့မေးခွန်းကို သူက ကြိုသိထားပြီးသားအလား ခင့်ကို ပြန်တောင်မကြည့်ဘဲ သူ ငေးချင်တာကို ငေးလျက် ခပ် လေးလေး လေသံဖြင့် ပြန်ဖြေလေသည်။

"ဘာမှမဖြစ်ပါဘူး၊ ကိုယ် အလုပ်မှာ နည်းနည်းပင်ပန်း လာလို့ပါ"

ကြည့် ... အဲဒါတော့ သူ တမင်လိမ်တာပဲ။ အရင် ဆို အလုပ်နှင့်ပတ်သက်ရင် ပင်ပန်းဖို့မပြောနဲ့ ညည်းတောင် ညည်းဘူးတဲ့သူက အခုကျမှ ပင်ပန်းလို့ ဘာညာ လာပြောနေတာ။ ဖြစ်နိုင်ပါဘူး။

"ထားပါတော့၊ ဒါနဲ့ ရှင် ထမင်းမစားရသေးဘူးမှလား"

"မဆာလို့ပါ"

"လိမ်မနေနဲ့ ကျွန်မကို ထမင်းစား စောင့်နေတာမှလား"

"မဟုတ်ပါဘူးကွာ၊ အဲဒီလောက် အထင်ကြီးမနေနဲ့"

ဒီလူဟာလေ။ ခင့်နှင့် အပေါက်အလမ်းကို မတည့် ဒီက အကောင်းနဲ့မေးလည်း ဂျစ်တစ်တစ်နှင့် ပြန်ဖြေတဲ့ ခင့်သည် သူ့ကို အမြင်ကတ်ကတ်နှင့် မျက်စောင်းတစ်ချက် လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ စေတနာပျက်အောင် သိပ်လုပ်တာပဲ၊ မုန်းဖို့ ကောင်းတယ်"

"ဘာ"

သူဟာ ချက်ချင်းပင် ခင့်ဘက်ကို လှည့်လာ ခင့် ဘယ်လိုမှ ဘာသာမပြန်တတ်တဲ့ အကြည့်တွေနှင့် ကြည့်နေ တာဖြစ်သည်။ အဲဒီအကြည့်ကြောင့် ခင့် နည်းနည်းလွန်သွားတယ် ဆိုတာ နားလည်လိုက်ပါသည်။

"မင်း စေတနာပျက်နေတဲ့ ငါ့အတွက်လည်း ဘာမှဝတ္တရား အရ ဝတ်ကျေတမ်းကျေ မေးဖို့မလိုပါဘူး"

သူက ပြောလည်းပြော ထလည်းထကာ ခင့်ရှေ့က ထွက်သွားဖို့ စိုင်းပြင်းလျှင် သူ အရမ်းစိတ်ဆိုးသွားတယ်ဆိုတာ သိလိုက်ရသည်။ ခင့်ပြောတာ ဘာများ ဒီလောက်စိတ်ဆိုးဖို့ လို့လဲ။ အရင်လည်း ဒီလိုပဲ ပြောနေ ဆိုနေတာပဲဟာကို။ ခင့် သည် သူနှင့်အပြိုင် စိတ်ဆိုးဖို့ မစဉ်းစားတော့ဘဲ ခင့်ရှေ့ကထွက် သွားတော့မည့် သူ့ကို လက်ဖမ်းဆွဲကာ တားလိုက်ပြီး ...





"ရှင်ကလည်း ဒါလေးပြောမိတာ စိတ်ဆိုးစရာလားလို့၊ ခင့် တောင်းပန်ပါတယ်နော်၊ ကျွန်မက အဲဒီလို အပြော မတတ်တာ ရှင်လည်း သိရဲ့သားနဲ့"

"........"

သူက ဘာမှမပြောဘဲ ခင့်ကိုသာ ဘာသာပြန်ဖို့ တတ်တဲ့ အကြည့်တွေနှင့် ကြည့်နေ၏၊ ခင့်သည် သူ့ကိုကိုင်ဆုပ် ထားတဲ့ လက်တွေကို လက်မလွှတ်မိသေးဘဲနှင့် ...

"ရှင် ထမင်းမစားဘူး ဆိုရင်လည်း ခေါက်ဆွဲပြုတ်ဖြစ်ဖြစ် တော့ စားလိုက်ပါ။ ရှင်က အစာအိမ်အခံရှိတော့ မစားရင် ဗိုက်အောင့်လိမ့်မယ် ...

ဟို ... ဒီလိုလုပ်လေ၊ နိပွန်ခေါက်ဆွဲဘူးကို ခင့် ကိုယ်တိုင်လုပ်ပြီး ဒီယူလာခဲ့မယ်လေ၊ ခေါက်ဆွဲပြုတ်လေး နဲ့ နက်(စ်)ကော်ဖီလေးနဲ့ဆို အား ... ကောင်းမှကောင်းပဲ။ ပြောရင်းနဲ့ ခင့်တောင် ဗိုက်ဆာလာပြီ။ ခဏလေး ဒီမှာ စောင့်၊ ယူလာခဲ့မယ်၊ စောင့်နေနော် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် သူ့ကို သွက်လက်စွာပြောပြီး အောက်
မြန်မြန်ပြန်ဆင်းကာ ခေါက်ဆွဲဘူးထဲ ရေနွေးထည့်၊ ပြီးတော့ ကော်ဖီဖျော်ကာ ဗန်းထဲထည့်၍ အပေါ်ကို ယူသွားလိုက်သည် ဒယ်ဒီနှင့် မာမီကတော့ ခင့်ရဲ့ချစ်ခြင်းတွေကို ဝမ်းမြောက်ဂုဏ် နေဟန်ရှိသည်။

ခင့်သည် ဝရန်တာသို့ရောက်လျှင် ဗန်းကို ခုံပု ပေါ်တင်ကာ သူ့ကိုလက်ဆွဲခေါ်၍ ဒန်းပေါ်ကနေ ကြွပြား မှာ ထိုင်စေသည်။ ပြီးတော့ အပြုံးတစ်ခု ပြုံးပြကာ ...

"ဒါ ကျွန်မကိုယ်တိုင် လုပ်လာတာနော်၊ ကုန်အောင် ရမှာ၊ မကုန်ရင် ပြန်လျော်ရမှာ ... စား"

သူက ဒီတော့မှ မသက်မသာ အပြုံးတစ်ခု ပြန် တုံ့ပြန်ကာ ကော်ဖီတစ်ငုံသောက်ပြီး ...

"ကျေးဇူးတင်ပါတယ် ခင့်"

ခင့်က တူကိုဖောက်ကာ ဘူးထဲက ခေါက်ဆွဲ မွှေနှောက်ရင်း သူ့အတွက် မျက်စောင်းတစ်ချက် ပေးလိုက်ရင်း





"တော်သေးတာပေါ့၊ ဒီပါးစပ်ကြီးက ကျေးဇူးတင်တတ်သေးလို့၊ ဟွန့် ... ကိုယ်ကတော့ ဘာရယ်မဟုတ် နောက်ပြီးပြောလိုက်မိတာလေးကို သူ့မှာ ချက်ချင်းပဲ ထသတ်ပစ်တော့မဲ့ ဒီဇိုင်းနဲ့ စိတ်ကောက် ..."

"ဆောရီး ... ဆောရီး ကိုယ်မှားသွားတယ်၊ ကိုယ်က ရုတ်တရက်ဆိုတော့ အဲဒီလို လွတ်သွားတာ၊ တောင်းပန်ပါတယ် ခင့်ရယ်။ ကိုယ် လုံးဝမရည်ရွယ်ပါဘူး"

"ရပါတယ် ... ခင့်တို့က ရှင့်လို ဒေါသမကြီးတတ်ပါဘူး"

"ကျေးပါနော် မအေးစိန်ရယ်၊ ကိုယ် တောင်းပန်တယ်၊ ဟုတ်ပလား ဒေါ်ခင့်အနိုင်းမဲ့"

အဲဒီလိုမှပဲ သူ့ရဲ့ပုံမှန်ဒီဇိုင်း ပြန်ပေါက်တော့သည်။ ကြည့်ရင် သူနှင့် ခင့်ဟာ ချစ်သူရည်းစားတွေလို၊ ညားခါစ ယားတွေလိုမျိုး ကျီစားကြ ပျော်ကြနှင့် ကြည်နူးပျော်ရွှင်ဖို့ င်းပါသည်။ အို ... သွားစမ်း၊ အဲဒီအတွေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခင့်က ဘာမှမဆိုင်ပါဘူး။ အခြေအနေ
ကြောင့်သာ ဟန်ဆောင်နေရတာ။ သူ ပြောဖူးသလို ပြောရရင်
ဆိုရင်တော့ ခင့်ရဲ့ဒေးခရင်(မ်)ဖြစ်ချင်တဲ့သူ့မှာ expire ဆို
ရှိသေးသည်။ ဒေးခရင်(မ်)လေး အိတ်စပိုင်ယာ မဖြစ်ခင်
ကာကွယ်မှုအာနိသင်က ရှိနေဦးမှာပေါ့။ အဲဒီလိုပဲ ခင့်နှင့်
ဟန်ဆောင်နေတုန်း အခိုက်အတန့်မှာပဲ သူ ခင့်ကို ကာကွယ်
ရှိမှာဖြစ်သည်။

* ✿ *





## ၁၂

လေးညှို့သည် ကိုယ့်ကိုယ်ကိုယ်သာ ထိန်းချုပ်လို့ထားနိုင်ဘဲ စိတ်အလိုအတိုင်း လွှတ်ပေးလိုက်မိလျှင် အကျိုးဆက်အနေနှင့် ဘာတွေဖြစ်လာမလဲဆိုတာ တွေးတောင် မတွေးတတ်ခဲ့ပါ။ နောက်ဆုံးတော့ သူ ထင်ထားခဲ့သည့် အတိုင်းပင် မင်းမဟော်ဆီသည့်ကောင်သည် နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးချေပြီ။

သူ နောက်ဆုံးကျည်ဆန် ထုတ်သုံးနိုင်အောင် ထောက်ပံ့ပေးခဲ့သူ ဘယ်သူလဲဆိုပြီး source ရှာမယ်ဆိုရင်တော့ အဲဒီ source က သူပဲဖြစ်သည်။ ဗညားကို ရွှေတော်ဝင်ဆောက်သုပ်ရေးက ဦးမင်းမြတ်ရဲ့ဒင်နာပွဲကို တက်ခိုင်းမိတာကိုက သူ့အတွက် ကံဆိုးမှုဖြစ်စေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ဗညား ပြန်ပြော၍ အဲဒီဒင်နှာညက ဒ
တော်တော်သောက်ဖြစ်သွားသည် ဆိုတဲ့အကြောင်း သိရသ
မထင်မှတ်စရာ တစ်ခုအဖြစ် ဦးမင်းမြတ်ရဲ့မန်နေဂျာလူယုံတော
အဖြစ် မင်းမယော်ကို တွေ့ခဲ့ရပါသည်ဆိုကတည်းက လေးညို
သည် အခြေအနေတွေကို ဆက်စပ်တွေးခဲ့ပြီးသားဖြစ်သည်။

ဗညားက အရက်မူးပြီဆို သွေးဆိုးကာ ဖုံးသ
အကုန်ဖော်သော လူမျိုးဖြစ်သည်။ သူ့ရဲ့အကျင့်ကို သိရက်သ
နှင့် ဒင်နှာမှာ အရက်သောက်ခွင့်ပြုခဲ့တာကိုက လေးညို့ရဲ့အမှ
ဖြစ်သည်။ မင်းမယော်ဟာ အဲဒီနေ့က သူနှင့် ခင့်ကိစ္စကို ဗည
ထံမှတစ်ဆင့် သိသွားနိုင်လောက်သည်ဟု မှန်းဆထားခဲ့ပေမ
အဲဒီလိုမဖြစ်နိုင်ပါဘူးလေ ဆိုပြီးလည်း လျှော့တွက်မိခဲ့တာဖြ
သည်။

အခုတော့ သူ့မှာ ဒုက္ခတွေ့ချေပြီ။ ခင့်ကို အဲ
မင်းမယော် ဆိုတဲ့ကောင်က ဗျူဟာသုံးကာ ဖြားယောင်းပတ်သ
နေပြီဖြစ်သည်။ လေးညို့သည် အဲဒီအတွက် နေ့နေ့ညည ရင်ပူ
ပူကာ စိတ်တွေညစ်နေရတာဖြစ်သည်။ ဗညားကတော့ သူ့ကြော





ဒီလောက်ဖြစ်လာခဲ့တယ်ဆိုတာသိ၍ သူ့အမှားသူသိကာ နုတ်ထွက်စာတင်လေသည်။

အဲဒါကိုတော့ သူ လက်မခံနိုင်ပါ။ ဒီကိစ္စဟာ ဗညားတစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါ။ ကံကြမ္မာရှာ အစီအစဉ်တကျ ဖန်တီးခဲ့တာဖြစ်ပါသည်။ အဲဒီအတွက် လေးညို့သည် ဗညားလည်း ဖြေသာနိုင်အောင် သူလည်း အဆင်ပြေအောင် အစီအစဉ် ဆွဲခဲ့သည်။

"ဒီကိစ္စကြောင့် မင်း ဘာမှအလုပ်ထွက်ဖို့ မလိုဘူး ဗညား၊ အဲဒါတွေက မင်း အပြစ်မဟုတ်ပါဘူး"

"ဒါပေမဲ့ ကျွန်တော် စည်းမစောင့်ခဲ့တာကြောင့် အစ်ကို့ကို ဒုက္ခပေးသလို ဖြစ်ခဲ့ရပြီလေ၊ ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး။ အစ်ကို့အပေါ်မှာ ကျွန်တော် သစ္စာမရှိခဲ့ဘူး"

"မင်း ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့ ဗညားရာ၊ မင်းကို ကိုယ် အလုပ်ထွက်ခွင့်လည်း မပေးနိုင်ဘူး။ မင်းက ကိုယ့်အတွက် လက်ရုံးတစ်ဆူပါ ဗညား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒီလိုလုပ်ကွာ။ မင်းဘက်က ဖြေသာနိုင်မယ့် ကိုယ့်အတွက်လည်း အကျိုးရှိမယ့် အလုပ်တစ်ခုကို မင်းလုပ်ပေး။ ဒါဆို အားလုံးအဆင်ပြေပြီပေါ့ကွာ"

"ဘာများလဲ အစ်ကို"

"ခင့်နဲ့ မင်းမဟော် အခြေအနေကို စောင့်ကြည့်ပေးပါ။ အထူးသဖြင့် မင်းမဟော်ပေါ့"

အဲဒီအစီအစဉ်ကို ဗညားကလည်း တာဝန်အကျေဆုံး ဆောင်ရွက်ပေးရှာပါသည်။ မင်းမဟော်ဟာ အခုဆို ဒီနိုင်တွေပြောင်းကာ ခင့်ရဲ့သနားစိတ်ကို အပိုင်ကိုင်၍ ချုပ်ဖို့ကြိုးစားနေတယ်ဆိုသောအခါ သူဟာ သေလောက်အောင်ပင် ရင်တွေပူလာခဲ့သည်။

သူ့ရင်ခွင်ထဲမှာ မဟုတ်သေမယ့် သူ့ဘဝထဲမှာ ခင့်ရှိနေရာကနေ မင်းမဟော်ဆီကို စိတ်ပြန်လည်သွားမှာကို သူစိုးရိမ်လာမိသည်။ အထူးသဖြင့် သူ ခင့်ကို ဟန်ဆောင်ခဲ့တဲ့ကိစ္စတွေကို ခင်သာ သိသွားရင် ...။





အဲဒါတွေနှင့်ပဲ သူ့မှာ အရမ်းချောက်ချားနေရတာ ဖြစ်သည်။

"မင်း အဲဒီလောက် စိတ်ပူမနေစမ်းပါနဲ့ လေးညို့ရာ၊ မင်းဘက်မှာ ငါတစ်ယောက်လုံး ရှိနေတယ်။ မင်းကို ငါကိုယ်တိုင် ကူညီပေးခဲ့တာပဲ၊ မင်း ဘာတွေပူနေသလဲ"

"ငါ အဲဒီကောင်နှင့် မျက်နှာချင်း ဆိုင်လိုက်တော့မယ် ထိုက်တန်... နို့မို့ဆိုရင် ဒီကိစ္စက ပြတ်မှာမဟုတ်တော့ဘူး၊ မင်းမဟော်ဆိုတဲ့ကောင်ကို ရှင်းပစ်မှ ရတော့မယ်"

အဲဒီလိုနှင့် သူဟာ ကြုံးဝါးထားသည့်အတိုင်းပင် မင်းမဟော်နှင့်တွေ့ကာ စာရင်းရှင်းပစ်ခဲ့ပါသည်။ မင်းမဟော်ဆိုသည့် ပမွှားကောင်ဟာ သူ့ကိုတောင် ထီမထင်ဒီနိုင်းမျိုးချိုးကာ ဂရုမစိုက်ဟန်ဖြင့် ...

"ကျုပ်ရဲ့လွတ်လပ်ပိုင်ခွင့်ပဲ၊ ခင်ဗျားမှာ ဒီလိုတားမြစ်နိုင်တဲ့ အခွင့်အရေးမျိုးကော ရှိလို့လား။ တကယ်တော့ ခင်ဗျားကသာ လူယုတ်မာ၊ မိန်းကလေးတစ်ယောက် ကိုယ့်လက်ထဲရောက်အောင် စနစ်တကျ အကွက်ချခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ။ ကျုပ်နဲ့ ခင့် ချစ်သူချင်း နားလည်မှုလွဲတာကို ကြား ထဲကနေ ဖြတ်ခုတ်သွားတာ ခင်ဗျား ...

ဒီကိစ္စတွေကိုသာ ခင့်ကို ပြောပြလိုက်ရင် ခင်ဗျား လည်း တစ်စစီဖြစ်သွားနိုင်တယ်နော်"

အဲဒီခြိမ်းခြောက်စကားတွေကြောင့် လေးညှို့သည် ဒေါသတွေ တလိမ့်လိမ့် ထွက်လာကာ သူ့ကို အမှုန့်ကြိတ်ချင် စိတ်တောင် ပေါက်လာပါသည်။ ဒါပေမဲ့ အဲဒီလိုလုပ်လိုက်ရင် ပြဿနာတွေက ပိုကြီးလာနိုင်တဲ့အတွက် ညှိဖို့ပဲ စဉ်းစားရတော့ သည်။

"မင်း ငွေဘယ်လောက်လိုချင်သလဲပြော၊ အေး ... ကြိုက် သလောက်တောင်း၊ ပြီးရင် ငါနဲ့ ခင့် ရှိတဲ့နေရာကို တစ် ဖဝါးမှ ခြေချမလာနဲ့"

"ဟား ဟား ဟား ... ငွေ ဟုတ်လား။ ခင်ဗျား ကျုပ်ကို ဘယ်လောက်ထိ ပေးနိုင်မလဲ။ ခင်ဗျား ပေးတာထက် နှစ်ဆ ပိုပေးပြီး ကျုပ်ကလည်း ခင်ဗျားကို ပေးလိုက်မယ်၊ ခင့်အနားက ထွက်သွားပါ"





"မင်း ... မင်း ... ကဲကွာ"

လေးညှို့သည် ဒေါသကို ဘယ်လိုမှ ထိန်းချုပ်လို့ ရတော့သည့်အဆုံးမှာတော့ မင်းမဟော်ရဲ့မျက်နှာကို ထိထိမိမိ ဝင် လက်သီးဖြင့် ထိုးချပစ်လိုက်တော့သည်။ သူ့ရဲ့နှုတ်ခမ်းထောင့် နှန်းက ထွက်လာသော သွေးစတချို့ကို လက်ခုံဖြင့်ပွတ် သုတ်ကာ အပြုံးမပျက် မျက်နှာဖြင့် ...

"ခင်ဗျား ကျုပ်နဲ့ လက်ရည်လာယှဉ်မနေစမ်းပါနဲ့၊ ကိုယ့် ကိုယ်ကိုယ် ဖိုက်တာလို့ ထင်ထားရင် ကျုပ် လက်သီးကို လည်း မြည်းကြည့်စမ်းပါဦး ... ရော့"

သူ့ရဲ့ ရုတ်တရက်ဝင်ချလာတဲ့ တိုက်ကွက်ကို လေးညှို့သည် ဘယ်လိုမှ ရှောင်လိုက်ချိန် မရဘဲ မေးရိုးတည့် တည့်ကို ထိလေသည်။ နာကျင်အောင့်မျက်သွားသောဒဏ်ကြောင့် သူဟာ ယိုင်ခနဲ ဖြစ်သွားစဉ်မှာပဲ မင်းမဟော်က ထိမထင်အပြုံး ပြုံးကာ ...

"ခင်ဗျား မှတ်ထားလိုက် လေးညှို့၊ ခင့်ကို ကျုပ် ရအောင် ပြန်ယူပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားတော့သည်။ လေးညို့သည် လက်တွေကို ကျစ်ကျစ်ပါအောင် တင်းဆုပ်ထားရင်းက ခင့်ကို အဆုံးရှုံးမခံနိုင်တော့သည့်အတွက် သူ့ဘက်က ခြေတစ်လှမ်းဦးထားဖို့ လိုအပ်လာပေပြီ။

သူ အိမ်ပြန်ရောက်လျှင် ရောက်ချင်းမှာပဲ ပန်းခြံထဲမှာ ရေလောင်းနေသော ခင့်ကိုတွေ့လျှင် ခင့်ရှိရာကို အပြေးတစ်ပိုင်းသွားကာ သူ့ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်ပြ ပါးစပ်အပြင်မှာပဲ ခင့်က သူ့မျက်နှာကို သေချာအကဲခတ်ကြည့်ကာ ...

“ဟယ် ... ရှင့်မျက်နှာ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ”

သူက ဘာမှမဖြစ်ပါဘူးဆိုပြီး ပြောဖို့ပါးစပ်အဟာ မေးရိုးနှင့် ပါးကြောတစ်ခုလုံးက တင်းခနဲဖြစ်ကာ အင်မတန် နာကျင်အောင့်မျက်သွားရလေသည်။ အစကတော့ သွေးပူနေတုန်းမို့ ဘာမှမဖြစ်ပေမယ့် သွေးအေးသွားချိန်မှာတော့ ဒဏ်ဖြစ် အတော်နာနေရပြန်သည်။ ခင့်သည် သူ့ရဲ့မျက်နှာက ဒဏ်ရာ ကြည့်ကာ သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ရင်းက ...





“ရှင် ဘာဖြစ်လာလို့လဲဟင်”

“ဘာမှမဖြစ်ပါဘူး ခင့်ရယ်၊ ကိုယ် သွားနားလိုက်တော့မယ်”

သူ အင်မတန်မှ ရင်ခုန်ကြည်မွေ့ပါသော ခင့်ရဲ့ လက်လေးတွေကို ဖြုတ်ချကာ ခင့်ကို ကျောခိုင်းလိုက်လျှင်တော့ ခင့်က သူ့ဘေးကနေ လျှောက်လာရင်း ...

“ဒဏ်ရာကို ကျပ်ထုပ်ထိုးမှ သက်သာမှာပေါ့၊ ကျွန်မ သွားစီစဉ်လိုက်ဦးမယ်”

ခင့်က သူ့ကိုကျော်ကာ အိမ်ထဲသို့ဝင်ဖို့ ခြေလှမ်းအပြင်မှာပဲ လေးညို့သည် သူ့ဒဏ်ရာကိစ္စကို လူကြီးတွေ သွား ပြောနေမှာစိုး၍ လှမ်းတားလိုက်ရသည်။

“ခင့် ... ဒီကိစ္စကို လူကြီးတွေ သွားမပြောပါနဲ့နော်၊ ကိုယ် မင်းကို အနူးအညွတ် request လုပ်ပါတယ်”

“သိတယ်၊ အဲဒါဆို ကျွန်မနဲ့အတူလာ။ ဒယ်ဒီက အောက်ထပ်မှာ TV ကြည့်နေတာ။ ကြွေ့သွားရင် ခက်မယ် ... လာ”



www.burmeseclassic.com

www.burmeseclassic.com



ခင့်က သူ့လက်မောင်းကို ချိတ်တွဲကာ ဆွဲခေါ်လိုက်လျှင် သူ့ရဲ့နာကျင်မှုတွေတောင် ပျောက်ကင်းသွားသလိုပင်။ အဲဒါနှင့်ပဲ သူဟာ ခင့်အကူအညီဖြင့် အခန်းထဲကို ရောက်လာခဲ့ပြီ။ ခင့်ဟာ တစ်ခါတစ်ခါ ကလေးဆန်ပေမယ့် တစ်ခါတစ်ရံတော့ လူကြီးဆန်ကာ ရင့်ကျက်သူလေး ဖြစ်ပါသည်။

"ပြစမ်းပါဦး၊ ရှင့်ဒဏ်ရာ"

ခင့်က ပြောလည်းပြော သူ့မေးရိုးကိုလည်းကြည့်လေသည်။

"ဟယ် ... ယောင်နေတယ်၊ နှုတ်ခမ်းထောင့်မှာလည်း ပွန်းရာတွေနဲ့၊ မဖြစ်ဘူး ဆေးခန်းသွားမယ်"

"ရတယ်၊ ကိုယ် ဘာမှမဖြစ်ဘူး"

"မရည်နဲ့၊ ရှင် ဆေးခန်းမသွားဘူးဆိုရင်လည်း ကျပ်ထုပ်ထိုး ဆေးထည့်တော့ လုပ်ရလိမ့်မယ်။ အဲဒါမှ မလုပ်ချင်ဘူး ဆိုရင်တော့ မာမီ့ကို ဒီကိစ္စ သွားပြောပြဖို့ပဲ ရှိတော့တယ်"





ခင့်သည် သူမ ပြောချင်တာပြောကာ "ဆေးသေတ္တာသွားယူဦးမယ်"ဆိုပြီး သူ့ဘေးက ထွက်သွားလေသည်။ သူ့ကို ခင့်ဟာ သံယောဇဉ်တော့ ရှိနေပြီဆိုတာ သူ ရိပ်မိသိရှိလာခဲ့ပါသည်။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ရှင် မနေ့က ဘယ်သူနဲ့ ရန်ဖြစ်လာတာ
မှန်မှန်ဖြေနော်"

လေးညို့သည် ကိုယ့်အကြောင်းကို ဒီလောက်
အရေးတယူဖြင့် မေးလာသော ကောင်မလေးကိုကြည့်၍ အ
အနေမဆိုးဘူးဆိုတာ သဘောပေါက်လာပါသည်။ ဒါပေမဲ့
ခင့်ကို ဘယ်သူနဲ့ ရန်ဖြစ်ခဲ့တယ်ဆိုတာ မပြောပြချင်ပါ။

အဲဒီ အတွက် တမင်ကို သူမအား နောက်
သည်။

"ဘာလဲ ... ကိုယ့်အတွက် စိုးရိမ်လို့ မေးတာပေါ့၊
လား ခင့်လေး"





အဲဒီအပြောကြောင့် ခင့်ဟာ ချက်ချင်းပင် မျက်နှာ
အွန်မြန်းကာ ဒေါသတွေ တရှူးရှူးတရှဲရှဲ ထွက်၍ ခုနက
ကြင်နာတာတွေ ပျောက်ကာ ကောတော့သည်။

"ဖွီး ... စိုးရိမ်စရာလား၊ သေသွားတော့လည်း ပြီးတာပဲ။
အခုဟာက မစိုမပို့လေး ဒဏ်ရာရတော့ နောက်တစ်ခါဆို
ရှင့်ကို ထပ်မလုပ်တော့မှာစိုးလို့ပေါ့၊ နားလည်လား"

"ဟား ... ဟား ... သေချာလို့လား။ မင်းကလည်းကွာ
မနေ့ကတော့ ဂရုတစိုက်နဲ့ ဆေးထည့်ပေးပြီးတော့"

"တောက် ... ရှင်နော်။ သေတော့မယ်၊ တော်ပြီ နောက်
ဘယ်တော့မှ ဆေးမထည့်ပေးဘူး"

သူဟာ ခင့်နှင့် ဒီဘဝလေးကို လုံးဝအဆုံးရှုံးမခံနိုင်
ခင့်ကိုချစ်တာဟာ ရမ္မက်ဆန္ဒမပါတဲ့ သန့်ရှင်းသော ဖြူစင်
နှင့် မြတ်နိုးတာပဲဖြစ်သည်။ အဲဒီလိုမျိုး အေးချမ်းသာယာ
အသားကျနေပြီဖြစ်တဲ့ ဒီဘဝလေးကို မင်းမယော်က ဖျက်
နိုင်မတဲ့လား။ ခင့်သာ သူ့အကြောင်းတွေ အားလုံးသိသွား
သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ခင့် ... မာမီကတောင် ပြောနေပြီ။ ကိုယ်တို့ညှော်ခံပွဲလုပ်သင့်နေပြီတဲ့၊ ကိုယ် အချိန်တော့ ဆွဲထားသေးတယ်"

"စိတ်ညစ်တယ် ... အဲဒီဒုက္ခက တစ်မျိုး၊ ဖေဖေကလည်း ကျွန်မအိမ်သွားတိုင်း ညှော်ခံပွဲကိစ္စပဲ ပြောနေပြီ၊ ဒီကိစ္စက ပေါ့လို့မရတော့ဘူးနော်။ ကျွန်မတို့ ညှော်ခံပွဲလုပ်လိုက်ရင် လူသိရှင်ကြား ဖြစ်သွားပြီ၊ အဲဒါဆို အကုန်ဒုက္ခများကုန် လိမ့်မယ် ...

ရှင်နဲ့ကျွန်မ မြန်မြန်ကွာကြရင် ကောင်းမယ်၊ ရှင် လည်း တစ်နေ့ ချစ်သူရှိလာရင် ဒီကိစ္စက ရှင်းဖို့မလွယ် ဘူးလေ"

ကိုယ့်ဘဝရဲ့ချစ်သူဟာ မင်းတစ်ယောက်တည်း ဆိုတာ မင်း နည်းနည်းတောင် မရိပ်မိဘူးလား ခင့်ရယ်။ အ ချိန်ချိန်မှာ မင်းကို ကိုယ် အမှန်တကယ် ပိုင်ဆိုင်နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် အခုတော့ မင်းရဲ့စိတ်တွေဟာ ကိုယ့်ဆီမှာ ဘူးဆိုတာ သိခဲ့ရပါပြီ။





ခင့်က သူ့ရဲ့မှိုင်းတွေသွားတဲ့ပုံစံကို ရိပ်မိသွားဟာ သူမ စကားများသွားတယ်အထင်နှင့် သူ့စကားသူ ပြန်ဖြေလေသည်။

"ဟုတ်တယ်လေ၊ ဟို ... ကျွန်မ ဆိုလိုချင်တာက အမြဲ တမ်းကြီး ဒီပုံအတိုင်းကြီး stay လုပ်လို့လည်း မရဘူး၊ ရှင့်ဘဝအတွက် လက်တွဲဖော်ကို တွေ့လာရင် ရှင်က ..."

ခင့်က စကားဆက်မပြောနိုင်တော့ဘဲ သူမဆောင်းဘီ အိတ်ကပ်ထဲက ဖုန်းမြည်သံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား ဟာ ...

"ခဏလေး ... ဖုန်းသွားပြောလိုက်ဦးမယ်နော်"

သူ ခေါင်းညိတ်တာကိုတောင် မစောင့်နိုင်ဘဲ သူ နှင့်ဝေးရာကို ကျောခိုင်းထွက်သွားကာ ဖုန်းသွားပြောလေသည်။ သူမ ဒီလို ရွှင်မြူးသွက်လက်စွာ ပြောနေတယ်ဆိုရင် သူမဆီ ဖုန်းဆက်သူဟာ ဘယ်သူဖြစ်မှာလဲ။ မင်းမဟော်ပဲ ဖြစ်လောက် ပါလိမ့်မည်။

အဲဒီအတွေးကြောင့် သူ့ရင်ဘတ်တစ်ခုလုံးဟာ မီး ဆောင်ထဲ ပြုတ်ကျသွားသလိုကို ခံစားခဲ့ရပါသည်။ ခင့်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ဆုံးရှုံးသွားရရင် ခံနိုင်ရည်ရှိဖို့ သူဟာ သီချင်းတစ်ပုဒ်ကို အမြဲနားထောင်ဖြစ်နေပါသည်။

"ဘဝဟာ ခဏပါ ... ငါ သိတယ် အချစ်ရယ် ... မင်း အတွက်ပေးမယ် ... ဒါဟာ မိုင်ကုန်ပဲ ... ဒါကို မင်းနား မလည် ... ဂုဏ်သိက္ခာ နတ္ထိစည်းစိမ်မဲ့တယ် ... မေးနိုင် သမျှ ဒါကို နင် မရောင့်ရဲ ... မင်း မှားတယ် ...

လက်ခုပ်သံ ကျယ်ကာမှ ... ငါ့ရဲ့အပြစ်လားကွယ်_ နှစ်ယောက်စလုံး မှားခဲ့တယ် ... အချိန်လွန်မှ ပြန်လှည့် ခက် ...

နင့်ဘဝကို တည်ဆောက်ပြီး ငါ့ဘဝ ပျက်ရတယ်_ နင် ဉာဏ်ကောင်းလွန်းခဲ့တယ်"

* ✿ *





## ၁၃

ခင့်သည် ထင်မထားတဲ့စကား ကြားလိုက်ရတဲ့ အခါမှာတော့ ရုတ်တရက် ဘာမှမပြောနိုင်သေးဘဲ ဆွံ့အသလို ...သွားကာ သူ့ကို ကြောင်ကြည့်နေခဲ့မိသည်။ အဲဒါကိုပဲ သူက ...ချင့်အရေးယူကာ ခင့်ရဲ့လက်တစ်ဖက်ကို အုပ်မိုးဆုပ်ကိုင်လာ ...ကာ ချိုရီယစ်မူးစေသော စကားကို ထပ်ဆိုပြန်သည်။

"ကိုယ့်ဘဝမှာ ဆိုးခဲ့ဖူးတယ်၊ မိုက်ခဲ့ဖူးတယ်။ ပြီးတော့ မိန်းမတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲ ချစ်နေခဲ့တာ အခု ထိပဲ၊ နောက်လည်း အဲဒီအတိုင်းပဲ ချစ်နေဦးမှာ ခင့်၊ ကိုယ် မင်းကို အရမ်းချစ်တယ်၊ ကိုယ်တို့အသစ်ကပြန်စ ကြရအောင်နော် ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တာတွေကို မေ့ပစ်လိုက်တော့။ မင်းမယောက်

တဲ့ ကိုယ်က အခုချိန်မှာ ခင့် အားကိုးယုံကြည်လော

မယ့် ယောကျာ်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေ

ခင့် ကိုယ့်ကို လက်ထပ်ပါ"

ခင့်ဟာ အဲဒီစကားလုံးတွေအတွက် ဘာပြော

ပြောရမှန်း မသိတော့လောက်အောင်ကို အံ့သြမှင်တက်နေမိသည်

သူ့ကို အံ့သြတယ်ဆိုတာထက်ပင် ပိုပါသည်။ သူ့ရဲ့အပြ

ခင့်ဟာ ဘယ်အစားထဲ ရောက်သွားပြီလဲ။

ခင့်နှင့် ကိုလေးညို့ လက်ထပ်ထားတယ်ဆို

သူသိရက်နှင့် ဒီစကားပြောတာဟာ ခင့်ကို စော်ကားတာ

သည် အဲဒီအတွေးနှင့်တင် ရှက်လည်းရှက်၊ ဒေါသလည်း

လာပါသည်။

"မင်းမယော် ... နင် ရူးနေသလား။ ငါ့ကို နင် ဒီ

တွေ ဘာသဘောနဲ့ ပြောတာလဲ၊ ငါက အိမ်ထောင်ရှိ

နင် ပြဿနာတက်သွားလိမ့်မယ်"





"ခင့် ... မင်းက ကိုယ့်ကို အခုထိ ဟန်ဆောင်နေသေး

တယ်နော်၊ တကယ်ဆို မင်းနဲ့ ကိုယ်က မနေ့တစ်နေ့ကမှ

ချစ်လာတာ မဟုတ်ဘူးနော်၊ မင်းစိတ်ကို ကိုယ်သိပါတယ်"

ခင့်သည် ပြောလေကဲလေ ဖြစ်လာတဲ့သူ့ကို သတ်

ပစ်ချင်လောက်အောင် ဒေါသတွေ ထွက်လာတော့သည်။ ယောကျာ်း

တွေဆိုတာ ဒီလိုချည်းပဲလို့ ခင့် သိသိချည်းနဲ့ မိုက်မိတာ။ သူ့

ဘဝမှာ ကိုယ့်ကြောင့် တိမ်းစောင်းသွားမယ်လေဆိုတဲ့ စေတနာ

တစ်ခုထား၍ သူနှင့်ပြန်ပတ်သက်ခဲ့မိတာကိုက ခင့်ရဲ့အမှားပေ။

ဆုဝေက တားခဲ့သော်လည်း ခင့်က နားမထောင်

ခဲ့တာဟာ အတော်ပင် ဆိုးဝါးလှပါသည်။ ခင့် ထင်ထားတာက

တော့ ခင့်ဟာ အိမ်ထောင်ပြုပြီးသူဆိုတဲ့ cover ကြောင့် မယော်

ဟာ ခင့်အပေါ်ကို သူငယ်ချင်းတစ်ယောက်ထက် ပိုလို့မရဘူးဆို

ပြီး လျှော့တွက်ခဲ့မိသည်။ အဲဒါကို သူက အခုတော့ ...။ ခင့်

သည် ကြိတ်မနိုင် ခဲမရတဲ့ ဒေါသနှင့်အတူ အံကိုတင်းတင်းကြိတ်

ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ မင်းမယော်၊ နင်က တကယ့်ကို အဆင့်မရှိတဲ့ ယောက်ျားပဲ။ နင့်ကို သူငယ်ချင်းအဖြစ် ပတ်သက်မိတဲ့ ငါကိုက အမှားကြီးမှားခဲ့တာ၊ ဒီနေ့ နင်ပြောခဲ့တဲ့ စကားက နင့်အဆင့်အတန်းကို နင်ဖော်ပြလိုက်တာပဲ"

"ဟား ... ခင့်ရာ၊ မင်းကတော့ သစ္စာရှင်မကြီးပေါ့လေ၊ ဟုတ်လား၊ လေးညို့ကို မင်း သိပ်ယုံကြည်ကိုးစားမနေ စမ်းပါနဲ့။ မင်းရဲ့လေးညို့ဆိုတဲ့ကောင်က မင်းကို ဒီအခြေအနေမျိုးနဲ့ သူ့အနားမှာ ခေါ်ထားနိုင်တာဟာ သူ အကွက်ချစီစဉ်ထားတာကွ၊ မင်း သိရဲ့လား ခင့်"

ခင့်သည် မယော် ပြောတဲ့စကားကို လုံးဝကိုနားမလည်ပါ။ သူ ဘာကိုဆိုလိုတာလဲ။ ပြီးတော့ ကိုလေးညို့က အကွက်ချစီစဉ်တယ်တဲ့။ ခင့်ရဲ့တွေသွားတာကို အခွင့်ကောင်းယူကာ သူက အခုနက စကားပြန်ဆက်ပါသည်။

"တကယ်တော့ သူဟာ မင်းကို အစကတည်းက သိနေတာ ခင့်။ မင်းနဲ့ကိုယ် အဆင်မပြေ ဖြစ်နေတဲ့အချိန်မှာ အဲဒီ လေးညို့ဆိုတဲ့ကောင်က အကွက်ကျကျ စီစဉ်သွားတာ။ မင်းနဲ့သူ ဟန်ဆောင်ရည်းစားအဖြစ်တွဲလို့ရအောင် စီစဉ်တာလည်း သူပဲ ...

မင်းအစ်ကို့ကို ဖုန်းဆက်ပြီး ပြောခဲ့တဲ့သူက သူပဲလေ၊ မင်းရဲ့အနားကို မရှိးသားတဲ့အကြံနဲ့ ဝင်လာပြီး နောက်ဆုံးမှာ မင်းကို လက်ထပ်ခဲ့တဲ့ အထိကို မင်းရဲ့အနီးကပ်ဆုံးလူတွေနဲ့ပေါင်းပြီး အကွက်ချ စီစဉ်ခဲ့တာ ...

မင်း ဒါတွေမသိလို့ ကိုယ့်ကို အောက်တန်းကျတယ်လို့ ပြောနေတာ။ တကယ်တော့ အဲဒီ လေးညို့ဆိုတဲ့သူကသာ မိန်းမတစ်ယောက်ကို နည်းစနစ်တွေသုံးပြီး ယူခဲ့တဲ့သူကသာ အောက်တန်းကျတာကွ"

ခင့်သည် ကိုယ်ကြားနေရတာတွေဟာ ဟုတ်ကော ဟုတ်ရဲ့လားဆိုပြီး ကိုယ့်နားကိုယ်တောင် သံသယဖြစ်သွားသည်။ ဘာလဲ ... ဘာတွေလဲ။ မယော် ပြောသလို တကယ်ပဲလား။

ခင့်သည် အတုန်တုန် အလှုပ်လှုပ်ဖြင့် သူ့ကို ထပ်မေးရပြန်သည်။

"နင် ... နင် ... ဒါတွေ ဘယ်လိုသိတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လေးညှို့ရဲ့ပီအေ ဗညားခန့် ဆိုတဲ့လူကိုယ်တိုင်ပြော တာ၊ မင်း ဘာလုပ်တယ်၊ ဘယ်သွားတယ်၊ ဘာတွေကြိုက် တယ်၊ မင်းရဲ့အကြောင်း အကုန်လုံးကို စုံစမ်းဆေးရတဲ့သူက ဗညားခန့်ပဲ ခင့်၊ အဲဒီ လေးညှို့ဆိုတဲ့သူက အားလုံးပိုင်ပြီး ဆိုမှ ဒီခွင်ကို ရိုက်တာ ...

မင်း မယုံဘူးဆိုရင် သူ့ကို သွားမေးကြည့်နိုင်တယ် ကိုယ် အဲဒီကိစ္စတွေအားလုံး သိသွားတယ်ဆိုတာ အဲဒီရ ကြီး သိသွားတော့ ကိုယ့်ကို လာနှုတ်ပိတ်တယ်လေ၊ အဲဒါ ကို ကိုယ် recording လုပ်ထားတယ်၊ နားထောင်ကြည့် လိုက်ဦး ခင့်"

သူက ပြောပြောဆိုဆိုပင် ဘောင်းဘီအိတ်ကပ်ထဲ က ဖုန်းကိုဖွင့်ကာ အဲဒီရိကောဒင်းကို ဖွင့်လိုက်လေသည်။ ခင့် သည် ထွက်ကျလာမည့် စကားသံကိုပဲ ရင်မောစွာ မျှော်လင့် သည်။

(ကျုပ်ရဲ့လွတ်လပ်ပိုင်ခွင့်ပဲ၊ ခင်ဗျားမှာ ဒီလိုတားမြစ်နိုင် တဲ့ အခွင့်အရေးမျိုး ရှိလို့လား ...





... ... မင်း ငွေဘယ်လောက်လိုချင်လဲပြော၊ အေး_ ကြိုက်သလောက်တောင်း၊ ပြီးရင် ငါနဲ့ ခင့်ရှိတဲ့နေရာကို တစ်ဖဝါးမှ ခြေချမလာပါနဲ့)

သူက ပြုံးစစမျက်နှာဖြင့် ဖုန်းကိုပိတ်ကာ အိတ်ထဲ ပြန်ထည့်လိုက်တော့သည်။ အသံကတော့ ကိုလေးညှို့ရဲ့အသံ အစစ်ပဲဖြစ်သည်။ စကားပြောရင် ကရုဏာသံ သက်နေသည့် ချိုရိရိအသံဖြစ်သည့် သူ့လိုအသံကို ခင့်က အလွန်တရာကိုမှ နှတ်မိတာပေါ့။

"မင်းကို လိမ်ညာထားတဲ့ သူတစ်ယောက်ကို မင်း ဘယ် လိုစီရင်ချက်ချမှာလဲ ခင့်"

သူက ခင့်ရဲ့ဒေါသရိပ်တွေကို တရိပ်ရိပ်တက်လာ တာ ပီပြင်အသက်ဝင်လာအောင် တမင် အချိန်နှင့်မ,နေတယ်ဆို တာ ခင့် သိပါသည်။ ခင့်သည် မဟော်ရဲ့လုပ်ပေါက်ကို သိသည်။ သူ ဆင်ထားတဲ့သဘောက အခြေအနေကောင်းရင် ပွဲလန့်တုန်း မှာခင်းဆိုသလို ခင့်နှင့် ရွှေလက်တွဲနိုင်သည်။ မကောင်းရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မစားရတဲ့အမဲ သဲနှင့်ပက် ဆိုသလို သူ မပိုင်ရတဲ့ ခင့်ကို ဟိုတစ်ယောက်နှင့်လည်း ပြီးပြတ်သွားအောင် လုပ်ခဲ့တာဖြစ်သည်။

ခင့်သည် ကိုယ့်ရဲ့ယုံကြည်ကိုးစားမှုအပေါ်ကို လုလုပပ အသုံးချကာ လှည့်စားသွားခဲ့သော လေးညို့ဆိုသည့် သူ့ရဲ့ အမြဲပြုံးနေတတ်သည့် မျက်နှာကြီးကို မြင်ယောင်ကာ ရင်ထဲမှာ နာကျည်းချည့်အောင်မျက်နေခဲ့ပါသည်။

"နင် စောင့်ကြည့်လိုက်ပါ မဟော်၊ သူ့အတွက် ငါ့မှာ အဖြေရှိပြီးသား၊ ပြီးတော့ တစ်ခါတည်း ပြောလိုက်မယ် ငါ့ကို နောက် ဘယ်တော့မှ မပတ်သက်ပါနဲ့တော့ ယောကျ်ားဖြစ်ပြီး အတို့အထောင်လုပ်တဲ့ စိတ်ဓာတ်ကိုလည်း ငါ မုန်းတယ် မဟော်၊ နင်နဲ့ ငါနဲ့ လုံးဝပြီးသွားပြီ"

ခင့်သည် သူ့ကိုပြောကာ လှည့်ထွက်လာခဲ့တော့သည်။ မဟော့်ကို ကျောခိုင်းခဲ့တာ ကြာခဲ့ပေပြီ။ အဲဒီအတွက် ခင့် ဘာမှ နှင့်နေအောင် မခံစားခဲ့ရပါ။ အခု ခင့်သွားရမှာ တစ်ယောက်သောသူဆီကို ဖြစ်ပါသည်။





လုပ်ရက်လေခြင်း ဆိုသောစိတ်နှင့်အတူ နှလုံးသားတစ်ခုလုံးသည် ဆတ်ဆတ်ခါအောင် နာကျင်နေပါသည်။

ရှင်နဲ့ကျွန်မ တွေ့ကြသေးတာပေါ့။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဟန်ဆောင်ဇာတ်လမ်းကြီးဟာ ဇာတ်မျောကြီးဖြစ်ကာ ဘာဆက်လုပ်လို့ လုပ်ရမှန်းကို မသိတော့ချေ။ ခင့်ကို ဘေးနားမှာထားကာ ရန်ဖြစ်ချင်ဟန်ဆောင်နေရတဲ့ ဘဝကြီးကို သူ မလိုချင်တော့ပါ။ အခုတလောမှာလည်း ခင့်ဟာ မင်းမယော်နဲ့ ပြန်တွဲနေတယ်ဆိုတာ သူ သိနေပါသည်။ ခင့်ကို ဘယ်နည်းနှင့်မှ အဆုံးရှုံး မခံနိုင်တဲ့ သူ့အတွက် ခင့်ကတော့ သူ့ကို အရူးလူနေရာမှာ သဘောထားနေတာလား မပြောတတ်ပါ။

ခင့်ကို ပိုင်ဆိုင်ရဖို့အတွက် သူ့ရဲ့စီစဉ်အားထုတ်မှုတွေကို ခင့် တစ်နေ့နေ့မှာ သိသွားခဲ့ရင်။ သူဟာ အဲဒီအတွက် ရင်မောနေရတာ ဖြစ်ပါသည်။ တောက်လျှောက် ဟန်ဆောင်နေရတဲ့ ဘဝကြီးထဲက ရုန်းထွက်ဖို့အတွက် သူဟာ ဘယ်လိုထင်ဖန်တီးရမယ်မှန်းလဲ မသိတော့ပါ။





သူက အတွေးပေါင်းများစွာနှင့် ချာလည်ပတ်ယမ်းတာ ကားကို ခြံထဲသို့ မောင်းဝင်လာခဲ့တော့သည်။ ကားပေါ်က ဆင်းလိုက်တာနှင့် သူ့ရဲ့တူနှစ်ကောင်က အသည်းအသန်ပြေးလာတာ ...

“လေးလေးရေ ... အခြေအနေတွေ မကောင်းတော့ဘူး။ တီတီက လေးလေးနဲ့ ကွာရှင်းမယ်ဆိုပြီး ဘွားဘွားကို သွားပြောနေတယ်၊ ဘွားဘွားက တားတာတောင် မရတော့ဘူး၊ အထုပ်အပိုးတွေပါ အဆင်သင့် ပြင်ပြီးသွားပြီ လုပ်ပါဦး လေးလေး”

လေးညို့သည် အဲဒီစကားကြောင့် မျက်လုံးတွေပါပြူးသွားရကာ အိမ်ထဲသို့ အသည်းအသန် ပြေးဝင်လာခဲ့တော့သည်။ စိတ်ထဲမှာတော့ တစ်စုံတစ်ရာကို ကြိုသိနေသလိုပင်။ သူ အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်းမှာပင် မာမီက သူ့ရဲ့လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ကာ ...

“သား ... သမီးလေး ဘာဖြစ်တယ် မသိဘူး၊ ဒေါသတွေလည်း အရမ်းကြီးနေတယ်၊ မေးလို့လည်း မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ မာမိ၊ သား သွားရှင်းလိုက်ပါ့မယ်၊ မာမီ_ သူ ဘယ်မှာလဲဟင်"

"အပေါ်ထပ်မှာ သား"

လေးညို့သည် မာမီ့ကို ခေါင်းတစ်ချက် ဆတ် လိုက်ကာ အပေါ်ထပ်သို့ အလျင်အမြန်ပင် တက်သွားတော့သည် ခင့် ဘာဖြစ်တာလဲဆိုတာ သူ သိနေပါသည်။ မင်းမဟော်ဆို ကောင် ပြောပြလိုက်၍ ခင့် သိသွားပြီထင်သည်။

သူဟာ အိပ်ခန်းတံခါးကို လှည့်ဖွင့်လိုက်လျှင် သူ့ ဒေါသအငြိုးမတန်ထွက်နေသည့် မျက်ဝန်းစိမ်းတို့ဖြင့် စိုက်ကြ နေတာကို တွေ့လိုက်ရသည်။ ဟင့်အင်း ... ကိုယ့်ကို အဲဒီလို မကြည့်ပါနဲ့ ခင့်။

သူဟာ ခင့်ကို ဘာပြောရမှန်းမသိဘဲ ခြေမကို လက်မကိုင်မိဖြင့် နှုတ်တို့ ဆွံ့အနေတုန်းမှာ ခင်က သူ့ရှိရာ တစ်လှမ်းချင်း လျှောက်လာကာ ပျစ်ပျစ်နှစ်နှစ် စကားတခွန်း ဖြင့် သူ့ကို စွဲချက်တင်လေသည်။

"လူယုတ်မာ"





အဲဒီစကားလုံးဟာ သူ့နှလုံးသားတည့်တည့်ကို ဓား တစ်ချောင်းနှင့် အစိတ်စိတ်အမြွှာမြွှာ ထိုးခွဲလိုက်သလို ခံစားလိုက်ရပါသည်။

သွားပြီ ... သူ မမျှော်လင့်ရဲတဲ့နေ့ကို တကယ်ပဲ ရောက်လာခဲ့ပေပြီ။

"ခင့် ... ခဏလေး ကိုယ်ရှင်းပြပါရစေ"

"တော်ပါတော့ ... ရှင့်ရဲ့လိမ်ညာနေတဲ့ စကားတွေကို ဆက်နားမထောင်ပါရစေနဲ့တော့ ကျွန်မရဲ့ဘဝတစ်ခုလုံးကို ချောင်ပိတ်လိုက်တဲ့ ရှင့်လို လူယုတ်မာကို ဖြစ်နိုင်ရင် အသေတောင် သတ်ပစ်လိုက်ချင်တယ်"

"ခင့် ... မင်း ... မင်း ... ကိုယ့်ကို အဲဒီလောက်ကြီးတော့ မပြောပါနဲ့ကွာ၊ ကိုယ် ခင့်ကို အရမ်းချစ်လို့ အရမ်းတန်ဖိုး ထား ..."

"ဆက်မပြောနဲ့တော့ ... ရှင့်လိုလူအတွက် ကျွန်မမှာ ဘာမှ ပြောစရာ မလိုတော့ဘူး။ အဲဒီမှာ ကွာရှင်းစာချုပ်၊ ကျွန်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆုံးမှာ နေပေးပါ၊ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ ရှ နာမည်တောင် မကြားပါရစေနဲ့၊ အဲဒီစကားပြောဖို့အတွ ရှင့်ကို စောင့်နေတာ ... ကျွန်မ သွားမယ်"

ခင့်က လက်ဂေ့ချ်ကို ဆွဲမ,ကာ သူ့ပခုံးကို တွ တိုက်ထွက်သွားလေသောအခါ သူဟာ ခင့်ရဲ့လက်တစ်ဖက် လှမ်းဆွဲကာ မျက်နှာချင်းဆိုင် အနေအထားဖြင့်နေလိုက်ပြီး

"ခင့် ... ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ ရှ မူးမူး ချစ်ခဲ့ဖူးတယ်၊ ကိုယ် မင်းကို ချစ်နေတဲ့အချိန် တည်းက မင်းမှာ ကိုယ်မဟုတ်တဲ့ တခြားသူ ရှိနေပြီးသ ကိုယ့်ရဲ့လုပ်ရပ်ဟာ မှားခဲ့တယ် ဆိုရင်လည်း မင်းကို ဆိုင်ချင်တဲ့စိတ်နဲ့ မှားခဲ့တာပါ ခင့်ရယ် ...

ကျေးဇူးပြုပြီး ထွက်မသွားပါနဲ့ ခင့်"

သူက ကတုန်ကယင်လေသံဖြင့် မျှော်လင့်ချ ကြီးထားကာ ရှင်းပြတောင်းပန်တာကို ခင့်က သွေးအေးငြိမ် စွာဖြင့် သူပြောတာကို စိုက်ကြည့်နားထောင်ကာ ...





"ဒီတစ်လျှောက်လုံးမှာ ရှင်ဖန်တီးခဲ့တဲ့ ဇာတ်လမ်းရဲ့ နောက်ဆုံးခန်းလို့ပဲ ကျွန်မ သဘောထားပါတယ်၊ ရှင် သိပ်တော်ပါတယ် ကိုလေးညို့၊ မိန်းမတစ်ယောက်ကို အနူးညံ့ဆုံး ဖြားယောင်းမှုနဲ့ သိမ်းပိုက်သွားနိုင်တဲ့ ရှင့်ရဲ့ အရည်အချင်းကို ချီးကျူးပါတယ်၊ ကျွန်မအဖေကိုပါ ပိုင် အောင် သိမ်းနိုင်တာ သိပ်ချီးကျူးပါတယ် ...

ရှင့်ကို ကျွန်မ သိပ်မုန်းတယ် ကိုလေးညို့"

သူမရဲ့လျှာဖျားလေးနဲ့ ပြော့လိုက်သော အက်ကွဲရှ သည့် စကားတို့သည် သူ့အတွက်တော့ သေမိန့်ကျခံရသူလို ငြင်းထန်လွန်းလှပါသည်။ ခင့်ဟာ သူ့ကို ဝော်တော့်စိတ်နာသွား ထင်သည်။

ကလေးဆန်တတ်သော ခင့်ဟာ ဒီတစ်ကြိမ်မှာတော့ သူ့ကို ကလေးတစ်ယောက် စိတ်ဆိုးသလိုမျိုး ဝုန်းဒိုင်းကြဲ ပါက်ကွဲပြတာ မဟုတ်ဘဲ သွေးအေးအေးဖြင့် သူ့ကို ထားခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သိပ်ချစ်တဲ့မိန်းမကို ချစ်တယ်လို့ ငိုကာတွေ့
မပြောရသေးခင်မှာပဲ အဲဒီမိန်းမရဲ့ "မုန်းတယ်"ဆိုတဲ့ အဖြေ
နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာဟာ သိပ်ကြေကွဲဖို့ ကောင်းလှ
သည်။

* ✿ *

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၁၄

လေးညို့သည် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအတွက်
ခင့်ကို အသည်းအသန် အရှုးအမူး မရှင်းပြခဲ့သည့်အတွက် ထိုက်
တန်နှင့်တကွ သူတို့ကိစ္စကို ဂဃနဏ မသိသေးသည့် မိသားစုကပါ
နည်းကြပါသည်။

ခင့်ရဲ့စိတ်ကို သူဟာ အတိအကျကြီး မဟုတ်တောင်
အနီးစပ်ဆုံးတော့ ခန့်မှန်းနိုင်သည့် will power ရှိပါသည်။
ဒီတစ်ကြိမ်ကိစ္စကို ခင့် အကြီးအကျယ် စိတ်နာသွားတာ သူသိ
သည်။ ခဏ ခဏ စိတ်ကောက်လွန်းတတ်တဲ့ ကောင်မလေးဟာ
ချော့ရတာ အင်မတန်လွယ်ပေမယ့် စိတ်နာသွားပြီ ဆိုရင်တော့
လုံးဝလှည့်မကြည့်တော့ဘူးဆိုတဲ့ ဒဿနကို သူ လက်ခံထား
ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်က အဲဒီလို ကောင်မလေးမျိုးဖြစ်သည်။ ဒီတ
ဆုံးဖြတ်သွားတဲ့နေရာမှာ အင်မတန် ပြတ်သားကာ သွေးအေး
သည့်အတွက် သူ့ကို အရမ်းစိတ်နာသွားတယ်ဆိုတာ သိသာ
သည်။ အဲဒီအတွက် သူ့မှာ ခံစားကြေကွဲနေရတာဟာ ဆိုဖွယ်
ကို မရှိပါ။

အကြောင်းသိဖြစ်တဲ့ တိုက်တန်ကတော့ သူ့အ
ကိုကြည့်ကာ ပခုံးပုတ်ပေးရင်း ...

"မင်း ဘယ်လောက် ခံစားနေရတယ်ဆိုတာ ငါ ကိုယ်ချင်း
စာနိုင်ပါတယ်ကွာ ... ငါ မင်းကို မပြောခဲ့ဘူးလား၊ တ
နေ့နေ့ တစ်ချိန်ချိန် ဒီအကြောင်းတွေ ခင့် သိသွားရင် အ
အနေ လုံးဝမကောင်းဘူးဆိုတာ မင်း သိရက်နဲ့၊ မင်းလု
ခဲ့တာကိုး ..."

ခင့်က ငါ့ကို သိပ်တောင်စကားမပြောတော့ဘူး
ဒီကိစ္စမှာ ငါလည်း ကြံရာပါဆိုတာ သူသိနေပုံပဲ"

"ခင့် ငါ့ကို အရမ်းစိတ်နာနေမှာပဲနော်"





"သွေးပူတုန်းကတော့ ဒီလိုပဲပေါ့ကွာ၊ မင်းက သူ့ကိုလိမ်
ယူခဲ့တယ်ဆိုတဲ့စိတ်နဲ့ ရှက်ပြီး ဒေါသထွက်နေတဲ့သဘော
ပါ၊ မင်း ဘယ်လိုဆက်လုပ်မယ် စဉ်းစားထားလဲ လေးညို့"

သူ ဘာဆက်လုပ်သင့်ပါသလဲ။ ခင့်ကို တွေ့ခွင့်ရ
အောင် ကြိုးစား၊ ဒူးထောက်တောင်းပန်ရုံနှင့် ကျေတယ်ဆိုပြီး
ကိစ္စက ပြီးသွားမှာ မဟုတ်ပါ။ ခင့်နှင့်ပတ်သက်ပြီး အချစ်တစ်ခု
ကိုသာ မျှော်လင့်အလိုရှိခဲ့တဲ့ သူ့ဘဝမှာ လိုချင်တာကို ဒီတစ်သက်
တော့ ရဖို့လမ်း ရှိသေးရဲ့လား။

"ငါ့ကိစ္စက ရှင်းပြဖို့ တော်တော်မလွယ်ဘူး တိုက်တန်၊
ခင့် ထင်သွားတာက ငါဟာ သူ့ကို လူကြီးတွေနဲ့ပေါင်း
ပြီး လိမ်ညာလက်ထပ်ခဲ့တယ်ဆိုပြီး နာသွားပြီကွ"

"ဟာ ... လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ ခင့် ကိုယ်တိုင်လေ
ကွာ၊ မင်း လုပ်ခဲ့တယ် ဆိုပေမယ့် မင်းတကယ်တမ်း
လုပ်ခဲ့တာဟာ ငါနဲ့တိုင်ပင်ပြီး ခင့်ရဲ့ဟန်ဆောင်ချစ်သူ
ဖြစ်ခွင့်ရဖို့ ကြိုးစားခဲ့တာပဲ ရှိတာလေ၊ ကျန်တဲ့နောက်ပိုင်း
ကိစ္စအားလုံးဟာ ကံကြမ္မာရဲ့စီမံမှုကြောင့်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဖြေရှင်းချက်ကို ခင့် ယုံကြည်နားလည်အောင် ငါ ဘယ်လိုကျိန်တွယ်ပြီး ပြောရမှာလဲ၊ ငါ အဲဒီလိုပြောတာကို တော့ ခင့်က ယုံမှာတဲ့လား။ ဒီလောက်ပဲ တိုက်ဆိုင်သတဲ့ လားဆိုပြီး ရယ်တောင် ရယ်နေဦးမှာ"

"ဟ ... ဒါပေမဲ့ အဲဒါက တကယ်ကြီးလေကွာ"

ထိုက်တန်က သူ့ဘက်ကနာပြီး ပြောပေးတာကို တော့ အရမ်းကျေးဇူးတင်ရပါသည်။ ခင့်ရဲ့အစ်ကိုရင်းခေါက်ခေါက် ဖြစ်ပေမယ့်လို့ သူ့အပေါ်ကို အရမ်းနားလည်ပေးကာ သူ့ဘက်က ဝင်ရပ်တည်ပေးတဲ့သူ ဖြစ်သည်။ အဲဒီအတွက် သူဟာ နည်းနည်း မျှော်လင့်နေသေးတာ ဖြစ်ပါသည်။

ဒီနေ့ဆို ခင့် သူ့ကမ္ဘာထဲက ထွက်ခွာသွားတာ သုံးရက်မြောက်တဲ့နေ့ ဖြစ်ပါသည်။

"ဘြော် ... ထိုက်တန်၊ ခင့်က သူ့ဆိုင်ကိုကော ဒီရက် တွေမှာ သွားသေးလား"

"သွားတော့ သွားတယ်ကွ ... ဒါပေမဲ့ အမြဲတော့ မဟုတ် ဘူး၊ ခဏလောက်သွားပြီး အိမ်ပြန်လာတယ်"





"ဒါဆို သူ အိမ်မှာပဲ ရှိနေတတ်တာပေါ့နော်"

"ဘာလဲ ... မင်းက သွားတွေ့မလို့လား။ ဟော့ကောင် ... ခင့်က မင်းကို လုံးဝအတွေ့ခံမှာ မဟုတ်ဘူးနော်"

ခင့်ကို ရှင်းပြဖို့အတွက် တစ်ခုခုတော့ သူ ကြိုးစား အားထုတ်ရမှာဖြစ်သည်။ အဲဒီအတွက် နည်းလမ်းကိုတော့ အခု ချိန်ထက်ထိ ရှာလို့မတွေ့သေးပါ။

"နောက်တစ်ပတ် ဆန်းဒေးကျရင် ဆုဝေရဲ့အိမ်မှာ မင်း သွားစောင့်နေလိုက်၊ ခင့် လာလိမ့်မယ် ..."

ဆုဝေကို ငါ အကျိုးအကြောင်း ရှင်းပြထားတော့ သူက နားလည်တယ်၊ မင်းနဲ့ ခင့် အဲဒီမှာ အေးဆေးထပ် ဆွေးနွေးကြည့်ပေါ့"

"ဟား ... ကျေးဇူးအများကြီး တင်ပါတယ်ကွာ"

လေးညို့သည် မှတ်မှတ်ရရဖြင့် အဲဒီတနင်္ဂနွေကို စောင့်မျှော်နေရင်း အဲဒီတနင်္ဂနွေက သူ့ဆီ တကယ်ပဲရောက်ချ လာပါတော့သည်။ ဆုဝေတို့ခြံထဲမှာ ခင့်အလာကို တမျှော်မျှော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျှော်နေရတာဟာ အရမ်းကို ရင်မောချင်စရာ ကောင်းလှပါသည်။

တစ်ပတ်ကျော် ဝေးနေတဲ့ ချစ်သူဟာ ဘယ်လောက်တောင် လှနေလိမ့်မလဲ။ သူဟာ ခင့်အလာကို မျှော်တော်ယောင်လုပ်ရင်းက ခင့်ရဲ့အချစ်ဆုံးသူငယ်ချင်းကလေး နန်းမြတ်ဆုဝေနှင့် စကားပြောဖြစ်ပါသည်။

"ကိုလေးညို့ကို ကျွန်မ နားလည်ပေးလို့ ရပါတယ်ပြီးတော့ ခင့်ကို တကယ်ချစ်တယ် ဆိုတာကိုလည်း ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ယုံကြည်ဖို့ထက် ခင့် ယုံကြည်ဖို့က ပိုအရေးကြီးပါတယ်"

"ကျွန်တော် ဘာလုပ်ရမလဲဟင်"

"အင်း ... ခင့်က ကိုလေးညို့ကို တော်တော်တော့ နာသွားပုံရတယ်၊ သူ့ဘက်က ကြည့်တော့လည်း ကိုလေးညို့က နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး သူ့ လှုပ်လို့မရတဲ့ အခြေအနေမျိုးဖြစ်အောင် ဖန်တီးခဲ့တယ်ဆိုပြီး နာနေတာပေါ့ ..."





ခင့်က အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အခုနောက်ပိုင်း ဘာစကားမှ မပြောတော့ဘူး။ အရင်လိုလည်း မဟုတ်တော့ဘဲ ပိုရင့်ကျက်လာပြီး တစ်ခုခုကို တွေးနေသလိုပဲ၊ ခင့်ရဲ့စိတ်ကို အရင်တုန်းကလို ကျွန်မလည်း မမှန်းတတ်တော့ ကိုလေးညို့ကို ဘာလုပ်ပါဆိုပြီး အကြံဉာဏ်တော့ မပေးနိုင်ဘူး ...

ဒါပေမဲ့ ကျွန်မအမြင် ပြောတာနော်၊ ကိုလေးညို့အရင်တုန်းက ကိစ္စတွေကို ပြန်ရှင်းတမ်းထုပ်မယ့်အစား ကိုယ် ခင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာကိုပဲ သူလက်ခံလာအောင် သက်သေပြသင့်တယ်လို့ ထင်တယ်။ အဲဒီလို သက်သေပြခြင်းအားဖြင့် ခင့် နားလည်လက်ခံသွားမယ်ဆိုရင် ကိုလေးညို့ သူ့ကို လိမ်မိတာဟာ ချစ်လွန်းလို့မှားသွားတာပါဆိုပြီး သူ သဘောပေါက်သွားမှာပါ"

ဆုဝေရဲ့အကြံဉာဏ်ဟာ သူ့အတွက်တော့အကောင်းဆုံးပဲ ဖြစ်မပါသည်။ ကြည့်စမ်း ... အဲဒီဘာတွေးကို သူ ဘာလို့များမတွေးခဲ့မိတာပါလိမ့်။ သူဟာ အရင်တုန်းက အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှုးကာ တစ်ချက်ချင်း ရှင်းပြနေမယ့်အစား ခင့်ကို သူ့အချစ် မှတ်ကျောက်တင်ပြလိုက်တာက ပိုကောင်းပေမည်။

သူ့အချစ်ကို ... သူ့အချစ်ကို သက်သေပြဖို့အတွက် သူ ဘာလုပ်ရမလဲ။ တစ်ချိန်က ပြောခဲ့သလိုပဲ ခင့်အတွက်ဆို သူဟာ အမြဲတမ်း ဒေးခရင်(မ်)ပဲ ဖြစ်ခြင်းဖြင့် သူ့အချစ်ကို သက်သေပြရပါမည်။ သူ့ရဲ့ကြီးမားတဲ့ ချစ်ခြင်းတရားကို ခင့် ယုံကြည်ဖို့အတွက် အချိန်ကာလတစ်ခုတော့ စောင့်ရပါလိမ့်မည်။

သူနှင့် ဆုဝေတို့ စကားပြောဆိုနေချိန်မှာပဲ ခင့်ရဲ့ ကားလေးက ပေါက်ချလာပါတော့သည်။ ဆုဝေက ပေါ်တီကိုကို အပြေးသွားပေမယ့် သူကတော့ ခြံထဲမှာပင်ထိုင်စောင့်နေခဲ့ပါသည်။ မင်း ဘယ်လိုပုံစံလေးမျိုးနှင့် ကိုယ့်ကို နှုတ်ဆက်မှာလဲ ချစ်သူ။

ကားပေါ်ကနေ ဆင်းလာတဲ့ ခင့်ဟာ မတွေ့တာ ကြာလို့လား မသိ၊ ရင့်ကျက်နေတဲ့ အလှတရားတို့ဖြင့် ပိုပြီးတော ကြည့်ကောင်းလို့ လာပါသေးသည်။ ဝဲကျနေသည့် ဆံပင်စလေး တွေကို ကလစ်တစ်ခုဖြင့် ပင့်တင်ထားတာကြောင့် သူမရဲ့မျက်နှာ ဟာ ဝင်းဖန့်ကာ လင်းလို့နေပါသည်။



bossini တီရှပ်အဖြူလေးကို အထပ်ထပ်တွေပါသည့် ခဲရောင် စကတ်တိုတစ်ထည်ဖြင့် ကလေးဆန်ဆန် ဝတ်ဆင်ထား သော သူမဟာ ဘာ accessories တွေမှ ဆင်ယင်ခြယ်သထား ခြင်းမရှိသည့်အပြင် ဖိနပ်တောင်မှ heat wave တွေ၊ pierre cardin တွေ လုပ်မနေဘဲ အနက်ရောင်ကတ္တီပါညှပ်ဖိနပ်လေးဖြင့် အရိုးစင်းဆုံး ဝတ်ဆင်ထားတာဖြစ်သည်။

လှတာလေးမှမက်လို့ ချစ်ခဲ့တာ မဟုတ်သည့်အတွက် ခင့်ကို သူက ဘာပဲဖြစ်ဖြစ် ချစ်နေမှာဖြစ်သည်။ ခြံထဲသို့ တစ် လှမ်းချင်း လှမ်းလို့လာတဲ့ ခင့်ရဲ့ခြေလှမ်းတွေဟာ သူ့ရဲ့နှလုံးသား ထဲကို ဝင်လို့လာတဲ့ ခြေလှမ်းတွေ ဖြစ်ပါစေ။

ခင့်က သူ ထိုင်နေတယ်ဆိုတာ မြင်သွားသောအခါ ချက်ချင်းပင် မျက်နှာတည်တင်းသွားကာ နှုတ်ခမ်းကို တင်းတင်း လျက် ခြေလှမ်းတွေက သူ့ဆီ ဆက်မလာတော့လျှင် သူကပဲ ခင့်ရှိရာကို လျှောက်သွားလေတော့သည်။ ခင့်နှင့် သူ မျက်နှာချင်း ဆိုင် အနေအထားဖြင့် ရပ်နေကြစဉ်မှာ ဆုဝေက အလိုက်တသိ ဖြင့် ရှောင်ထွက်ပေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင့် ... နေကောင်းတယ်နော်"

အဲဒါဟာ သူ ဘာစပြောလို့ ပြောရမှန်းမသိ၍ နှုတ်ခွန်းဆက်စကားအဖြစ် စတင်လိုက်တာဖြစ်သည်။ အဲဒီစကား ကို ခင့်က အရေးမစိုက်ဟန်ဖြင့် သူ့ရဲ့မျက်လုံးတွေကို စူးစူးရဲရဲ စိုက်ကြည့်ပစ်ကာ ...

"ရှင် ဒီကို ဘာကိစ္စနဲ့ ရောက်လာရတာလဲ၊ ရှင့်ကိုမမြင် ချင်ဘူးလို့ ပြောထားတာ နားမလည်ဘူးလား"

"ကိုယ် တောင်းပန်ပါတယ် ခင့်ရယ်၊ ကိုယ့်ကို နားလည် ပေး ..."

"တော်ပြီ ... ကျွန်မ ပေါက်ကွဲလိုက်ရမှာလား။ ရှင်လည်း လူကြီးလူကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် [illegible] မှတ်ရင် ထွက်သွားလိုက်ပါ"

လေးညှို့သည် ဘာမှဆက်ပြောခွင့် မရှိတော့ [illegible] တာ သဘောပေါက်သွားခဲ့ပါသည်။ ခင့်ဟာ သူ့ကို ဘယ်လော [illegible] တောင် စိတ်နာနေသလဲဆိုတာ သူ ရိပ်မိနေပါပြီ။ အဲဒါ [illegible] သူဟာ လှည့်ပြန်ရုံကလွဲပြီး ကျန်တာ ဘာမှမတတ်နိုင်ခဲ့ပါ။ [illegible]





[illegible]င်းစာချုပ်မှာ ခင့် လက်မှတ်ထိုးထားပေမယ့် သူ လက်မှတ်ဘယ် [illegible] မထိုးဘူးဆိုတာ ခင့် သိပါရဲ့လား။

"ရှင် မသွားသေးဘူးလား၊ ရှင်မသွားရင် ကျွန်မ သွားမှာ နော်"

"မသွားပါနဲ့ ခင့်၊ မင်း စိတ်မချမ်းသာမှာစိုးတဲ့အတွက် ကိုယ်ပဲ ထွက်သွားလိုက်ပါ့မယ် ...

ကိုယ် ခင့်ကို သိပ်ချစ်ပါတယ်၊ ကိုယ့်ရဲ့အချစ်က ခင့်ကို ကာကွယ်ပေးချင်တာပါ။ ခင့် မလိုအပ်လည်း ကိုယ်ကတော့ နှမြောခြင်းမရှိဘဲ ကိုယ့်အချစ်တွေကို ပေး နေဦးမှာပဲ၊ အဲဒါလေးတစ်ခုကိုတော့ မင်း မယုံဘူးဆိုရင် ယုံလာအောင် ကိုယ် တစ်နေ့ သက်သေပြပါ့မယ်"

သူက ခင့်ကို မစွန့်လွှတ်နိုင်သည့် အချစ်မျက်ဝန်း [illegible] နှစ်စက္ကန့်လောက် ကြည့်နေကာ သက်ပြင်းတစ်ချက်ချ၍ [illegible]ကနေ ထွက်လာခဲ့တော့သည်။ တီမ်တွေတောင် ရွေ့လျား [illegible]တာပဲ။ တစ်နေ့နေ့ ရောက်ခဲ့ရင်တော့ ခင့် သူ့အချစ်တွေ [illegible] နားလည်နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင့်အနိုင်းမဲ့ ဆိုတဲ့ ကောင်မလေး နားလည်လက်ခံ နိုင်ဖို့ သူဟာ အထောက်အထား ခိုင်လုံတဲ့ သက်သေတော့ ပြ ပေးရပါလိမ့်မည်။

* ✿ *





ခင့်သည် ကိုယ့်ဘေးကနေ သူ ထွက်သွားသောအခါ တော့ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ကာ ထိုင်ခုံ ဝင်ထိုင်လိုက်သည်။ သူ့ကို ခင့် အရမ်းကို စိတ်နာမိပါသည်။ ကိုယ့်ကို လိမ်ညာနေခဲ့တဲ့သူ၊ ကိုယ့်ဘဝမှာ အမည်းစက်တစ်ခု ထင်းသွားအောင် လုပ်ရက်ခဲ့တဲ့သူ စသဖြင့် စွဲချက်မျိုးစုံတင် သူ့ကို အရမ်းခါးသီးမိသည်။ ဖြစ်နိုင်ရင် သူ့နာမည်ကိုတောင် ကြားချင်တာ မဟုတ်ပါ။

သူနှင့် ပျော်ရွှင်စရာတွေရှိခဲ့တဲ့ အချိန်တွေ၊ ခင့်ကို ညီရတာဟာ ဖြူစင်နေသည့်ပုံ ဖမ်းထားသည့် သူ့ရဲ့ပုံရိပ်တွေ ရုပ်ရှင်အနှေးပြကွက်တစ်ခုလို slow motion ဖြင့် တရိပ်ရိပ် လာလေလေ သူ့ကို ပိုမုန်းလေလေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ သွားပြီလား ခင့်"

"သွားပြီ၊ နင် ခေါ်ထားတာလား ဆုဝေ"

"မဟုတ်ဘူး၊ နင့် ကိုလေး ချိတ်ပေးလိုက်တာ"

ခင့်သည် ခေါင်းတစ်ချက်သာ ဆတ်ပြကာ [illegible] ဆက်မပြောတော့ချေ။ ကိုလေးဟာ အဓိက ကူညီပေးသူ[illegible] သိပြီးကတည်းက ခင့်ဟာ ကိုလေးကိုပါ စိတ်ခုချင်သလိုဖြစ်[illegible] တာဖြစ်သည်။

"ခင့် ... နင့်ကို ငါ အကြံပေးတာနော်"

ဆုဝေက ဘာမှဆက်မပြောသေးဘဲ စကား[illegible] ထားလျှင် ခင့်က မေးဆတ်ပြကာ ...

"ပြောလေ ... ဘာလဲ ဆုဝေ"

"နင်နဲ့ ကိုလေးညိုက တကယ်လက်တွေ့မှာ ဘာ[illegible] ကြပေမယ့် ပတ်ဝန်းကျင်အမြင်မှာတော့ ဇနီးမောင်နှံ[illegible] ညှော်ခံပွဲ မလုပ်ရသေးလို့သာ လူသိရှင်ကြား မဟုတ်[illegible] သိတဲ့သူက သိနေကြပြီ ...





နင်က မိန်းကလေး ခင့်၊ နင် ဘာမှမဖြစ်ခဲ့ပါဘူး ဆိုပြီး ပြောနေလည်း ယုံကြမှာ မဟုတ်ဘူး၊ နင် ညိုသို့ ရရင်ညိုပြီး စဉ်းစားပါဦးလားဟာ၊ နင့်အမေကလည်း သူ့ သမီးအတွက် တော်တော်စိတ်မကောင်း ဖြစ်နေတယ်"

ဆုဝေရဲ့အဲဒီစကားကြောင့် ခင့်သည် ငိုင်ခနဲတော့ [illegible]သွားပါသည်။ ခင့်ရဲ့ ဒီမိုစ်ကိစ္စနှင့် ပတ်သက်ပြီး ဖေဖေဟာ [illegible]ကို စိတ်ဆိုးရအခက်၊ မဆိုးရအခက် ဖြစ်နေကာ ဘာမှဝင်စွက် [illegible] မပြောတော့ မပြောပေမယ့် ဖေဖေ့မျက်နှာကို ကြည့်တာနှင့် [illegible]ကောင်း ဖြစ်နေမှန်း သိသာလှပါသည်။

ခင့်အဖြစ်ဟာ တွေးကြည့်ရင် တော်တော်တော့ [illegible]စရာ ကောင်းလှပါသည်။ မဟော်နှင့် အပြတ်ဖြတ်ဖို့အတွက် [illegible] ဇာတ်လမ်းဟာ အခုချိန်မှာ ခင့်ကို ကွာရှင်းပြီးသားတစ်ခုလပ် [illegible] ဖြစ်စေသည်အထိ အခြေအနေ ဆိုးဝါးသွားစေခဲ့ပါသည်။

ခင့်ရဲ့ဘဝမှာ အမည်းစက် ထင်ခဲ့တဲ့ မင်းမဟော် [illegible] လေးညို့ဆိုသော ယောကျ်ားကို ခင့် လုံးဝမကျေနပ်နိုင်သလို [illegible]လည်းနာလှပါသည်။ လေးညို့ဆိုသော သူကတော့ ခင့်ကို [illegible]လွန်း၍ ဒီလိုတွေ ဖြစ်ခဲ့တာပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက "ချစ်တယ်"ဆိုသော စကားကို ကြားလိုက် ရချိန်မှာ ခင့်သည် ဆတ်ခနဲ ငြိမ်ကျသွားကာ အတုန်တုန် အလှု လှုပ် ဖြစ်သွားခဲ့တယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သတိထားမိ ပါသည်။ အဲဒါဟာ ဘာကြောင့်၊ ဘာအတွက် ဆိုတာကိုတော့ ကိုယ့်ဘာသာကိုယ်တော့ ကွဲပြားအောင် မခွဲခြားတတ်ခဲ့ပါ။

"ခင့် ... နင်လည်း သူနဲ့အချိန်တွေ အကြာကြီး အတူရ နေခဲ့တာပဲ၊ သူ့အပေါ် နည်းနည်းလေးတောင် သံယောဇဉ် မရှိဘူးလားဟင်"

ဆုဝေက အကဲစမ်းသလို မေးကြည့်လျှင် ခင့်သည် အဲဒီမေးခွန်းကြောင့် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားပါသည်။ သူ့ကို ခင့် သံယောဇဉ် ရှိခဲ့ပါသလား ... ? ... ? ။

မညာစတမ်း ဝန်ခံရမယ် ဆိုရင်တော့ ရှိခဲ့ဖူးသည် ပဲ ဖြေရပါလိမ့်မည်။ သူနှင့် ခင့် အတူတူနေခဲ့တဲ့ အချိန်ကာ တွေတုန်းက နောက်ပြောင်ဖြင့် ပျော်ရွှင်ခဲ့ဖူးသည် ခင့် အခက်ကြုံနေစဉ်မှာလည်း သူက ရှေ့မှမားမားမတ်မတ် ကွယ်ပေးထားခဲ့သည်။ ပြောရရင် သူ့အရိပ်ကြောင့်ရလာတဲ့ အေး ထွေးမှုကို ကြည်နူးမိခဲ့ဖူးပါသည်။





"ခင့် မညာပါနဲ့ဟာ၊ နင် အခု ခံစားနေရတယ်ဆိုတာ နှင့် ရဲ့ရိုးရိုးသားသား ယုံကြည်ကိုးစားမှုကိုမှ လှည့်စားလေခြင်း ဆိုပြီး နင် နာကျင်နေတဲ့သဘောပါ၊ နင် ကိုလေးညို့ကို သံယောဇဉ်ရှိနေပါတယ်"

အမှန်အကန်ကို ဝေဖန်နေသော ဆုဝေရဲ့စကား ကြောင့် ခင့်သည် ရှက်သွားကာ ခေါင်းယမ်းလိုက်ရင်းက ...

"တော်ပြီဟာ ... ငါ ပြန်တော့မယ်။ မနက်ဖြန်မှပဲ တွေ့ တာပေါ့"

ခင့်က မတ်တတ်ထရပ်ကာ ကားဆီသို့ လျှောက် သွားလျှင် ခင့်နှင့်အတူ ဆုဝေကပါ ပေါ်တီကိုအောက် လိုက်ပို့ပေးရင်း အ ခင့်ကား ထွက်ခါနီးမှာ ဆုဝေက နောက်လိုက်ပါသေးသည်။

"ခင့် ... ကိုယ့်စိတ်ကို ညာမနေပါနဲ့ဟာ၊ သူကချစ်တယ် ဆိုတာ နင် ယုံတယ်ဆိုရင် ကျန်တာတွေအားလုံး လျော့ လိုက်လို့ရတယ်၊ နင့်ရဲ့ဒေးခရင်(မ်)ကို နိုက်ခရင်(မ်)တာဝန် ပါ ပေးလိုက်ပါတော့ဟယ် ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင့်က မျက်စောင်းတစ်ချက်ထိုးကာ အိမ်သို့ပြန်လာခဲ့တော့သည်။

ခင့် အိမ်ပြန်ရောက်တော့ ခင့်ကို စကားပြောဖို့ ကိုလေးက စောင့်နေပေသည်။ ကိုလေး ပြောစရာရှိတယ်ဆိုရင် ဒါဟာ သူနှင့်ဆိုင်သောကိစ္စကို ပြောဖို့ပဲ ဖြစ်ပါလိမ့်မည်။ ထင်ထားသလိုပင် ကိုလေးကလည်း အဲဒီကိစ္စကိုပဲ ဦးတည်ပြောလာတာဖြစ်ပါသည်။

"ခင့် ... ညီမလေးဟာ ကလေးမဟုတ်တော့ဘူး။ ညီမလေးနဲ့ လေးညို့ကို ကိုလေးကော မေမေကပါ သင့်တော်တယ်ထင်လို့ သဘောတူခဲ့တယ် ...

လေးညို ငါ့ညီမလေးကို စ,စိတ်ဝင်စားတဲ့အချိန်ကနေပြီး ဒီအချိန်ရောက်တဲ့အထိ ဘာတွေဘယ်လို ဖြစ်တယ်ဆိုတာ ကိုလေး အားလုံးသိတယ် ခင့်။ တကယ်တော့ လေးညို့က သူလုပ်မယ့်ကိစ္စတိုင်းကို ကိုလေးကို တိုင်ပင်ပြီးတော့မှလုပ်တာ၊ ညီမလေးကို သူ တမင်တကာ လိမ်ညာခဲ့တာတော့ မဟုတ်ပါဘူး ...





မင်းမပော်ရဲ့ ရန်ကလွတ်အောင် သူ့ကို တိုက်တိုက်ဆိုင်ဆိုင် အသုံးချသွားတဲ့ ခင့်ရဲ့ idea ကနေတစ်ဆင့် သူက နည်းနည်းလေးပဲ ထပ်ဖန်တီးခဲ့တာပါ၊ ဖေဖေနဲ့ ခင့်တို့ Coffee Circl မှာ တွေ့တဲ့နေ့ကစပြီး နောက်ပိုင်းအားလုံးဟာ ကံကြမ္မာရဲ့ စီစဉ်မှုတွေမဲ့ ပြောမလား၊ တိုက်ဆိုင်မှုလို့ပဲ ပြောရမလား၊ တကယ့်ကို လေးညို့ရဲ့ စီစဉ်ဖန်တီးမှု မပါပါဘူး ...

ကိုလေး ဒီလိုတွေ ပြောနေရတာဟာ အားလုံးစိတ်ချမ်းသာဖို့အတွက် ရှင်းပြတဲ့သဘောပါ။ ဖေဖေလည်း ခင့်ရဲ့ ဒီဗိုစ်ကိစ္စကြောင့် အရမ်းစိတ်ဓာတ်ကျသွားသလို တစ်ဖက်က လေးညို့ရဲ့ မိဘတွေကလည်း အဲဒီလိုပါပဲ။ သူတို့တွေက ခင့်ကို သမီးအရင်းလေးလို ချစ်ကြတာမလား"

ခင့်သည် ကိုလေးရဲ့ စကားတွေကို နားထောင်သော်လည်း သူ့ကို ခွင့်လွှတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါ။ ဒယ်ဒီနှင့် မာမီဟာ ခင့်အပေါ်ကို သမီးအရင်းလေးလို ဖူးဖူးမှုတ်ချစ်တယ်ဆိုတာကို ခင့် သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ခင့်နှင့် သူ့မိဘ ဆက်ဆံရေးဟာ ယောက္ခမနှင့် ချွေးမဆက်ဆံရေးမျိုး မဟုတ်ဘဲ မိဘနှင့်သားသမီး ဆက်ဆံရေးမျိုး ဖြစ်ပါသည်။ အားလုံးက သူ မမှားဘူးဆိုတော့ ခင့်ကပဲ သူ့ကို မှားယွင်းမုန်းနေတာလား။

လေးညို့ ဆိုသော သူ့ကို ခွင့်လွှတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။

*✿*







## တစ်လတိတိ ကြာပြီးသည့် နောက်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့စိတ်ကို ရွှေ့တန်းတင်ပြီး

ဘဝတစ်ခုလုံးစာအတွက်

အပိုင်ပေးမယ် ဆုံးဖြတ်ကာ

ပုံအောထားခဲ့တယ်။

နာကျင်ဖို့ခက်တဲ့ မျက်ရည်မြစ်ထဲမှာ

ငါဟာ ချစ်သူကပေးလာမယ့်

အပြုံးတစ်ချက်ကို ထိုင်စောင့်နေရင်း

နှလုံးသားကို ကန္တာရထဲ ထားခဲ့လိုက်တယ်။

လွမ်းနေတယ် ချစ်သူ။

အဝါရောင်ပိတ်ကားရှထားတဲ့

ဆည်းဆာရဲ့နောက်မှာ

ညရှိနေတယ်ဆိုတာ သိသိချည်းနဲ့ ...





ဆည်းဆာရောင်လွှမ်းထားတဲ့

အဝါရောင် သူမကိုပဲ တမ်းတနေခဲ့မိတယ်

အဲဒီ တမ်းတမှုအတွက်

ငါဟာ မှောင်မိုက်နေတဲ့ ညထဲမှာ

တစ်ယောက်တည်း ရှိနေခဲ့တယ်။

ငါ စောင့်နေရတဲ့ ညတွေဟာ

တစ်နေ့ မိုးလင်းလာတဲ့အခါ

တွေ့ချင်မိတဲ့မျက်နှာဟာ

အချစ် "သူ"သာ ဖြစ်ပါရစေ။

* ✿ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

အထည်ကိစ္စအတွက် ခင့်ဟာ မနက်ကတည်းက လှိုင်သာယာက အထည်ချုပ်ကို သွားနေရတာဖြစ်သည်။ မနက်တစ်ပိုင်းလုံး အလုပ်ကိစ္စအတွက် တောက်လျှောက် run ထားရတာဆိုတော့ ပင်လည်းပင်ပန်းနေချေပြီ။ ဒီတစ်လဆိုသော ကာလအတွင်းမှာ ခင့်ဟာ မျက်စိစုံမှိတ် နားကိုပိတ်ကာ အလုပ်ထဲမှာပဲ စိတ်နှစ်ထားတာဖြစ်သည်။

လေးညို့ဆိုသူဆီက ဖုန်းတစ်တန်၊ လူတစ်တန်လာပေမယ့်လည်း ခင့်ဟာ နီး,ဆိုပြီး ငြင်းလွှတ်ကာ နေခဲ့တာချည်း





ဖြစ်သည်။ ဒီကာလတွေမှာ ခင့်ဟာ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နေမိတာဖြစ်သည်။ အချစ်အတွက် လူတွေဟာ ဘယ်နှရာခိုင်နှုန်းလောက် ရူးသွပ်ကြပါသလဲ။ ပြီးတော့ ကိုလေးညို့ [illegible] အတွက် ဘယ်လောက်ရူးသွပ်နေမလဲ။

ခင့်နှင့် ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေအတွက် အဲဒီလိုလုပ်လိုက်ရင် ခင့် မုန်းသွားနိုင်တယ်ဆိုတာ သိရဲ့သားနှင့် သူဘာလို့ အဲဒီလို ဖန်တီးခဲ့ရတာလဲ။ ပညာတတ်ယောက်ျားတစ်ယောက်ဟာ အချစ်နဲ့ပတ်သက်ပြီး ဘာမှကြိုတင်တွက်ဆခြင်းမရှိခဲ့လို့ ကိုလေးညို့ဟာ အဲဒီလို လုပ်ခဲ့တာလား။

အို ... သွားစမ်းပါ၊ အဲဒီအတွေးတွေ။

ခင့်သည် ခေါင်းကို ခါယမ်းလိုက်ကာ စိတ်အာရုံကို ပစ္စုပ္ပန်သို့ ဆွဲလိုက်လေသည်။ အာရုံမများဘဲ ကားကိုသာ ဂရုတစိုက် မောင်းနေချိန်မှာ ဆုစေဆီက ဖုန်းဝင်လာခဲ့လေသည်။ ခင့်သည် ကားမောင်းနေတာမို့ hand free သုံးကာ ဖုန်းပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆုဝေ ပြော"

"နင် အခု ဘယ်မှာလဲ"

"ဘုရင့်နောင်မှာ၊ အိမ်ပြန်လာနေပြီ"

"ဩော် ... အေး ... အေး၊ အဲဒါဆို ငါ နင့်အိမ်မှာပဲ စောင့်နေမယ်လေ၊ နင် lunch မစားရသေးဘူးမှလား။ ငါ နဲ့အတူ စားမယ်နော်"

"အိုခေ ... အိုခေ၊ စောင့်နေ လာခဲ့မယ်"

ခင့်သည် ဖုန်းပိတ်ပြီးနောက်မှာတော့ ကားကိုဆက် မောင်းလာခဲ့ရင်းကမှ ဆုဝေ ကြိုက်တတ်တဲ့ ဝက်စတူး ဝယ်သွားမယ်ဆိုတဲ့ အတွေးနှင့်အတူ ကောင်းနိုင်မည်ထင်တဲ့ စားသောက် ဆိုင်မှာရပ်ကာ ဝင်ဝယ်လိုက်တော့သည်။

ဒီနေ့တော့ တစ်မနက်လုံး run ထားရတာ ပြီးသွား ပြီဖြစ်၍ အိမ်ပြန်ရောက်ရင်တော့ lunch စား;ပြီး ဇိမ်နှင့်နပ်တော့ မည်ဟု စိတ်ကူးထားလိုက်သည်။ ခင့်သည် ပလက်ဖောင်းရဲ့တစ် ဖက်ခြမ်းမှာ ရှိနေသည့် ရက်စတော့ရင့်တစ်ခု ိုမြင်လျှင် ဒီမှာပဲ





ဝယ်မည်ဟု ဆုံးဖြတ်ကာ ကားကို တစ်ဖက်လမ်းမှာရပ်ခဲ့၍ လမ်းဖြတ်ကူးကာ ဆိုင်ထဲသို့ဝင်၍ ဝက်စတူးရယ်၊ ယိုးဒယား ဟင်းချိုရယ်မှာကာ စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်ကာ စောင့်နေထုန်း မှာ ကိုယ့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေတယ်ဆိုတာ သိစိတ်ကနေ သိနေသလိုဖြစ်၍ ဘေးဘီကို ကြည့်လိုက်လျှင်တော့ ခင့်ကို ကြည့်နေသည့် မျက်ဝန်းတစ်စုံကို သွားတွေ့လေသည်။

အဲဒီမျက်ဝန်းပိုင်ရှင်ဟာ လေးညို့ဆိုသူပင် ဖြစ်ပါ သည်။ သူ့ကလည်း တစ်ယောက်တည်း ဒီဆိုင်မှာ ထမင်းလာစား တာဖြစ်သည်။ ကြည့်ရတာ site ကအပြန် လာစားတာထင်ရဲ့။

ခင့်ကို ဆိုင်ထဲဝင်လာကတည်းကတွေ့ကာ တစိမ့် စိမ့် ထိုင်ကြည့်နေသလား မသိပါ။ ခင့်သည် သူ့ကိုမြင်လျှင် မျက်နှာကို တစ်ချက်မဲ့ကာ သူ့ကို ကျောပေးကာ ပြောင်းထိုင်နေ လိုက်သည်။ ဝိတ်တာကောင်လေးက ပါဆယ်ထုပ်တွေ လာပေးသော အခါ ခင့်သည် ကျသင့်ငွေရှင်းကာ ဆိုင်ထဲက ထွက်လာလေလျှင် အနောက်မှ ခေါ်သံတစ်ခုကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင့် … ခဏလေး နေပါဦး"

ခင့်ရဲ့ခြေလှမ်းတွေဟာ မမျှော်လင့်ဘဲ တုံ့ခနဲရပ်တန့်သွားကာ သူ့ကိုစောင့်နေမိသည်။ သူ ခင့်နံဘေးသို့ ရောက်လာလျှင် သူက အင်မတန်မှ တိုးသက်သော လေသံခပ်တိုးတိုးဖြင့် …

"ခင့် … ကိုယ်တို့ စကားအေးဆေး ပြောရအောင်လား ဟင်"

"ဘာပြောဖို့ လိုလို့လဲ ကိုလေးညို့၊ ကျွန်မနဲ့ ရှင်က စကားအေးဆေး ပြောရအောင် ရင်းနှီးနေကြလို့လားဟင်"

ခင့်ရဲ့ခပ်ပြတ်ပြတ် အပြောကြောင့် သူဟာ မျက်နှာမဲ့သွားမယ်များ ထင်သလား။ ဘယ်တော့မဆို ခင့်ဘက်ပေးသော ပဲ နာအောင်ပြောပြော အပြုံးမပျက်ဘဲ နားလည်မှုရှိစွာ သဘောတကျငေး၍ …

"ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် ခင့်ရယ်၊ ကိုယ့်ဘဝမှာ ခင့်က အရေးကြီးဆုံးပါကွာ၊ ခင့် ကိုယ့်အချစ်ကိုတော့ယုံ …"



သူ့ကို စကားတောင် ဆုံးအောင်ပြောခွင့် မပေးဘဲ ခင့်က လက်ကာပြ၍ ဖြတ်ပြောလိုက်သည်။

"ကဲ … တော်ပြီ၊ ရှေ့ဆက်မပြောနဲ့၊ ရှင့်မှာ ဂုဏ်သိက္ခာဆိုတာ မရှိတော့ဘူးလား ဦးလေးညို့၊ ရှင့်ကို ဒီလောက်မုန်းနေတဲ့ မိန်းမတစ်ယောက်ဆီက ရှင်က ဘာတွေများမက်မောတောင့်တနေတာလဲ"

"ကိုယ် မင်းဆီက အချစ်တစ်ခုကိုပဲ မျှော်လင့်တာပါ ခင့်ရယ်"

ခင့်သည် သူ့မျက်နှာကို ပြန်မြင်ရတဲ့အခါမှာတော့ ကြည်လင်နေသော ကန့်ရေပြင်ကို ခဲနှင့်ပေါက်လိုက်သလို ဂယက်ထလာကာ ခင့်ရဲ့ဒေါသသွေးတို့ဟာ တဖျင်းဖျင်းထလာ၍ ဆက်ပြောနေလျှင် ကိုယ်ပဲ ဒေါသတွေ တက်လာမှာမို့ ထွက်သွားဖို့ပဲ စဉ်းစားကာ သူ့ကို ဘာမှမပြောတော့ဘဲ တောက်တစ်ချက်ခတ်ကာ လှည့်ထွက်ခဲ့တော့သည်။

ခင့်က ချာခနဲ လှည့်ထွက်တာနှင့် တစ်ပြိုင်နက် သူကလည်း ခင့်ရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ခင့် ... မင်း ကိုယ့်အချစ်ကိုတော့ ယုံပေးပါကွာ၊ ကို
မင်းကို လိမ်ခဲ့တယ် ဆိုပေမယ့် ကိုယ့်အချစ်က ဖြူစင်
တယ်၊ ကိုယ် ခင့် ယုံကြည်လာအောင် ဘယ်လိုနည်း
သက်သေပြရမလဲ"

ခင့်သည် ရုတ်တရက်မို့ ကြောင်သွားကာ အံ့ဩ
မှင်တက်သွားပေမယ့် ချက်ချင်းဆိုသလိုပင် လူရှေ့သူရှေ့ဆွဲ
ယမ်းလား အပြုအမူကြောင့် နဂိုဒေါသအခံကို အပူထပ်ပေးသ
ဖြစ်ကာ သူ့ကို အရမ်းဒေါသတွေထွက်ကာ သူ ဆုပ်ကိုင်ထား
ခင့်ရဲ့လက်ကို ဆောင့်ရုန်းကာ သူ့ကိုလည်း တွန်းကန်ထုတ်
တစ်ဖက်ကားလမ်းကိုပဲ ဖြတ်ကူးစဉ်မှာတော့၊ ခင့်ဟာ ဘာ
မမြင်နိုင်တော့ဘဲ ဖြတ်အကူးမှာ ခင့်ဆီသို့ တန်းမတ်စွာ
လာသော ဘရိတ်ပေါက်နေသည့် ကားတစ်စီးကို ခင့်က အံ့ဩ
မှင်သက်စွာ ငေးကြည့်နေစဉ်မှာပဲ၊ ခင့်ရဲ့ကျောပြင်ကို နော
အားပြင်းပြင်းဖြင့် ဆောင့်တွန်းခြင်းကို ခံရတာကြောင့် ခင့်
အော်သံတစ်ခုကြောင့် လှည့်ကြည့်လိုက်လျှင် ခင့်ဆိုသည့် နာ
တစ်ခုကိုသာ ပဲ့တင်ထပ် ရေရွတ်နေတဲ့ သူ့ရဲ့မဟာချစ်ခြင်း





နှန် နားလည်သွားကာ နှလုံးသားတစ်ခုလုံးတင်မက အသိ
တစ်ခုလုံးပါ ပွင့်ထွက်သွားပါတော့သည်။

ခင့်ဟာ သွားပြီ ဆိုသောအသိနှင့်အတူ ဝိုင်းလာ
လူအုပ်တွေကြားထဲက သူ့ကို ပွေ့ထားကာ သူ့ရဲ့လက်တွေ
ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ...

"ကိုကို ... သတိထားဦးနော်၊ ခင့် ရှိတယ်"

"ခင့် ... ခင့် ... ကိုယ့်အချစ်ကို ... ယုံ ... ကြည် ... ပေး
ပါ ... ခင့် ... ကို ... သိပ်ချစ် ..."

အဲဒီစကားကို ဆုံးအောင်တောင် မပြောနိုင်တော့ဘဲ
သူဟာ ခင့်ရဲ့ရင်ခွင်ထဲကို ဇက်ကျိုးကျလို့သွားသည်။ ခင့်သည်
ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှမ်းကာ ဘေးနားကလူတွေ
ကိုသည်း သတိမထားနိုင်တော့ပါ။ သူက ခင့်ရဲ့ရင်ခွင်ထဲမှာ။

သူ အဲဒါ ဘာဖြစ်သွားတာလဲ။

ဟင့်အင်း ... ခင့်ရဲ့လက်တွေကို လွှတ်မချလိုက်
နဲ့ ကိုကို။ ကိုကိုရဲ့အချစ်တွေကို မယုံဘူးဆိုလို့ တစ်သက်လုံး
ပြလို့မရမယ့် သက်သေတွေနဲ့ ခင့် ရှူးအောင်မထားခဲ့ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခင့်သည် သူ့ရဲ့ခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားကာ သူ့ကို အတိုင်းဆမရှိ ချစ်မိသွားပြီဆိုတာ နားလည်သွားခဲ့ပါသည်။ အသိမဲ့နေသော သူဟာ ခင့်ကို ထားခဲ့မှာ မဟုတ်ပါဘူးနော်။

ခင့်ရဲ့မှန်ကန်သော ချစ်ခြင်းတရားကြောင့် သူ ခင့်ဆီပြန်လာပါစေ။

* ✿ *





ချစ်သူ...

မင်း ထားရစ်ခဲ့တဲ့
နောက်ဆုံးအချိန်ကာလတွေအတွက်
နှစ်သိမ့်စရာ ဘာတစ်ခုမှ
မချန်ခဲ့ဘူးတဲ့လား။
မင်း ကိုယ့်ကို နာကြည်းသွားတာလား။
မုန်းတီးသွားတာလား။
အမုန်းမရှိတဲ့
နာကြည်းမှုတွေကင်းတဲ့
ဒီရင်ခွင်ဟာ ခိုနားရာလို့
သတ်မှတ်ပြီးကာမှ
မင်းက နှုတ်မဆက်ဘဲ ထွက်သွားတော့မယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ...

အလွမ်းတွေမီးမှိတ်

မျက်ရည်တွေ အပြီးတိတ်ရမယ့်အချိန်

အချစ်တွေ ပွင့်လှစ်လို့

အနမ်းမိုးစက်ထွေအောက်မှာ

မင်းရဲ့ဒေးခရင်(မ်)ဖြစ်ဖို့

မျှော်လင့်လို့ စောင့်နေတဲ့


ကောင်မလေး ရှိတယ်ဆိုတာ

သိနေပေးပါ။

* ✿ *








www.burmeseclassic.com

www.burmeseclassic.com







၁၆

**မင်္ဂလာဧည့်ခံပွဲ ဖိတ်ကြားလွှာ**

ရန်ကုန်မြို့နေ – ဦးကျော်ထင် + ဒေါ်ခင်စန္ဒာ

တို့၏ တစ်ဦးတည်းသောသား

**မောင်လေးညို့**

B.E(Civil) , M.E(Civil)

Aries - construction Group

နှင့်

ရန်ကုန်မြို့နေ – ဦးလှခင် + (ဒေါ်ရွှေစင်မှုံး)

တို့၏ တစ်ဦးတည်းသော သမီး

**မစင့်အနှိုင်းမဲ့**

B.A(English)

Fashion taste (Fashion Collection)

တို့ကို

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြား[illegible]
ဆောင်နှင်းပြီးဖြစ်ပါ၍ "မင်္ဂလာဆည်[illegible]
ကြွရောက်ချီးမြှင့်ပေးပါရန် [illegible]
ဖိတ်ကြားအပ်ပါသည်။

ခင့်သည် မင်္ဂလာဖိတ်စာလေးကို ဖတ်ကြည့်ကာ ရင်ထဲမှာ အတိုင်းမသိ ကြည်နူးပီတိ ဖြစ်ရပေသည်။ [illegible]တွေ အမျှော်လင့်ကြီး မျှော်လင့်နေကြတဲ့ [illegible]ညို့နှင့် ခင့်အနိုင်းမဲ့ရဲ့ မင်္ဂလာဆောင်ခံပွဲကိစ္စဟာ အခုမှပဲ [illegible]သည်။

ဒီမင်္ဂလာဆည်ခံပွဲကို[illegible]ချင်ချင် နှင့် လက်ခံသဘောတူစွာ ခေါင်းညိတ်[illegible] တွေအပြင် ခင့်ရဲ့သတို့သားလောင်း[illegible]ဆိုစွယ် ရာ မရှိတော့ပါ။

ပြီးခဲ့တဲ့ ကာလတွေမှာ ခင့်စိတ် မင်ဖန်းခဲ့ရသမျှ အခုကစပြီး နောင်တစ်[illegible] အက်စီးဒဏ်ကြောင့် ခင့်ရဲ့ချစ်တဲ့သူ[illegible]ပြင်[illegible] မခံစားရလေမယ့် ဒဏ်ရာတော့ ရခဲ့[illegible]





သူ့အတွက် စိုးရိမ်ပူပန်နေချိန်တွေမှာ ခင့်ဟာ သူ့ကို ဘယ်လောက်ထိ ချစ်နေသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားတာဖြစ်သည်။ သူ့ရဲ့အဆုံးစွန်သော ပေးဆပ်မှုတွေအတွက် ခင့်သည် [illegible] မှားလည်သံသောပေါက်ကာ သူ ခင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အကြွင်းမရှိ ယုံကြည်လက်ခံသွားခဲ့တာဖြစ်သည်။

သူ့ရင်ခွင်ဟာ ခင့်အတွက် အအေးမြဆုံး၊ အလုံခြုံဆုံး (၁၅၀၀)ကွန်းခိုစံအိမ်ဆိုတာ သိခဲ့ပြီးနောက်ပိုင်းမှာ ခင့်သည် ဤရင်ခွင်ကနေ ပြောင်းရွှေ့သွားဖို့ ဆန္ဒလုံးဝမရှိခဲ့ပါ။

""ကိုယ့်အချစ်က ခင့်အတွက် အမြဲတမ်း နေဒဏ်၊ မိုးဒဏ် ခံနိုင်ရည်ရှိအောင် ကာကွယ်ပေးမယ် ဒေးခရင်(မ်)လို အချစ်မျိုး"

သူ အဲဒီလို ပြောပြတိုင်း ခင့်ဟာ ဆယ်ကျော်သက် မြီး[illegible]မလေးလို ရင်တွေ တဒိုင်းဒိုင်း ခုန်နေရပါသည်။ သူ့ကို ဘယ်အချိန်ကာလကတည်းက စချစ်ခဲ့မိမှန်းလည်း ခင့် မသိပါ။ ဒါပေမဲ့ သံယောဇဉ်တော့ ရှိနေတယ်ဆိုတာ ရိပ်မိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားခြင်းနှင့်တွေ့တာ ထက်စာရင် သံယောဇဉ်တွေ တစ်ရစ်ပြီးတစ်ရစ် တက်ရင်းနှင့် အဲဒီနှောင်ကြိုးမျှင်လေးတွေ ချုပ်နှောင်မှုတွေကြားမှာ ရုန်းမရဘဲ ရှိနေချိန်မှာ တွေ့တာမျိုးက အချစ်စစ် ဖြစ်နိုင်ပါသည်။

"ဟိတ် ... ကောင်မလေး၊ ကိုယ့်အကြောင်းတွေ တွေးနေတယ်ပေါ့လေ ... ဟုတ်လား"

ခင်သည် အတွေးတွေ နယ်လွန်နေတုန်း ခင့်ရဲ့နား၊ နားသို့ကပ်ကာ ချော့ချိုချိုလေပြည်လေးနှင့် ပြောကာ ခင့်ရဲ့လက်တွေကို ဆုပ်ကိုင်လိုက်လျှင် ခင်က သူ့ကို အသာပြုံးပြကာ ...

"ဒါပေါ့ ... ရှင် ကျွန်မကို ယုတ္တိရှိရှိနဲ့ လိမ်ခဲ့တာတွေကို စဉ်းစားနေတာ၊ ပြန်တွေးကြည့်ရင် ..."

"ဟာ ... ဟေ့ ... ဟေ့၊ စတော့(ပ်)လိုက်ပါတော့ကွာ၊ အဲဒါတွေက တိုက်ဆိုင်မှု ဆိုတာထက် ကိုယ်တို့ရဲ့ဖူးစာပါဖို့အတွက် ဖြစ်လာတဲ့ ကံကြမ္မာရဲ့ Creation လေးတွေလို့ပဲ သဘောထားလိုက်ရအောင်နော်၊ တော်ကြာ ခင်က တွေးရင်းနဲ့ ကိုယ့်ကို ထပ်စိတ်ဆိုးရင် ကိုယ် ရှုံးရလိမ့်မယ် သိရဲ့လား"





အဲဒီအပြောကြောင့် ခင့်က သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်ပါသည်။

"တော်ပါ ... အိုဗာတင်းကလည်း သိပ်ဖျော်တာပဲနော်၊ အပိုတွေ"

"ရော် ... မယုံဘူးလား။ ဘယ်လို သက်သေပြရမလဲ၊ အင်း ... ဒီတစ်ခါတော့"

သူက ခင့်ရဲ့မျက်နှာဆီသို့ သူ့မျက်နှာကြီး အုပ်မိုးလာလျှင် ခင်သည် မျက်နှာကိုတစ်ဖက်လွှဲကာ သူ့ကိုတွန်းပစ်လိုက်ရင်း ...

"ရှင်နော် ... အပေါ်ထပ်မှာ ဖေဖေနဲ့ ကိုလေး ရှိတယ်၊ ဘယ်လိုဖြစ်နေတာလဲ"

"အေးပါ ... ထားပါတော့၊ ဩော် ... ကိုယ် ခင့်ကိုမေးရဦးမယ်၊ အဟဲ ... ဟဲ ... အခုဆို မကြာခင်ကာလမှာ ကိုယ်က ခင်ရဲ့ဒေးခရင်(မ်)တင်မက နိုက်ခရင်(မ်)အဖြစ်ပါ တာဝန်ယူရမယ်ဆိုတော့ အဲဒီ ဒေးခရင်(မ်)လေးကို ခင့်က ဘယ်လောက်ချစ်သလဲဟင်"

www.burmeseclassic.com



ခင့်က ရှက်မျက်စောင်းတစ်ချက်ထိုးကာ သူ အင်မတန်မှ ကြားချင်နေသည့်အဖြေကို ဖြေပေးလိုက်ပါသည်။

“မိုးလောက်ကြီး ချစ်ပါတယ်ရှင်”

သူက ခင့်ရဲ့အပြောကို အရမ်းသဘောကျသွားဟန်ဖြင့် ခင့်ရဲ့ပါးလေးတစ်ဖက်ကို ချစ်စနိုး လာဆွဲလေသည်။ သူ့ကို စိတ်ချမ်းသာစွာနှင့် ဆထက်တံပိုး အချစ်တွေတိုးဖို့ရှိတယ်ဆိုသည့် အကြောင်းကိုတော့ နောက်မှ တိုးတိုးလေး ပြောဖြစ် ခင့်က ရည်ရွယ်ထားပါသည်။

ဘဝမှာ စစ်မှန်တဲ့ ဖူးစာရှင်ကို တွေ့လာခဲ့ရင် ချစ်တတ်ဖို့တော့ လိုအပ်ပါလိမ့်မည်။

ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

(1:00)A.M

21st Nov 2010 (SAT)

**(တန်ဆောင်မုန်းလပြည့်နေ့)**

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com